MSAN Translation Team

ဘာသာပြန် စာရေးဆရာ - Yi

# တုနှိုင်းမဲ့ ထန်မျိုးနွယ်

(ဟို့ယွိဟောင်)

အပိုင်း ၄၇•၂

" အဆင့်နှစ်ဝိညာဉ်လက်နက်ပညာရှင်ရဲ့ အဆောင်အယောင် "

. . .

ချင်းသောသောက ကောက်ကျစ်မှုအပြည့်နဲ့ ပြုံးနေခဲ့ပါတယ်။

" မနှစ်တုန်းက နိုင်သွားခဲ့တဲ့ ချန်ပီယံအဖွဲ့ရဲ့ ကလေးတစ်ယောက်ပဲလေ သူ့ရဲ့ အဖွဲ့သားတွေအကုန်လုံးကို

အတွင်းတပည့်သားအဖြစ် မင်းရွေးလိုက်ပြီ
သူတစ်ယောက်ထဲပဲ ဆယ့်နှစ်ဝိညာဉ်စက်ကွင်းရှိလို့
အဓိကတပည့်သားဖြစ်မလာတာ ဖန်းယွိငါ့ကို
လာရှာတုန်းက သူ့အနေနဲ့
အဓိကအတွင်းတပည့်သားဖြစ်လာဖို့မတန်ဘူးလို့
ငါလဲတွေးလိုက်မိတယ်....ဒါပေမယ့်
ငါပြန်တွေးကြည့်လိုက်တော့လဲ အဲ့ဒီကလေးက
ငါမင်းကို
ဘယ်လိုနိုင်ခဲ့လဲဆိုတဲ့အကြောင်းသတိရစေတယ်မ
ဟုတ်လား မင်းကို ဒီလိုမျိုး အနိုင်ရတယ်ဆိုတာက
ဒီဖေဖေကြီးအတွက် လွယ်တာမှမဟုတ်ပဲ
အကယ်၍ အဲ့ဒီကလေးကို ငါဗျာနမှာသာ

မြင်တွေ့ရခဲ့မယ်ဆိုရင် ငါမင်းကို ဘယ်လိုနိုင်ခဲ့လဲဆိုတာကောင်းကောင်းမှတ်မိနေမှာပဲ ဒါဆိုရင် စိတ်ချမ်းသာစရာကောင်းလိုက်မဲ့ကိစ္စငါလဲ

သဘောတူလိုက်မိတယ်လေ..ပထမတုန်းကတော့ မင်းကိုလာပြီ မင်္ဂလာပါလို့ပြောဦးမလို့ပဲ ဒါပေမယ့် ဒီကိစ္စအကြောင်းကို တွေးပြီတဲ့နောက် ဖန်းယွီကိုပါ ခေါ်လာလိုက်တော့တယ်..ငါပြန်မဲ့အချိန် လုပ်စရာကိစ္စတွေလဲ အများကြီးပဲ "

သူပြောပြီတာနဲ့ လှည့်ထွက်သွားပါတော့တယ်။ တင်ပါးကိုတောင် ဖုံးခါသွားသေးတယ်။

ရန်ရှောင်ကျဲ့ကတော့ ချင်းသောသောကို
လိုက်ကြည့်နေရင်း စိတ်ထဲမှာတော့
တစ်စုံတစ်ရာမှားယွင်းနေပြီမှန်း သိနေခဲ့ပါတယ်။
ဒါကြောင့် သူ့ရဲ့ခုံဘေးနားက
အသံနဲ့ဆက်သွယ်ကိရိယာလိုပစ္စည်းကိုကိုင်ရင်း
ဝိညာဉ်စွမ်းအားကိုအသုံးပြုပြီး
လှမ်းမေးလိုက်တယ်။

" ဝေ့လွမ် "

ရန်ရှောင်ကျဲ့က ခပ်တိုးတိုးပြောပါတယ်။

" ကျောင်းအုပ်ရန် ကျွန်တော်ရှိပါတယ် "

သုဝေ့လွမ်ရဲ့အသံက ထွက်ပေါ်လို့လာခဲ့တယ်။

" ငါ့ကိုကူပြီ တစ်ခုခုလောက် စစ်ဆေးပေးပါဦး
ဟိုဲ့ယွိဟောင်လို့ခေါ်တဲ့ကျောင်းသားက
နာမည်စာရင်းသွင်းဖို့ နောက်ကျခဲ့တယ်လား "

ရန်ရှောင်ကျဲ့က မေးလိုက်တယ်။

" တိုက်ဆိုင်လိုက်တာ အစောပိုင်းတုန်းကပဲ ကျောင်းသားတချို့ကျွန်တော်ကို ဒီကိစ္စအကြောင်းလာပြီ စောဒကတက်နေလို့ ပြောတော့မလို့ပဲ ဟို့ယွိဟောင်က နောက်ကျမှလာပြီ ကျောင်းအတန်းထဲကို ဝင်ထိုင်နေပြီ ဒါကြောင့် ကျွန်တော်လဲ အဲ့ဒီကိစ္စသွားရှင်းတော့မလို့ "

" အဲ့ဒီဟို့ယွိဟောင်အကြောင်းကို သိသလောက်ပြော သူ့ရဲ့ပါရမီကဘယ်လိုမျိုးလဲ "

" သူက ပါရမီတော့ရှိပါတယ်...မနှစ်ကတုန်းက
လူသစ်တွေရဲ့ပြိုင်ပွဲမှာ ဝမ်သုန့်
ရှောင်းရှောင်းတို့နဲ့အတူ
ချန်ပီယံဖြစ်လာခဲ့တယ်လေ
သူ့ရဲ့သိုင်းပညာဝိညာဉ်က
စိတ်ဝိညာဉ်မျက်လုံးတွေပဲ ဝိညာဉ်စွမ်းရည်ကတော့
စိတ်ဝိညာဉ်တိုက်ခိုက်မှုမျိုးဖြစ်တယ်...သာမန်ပဲဖြစ်
ပေမဲ့ ခန္ဓာကိုယ်ဝိညာဉ်ကို
ပိုင်ဆိုင်ထားတဲ့ပုံစံတော့ရှိတယ်..ဒါ့အပြင် သူက
လူသစ်တွေရဲ့ချန်ပီယံတစ်ယောက်ဖြစ်တာကြောင့်
ယာယီအတွင်းတပည့်သားအဖြစ်

အထူးအခွင့်အရေးတွေကို ခံစားခွင့်ရလိုက်တယ်..လက်ရှိဒီနှစ်မှာတော့ ပြန်ရုတ်သိမ်းခံလိုက်ရပြီ ဒါကြောင့် သူ့အနေနဲ့ ကျောင်းနောက်ကျလို့ သချာပေါက် ထုတ်ပယ်ခံရမှာပဲ "

" အကယ်၍ ငါမှတ်မိတာသာ မှန်မယ်ဆိုရင် သူက ဆယ့်နှစ်ဝိညာဉ်စက်ကွင်းရှိတယ်မလား "

" ဟုတ်ပါတယ် အမှန်ပါပဲ ထန်မျိုးနွယ်ရဲ့ တောင်းဆိုချက်ကြောင့် သူက ကျောင်းတော်ထဲကို

ဝင်ရောက်လာခဲ့တာပါ ကျောင်းတော်ရဲ့စာမေးပွဲကို
ဖြတ်ကျော်အောင်မြင်နိုင်ခဲ့လို့မဟုတ်ပါဘူး..ဆက်
ပြီးပြောပြရမယ်ဆိုရင် သူ့ရဲ့ဝိညာဉ်စွမ်းအားက
ကျောင်းတော်ထဲဝင်ရောက်ချိန်မှာ
အဆင့်ဆယ့်သုံးသာရှိသေးတာပါ
အခုသူအဆင့်နှစ်ဆယ့်ရောက်မရောက်
မသေချာသေးပါဘူး...မရောက်သေးတာတော့
အတော်လေးဖြစ်နိုင်ပါတယ်...ပြောရမယ်ဆိုရင်
သူဘယ်လိုပဲဖြစ်ဖြစ် ထုတ်ပယ်ခံရမှာပါ
သူ့ရဲ့ခန္ဓာကိုယ်ဝိညာဉ်အတွက်တော့ ဝမ်ယန်က
အကြီးအကဲရှမ်ဆီကိုယ်တိုင်လာပြီ
လေ့လာခိုင်းခဲ့ပါတယ်....အဆုံးသတ်မှာ

အကြီးအကဲရှမ်က

အရမ်းစိတ်ပျက်လို့သွားခဲ့တယ်..ဒီကျောင်းသားက

ပါရမီမရှိဘူး..ဒါ့အပြင် ကျင့်ကြံဖို့အတွက်

မသင့်တော်ဘူးလို့ ဆုံးဖြတ်ခဲ့တယ်လေ အဲ့ဒီနောက်

အဲ့ဒီကျောင်းသားက ဝမ်သုန့်နဲ့ ပူးပေါင်းပြီ

ပေါင်းစည်းစွမ်းရည်တစ်ခုကို

ထုတ်လွှတ်နိုင်ခဲ့တယ်...ဒါကသူ့ရဲ့ တစ်ခုတည်သော

အားကိုးလက်ခံလို့ရတဲ့အချက်ပဲ ဒါကြောင့်သာ

ဝမ်ယန်က အကြီးအကဲရှမ်နဲ့ နောက်တစ်ကြိမ်

တွေ့ဆုံခဲ့တယ်လေ....နောက်တစ်ခါက်

သူ့ကိုကြည့်ပြီတဲ့နောက် အကြီးအကဲရှမ်အနေနဲ့

သူ့ရဲ့ခန္ဓာကိုယ်ဝိညာဉ်ကို

အသက်သွင်းနိုးထနိုင်စွမ်းမရှိတော့ဘူးလို့
အတည်ပြုလို့သွားခဲ့တယ်..နောက်ပိုင်းမှာသူတို့လဲ
သိပ်ပြီဂရုမစိုက်ကြတော့ပါဘူး "

သုဝေ့လွှမ်စကားကိုကြားပြီတဲ့နောက်
ရန်ရှောင်ကျဲ့လဲ ပြုံးလိုက်ပါတော့တယ်။
သုဝေ့လွှမ်က တကယ်ကို အရည်အချင်းရှိတဲ့ လူပါ။
ဟိုယွိဟောင်လို သာမန်ကျောင်းသားကိုတောင်မှ
အသေးစိတ်ကျကျသိနေတဲ့အထိ
အစွမ်းအစရှိနေခဲ့ပါတယ်။ ဒါကြောင့်
သေချာပေါက် ညွှန်ကြားရေးမှူးပီသလွန်တာပါပဲ။

" ကောင်းပြီလေ ဒီအတိုင်းပဲလုပ်ကြတာပေါ့

မင်းအနေနဲ့ ဒီကိစ္စကိုသွားပြီ

ရှင်းနေဖို့မလိုဘူး..အစောပိုင်းတုန်းက

ချင်းသောသော ငါ့ဆီရောက်လာပြီ

ပြောသွားတယ်..သူ့ငါကို နိုင်သွားခဲ့တဲ့

လောင်းကြေးအတွက် အဲ့ဒီဟိုယွိဟောင်လို့ခေါ်တဲ့

ကျောင်းသားကို

ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော်

မှာ အတွင်းတပည့်သားအဖြစ်ခေါ်ချင်တယ်တဲ့

ကျိုးယိက ဖန်းယွီဆီကနေတစ်ဆင့် ငါ့ကို

တောင်းဆိုခိုင်းတယ်လို့ကြားတယ်..ဒီကျောင်းသား

က ပုံမှန်ဖြစ်နေပြီဆိုမှတော့ သူတို့ဆီကို

ပေးလိုက်တာပေါ့ ဒါ့မှ ချင်းသောသောင့်ကို
လာပြသနာရှာနေတာ ရပ်မှာ "

" ချင်းသောသောက
ကျောင်းသားတစ်ယောက်လိုချင်တယ်..တကယ်ထူး
ဆန်းတာပဲ ကျွန်တော်တို့တွေ သူ့ရဲ့အစွမ်းအစကို
နောက်နှစ်နည်းနည်းလောက် စောင့်ပြီး
စမ်းသပ်ဦးမလား "

သုဝေ့လွှမ်က သတိကြီးကြီးနဲ့ မေးလာခဲ့ပါတယ်။

" ဘယ်လိုပဲဖြစ်ဖြစ်လေ သူ့အနေနဲ့
အတန်းတက်စာမေးပွဲကို အောင်မလား
မအောင်လားဆိုတာက ပြောဖို့ခက်တယ်မလား
ဒါ့အပြင် ဝိညာဉ်စက်ကွင်းနှစ်ကွင်းရှိတဲ့
ဝိညာဉ်ပညာရှင်ဖြစ်လာရင်တောင်
စိတ်ဝိညာဉ်စွမ်းအားကိုသုံးတဲ့ပုံစံနဲ့
ဒုတိယဝိညာဉ်စွမ်းရည်ကလဲသိပ်ပြီ
သန်မာမှာမဟုတ်ဘူး..ပထမဝိညာဉ်စက်ကွင်းကလဲ
ဆယ့်နှစ်ဝိညာဉ်စက်ကွင်းသာရှိမယ်ဆိုတော့
မြင့်တင်ပေးဖို့မတန်ပါဘူးလေ..ချင်းသောသောကိုပဲ
ပေးလိုက်တာပေါ့ ဒါမှငါ့ကိုလာပြီ
ပူညံပူညံမလုပ်မှာ ငါတို့ကျောင်းတော်မှာ

နည်းနည်းပါးပါးတော့ ရက်ရက်ရောရောလေး လုပ်ဆောင်ပေးရဦးမှာပေါ့ ကိစ္စတွေ ဒီအတိုင်းသာသတ်မှတ်လိုက်တော့ "

" ကောင်းပါပြီ ကျောင်းအုပ် "'

သူဝေ့လွှမ်က ပြန်ဖြေလိုက်ပါတယ်။ အဲ့ဒီနောက် သူတို့နှစ်ယောက်စကားပြောတာကို ရပ်လိုက်တော့တယ်။ ရန်ရှောင်ကျဲ့အနေနဲ့ ဟို့ယွိပေါင်ကိုလဲ သိပ်ပြီး များများစားစား အာရုံမစိုက်နေသလို သူဝေ့လွှမ်အနေနဲ့လဲ

အာရုံမစိုက်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျောင်းတော်ထဲမှာ သူတို့အာရုံစိုက်နေရတဲ့ ပါရမီရှင်တွေက အများကြီးဖြစ်နေခဲ့လို့ပါ။ ဟို့ယွိဟောင်ရဲ့အပေါ်ယံပြသထားတဲ့ စွမ်းရည်တွက သူတို့ရဲ့အာရုံကို ဖမ်းစားနိုင်ဖို့ မလုံလောက်ခဲ့ပါဘူး။

ဒါပေမယ့် ချင်းသောသောအနေနဲ့ ပင်လယ်နတ်ဘုရားရေကန်အပြင်ကို ထွက်ထွက်ချင် အသာကုန်အော်ရယ်နေပြီဆိုတာကိုတော့ ဘယ်သူမှသိခဲ့ကြမှာမဟုတ်ပါဘူး။ အရမ်းကို

ဝမ်းသာပီတိဖြာနေတဲ့မျက်နှာကြီးက
ရန်ရှောင်ကျဲ့ကို နိုင်ခဲ့တုန်းကပုံစံနဲ့ထက်တောင်
အများကြီးပိုပြီးကျော်လွန်နေခဲ့ပါသေးတယ်။

" အဘိုးကြီးရန် အဘိုးကြီးရန် ငါတကယ်
မင်းအတွက်စိတ်မကောင်းလိုက်တာကွာ
မင်းနောက်တစ်ခေါက် လှည့်စားခံလိုက်ရပါပြီ
ငါတို့ရဲ့
ဝိညာဥ်လက်နက်တည်ဆောက်ရေးအသက်မွေးဝမ်း
ကြောင်းကျောင်းတော်က
တစ်နေ့မှာအမှာ့ဝိညာဥ်ရှိတဲ့ကျောင်းသားတစ်ယော
က်ကို ရလာမယ်လို့ ငါတွေးတောင်

မတွေးမိခဲ့ဘူး..ငါ့ရဲ့တကယ်

ကံကောင်းချင်ကြယ်ပွင့်လေးပဲ အဘိုးကြီးရန်ကို

နှစ်ခေါက်တောင်အနိုင်ရဖို့ခွင့်ပြုလိုက်တယ်..

ဒါ့အပြင်

အဆင့်နှစ်ဝိညာဉ်လက်နက်အတတ်ပညာရှင်ဖြစ်

လာဖို့ ရှစ်လပဲအချိန်ယူလိုက်ရပြီ

အမှာဝိညာဉ်ကလဲ

ရှိနေသေးတယ်..အဲ့ဒီအမှာဝိညာဉ်အပြင်

ထိပ်တန်းအဆင့်ရေခဲကျောက်စိမ်းကင်းမြီးကောက်

ကလဲ

သူ့ရဲ့ဒုတိယသိုင်းပညာဖြစ်နေသေးတယ်..ဒါ့အပြင်

အဆုံးစွန်းအထိ အားကောင်းတဲ့ရေခဲစွမ်းအားကို

ပိုင်ဆိုင်ထားတာ ပြီးပြည့်စုံလိုက်တာ
ပြီးပြည့်စုံလိုက်တာ "

ဟို့ယွိဟောင်အနေနဲ့ သူတစ်ယောက်ထဲကြောင့် ဌာနနှစ်ခုလုံးမှာ ပွက်လောရိုက်နေတာကို မသိခဲ့ပါဘူး။ လက်ရှိအချိန်မှာ ကျိုးယိအနေနဲ့ စည်းကမ်းချက်တွေအကြောင်း ရှင်းပြတာကို အာရုံစိုက်ပြီ နားထောင်နေခဲ့ပါတယ်။ တခြားတစ်ဖက်မှာကတော့ ကျောင်းတော်ထဲကို အခုမှဝင်ရောက်လာတဲ့ လူသစ်တွေအနေနဲ့ ဒီလိုအတန်းတင်စာမေးပွဲစမ်းသပ်ချက်က လူတိုင်းအတွက် အရမ်းကို

အရေးကြီးဆုံးဖြစ်နေခဲ့တယ်။ အကယ်၍ ဒါကိုသာ
သူတို့မဖြတ်ကျော်နိုင်ဘူးဆိုရင်
သေချာပေါက်အထုပ်ပြင်ပြီး ပြန်ရတော့မှာပါ။
အတွင်းတပည့်သားတွေတောင်
လုံးဝချွင်းချက်မရှိပါဘူး။
အတွင်းတပည့်သားအနေနဲ့ အတန်းတင်စာမေးပွဲကို
ကျရှုံးတယ်ဆိုတာက အတိတ်အချိန်မှာ
ဘယ်တော့မှမဖြစ်ခဲ့တဲ့ကိစ္စပါပဲ။

ကျိုးယိက ထရပ်ရင်းနဲ့ ပြောလာခဲ့ပါတယ်။

" ပထမနှစ်ကနေ ဒုတိယနှစ်ကို

ဝင်ရောက်ရတဲ့စမ်းသပ်ချက်က

အတော်ကိုလွယ်တယ်..နောက်ထပ်

အတန်းကြီးတွေရဲ့အတန်းတင်စာမေးပွဲမှာ

စမ်းသပ်ချက်တွေကတော့ ရိုးရှင်းတယ်..ဒါ့အပြင်

ငါတို့ရဲ့စမ်းသပ်ချက်က

အတန်းနံပါတ်နှစ်နဲ့အတူတူပဲ အတန်းနံပါတ်သုံးနဲ့

လေးကတော့

သူတို့ရဲ့သိုင်းပညာဝိညာဉ်တွေရဲ့စွမ်းအားကိုပဲ

စမ်းသပ်တာ "

" ငါတို့ရဲ့စမ်းသပ်ချက်ကို

သားရဲကောင်ယှဉ်ပြိုင်တဲ့နယ်မြေမှာ

ဆုံးဖြတ်လိမ့်မယ်...မင်းတို့တွေအားလုံး

ဘယ်နေရာမှာမှန်း မသိလောက်ဘူး အခုငါမင်းကို

ပြောပြမယ်..သားရဲကောင်တွေရဲ့

စမ်းသပ်ပွဲနယ်မြေက

ဝိညာဉ်လက်ရည်ယှဉ်တဲ့နယ်မြေရဲ့

တောင်ဘက်မှာရှိတယ်...မီးခိုးရောင်နံရံတွေရှိပြီ

ရဲတိုက်ကြီးတစ်ခုလိုဆောက်ထားတဲ့နေရာပဲ

ဒါ့အပြင် သားရဲကောင်ယှဉ်ပြိုင်တဲ့နယ်မြေမှာက

အဆင့်အမျိုးမျိုးနဲ့

ဝိညာဉ်သားရဲကောင်တွေရှိတယ်..ဒါ့အပြင်

ကျောင်းတော်က နှစ်တိုင်းဖမ်းဆီးပြီ
အတန်းကြီးတွေအုပ်စုဖွဲ့ပြီ လေ့ကျင့်ဖို့အတွက်
အဓိကကူညီပေးတယ်..အကယ်၍ မင်းတို့သာ
အနာဂတ်မှာ စတုတ္ထနှစ်အထိ ရောက်နိုင်မယ်ဆိုရင်
ကိုယ့်ကိုကိုယ်တိုင်း အဲ့ဒီနယ်မြေမှာသွားပြီ
လေ့ကျင့်လို့ရတယ်..ဒါ့အပြင်
တိုက်ရိုက်တိုက်ခိုက်တဲ့ အတန်းတွေကတော့ အ
ရေးကြီးတဲ့ စမ်းသပ်ချက်တွေကို အနာဂတ်မှာ
အောင်မြင်ဖို့အလိုက်ဆက်ပြီနေကြရတယ် "

" ဒီတစ်ခေါက် အတန်းတင်စာမေးပွဲအနေနဲ့
မင်းတို့သားရဲကောင်တိုက်ခိုက်ရေးနယ်မြေမှာ

သားရဲကောင်တစ်ကောင်နဲ့

တိုက်ခိုက်ရလိမ့်မယ်...တစ်ချိန်ထဲမှာပဲ

မင်းတို့တိုက်ခိုက်မဲ့သားရဲကောင်ကို

ရွေးချယ်ခွင့်ရှိတယ်..မတူညီတဲ့ဝိညာဉ်သားရဲကောင်

တွေကတော့ မတူညီတဲ့အားသာချက်တွေ

ရှိနေမှာပဲ ဒါ့အပြင် သန်မာတဲ့သားရဲကောင်ကို

စိန်ခေါ် နိုင်လေလေ အမှတ်ပြည့်ပြည့်ရလေပဲ

ဒါ့အပြင် အဲ့ဒီစမ်းသပ်ချက်ကို

အတန်းကြီးတွေရဲ့ဆရာတွေကိုယ်တိုင်

အမှတ်ပေးမှာ အမြင့်ဆုံးအမှတ်က တစ်ရာဖြစ်ပြီ

ခြောက်ဆယ့်အထက်ရတဲ့သူတွေက

စမ်းသပ်ချက်ကို အောင်မြင်တယ် "

" အခုမင်းတို့တွေကို

သတိပေးစရာတချို့ရှိတယ်..နံပါတ်တစ်အနေနဲ့

အရမ်းသတိမကြီးနဲ့ အကယ်၍

မင်းတို့ရွေးချယ်လိုက်တဲ့ သားရဲကောင်က

အားနည်းလွန်နေရင်း အနိုင်ရရင်တောင်

စာမေးပွဲအောင်မှာမဟုတ်ဘူး..နံပါတ်နှစ်အနေနဲ့

အရမ်းကြီးအထင်ကြီးလွန်နေမနေနဲ့ အကယ်၍

သားရဲကောင်က သန်မာလွန်နေတယ်ဆိုရင်

တိုက်ပွဲမှာမင်းတို့ကို ကြီးကြပ်ရေးမှူးတောင်

ကယ်နိုင်မှာမဟုတ်ဘူး "

ကျိုးယိရဲ့မျက်လုံးထဲမှာ စီးဆင်းနေတဲ့
အေးစက်စက်အလင်းတန်းက
ကျောင်းသားတွေအားလုံးကို
တုန်ရီသွားစေခဲ့ပါတယ်။ သူတို့တွေ
အတိတ်အချိန်တုန်းက ဝိညာဉ်သားရဲကောင်တွေကို
အများကြီးမြင်ဖူးခဲ့ပါတယ်။ ဒါပေမယ့်
ဘယ်သူကမှ တစ်ယောက်ထဲတိုက်ပွဲမှာ
ရင်မဆိုင်ခဲ့ဖူးပါဘူး။ ငယ်ရွယ်ပြီ အားလုံးအနေနဲ့လဲ
ဝိညာဉ်စက်ကွင်းကိုရရှိဖို့အတွက် ဆရာတွေ
မိဘတွေအကူအညီနဲ့သာ လုပ်ဆောင်ခဲ့တာပါ။
ဟိုယွိပေါင်လိုမျိုး

ကိုယ်ပိုင်စွမ်းအားနဲ့ဝိညာဉ်စက်ကွင်းကိုရနိုင်တဲ့သူ
ကနေရာတိုင်းမှာ တွေ့ရတာမဟုတ်ပါဘူး။

" နံပါတ်သုံးအနေနဲ့ တိုက်ပွဲကို ရှုံးနိမ့်တာက
မင်းတို့ကိုတစ်ခေါက်ထဲ
ထုတ်ပယ်ခံရမှာမဟုတ်ဘူးဆိုတဲ့အကြောင်း
စိတ်ထဲထည့်သားသင့်တယ်...အကယ်၍
မင်းတို့တိုက်ခိုက်တဲ့သားရဲကောင်ကသာ
လုံလောက်အောင်သန်မာနေပြီ တိုက်ပွဲထဲမှာ
လုပ်ဆောင်မှုတွေက ချီးမွမ်းဖို့ထိုက်တန်တယ်ဆိုရင်
နောက်ဆုံးအမှတ်က လုံး၀
နိမ့်ပါးမှာမဟုတ်ဘူး ..ဒါ့အပြင်

ထိန်းချုပ်ရေးအမျိုးအစားနဲ့

တိုက်ခိုက်ရေးမျိုးအစားဝိညာဉ်ပညာရှင်တွေက

ကွာခြားတယ်...တစ်ယောက်တစ်ယောက်ချင်းတိုက်

ပွဲတွေမှာ တိုက်ခိုက်ရေးဝိညာဉ်ပညာရှင်တွေအနေနဲ့

ပိုပြီး မြင့်မားတဲ့

လိုအပ်ချက်တွေကိုလိုတယ်..မင်းတို့အနေနဲ့

စိန်ခေါ်တဲ့သားရဲကောင်ကို နိုင်ဖို့အတွက်

အဓိကအာရုံစိုက်ရမယ်...ထိန်းချုပ်ရေးဝိညာဉ်ပညာ

ရှင်အနေနဲ့ကတော့ သားရဲကောင်ကိုထိန်းချုပ်

ဘယ်လောက်အထိ တိုက်ခိုက်နိုင်မလဲဆိုတာက

မင်းရနိုင်မဲ့အမှတ်အပေါ်မှာ မူတည်လိမ့်မယ်.."

ဟိုယှိုပောင်လဲ လေးလေးနက်နက်
နားထောင်နေခဲ့ပါတယ်။ နောက်ဆုံးတော့လဲ သူက
ထိုက်ဟွပင်းနဲ့ လောင်းကြေးထပ်ထားခဲ့တာပါ။
ဒီလောင်းကြေးရဲ့ တန်ဖိုးက
ဦးညွတ်ပြီကန်တော့ရမဲ့ကိစ္စဖြစ်နေခဲ့တယ်။
လူနှစ်ယောက်ရဲ့ မျက်နှာသာပါဝင်နေပေမဲ့
သူ့အတွက်တော့လုံးဝမတူညီပါဘူး။
ထိုက်ဟွပင်းကိုသာ သူ့ရှေ့မှာ ဒူးထောက်ပြီ
ဦးချကန်တော့ရအောင်လုပ်နိုင်မယ်ဆိုရင်
လက်စားချေမှုနဲ့ အစိတ်အပိုင်းလေးတစ်ပိုင်းကို
ပြီးမြောက်တာနဲ့ အတူတူပါပဲ။ ဒါကြောင့်

ဘယ်လိုပဲဖြစ်ဖြစ် ဒီလောင်းကြေးကို
အောင်မြင်ချင်နေခဲ့တယ်။

ဒီတစ်ကြိမ်မှာပဲ တံခါးခေါက်သံက
ရုတ်တရက်ထွက်ပေါ်လာခဲ့ပါပြီ။

ပုံမှန်အခြေအနေအရ ကျောင်းတော်ထဲမှာ
အမိကစီစဉ်မှုတွေမရှိသရွေ့ ဒီလိုမျိုးအတန်းကို
လာရောက်နှောင့်ယှက်တာမျိုးမရှိခဲ့ပါဘူး။
ဝမ်ယန်နဲ့ ကျိုးယိတို့မျက်လုံးပြူးသွားခဲ့တယ်။

ဝမ်ယန်ကတော့ တံခါးအနားမှာရှိနေခဲ့တာကြောင့် ချက်ချင်းတံခါးဖွင့်လိုက်တာပါ။

အပြင်ဘက်မှာတော့ ဆရာတစ်ယောက် ရပ်နေခဲ့ပါတယ်။ သူက ကျောင်းသားတွေမရင်းနှီးတဲ့သူတစ်ယောက်ပါပဲ။ ဟိုယွဲ့ဟောင်တောင်မှ ဒီဆရာက သူ့ကိုလှိုဝ့ုက်ဥပဒေသအရိုးပေးခဲ့တဲ့သူဆိုတာ မသိပါဘူး။ အမှန်ပါပဲ ရောက်လာတဲ့သူကတော့ မုကျင်းပါ။ ဒါ့အပြင် သူ့နောက်မှာ နောက်ထပ်ဆရာနှစ်ယောက်လဲရှိနေခဲ့ပါတယ်။ ကျိုးယိရဲ့မျက်နှာကပျက်သွားခဲ့တယ်။

" ဆရာမှ အတန်းနံပါတ်နှစ်မှာ
သင်နေရမှာမဟုတ်ဘူးလား ဒီနေရာမှာ
ဘာလာလုပ်တာလဲ "

ဒါ့အပြင် သူမအနေနဲ့ ကျိုးယိကို ရင်ဆိုင်ဖို့အတွက်
ဆက်တိုက်ပြင်ဆင်လာခဲ့ပုံပေါ်ပါတယ်။ မုကျင်းက
အတန်းနံပါတ်နှစ်ရဲ့ဆရာဖြစ်နေခဲ့ပြီ
ဒီလိုထိုးဖောက်ဝင်ရောက်လာတာက
ကောင်းတဲ့ကိစ္စပုံမပေါ်ပါဘူး။

" ငါကြားတာတစ်ခုရှိတယ်...မင်းတို့အတန်းမှာ ကျောင်းသားတစ်ယောက်က စာရင်းသွင်းတာနောက်ကျတယ်တဲ့ ဒါ့အပြင် အဲ့ဒါကိုတောင် အတန်းတက်နေသေးတယ်..ဒါကြောင့် ကိုယ်တိုင်လာပြီ ဘယ်သူလဲဆိုတာ ကြည့်တာလေ နင့်ကိုလာရှာတာမဟုတ်ဘူး..ဒါ့အပြင် သင်ကြားရေးဆရာနှစ်ယောက်ကိုလဲ ခေါ်လာသေးတယ် "

ကျိုးယိရဲ့မျက်လုံးထဲမှာ အေးစက်တဲ့အလင်းတန်းတွေက

တောက်ပလာခဲ့ပါတယ်။
သင်ကြားရေးနယ်မြေရဲ့ဆရာတွေက
အထဲကိုဝင်လာခဲ့ပါပြီ။
သက်လတ်ပိုင်းအမျိုးသားကျောင်းဆရာက
ပြောလိုက်ပါတယ်။

" ဆရာကျိုးနဲ့ ဆရာဝမ် ငါတို့တွေ
ကျောင်းသားတွေရဲ့တိုင်ကြားစာကို
ရရှိပါတယ်...ဟိုယွိဟောင်လို့ခေါ်တဲ့
ကျောင်းသားတစ်ယောက်က မနေ့ကအချိန်မီ
သတင်းမပို့ခဲ့ဘူး..ဒါပေမယ့်
ဒီနေ့အတန်းလာတက်တယ်..ကျောင်းတော်ရဲ့စည်း

မျဉ်းတွေကို မင်းသိမှာပါ ဒီကိစ္စကို
ကိုင်တွယ်ဖို့အတွက် လုပ်ပေးစေချင်ပါတယ် "

ဝမ်ယန်က ကျိုးယိကိုကြည့်ရင်း
ရယ်မောလိုက်တယ်။

" ဆရာလီနဲ့ ဆရာလု
မင်းတို့ပြောတဲ့ကိစ္စကအမှန်ပါပဲ ဒါပေမယ့်
ဟိုယွိဟောင်ဆိုတဲ့ အဲ့ဒီကျောင်းသားက
ဝိညာဉ်လက်နက်တည်ဆောက်ရေးနယ်မြေရဲ့အမိ
ကတပည့်သားဖြစ်နေတယ်လေ..ဒါကြောင့်

သူကျောင်းကိုရောက်လာတာ နောက်ကျပေမဲ့

သူ့ကိုဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်း

တော်က ပေးအပ်တဲ့ကိစ္စကို

သူအောင်မြင်ခဲ့တယ်...ဒါကြောင့်

တစ်ဖက်ကျောင်းတော်အနေနဲ့ မင်းတို့ကို

ဒီကိစ္စရှင်းပြမှာပါ "

အပိုင်း ၄၇•၂ ပြီး၏။

အပိုင်း ၄၇•၃

" အဆင့်နှစ်ဝိညာဉ်လက်နက်အတတ်ပညာရှင်ရဲ့

အဆောင်အယောင် "

၀၀၀

သင်ကြားရေးနယ်မြေရဲ့ဆရာနှစ်ယောက်ကလဲ

မျက်လုံးပြူးသွားခဲ့ပါတယ်။

"

ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော်ရဲ့

အဓိကအတွင်းတပည့်သားတဲ့လား "

မုကျင်းက ချက်ချင်းဆိုသလို
ဝင်ပြောပါတော့တယ်။

" ကျိုးယိ
မင်းကအကြောင်းပြချက်ပေးမယ်ဆိုရင်လဲ
ယုံရလောက်တဲ့တစ်ခုခုကို ပြောစမ်းပါ
ငါတို့ရဲ့ကျောင်းတော်မှာ ဘယ်တုန်းကများ
ပထမနှစ်ကျောင်းသားကို
အဓိကအတွင်းတပည့်သားအဖြစ် လက်ခံလို့လဲ
အနည်းဆုံးတတိယနှစ်ကို ပြီးမြောက်မှ
စမ်းသပ်ချက်ကို အောင်မြင်ပြီလက်ခံတယ်ဆိုတာ

သိတယ်လေ ငါတို့ကို ဘယ်လိုများ
အရှူးလာလုပ်နေတာလဲ "

ချက်ချင်းဆိုသလို ဆရာလုက
ပြောလာပါတော့တယ်။

" ဆရာမှ ဒီကိစ္စကို ငါတို့ကိုင်တွယ်မှာပါ မင်းအနေနဲ့
အတန်းနံပါတ်နှစ်ကိုပြန်ပြီး
ကိုယ့်ကျောင်းသားတွေကို ပြန်ကြည့်လိုက် "

ကျိုးယိရဲ့အကြောင်းပြချက်က သူတို့အနေနဲ့
အမှန်ဖြစ်နေမယ်လို့ မထင်နိုင်စရာပါပဲ။
ဒီတစ်ကြိမ်မှာ မုကျင်းကတော့
ဒေါသအရမ်းထွက်နေခဲ့ပါပြီ။

" ဒီကိစ္စ ဖြေရှင်းပြီတာနဲ့ ကျောင်းတော်အနေနဲ့
ငါ့ကို သတင်းပို့ပေးမယ်လို့ မျှော်လင့်ပါတယ်."

" ရလဒ်ကို
ငါအခုအချက်ချင်းပြောပြလိုက်မယ်..ဟို့ယွိဟောင်
က ငါတပည့်ပဲ ဒါ့အပြင်

ငါတို့ဝိညာဥ်လက်နက်တည်ဆောက်ရေးအသက်မွေးဝမ်းကြောင်း ကျောင်းတော်အနေနဲ့ အဓိကအတွင်းတပည့်သား "

လူတစ်ယောက်က ချက်ချင်းဆိုသလို ပေါ်လာပါတော့တယ်။ အဲ့ဒါကတော့ သုဝေ့လွှမ်နဲ့ လိုက်လာတဲ့ ဖန်းယွှီပါ။

" ညွှန်ကြားရေးမှူး "

သင်ကြားရေးနယ်မြေရဲ့ဆရာနှစ်ယောက်လဲ
ခပ်မြန်မြန်ပဲ နှုတ်ဆက်ကြပါတယ်။

သုဝေ့လွမ်က အတန်းထဲကိုဝင်လာရင်း
ပြောလိုက်တယ်။

" ကျောင်းအုပ်ရန်ရှောင်ကျဲ့နဲ့
ကျောင်းအုပ်ချင်းသောသောတို့နှစ်ယောက်ရဲ့
သဘောတူညီချက်အရ ဟို့ယွိဟောင်အနေနဲ့
ယာယီအတွင်းတပည့်သားအဖြစ်
မရှိတော့ပါဘူး..အဲ့ဒီအစား သူ့ကို

ဝိညာဉ်လက်နက်တည်ဆောက်ရေးအသက်မွေးဝမ်း

ကြောင်းကျောင်းတော်ရဲ့

အဓိကအတွင်းတပည့်သားအဖြစ်

တရားဝင်သတ်မှတ်လိုက်ပါပြီ..ဒါ့အပြင်

သူဒီလိုသတ်မှတ်ခံရတဲ့အဓိကအကြောင်းအရင်းက

တော့

ဆရာဖန်းယွီကိုယ်တိုင်လုပ်ဆောင်ခိုင်းလိုက်တဲ့ကိစ္စ

ကို အောင်မြင်သွားလို့ပါပဲ ဒါကြောင့် ဒီကိစ္စက

ဒီနေရာမှာအဆုံးသတ်သွားပြီ ဟို့ယွိဟောင်အနေနဲ့

အတန်းနံပါတစ်မှာဆက်ပြီနေထိုင်ရင်း

သိုင်းပညာဝိညာဉ်တည်ဆောက်ရေးကျောင်းတော်ရဲ့

အသိပညာတွေကို တတိယနှစ်အထိ

သင်ကြားလို့ရပါတယ်..တတိယနှစ်ရောက်ရင်တော့
ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော်
ကို ပြောင်းရွှေ့ရလိမ့်မယ် "

သုဝေ့လွမ်ရဲ့ကြော်ငြာစကားကို ကြားချိန်မှာ
ဆရာတွေအားလုံး တိတ်ဆိတ်လို့သွားပေမဲ့
မုကျင်းကတော့ မယုံနိုင်သေးပါဘူး။ သူ့အမြင်အရ
ဖန်းယွီက ကျိုးယိရဲ့တောင်းဆိုချက်ကြောင့်သာ
ဒီလိုမျိုး လာကူညီတာပါ ဒါ့အပြင်
အဲ့ဒီလိုနည်းလမ်းမျိုးကို မသုံးသင့်ပါဘူး။ သူက
သုဝေ့လွမ်ကိုတောင် ခေါ်လာပါသေးတယ်။

" မဟုတ်ဘူး ညွှန်ကြားရေးမှူးသု သူက
အတွင်းတပည့်သားဖြစ်လာဖို့လုံးဝကို
မဖြစ်နိုင်ဘူးလေ သူ့မှာ ဘာအရည်အချင်းရှိလို့လဲ
ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော်ရဲ့
အဓိကအတွင်းတပည့်သားဖြစ်လာဖို့ အရမ်းကို
ပါရမီရှိပြီ ဝိညာဉ်လက်နက်ဖန်တီးတဲ့နေရာမှာ
အတွေ့အကြုံမြင့်မှဖြစ်မှာလေ "

မုကျင်းက မကျေမနပ်နဲ့ ပြောလာခဲ့ပါတယ်။

ဖန်းယွီက အော်လိုက်တယ်။

" ဟိုယ့်ဝှိဟောင် မတ်တပ်ရပ်ပြီ ဒီလိုလာခဲ့ "

ဟိုယ့်ဝှိဟောင်က ချက်ချင်းဆိုသလို ထရပ်ရင်းအရှေ့ကိုလာပါတော့တယ်။ သူ့အနေနဲ့ မုကျင်းဘာကြောင့်များ ဒီလောက်အထိ ပစ်မှတ်ထားနေလဲဆိုတာ မသိပါဘူး။ ဆရာတွေရဲ့အရှေ့မှာတောင် သူက အေးအေးဆေးဆေးနဲ့ လျှောက်လာခဲ့ပါတယ်။ သူ့ရဲ့စိတ်ထဲမှာတော့ နွေးထွေးနေခဲ့တယ်။ ကျိုးယိဝမ်ယန်နဲ့ ဖန်းယွှီအားလုံးက သူ့ကို

ကာကွယ်ပေးနေခဲ့တာကြောင့်
ယုံကြည်ချက်လဲအပြည့်ရှိနေခဲ့ပါတယ်။

ဖန်းယွီက လက်ကိုခါလိုက်ချိန်မှာ
ဆင္ဂဂံပုံစံအပြာရောင်လက်ပတ်ကလေးက
ပေါ်လာပါတော့တယ်။ ဒီလက်ပတ်ရဲ့အပေါ်မှာ
စိန်ပွင့်နှစ်ပွင့်က ကြယ်တာရာတွေလိုမျိုး
နစ်မြုပ်လို့ထားခဲ့တယ်။

" ဟိုယွီဟောင်က လူသစ်တွေရဲ့
စာမေးပွဲပြီးဆုံးချိန်ကနေစပြီ ငါတို့ဌာနမှာ ငါတို့ရဲ့

ညွှန်ကြားမှုအောက် ဝိညာဉ်လက်နက်တွေဖန်တီးတဲ့
အနုပညာကို
သင်ယူခဲ့တယ်...ရှစ်လကြာပြီးချိန်တဲ့နောက်
စစ်ဆေးမှုကို ပြီးမြောက်အောင်မြင်ပြီ ငါရဲ့
ညွှန်ကြားမှုးအောက်မှာ
အဆင့်နှစ်ဝိညာဉ်လက်နက်တည်ဆောက်ရေးပညာ
ရှင် ဖြစ်လာခဲ့တယ်...ဒါ့အပြင် ကျောင်းတော်နဲ့
ဝိညာဉ်လက်နက်အတတ်ပညာရှင်တွေရဲ့
လောကမှာဖန်တီးထားတဲ့ အဆင့်အတန်းအရ
လက်ထောက်ကျောင်းအုပ်ချင်းသောသောကို
ငါကိုယ်တိုင်မေးမြန်းခဲ့တယ်..သူရဲ့အတည်ပြုချက်
အရ သူ့ကို

အဆင့်နှစ်ဝိညာဉ်လက်နက်အတတ်ပညာရှင်အဖြစ်

အဆောင်အယောင်ကို

ပေးအပ်လိုက်ပါပြီ ...သာမန်ဝိညာဉ်ပညာရှင်ကနေ

အဆင့်နှစ်ဝိညာဉ်လက်နက်အတတ်ပညာရှင်ဖြစ်ဖို့

သူ့အနေနဲ့ အချိန်ရှစ်လသာ

ယူခဲ့ရပါတယ်...ဒီလိုပါရမီမျိုးက

ငါတို့အမျက်ဒေါသကျောင်းတော်ရဲ့

နှစ်ပေါင်းတစ်သောင်းသမိုင်းတစ်လျှောက်မှာတော

င် မရှိခဲ့ဖူးဘူး...ဒါကြောင့် ငါတို့အနေနဲ့ သူ့ကို

အတွင်းတပည့်သားအဖြစ် ဘယ်လိုကြောင့်

မသတ်မှတ်ပဲနေရမှာလဲ "'

သုဝေ့လွှမ်တောင် လန့်သွားခဲ့ရပါတယ်။ သူ့အနေနဲ့
ဟို့ယွိဟောင်ရဲ့ တိုးတက်မှုတွေကို မသိခဲ့ပါဘူး။

အဆင့်နှစ်ဝိညာဉ်လက်နက်အတတ်ပညာရှင်ဖြစ်ဖို့
အတွက် ရှစ်လသာအချိန်ယူခဲ့ရတယ်လား။
ပါရမီရှင်ဆိုတဲ့ စကားကတောင်
ဒီလိုအဆင့်အတန်းမျိုးကို
ဖော်ပြဖို့တောင်မတတ်နိုင်တော့ပါဘူး။
ဟို့ယွိဟောင်အနေနဲ့
အသက်ဆယ့်နှစ်နှစ်သာရှိသေးတာပါ။
နေလနိုင်ငံတော်လို ဝိညာဉ်လက်နက်ပညာရပ်ကို
အဓိကသင်ကြားတဲ့သူတွေမှာတောင်

အသက်ဆယ့်နှစ်နှစ်အရွယ်
အဆင့်နှစ်ဝိဉာဉ်လက်နက်အတတ်ပညာရှင်က
အရမ်းကို ရှားပါးလွန်းပါတယ်။
ဒါဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။

လက်ရှိအချိန်မှာ သူ့အနေနဲ့ တားမြစ်ဖို့
နောက်ကျလွန်းသွားခဲ့ပါပြီ။ ဟို့ယွိဟောင်ကတော့
အဓိကအတွင်းတပည့်သားဖြစ်လာခဲ့ပြီ
တစ်လောကလုံးကိုလဲ ကြော်ငြာခံလိုက်ရပြီ
သူ့ဝေ့လွှမ်အနေနဲ့ ဖန်းယွီတစ်ယောက်ထဲ
ဒါကိုစီစဉ်တာမဟုတ်မှန် သိနေခဲ့ပါတယ်။

သူပိုပြီးတော့ ဒီအကြောင်းပြချက်ကို
နားထောင်လေလေ စိတ်ပိုပြီးဖိစီးလာလေပါပဲ။

ဟိုယ့်ယွိဟောင်အနေနဲ့
လက်နက်တွေတည်ဆောက်တဲ့နေရာမှာသာ
ပါရမီရှိတာဖြစ်နိုင်ပါတယ်လို့ သူဘာသာသူ
နှစ်သိမ့်နေခဲ့ပါတယ်။ ကျောင်းအုပ်ချင်းအနေနဲ့
ကိုယ်တိုင်လာပြီ ကျောင်းအုပ်ရန်ဆီကို
ပြဿနာရှာသွားတာ မယုံနိုင်စရာမရှိပါဘူး။
ကိစ္စတွေက ဒီလိုဖြစ်နေတာပါပဲ ငါတော့မှားပြီ
ငါတော့အကြီးကြီးမှားပြီ အကယ်၍ ဒီကိစ္စကို
စောစောစီးစီးသိသင့်ခဲ့မယ်ဆိုရင်

ကျောင်းအုပ်ရန်ကို ပြောခဲ့မှာပါ။ ဟိုယွိဟောင်ကို အဓိကအတွင်းတပည့်သားဖြစ်ဖို့ သူသဘောတူပြီသားဖြစ်ရင်တောင် အနည်းဆုံးတော့ နောက်ထပ် အကျိုးအမြတ်လေးရအောင် လုပ်နိုင်ပါသေးတယ်။

ကျောင်းတော်ရဲ့သိုင်းပညာဝိညာဉ်တည်ဆောက်ရေး နယ်မြေက ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော် ထက် အတော်လေးကို ဂုဏ်သတင်းမြင့်မားပါတယ်။ ဒါ့အပြင် သူတို့ရဲ့ငွေကြေးအဆင့်အတန်းက

အတော်ကိုခက်ခဲလွန်လှတယ်။ မကြာခဏဆိုသလို
ငွေကြေးရဖို့အတွက်
ဝိညာဉ်လက်နက်တည်ဆောက်ရေးနယ်မြေကိုသွား
ပြီ ပိုက်ဆံတောင်းရပါသေးတယ်။

ကျိုးယိကတော့ မုကျင်းကို
အေးစက်တဲ့မျက်လုံးတွေနဲ့ ကြည့်လာခဲ့ပါပြီ။

" ညွှန်ကြားရေးမှူးသု မုကျင်းက
အတန်းနံပါတ်နှစ်ရဲ့ဆရာပါ ဒါပေမယ့် သူက
အကြောင်းအရင်းမရှိ

ငါ့ရဲ့အတန်းနံပါတ်တစ်ကိုလာပြီ
ပြဿနာကိုလာပြီမီးမွှေးနေတယ်...ဒီကိစ္စက
လုံးဝကို မသင့်တော်ဘူးမလား "

သူဝေ့လွှမ်လဲ ချက်ချင်းဆိုသလို
နောင်တရနေရာကနေ
သတိပြန်ဝင်လာပါတော့တယ်။ အခြေအနေတွေက
ဒီလောက်အနေအထားအထိကို
ရောက်ရှိလို့သွားပါပြီ။ ဒါ့အပြင် နောင်တရနေလို့လဲ
အသုံးမဝင်တော့ပါဘူး။ ဒါကြောင့်
သူပြောလာခဲ့တယ်။

" ဆရာမ့ မင်းအတန်းကို ချက်ချင်းပြန်မှာ
ငါနောက်တစ်ခေါက် သတိမပေးချင်ဘူး "

မုကျောင်းက ကျိုးယိကို အမုန်းတရားအပြည့်နဲ့
ကြည့်နေခဲ့ပါတယ်။ အဲ့ဒီနောက် မျက်နှာသေနဲ့
ဖန်းယွီကို ကြည့်ရင်း
ခြေဆောက်ပြီထွက်သွားတော့တယ်။

ကျိုးယိက ပုံမှန်အတိုင်းသာ ပြောလာခဲ့ပါတယ်။

" ညွှန်ကြားရေးမှူးသု ဆရာမုရဲ့အပြုအမူတွေက အတန်းတစ်ခုကိုသင်ကြားတဲ့ ဆရာတစ်ယောက်အဖြစ်မသင့်တော်ဘူးလို့ ခံစားမိပါတယ်....ထူးချွန်တဲ့ကျောင်းသားတွေကို သူ့ဆီမှာသင်ကြားခိုင်းရင် အရမ်းနှမြောစရာကောင်းမနေဘူးလား "

သုဝေ့လွမ် မျက်မှောင်ကြုတ်သွားပါတော့တယ်။

" ဒါက ကျောင်းတော်ဆုံးဖြတ်ရမဲ့ကိစ္စပါ မင်းတို့တွေ စာဆက်သင်လို့ရပါပြီ နေ့လည်ပိုင်းမှာ

စာမေးပွဲစတင်လိမ့်မယ်...ငါကိုယ်တိုင်လဲ မင်းတို့ရဲ့ စာမေးပွဲကို လာကြည့်ရှုပါ့မယ် "

သူပြောပြီတဲ့နောက် ဆရာတွေနဲ့အတူ ထွက်ခွာသွားပါတော့တယ်။ ဖန်းယွီက ဟိုယွိဟောင်ရဲ့ပုခုံးကိုပုတ်ပြီး သူ့ငွေ့လွှမ်းနောက်ကို လိုက်တော့တယ်။ နောက်ဆုံးမှာတော့ ဟိုယွိဟောင်ကို အဓိကအတွင်းတပည့်သားအဖြစ် ကြော်ငြာပေးလိုက်နိုင်ပါပြီ။ ဒါ့အပြင် ရန်ရှောင်ကျဲ့ရဲ့ သဘောတူညီချက်နဲ့ပါ လုပ်လိုက်တာပါ။ ဒီကိစ္စက နောက်ဆုံးမှာတော့ ဘယ်ကျောင်းတော်မှ မငြင်းနိုင်တဲ့အနေအထားကို

ရောက်သွားပါတော့တယ်။ ကျောင်းတော်က ငြင်းချင်တယ်ဆိုရင်တောင် ငြင်းလို့မရတော့ပါဘူး။ အတန်းကနေ ထွက်သွားပြီတဲ့နောက် ဖန်းယွီကတော့ ပြုံးနေခဲ့ပါတယ်။ သူတို့ရဲ့ ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော်က သူ့မျိုးဆက်မှာ အများကြီးမတောက်ပခဲ့ပေမဲ့ ဟိုယွီဟောင်နဲ့ ဟယ့်ချိုက်ထို့ရဲ့လက်ထဲမှာတော့ သေချာပေါက် တောက်ပလာမယ်လို့ ယုံကြည်ချက်ရှိနေခဲ့တယ်။

တခြားကျောင်းသားတွေအကုန် လန့်နေကြချိန်မှာပဲ ဟိုယွီဟောင်ကတော့

မူလနေရာကိုသွားပြန်ထိုင်ပါပြီ။ ရှောင်းရှောင်းနဲ့
ဝမ်သုန့်လို သိထားပြီးသားလူတွေကလွဲပြီ
ကျန်တဲ့သူတွေအားလုံးက
မျက်လုံးအပြူးသားဖြစ်နေခဲ့ပါတယ်။

အတူတူတစ်နှစ်တာလုံးလုံးစာသင်ခဲ့ကြပေမဲ့
ဟိုယွိပေဟောင်က မှီခိုစရာနောက်ခံအင်အားမရှိတဲ့
မိဘမဲ့တစ်ယောက်ဆိုတာလူတိုင်းက
သိနေခဲ့ပါတယ်။ ဒါပေမယ့် သူက
အမြဲတမ်းလူတိုင်းကို ရက်ရက်ရောရောနဲ့
သဘောကောင်းဖော်ရွေတတ်ရုံတင်မက
ကျောင်းတော်ကိုဝင်ရောက်ချိန်ကစလို့

ကူညီရိုင်းပင်းတတ်ပါတယ်။ ပထမဆုံးအနေနဲ့
ကျိုးယိက သူ့အတွက်
အဓိကအတွင်းတပည့်သားတစ်ယောက်ကို
ထုတ်ပယ်ပြစ်ဖို့တောင် ဝန်မလေးခဲ့ပါဘူး။
ဒီတစ်ခေါက်မှာတော့
ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော်
က သူ့ကို အတွင်းတပည့်သားအဖြစ်
လက်ခံသိမ်းသွင်းလို့သွားခဲ့ပြီ
အဆောင်အယောင်ကိုပါ
ပေးအပ်လို့သွားခဲ့ပါတယ်။
အဆင့်နှစ်ဝိညာဉ်လက်နက်အတတ်ပညာရှင်ဆိုတဲ့
အဆင့်အတန်းနဲ့တင် ဟို့ယွိဟောင်က

ဘယ်နိုင်ငံမှာမဆို များပြားတဲ့လစာဝင်ငွေကို ရရှိတော့မှာပါ။ ဒါ့အပြင် ဝိညာဉ်လက်နက်အတတ်ပညာရှင်တွေရဲ့ ပါရမီမျိုးက နိုင်ငံတိုင်းမှာ အရမ်းကို လိုလားတဲ့အရာဖြစ်နေခဲ့ပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ များပြားတဲ့ သယံဇာတတွေကိုတောင် ပေးအပ်ချင်ခံရတယ်။

ooo

" ဘာဖြစ်တယ် အဆင့်နှစ်ဝိညာဉ်လက်နက်အတတ်ပညာရှင်တဲ့ လား "

ရန်ရှောင်ကျွဲအနေနဲ့ မယုံနိုင်အောင်
ဖြစ်နေခဲ့ရပါတယ်။  သူ့စိတ်ထဲမှာ အတွေးတွေက
ဆက်တိုက်ဆိုသလို ဖြတ်ပြေးလို့နေခဲ့ပါပြီ။
ဒါကြောင့် သူမျက်မှောင်ကြုတ်ရင်း
တွေးနေခဲ့ပါတယ်။ အတန်းနံပါတ်တစ်ကနေ
ထွက်ခွာပြီတဲ့နောက် သုဝေ့လွမ်က သူ့ဆီကို
အပြေးလာရင်း သတင်းလာပို့တာပါ။

" သေလိုက်ပါတော့ ငါတို့လှည့်စားခံလိုက်ရပြီ
အဲ့ဒီချင်းသောသော ငါ့ကို လှည့်စားသွားပြီ "

ရန်ရှောင်ကျဲ့က သူ့ရဲ့စာပွဲခုံကိုရိုက်ချရင်း အတော်ကို နောင်တရနေခဲ့ပါတယ်။

" ကျောင်းအုပ်ရန် အဲ့ဒါက အရမ်းကြီးတဲ့ ကိစ္စမဟုတ်သေးဘူး..အကယ်၍ ဟို့ယွိဟောင်ဆိုတဲ့ ကလေးကသာ ဝိညာဉ်လက်နက်တွေရဲ့နယ်မြေမှာ ပါရမီရှိတာတစ်ခုပဲဆိုရင် သူ့ကို တစ်ဖက်ကျောင်းတော်က အဓိကအတွင်းတပည့်သားဖြစ်လာဖို့ ခွင့်ပြုရင်း ကျွန်တော်တို့ရဲ့အရင်းအမြစ်တွေကိုလဲ ကောင်းကောင်းအသုံးချလို့ရနိုင်တယ်.."

" အဲ့ဒီလောက်မရိုးရှင်းနိုင်ဘူး

မင်းမေ့သွားတာတစ်ခုရှိတယ်..အကယ်၍

မင်းသာမပြောခဲ့ရင်း

ငါလဲသတိထားမိမှာမဟုတ်ဘူး...ဘာကြောင့်

တစ်ဖက်ကျောင်းတော်က သူ့ကို ရယူဖို့အတွက်

ဒီလောက်တောင် စိတ်မရှည်လက်မရှည်

ဖြစ်နေရတာလဲ စတုတ္ထနှစ်ရောက်မှ

အစိကအတွင်းတပည့်သားအဖြစ်

ကြော်ငြာမယ်ဆိုရင်လဲ ရတာပဲလေ ဒါ့အပြင်

ဝိညာဉ်လက်နက်တွေကို

ဖန်တီးထုးချွန်တာနဲ့လောက်တော့ ငါတို့ရဲ့အာရုံကို

ဖမ်းစားနိုင်မှာမဟုတ်ဘူး...သူဒီတစ်ခေါက်
နောက်ကျတာအတွက်ကတော့ ကျိုးယိနဲ့
ဖန်းယွီတို့က တခြားအကြောင်းပြချက်ကိုသုံးပြီး
ဒီကိစ္စကို ဖြေရှင်းလို့ရတာပဲ ဒါပေမယ့်
ချင်းသောသော ကိုယ်တိုင်ကိုယ်က ငါ့ဆီလာပြီ
သူ့ကိုအတင်း
အကြောင်းပြချက်ရှာရင်းလုသွားတယ်...ဒီကိစ္စက
ဘာတွေကိုညွှန်ပြနေလဲဆိုတာ မင်းနားလည်လား "

သုဝေ့လွမ်လဲ လန့်သွားပါတော့တယ်။

" ကျောင်းအုပ်ပြောချင်တာက သူ့အနေနဲ့ တစ်ဖက်ကျောင်းတော်အရမ်းကိုတန်ဖိုးထားရလောက်တဲ့ အားသာချက်ရှိနေတယ်ပေါ့ ဒါ့အပြင် ကျွန်တော်တို့ ကျောင်းတော်အနေနဲ့လဲ တန်ဖိုးထားရတဲ့နေရာတွေမှာ ထူးချွန်နေတယ်လို့ ပြောချင်တာလား "

ရန်ရှောင်ကျဲ့က ခေါင်းညိတ်လိုက်ပါတယ်။

" သေချာပေါက် ဒီလိုပဲဖြစ်မှာပေါ့ ဒီလိုမှမဟုတ်ရင် ချင်းသောသောလိုလူက ငါ့ကို တိုက်ရိုက်လာရှာပြီ

ပြဿနာဘယ်ပေးမလဲ တစ်ခုခုလွဲနေတယ်လို့
စိတ်ထဲမှာအာရုံရနေတာ
အံ့ဩစရာမရှိဘူး...ငါတော့သေချာပေါက်
အကွက်ဆင်ခံလိုက်ရပြီ "

သုဝေ့လွှမ်က ပြောလာခဲ့ပါတယ်။

" ကျောင်းအုပ် ဒီကိစ္စက ပြီးသွားပြီဆိုမှတော့
တစ်ဖက်ကျောင်းတော်အနေနဲ့လဲ
တိုက်ရိုက်ကြော်ငြာပြီးသွားပြီ ကျွန်တော်တို့တွေ
အသိအမှတ်ပြုရုံပဲ တတ်နိုင်တော့တယ်။

သူကကျောင်းသားတစ်ယောက်ပဲလေ

မျိုးဆက်သစ်တွေထဲမှာ အများကြီးပိုပြီး

ပါရမီရှိတဲ့သူတွေ

အများကြီးရှိပါသေးတယ်...အနာဂတ်မှာတော့

တစ်ဖက်ကျောင်းတော် ဒီလိုလှည့်စားမခံရအောင်

ဘယ်လိုလုပ်ရမလဲဆိုတာ တွေးကြတာပေါ့ "

ရန်ရှောင်ကျဲ့က ခေါင်းညိတ်လိုက်ပါတယ်။

" ဒီလိုလုပ်ရအောင် နေ့လည်ပိုင်းမှာ

ကျောင်းသားတွေအတန်းတင်စာမေးပွဲရှိတယ်မ

လား အဓိကတပည့်သားတွေကို
စစ်ဆေးတာခဏရပ်ပြီ ဟိုယွိဟောင်ကို
အာရုံစိုက်လိုက် သူ့ရဲ့လှုပ်ရှားမှုတွေကို
သေချာကြည့် ပြီးရင် ငါ့တို့တွေ ဒီလိုကိစ္စကို
ပုံမှန်နည်းလမ်းနဲ့ ဖြေရှင်းလို့မရဘူး...အကယ်၍
ဒီကလေးသာ သူကိုယ်တိုင်
ဝိညာဉ်လက်နက်တည်ဆောက်ရေးနယ်မြေကို
စွန့်ခွာဖို့ရွေးချယ်လာမယ်ဆိုရင် ဘယ်လိုလုပ်မလဲ "

ဒီတစ်ကြိမ်မှာ ရန်ရှောင်ကျဲ့အနေနဲ့
ကောက်ကျစ်တဲ့မျက်နှာကြီးကို
ထုတ်ပြလာပါတော့တယ်။

အခိုက်အတွင်းတပည့်သားအဖြစ်
တိုက်ရိုက်ယူလို့မရခဲ့ပေမဲ့
သူကိုယ်တိုင်တောင်းဆိုလာအောင်တော့
လုပ်လို့ရပါတယ်။ ဒါကတော့ လုံးဝကို
ကွာခြားသွားမှာပါ။ မဖြစ်နိုင်တဲ့ကိစ္စလဲ
မဟုတ်ခဲ့ပါဘူး။

°°°

နေ့လည်ခင်းအတန်းကတော့
ခေါင်းလောင်းမထိုးခင် ပြီးဆုံးလို့သွားခဲ့ပါပြီ။
အရေးကြီးတဲ့ခေါင်းစဉ်တွေကို ရှင်းပြပြီးတဲ့နောက်
ကျိုးယိလဲ

အတန်းစောစောဆင်းလိုက်ပါတော့တယ်။
အားလုံးကို ပြန်ပြီး ပြင်ဆင်ခွင့်ပြုလိုက်တယ်။
ခန္ဓာကိုယ်အခြေအနေကို
ထိန်းညှိတဲ့သားရဲကောင်နယ်မြေမှာ
အကောင်းဆုံးလုပ်ဆောင်နိုင်ဖို့အတွက်
ခွင့်ပြုပေးပါတယ်။

ဟိုယွိဟောင်ကတော့
သူ့ရဲ့အဆင့်နှစ်ဝိညာဉ်လက်နက်အတတ်ပညာရှင်ဆို
တဲ့ တံဆိပ်ကို
အင်္ကျီပေါ်မှာထားရင်းအောင်မြင်တော့မဲ့ခံစားချက်
တွေကို ခံစားနေခဲ့မိပါတယ်။

ဒီအပြာရောင်အဆောင်အယောင်လေးက
စိန်ပွင့်နှစ်ပွင့်ရှိတာကြောင့်
အရမ်းကိုတောက်ပနေခဲ့တယ်။

" ကြွားနေတာရပ်လိုက်တော့ "

ဝမ်သုန့်က သူ့ကိုစပါတော့တယ်။

" မင်းပြိုးနေတာ ပါးစပ်ကနေ
နားရွက်တက်ချိတ်တော့မယ် "

" ပြောရမယ်ဆိုရင် ဒီလိုကိစ္စမျိုးက ဝိညာဉ်လက်နက်ပညာရှင်အဖွဲ့အစည်းရဲ့ အတည်ပြုချက်ကိုရတာနဲ့ အတူတူပဲလေ မင်းအနေနဲ့ ဒါမျိုးအသိအမှတ်ပြုခံရပြီဆိုရင် ဝမ်းသာမှာအမှန်ပဲမလား အနည်းဆုံးတော့ အနာဂတ်မှာ အစားအသောက်တွေ အဝတ်အထည်တွေအတွက် ပူစရာမလိုတော့ဘူး "

" မင်းဘယ်လောက်ပျော်နေလဲဆိုတာ ကြည့်လိုက်ပါဦး ငါတို့ပြန်ပြီးလေ့ကျင့်ရအောင် "

" နေကအနောက်ကနေ ထွက်လာလို့လား
မင်းဘယ်တုန်းက အဲ့ဒီလောက်အထိ
အလုပ်ကြိုးစားသွားရတာလဲ "

" ငါက အမြဲတမ်းအလုပ်ကြိုးစားနေတာလေ "

အပိုင်း ၄၇•၃ ပြီး၏။

အပိုင်း ၄၈•၁

" ကြောက်လန့်ဖွယ်ရာအတားအဆီး "

။။။

ဟို့ယွိုဟောင်ကတော့ ပြုံးနေခဲ့ပါတယ်။

" ဟုတ်တယ် မင်းက

တကယ်အရမ်းအလုပ်ကြိုးစားတာပဲ အရမ်းကို

အလုပ်ကြိုးစားလွန်လို့ မနက်တိုင်းမှာမထချင်ပဲ

စောင်ခေါင်းမီးခြုံပြီး

အတင်းအိပ်ရာထဲတိုးနေတာကိုပေါ့

မနက်တိုင်းမနက်တိုင်း

ငါ့ကိုမနက်စောစောလာမနိုးဖို့ပြောရင်

စောင်ခြုံထဲအတင်းဝင်တိုးနေတဲ့

အဲ့ဒီအလုပ်ကြိုးစားတဲ့သူက ဘယ်သူလဲဆိုတာ သိချင်မိပါရဲ့"

ဝမ်သုန့်ကတော့ ဟို့ယွိဟောင်ကို ပြန်ပြီးတွန်းရင်း လှည့်ထွက်သွားပါတော့တယ်။

ဟို့ယွိဟောင်ကတော့ ရယ်မောရင် သူ့နောက်ကို ခပ်မြန်မြန်လိုက်ရတော့တယ်။ သူတို့တွေ ကျောင်းဆောင်ကိုပြန်ရောက်ချိန်မှာတော့ ပုံမှန်အတိုင်းဝင်ပေါက်က အဘိုးကြီးကို

နှုတ်ဆက်ကြရင်း သူတို့အခန်းသူတို့ပြန်သွားပါတော့တယ်။

" ဒီကိုလာဦး တစ်ချက်ကြည့်ရအောင် မင်းရဲ့ကျင့်ကြံဆင့်က ဒုတိယဝိညာဉ်စက်ကွင်းနဲ့ ဒုတိယသိုင်းပညာဝိညာဉ်ကိုရပြီးချိန်မှာ ဘယ်လောက်တိုးတက်သွားလဲ "

ဝမ်သုန့်က အိပ်ရာပေါ်ထိုင်ရင်း ပြောလိုက်ပါတယ်။

ဟို့ယွိဟောင်ကတော့ ရယ်သာရယ်နေခဲ့တယ်။

" မင်းကတော့ တကယ်အစိုးရိမ်ကြီးတာပဲ
ငါတို့တွေ နေ့လည်ပိုင်းတုန်းက
ပြင်ဆင်ထားတဲ့လောင်းကြေးအတွက်
ကြောက်လန့်နေလို့လား ဒါက
အဆင့်အတန်းသတ်မှတ်ချက်တစ်ခုပဲလေ
ငါတို့တွေ အတူတူပေါင်းလိုက်မယ်ဆိုရင်တောင်
သူတို့ရဲ့ပေါင်းစည်းထားတဲ့အမှတ်ကို
ယှဉ်နိုင်မယ်လို့
သေချာတယ်...မင်းကိုယ့်ကိုကိုယ်ယုံကြည်ချက်မရှိ
ဘူးလို့ လာမပြောနဲ့နော် "

" သေချာပေါက် ငါက ကိုယ့်ကိုကိုယ်
ယုံကြည်ချက်ရှိတာပေါ့
မင်းလိုလူမျိုးအစွမ်းအစတွေ သိုဝှက်ထားမှာကိုပဲ
ငါစိုးရိမ်မိတာ "

ဟို့ယွိဟောင် ဒါကိုကြားချိန်မှာတော့ နောက်ထပ်
ဘာမှပြန်မပြောနိုင်ပဲဖြစ်သွားပါတော့တယ်။
ဒါကြောင့် ချက်ချင်းဆိုသလို ဖိနပ်ကိုချွတ်ရင်း
ဝမ်သုန့်ရဲ့အိပ်ရာပေါ်မှာ တင်ပလ္လင်ခွေချိတ်ရင်း
ထိုင်ချလိုက်တယ်။

" ဒီမှာ မင်းရဲ့ဒီညီနောင်က ဘယ်လောက်အထိ
အစွမ်းထက်လဲဆိုတာ ပြသပေးမယ် "

ကောင်းကင်အိပ်မက်ရေခဲပိုးကောင်က သူ့ကိုယ်သူ
ဒီအစ်ကိုကြီးဆိုတဲ့စကားနဲ့
အမြဲတမ်းရည်ညွှန်းသုံးတာကို
ကြားရတာနားရည်ဝတာကြောင့်
ဟိုယွိဟောင်အနေနဲ့လဲ ဒီစကားကို
ပါးစပ်ထဲစွဲသွားပါတော့တယ်။

ဝမ်သုန့်ကတော့ မပျော်မရွှင်နဲ့ ပြောလာခဲ့တယ်။

" ငါမင်းကို အိပ်ရာခင်းအသစ်တွေ
ပေးထားပြီးပြီမဟုတ်လား ဘာဖြစ်လို့
ငါ့အိပ်ရာပေါ်လာထိုင်နေတာလဲ "

" လာစမ်းပါ အဲ့ဒီလိုအကျင့်ဆိုးတွေကို
ရပ်လိုက်စမ်း မြန်မြန်လေး စမ်းသပ်ကြည့်မယ် "

ဝမ်သုန့်လဲ ဒီကိစ္စထပ်ပြီ မပြောတော့ပါဘူး။
ဟို့ယွိပေါင်နဲ့ မျက်နှာချင်ဆိုင်ရင်း
လက်ဖဝါးတွေကို ပူးကပ်လိုက်ပါတော့တယ်။

ချက်ချင်းဆိုသလို နှစ်ယောက်စလုံးရဲ့
မျက်နှာပေါ်မှာထိတ်လန့်မှုက ပေါ်လာခဲ့ပါပြီ။

သူတို့ရဲ့ဝိညာဉ်စွမ်းအား ပေါင်းစည်းမှုက
ရုတ်တရက်ဆိုသလို မြင့်တက်လာမှန်း
သတိထားမိလိုက်လို့ပါ။ ဒါ့အပြင် အရင်တုန်းကလို
အရည်အသွေးပြောင်းလဲမှုမျိုးတွေထက် ပိုပြီး
သာလွန်နေခဲ့ပါတယ်။
သိသာထင်ရှားလွန်လှတဲ့တိုးတက်မှုက
အရေအတွက်ကော အရည်အသွေးပါ
လုံးဝပြောင်းလဲမှုပါပဲ။ လွန်ခဲ့တဲ့တစ်လ
သူတို့မခွဲခွာခင်အချိန်မှာ ဟောင်သုန့်စွမ်းအားရဲ့

လှည့်ပတ်မှုက စမ်းချောင်းလေးတစ်ခုလိုပါပဲ။

အခုအချိန်မှာတော့ မြစ်တစ်စင်းလိုမျိုး

စီးဆင်းနေခဲ့ပါပြီ။ အားကောင်းလွန်းလှတဲ့

ဝိညာဉ်စွမ်းအားက သူတို့ခန္ဓာကိုယ်ထဲမှာ

ဆက်တိုက်လှည့်ပတ်နေရင်း

မူလအရှိန်အဟုန်ထက်

တစ်ရာငါးဆယ်ရာခိုင်နှုန်းလောက်အထိကို

တိုးတက်လာပါတော့တယ်။

ဟို့ယွိပ်ဟောင်ကလဲ ဝမ်သုန့်ဝိညာဉ်စွမ်းအားရဲ့

ပေါက်ကွဲမှုတွေကို အများကြီးခံစားနေခဲ့ရပေမဲ့

ဝမ်သုန့် ခံစားရတာကတော့ မတူညီပါဘူး။

ဟို့ယ္ပိဟောင်ရဲ့ ဝိညာဉ်စွမ်းအားက အတော်လေး

တိုးတက်လာရုံတင်မက

စွမ်းအင်ဖြုတ်သန်းတဲ့လမ်းကြောင်းတွေကလဲ

နှစ်ဆပိုပြီး ကျယ်ပြန့်လာပါတယ်။

ဟောင်သုန့်စွမ်းအားရဲ့

မာနကသူတို့နှစ်ယောက်အရင် ဖန်တီးချိန်ကထက်

အများကြီးပိုပြီး များနေခဲ့ရုံတင်မကပါဘူး။

ဟို့ယ္ပိဟောင်ရဲ့စွမ်းအင်ဖြတ်သန်းမှုလမ်းကြောင်း

တွေထဲ ဝင်ရောက်ချိန်မှာ

တစ်စက်လေးမှအတားအဆီးမရှိပဲ ချောချောမွေ့မွေ့

သွားလာနိုင်ပါတယ်။ ဒါ့အပြင် သူတို့တွေ

လေ့ကျင့်တဲ့အချိန်မှာ တစ်ခါက်အပြည့်အဝ

လှည့်ပတ်နိုင်ဖို့အတွက် ကြာချိန်ကလဲ
အရင်ကထက်အများကြီးပိုတိုတောင်းသွားခဲ့ပါတယ်။ ဟိုယွိဟောင်ရဲ့ကျင့်ကြံမှုအရှိန်နှုန်းက ဝမ်သုန့်ထက် ကျော်လွန်သွားခဲ့ပါပြီ။
ကောင်းကင်ရတနာတစ်ခုကို
ဟိုယွိဟောင်ရဲ့ခန္ဓာကိုယ်ပေါ်မှာ
သုံးထားခဲ့တဲ့အတိုင်း
ကြောက်စရာကောင်းလွန်လှတဲ့ အပြောင်းအလဲက ဖြစ်ပေါ်လာပါတော့တယ်။

ဟိုယွိဟောင်ရဲ့ခန္ဓာကိုယ်ထဲမှာ
ဟောင်သုန့်စွမ်းအားလှည့်ပတ်တာ ပြီးဆုံးပြီးပြီချင်

ဝမ်းသုန့်အနေနဲ့
ကြောက်စရာကောင်းတဲ့အင်အားတစ်ခု
ပေါက်ကွဲထွက်လာတာကိုပါ
အာရုံခံမိလိုက်ပါတယ်။

သူတို့နှစ်ယောက် လန့်နေကြပေမဲ့ စတင်
ကျင့်ကြံချိန်ကထဲကစပြီ လုံးဝကို
သတိလက်လွှတ်မနေဝံ့ပါဘူး။
စိတ်ကိုသတိကြီးကြီးထားပြီ ပြင်ဆင်ထားခဲ့ရင်း
တရားထိုင်ကြပါတော့တယ်။

နေ့လည်စာစားချိန် မရောက်ခင်အထိ
ဆက်တိုက်ဆိုသလို လေ့ကျင့်ပြီတော့မှ
ရပ်တန့်လိုက်ပါတော့တယ်။
လက်တွေကိုပြန်လည်သိမ်းလိုက်ပြီတဲ့နောက်
မျက်လုံးကိုဖွင့်လိုက်ချိန်မှာတော့
ထူးဆန်းတဲ့အကြည့်က အထင်သားပေါ်နေခဲ့တယ်။

သူတို့က နှစ်နာရီသာကျင့်ကြံခဲ့ပေမဲ့
ဝိညာဉ်စွမ်းအားက အရမ်းကို
တိုးတက်လို့သွားခဲ့ပါပြီ။ ဒီအတိုင်းသာ
ဆက်သွားခဲ့မယ်ဆိုရင်
တစ်လမပြည့်ခင်အချိန်အတွင်း

အဆင့်တစ်ဆင့်ကိုအသာလေး
ကျော်တက်နိုင်မှာပါ။ ဒီလိုကျင့်ကြံမှုနှုန်းက
အရမ်းလန့်စရာကောင်းလှပါတယ်။

" မင်းက တကယ်ကြောက်စရာကောင်းတာပဲ "

ဝမ်သုန့်က အရင်ဆုံးပြောလာပါတော့တယ်။

" ဒါဆိုမင်းရော ဘယ်လိုလဲ
မင်းလဲအတူတူပဲမဟုတ်လား ဒီလိုမျိုးငါနဲ့အတူတူ

ပူးပေါင်းပြီး ပြင်ဆင်ရတာက ငါ့အတွက်
ကံကောင်းမှုပဲ "

ဝမ်သုန့်ကတော့ အထင်လွဲခံရတဲ့အတိုင်းသာ
ပြုံးနေခဲ့ပါတယ်။

" မင်းထိုက်ဟွပင်းနဲ့ လောင်းကြေးထပ်တဲ့အချိန်
ဒီလောက်ယုံကြည်ချက်ရှိနေတာ
ဘယ်အံ့ဩစရာရှိမလဲ မစိုးရိမ်နဲ့ မင်းသာ ကျူးလုနဲ့
ချွေ့ရာကျီးတို့ထက် ပြိုင်ပွဲမှာ
အမှတ်ကောင်းအောင်လုပ်လိုက် ဒါဆိုရင် ငါတို့ရဲ့

အနိုင်ရနိုင်ချေက အရမ်းကို
မြင့်မားသွားလိမ့်မယ်...ငါကတော့ ထိုက်ဟွပင်းရဲ့
အမှတ်ကိုသာအောင် ကြိုးစားပြမယ်."

ဟို့ယွိဟောင်လဲ ခေါင်းညိတ်လိုက်ပါတယ်။

" အကယ်၍ ငါတို့တွေ လှည့်စားမယ်ဆိုရင်တောင်
ကြီးကြပ်ရေးမှူးက သတိထားမိမယ်လို့ထင်လား "

သူတို့တွေက လုံးဝကို
စိတ်တူကိုယ်တူဖြစ်နေခဲ့တဲ့အတွက် ဝမ်းသုန်လဲ
သူတွေးနေတာကိုသိပါတယ်။

" တော်တော်လေးခက်မယ်လို့ထင်တယ်...ဒါပေမယ့်
မင်းရဲ့ထိန်းချုပ်နိုင်စွမ်းက အတော်ကို
တိုးတက်လာပြီ သတိထားရင်းတော့
ပိုကောင်းမှာပေါ့ ငါတို့တွေ ထိုက်ဟွပင်းနဲ့
သူ့အဖွဲ့ကလူတွေအားလုံး
ငါတို့ရှေ့မှာဒူးထောက်ပြီဦးချစေဖို့
ဖြစ်ကိုဖြစ်လာအောင်လုပ်ရမယ်..သူလုပ်ဝံ့လား

မလုပ်ဝံ့ဘူးလားဆိုတာ စောင့်ကြည့်ရသေးတာပေါ့
"

သူနဲ့ ဝမ်သုန့်တို့နှစ်ယောက်ထမင်းစားဆောင်ကို ရောက်ရှိချိန်မှာ ဟိုယွိဟောင်ရဲ့အရည်အသွေးက မလျော့ကျသွားတာကို သတိထားမိလိုက်ပါတယ်။ အဓိကတပည့်သားအဖြစ် အရင်လိုမဟုတ်တော့ပဲ အခွင့်အရေးကို ပြန်လည်ရုတ်သိမ်းခံလိုက်ရပေမဲ့ အသက်သုံးဆယ့်အရွယ်စာဖိုမှူးတစ်ယောက်က သူ့ရှေ့မှာ လာစောင့်နေခဲ့ပါတယ်။ ဟိုယွိဟောင်ကို မြင်မြင်ချင် သူက ချက်ချင်းဆိုသလို လာပြီးမေးတော့တယ်။

" မင်းက ဟိုယ်ပိုဟောင်လား "

" ဟုတ်ပါတယ် "

ဟိုယ်ပိုဟောင်အနေနဲ့ ဒီလူကိုတွေ့ဖူးတာ ပထမဆုံးအကြိမ်ပဲဆိုတာ သေချာနေခဲ့တယ်။

စာဖိုမှူးတစ်ယောက်လို ဝတ်ထားတဲ့လူကြီးက ပြုံးပြရင်းနဲ့ပြောလာခဲ့ပါတယ်။

" ငါက ဆရာသခင်ဖန်းယွီရဲ့ ကိုယ်ပိုင်စာဖိုမှူးပါ
ဒါကြောင့် နေ့လည်စာလာပို့တာပါ "

သူပြောပြီတာနဲ့ ဟို့ယွီဟောင်ရဲ့လက်ထဲကို
သူကိုင်ထားတဲ့အစားအသောက်တွေ
ထိုးပေးလိုက်ပါတော့တယ်။

ဟို့ယွီဟောင်လဲ ကြောင်ကြည့်နေခဲ့တယ်။
သူသတိပြန်ဝင်လာချိန်မှာတော့ နွေးထွေးမှုက
နှလုံးသားထဲကို စီးဝင်သွားခဲ့ပါပြီ။ သူ့ဆရာက
တကယ်ကို တွေတောတတ်တာပဲ စာဖိုမှူးကို

ကျေးဇူးတင်ပြီ အစားအသောက်ထည့်ထားတဲ့ဗူးကို သူလက်ခံလိုက်ပါတယ်။ အဲ့ဒီနောက် နှစ်ယောက်သား ထမင်းစားဆောင်ကို အတူတူဝင်သွားခဲ့ပါပြီ။

ဝမ်သုန့်က ပြောလာခဲ့ပါတယ်။

" မင်းကတော့ တကယ်ကောင်းတာပဲ အစားအသောက်လာပို့တဲ့သူတောင် ရှိနေပြီ ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော်ရဲ့

အဓိကတပည့်သားဖြစ်ပြီဆိုမှတော့
သူမတူအောင်ကို အရေးပေးခံရတာပေါ့ "

" သွားသွား ကိုယ့်ဘာသာကိုယ်
နေ့လည်စာသွားမှာလိုက် "

ဟို့ယွိပေါင်က ရယ်မောနေခဲ့ပါတယ်။

ဟို့ယွိပေါင် ထမင်းဘူးကို ဖွင့်လိုက်ချိန်မှာ
မြင်လိုက်ရတဲ့အစားအသောက်တွေကြောင့်
လန့်သွားခဲ့မိတယ်။

ဒီအစားအသောက်တွေကအရမ်းကို
များပြားလွန်းတာပါပဲ။

ဟိုယွိုဟောင်အနေနဲ့
သိုင်းပညာဝိညာဉ်အသက်မွေးဝမ်းကြောင်းရဲ့
အဓိကတပည့်သားတွေက
ကံကောင်းလှပြီလို့ထင်ထားခဲ့တာ ဒါပေမယ့်
ဖန်းယွီရဲ့ကိုယ်ပိုင်စာဖိုမှူးပေးတဲ့
အစားအသောက်တွေကတော့ အရမ်းကို
သာလွန်ထူးခြားနေခဲ့ပါတယ်။

ထမင်းဘူးထဲမှာ ဟင်းနှစ်မျိုးနဲ့
စွတ်ပြုတ်တစ်ပန်ကန်ရှိပြီ ထမင်းတွေလဲ
အများကြီးပါပါတယ်။ အားလုံးက
တစ်ချက်ကြည့်လိုက်ရုံနဲ့ အရမ်းကိုရိုးရှင်းနေခဲ့ပေမဲ့
ပြုလုပ်ထားတဲ့ ပါဝင်ပစ္စည်းတွေကတော့
တန်ဖိုးကြီးရတနာတွေကြီးပါပဲ။

ထမင်းဘူးထဲမှာလဲ
အစားအသောက်တွေအကြောင်းရေးဖွဲ့ထားပြီ
အသေးစိတ်ညွှန်ကြားထားတဲ့
စာရွက်တစ်ရွက်ရှိနေခဲ့ပါတယ်။
ဘယ်လိုအစားအသောက်ကို

ဘယ်လိုအစီအစဉ်တိုင်းစားမယ်ဆိုရင်
အမြင့်ဆုံးအကျိုးရလဒ်ကို
ရရှိနိုင်မယ်ဆိုတဲ့အကြောင်း သေသေချာချာ
ရှင်းပြထားခဲ့တယ်။

ပထမဆုံးအနေနဲ့ နှစ်တစ်ရာ
ကျောက်စိမ်းဂျင်ဆင်းနဲ့ပြုလုပ်ထားတဲ့
စွတ်ပြုတ်ကို အရင်ဆုံးသောက်ရမှာပါ။
ဒီစွတ်ပြုတ်က
နောက်ထပ်ရတနာဆေးမြစ်တစ်မျိုးနဲ့လဲ
ပေါင်းစည်းလို့ထားပါတယ်။ ဟိုယွိဟောင်အနေနဲ့
အရင်ကလိုမျိုး

မသိနားမလည်တဲ့ကလေးတစ်ယောက်မဟုတ်
တော့ပါဘူး။ သိုင်းပညာဝိညာဉ်
အသက်မွေးဝမ်းကြောင်းကျောင်းတော်ရဲ့
အဓိတပည့်သားအဖြစ် တစ်နှစ်နီးပါး
အကျိုးအမြတ်တွေကိုခံစားပြီတဲ့နောက်
ထိပ်တန်းဟင်းလျာတွေကို နားလည်နိုင်စွမ်းကလဲ
အတော်လေးကို မြင့်မားလာခဲ့ပါပြီ။ ဒါ့အပြင်
ဒီစွတ်ပြုတ်တစ်ခွက်ထဲနဲ့ ပမာဏက
ဝိညာဉ်ရွှေပြားငါးဆယ်အထက်မက ရှိနေတာကို
သူနားလည်ပါတယ်။

ဒါ့အပြင်

သိုင်းပညာဝိညာဉ်တည်ဆောက်ရေးနယ်မြေကလဲ

သူ့ကိုတူညီတဲ့ အစားအသောက်တွေကျွေးမွေးပေမဲ့

အများအားဖြင့်

ဆယ့်နှစ်သက်တမ်းဝန်းကျင်သာရှိတဲ့

ကျောက်စိမ်းဂျင်ဆင်းတွေပါ။ လက်ရှိအချိန်မှာ

သူရှေ့ရောက်နေတဲ့ စွတ်ပြုတ်ရဲ့တန်ဖိုးကတော့

အရင်ကထက်အများကြီး ပိုပြီး

သာလွန်နေခဲ့ပါတယ်။ ဒါ့အပြင် ဒီစွတ်ပြုတ်က

ခန္ဓာကိုယ်နဲ့ ဦးနှောက်ကိုပါ

အာဟာရဖြည့်တင်းပေးနိုင်ပြီ အရမ်းကို

အားကောင်းတဲ့အာဟာရတစ်မျိုးလဲ
ဖြစ်နေခဲ့တယ်။

နောက်ထပ် ဟင်းနှစ်မျိုးမှာတစ်ခုကတော့
နှစ်တစ်ရာမြေနဂါးရဲ့ကြွက်သားတွေကို
ပေါင်းပြီချက်ပေးထားပါတယ်။
ဒီနှစ်တစ်ရာမြေနဂါးရဲကြွက်သားတွေက
အရမ်းကိုမာကျောပြီ
နှစ်တစ်ရာသားရဲကောင်တွေထဲမှာ
တိုက်ပွဲစွမ်းအားထိပ်တန်းကိုရောက်နေတဲ့
သားရဲကောင်ပါပဲ။ ဒါ့အပြင်
သူ့ရဲ့ကြွက်သားအရိုးတွေက

လူသားအတိုင်းအတွက်ကို

အာဟာရအဖြစ်ပြောင်းလဲပေးစေနိုင်ပါတယ်။

အထူးသဖြင့်ဟို့ယ္ဂိဟောင်လို

ဆယ်ကျော်သက်ကောင်လေးတစ်ယောက်အတွက်

ပိုလို့တောင် ကောင်းနေခဲ့သေးတယ်။ ဟို့ယ္ဂိဟောင်

ဒီဟင်းကိုစားလိုက်ပြီးချိန်မှာပဲ မြေနဂါးရဲ့

ကြွက်သားတွေက နူးညံ့ပြီ ပျော့အိနေတာကို

သတိထားမိသွားပါတော့တယ်။ ဒါကို

သုံးရက်သုံးညတိတိ ချက်ပြုတ်ပြီမှသာ

ဒီလောက်နူးညံ့တဲ့အခြေအနေကို ရရှိနိုင်တာပါ။

အရမ်းအရသာရှိရုံတင်မက စားပြီးရင်းလဲ

အတော်လေး အကျိုးရှိပါတယ်။

တခြားဟင်းလျာကတော့ မိုးပြာရောင်ငှက်ရဲ့
ရိုးတွင်းခြင်းဆီပါပဲ။ အဲ့ဒါကို ပဲအချဉ်းရည်နဲ့
ရောပြီးကျွေးပါတယ်။ မိုးပြာငှက်က
နတ်မီးငှက်ရဲ့သွေးကို ပိုင်ဆိုင်လို့ထားခဲ့ပြီ သူ့ရဲ့
ရိုးတွင်းခြင်းဆီက အရသာရှိရုံတင်မက
လူတွေရဲ့အရိုးတွေကိုလဲ အများကြီး
အာဟာရဖြည့်တင်းပေးနိုင်တယ်။

ဒီဟင်းလျာသုံးမျိုးရဲ့အစွမ်းအစကို
ပေါင်းစည်းလိုက်မယ်ဆိုရင်

ပထမတန်းစားဟင်းလျာတွေဆိုတာထက်ကို
ပိုပါသေးတယ်။

ထမင်းတောင်မှ အတော်လေးကို
ထူးခြားနေခဲ့တယ်။ ဒီထမင်းကတော့
ပုလဲလုံးလေးတွေ စီထားသလိုမျိုး
ကြည်လင်နေတဲ့ကျောက်စိမ်းဖြူရောင်ထမင်းပါ။
ဒါကချီစွမ်းအင်တွေကို
ပြန်လည်ဖြည့်တင်းပေးနိုင်ပြီ
ခန္ဓာကိုယ်စွမ်းအားကိုလဲ တိုးတက်စေနိုင်ပါတယ်။
ဒါ့အပြင် ဒီဟင်းတစ်နပ်ရဲ့တန်ဖိုးကတင် စုစုပေါင်း

ဝိညာဉ်ရွှေပြားတစ်ရာငါးဆယ့်အထက်ကို
ကျော်လွန်သွားခဲ့ပါပြီ။

ဝမ်သုန့် အစားအသောက်တွေကိုမှာပြီ
သူ့ရဲ့ကိုယ်ပိုင်ထမင်းပန်ကန်ကိုကြည့်လိုက်
ဟိုယွိဟောင်ရဲ့ထမင်းဘူးကိုကြည့်လိုက်
လုပ်နေခဲ့ပါတယ်။
သူ့မျက်လုံးထဲမှာထူးဆန်းတဲ့အလင်းတန်းတွေက
ပေါ်လာခဲ့ပါပြီ။

" ယွိဟောင် ငါတို့မင်းကို တကယ်မနာလိုဖြစ်နေပြီ ငါလဲ

ဝိညာဉ်လက်နက်တည်ဆောက်ရေးနယ်မြေကိုသာ သွားလိုက်ချင်တယ်...ဘယ်တုန်းကများ အဲ့ဒီနယ်မြေရဲ့အစာအစားတွေက ဒီလောက်ကောင်းသွားတာလဲ ငါကြားတာတော့ သူတို့အထူးတပည့်သားတွေ ထမင်းစားဆောင်မှာစားရတဲ့ အစားအသောက်တွေက ငါတို့ထက် အများကြီးပိုပြီး အဆင့်နိမ့်နေတယ်တဲ့...ဒါပေမယ့် ကြည့်ရတာငါတို့ရဲ့ဗျာနက သူတို့ရဲ့ဟင်းကို မမှီသလိုပဲ "

ဝမ်သုန့်ရဲ့သတင်းအချက်အလက်က မမှားခဲ့ပါဘူး။
ဒါက အဓိကတပည့်သားတွေထဲမှာတောင်
ရိုးရိုးတပည့်သားတွေ အတွက်သာ မှန်ကန်တာပါ။
ဟိုယွိဟောင်က သာမန်လား သူက ဖန်းယွီရဲ့
တိုက်ရိုက်တပည့်သားဖြစ်ရုံတင်မကပဲ
ဝိညာဉ်လက်နက်တည်ဆောက်ရေးနယ်မြေရဲ့
ပထမဆုံးသောအမှာဝိညာဉ်ကို ပိုင်ဆိုင်တဲ့
အဓိကတပည့်သားလဲ ဖြစ်နေခဲ့ပါသေးတယ်။
ဒါကြောင့် ဌာနတစ်ခုလုံးက သူ့ကို
မျှော်လင့်ချက်အကြီးကြီးထားတာခဲ့ပါ။
ဟိုယွိဟောင်တောင်မသိခဲ့ပါဘူး။

ဟိုယွိဟောင်လဲ ရယ်သာရယ်နေရင်း
သူ့ရဲ့အစားအသောက်တချို့ကို ဝမ်သုန့်ဆီ
ထိုးပေးလိုက်ပါတယ်။

" ငါတို့ငါးဆယ် ငါးဆယ် ခွဲစားကြမယ်လေ ငါ့ကို
မင်းရဲ့အစာအစားတစ်ဝက်ပေးလိုက် ဒါဆိုရင်
ငါတို့တွေအများကြီးစားရတာပေါ့ "

အဲ့ဒီနောက် ဝမ်သုန့် ပြန်ဖြေမှာကိုတောင်
သူစောင့်မနေတော့ပါဘူး။ တစ်ခါထဲဝမ်သုန့်ရဲ့

အစားအသောက်တွေကိုလဲ
သူပြန်ပြီတစ်ဝက်ခွဲယူလိုက်ပါတော့တယ်။
အဲ့ဒီနောက် ပလုပ်ပလောင်းနဲ့ စားတော့တယ်။

ဝမ်သုန့်ကတော့ ဒါကိုမြင်ချိန်မှာ
စောင့်သာကြည့်နေခဲ့ပါတယ်။ ဒါပေမယ့်
အဆုံးသတ်မှာတော့ သူလဲ ဒီကမ်းလှမ်းချက်ကို
မငြင်းပယ်ခဲ့ပါဘူး။ ဟိုယွိဟောင်
နှစ်ယောက်စလုံးက
ဌာနနှစ်ခုရဲ့အဓိကတပည့်သားတွေ
ဖြစ်နေခဲ့တာကြောင့်
များပြားတဲ့အစားအသောက်တွေနဲ့

တန်ဖိုးကြီးတဲ့အစားအသောက်တွေကို
တစ်ပြိုင်နက်ထဲစားသောက်နိုင်တာ
ကံကောင်းမှုပါပဲ။

...

သားရဲကောင်တိုက်ခိုက်ရေးနယ်မြေ

ကျောင်းတော်ရဲ့
အကြီးမားဆုံးအထူးပြုနယ်မြေတွေထဲက
အကြီးမားဆုံးအဆောက်အအုံကြီးပါ။
ဒီနယ်မြေကြီးထဲမှာ

သားရဲကောင်တိုက်ခိုက်ရေးနယ်မြေက
ကျောင်းတော်တွေရဲ့စာသင်ကြားတဲ့နေရာတွေထက်
တောင် ပိုပြီး ကျယ်ဝန်းပါသေးတယ်။

သော့်လော့တိုက်တစ်ခုလုံးမှာ
ကျောင်းတော်တွေက သူတို့ရဲ့အင်အားကို
အသုံးပြုရင်း ဝိညာဉ်သားရဲကောင်တွေကို
ဖမ်းဆီးပြီးမွေးမြူးကြပါတယ်။ ဒါ့အပြင် အဲ့ဒီလိုမျိုး
လုပ်နိုင်တဲ့ကျောင်းတော်ကလဲ
အရမ်းရှားပါးလွန်လှတယ်။
အမျက်ဒေါသကျောင်းတော်ကတော့
ဒီလိုမျိုးကျယ်ပြန့်ပြီ

ကြီးမားတဲ့သားရဲကောင်တိုက်ခိုက်ရေးနယ်မြေကို
ပိုင်ဆိုင်တဲ့ တစ်ခုတည်းသောကျောင်းတော်ပါပဲ။
ဒါ့အပြင် တော်ဝင်မိသားစုတွေတောင်မှ
ဒီလိုအရာမျိုးကို မဖန်တီးနိုင်ပါဘူး။
ဝိညာဉ်သားရဲကောင်တွေကို
ဖမ်းဆီးပြီမွေးမြူးတာက မလွယ်ကူလှတဲ့အပြင်
အရိုင်းဆန်တဲ့ဝိညာဉ်သားရဲကောင်တွေကို
ဆက်တိုက်ဆိုသလို အစားအသောက်နဲ့
အနေအထိုင်တွေကအစ
အာရုံစိုက်ပြီလေ့ကျင့်ပေးဖို့ဆိုတာ
ပညာရှင်မရှိပဲမဖြစ်နိုင်တဲ့ကိစ္စပါပဲ။ တစ်ချိန်ထဲမှာပဲ
သူတို့ကို အမိန့်ပေးပြီးထိန်းချုပ်နေရင်း

ကိုယ့်ကိုကိုယ်တိုင်ရဲ့ လုံခြုံမှုကိုလဲ
ဂရုစိုက်ရပါတယ်။ ဒီလိုမျိုးကြီးမားပြီ
များပြားလွန်လှတဲ့တစ်စုံတစ်ရာကို
ရင်းနှီးမြုပ်နှံတာက သာမန်ဝိညာဉ်ပညာရှင်တွေ
အိပ်မက်တောင်မမက်ဝံ့တဲ့အရာပါပဲ။

ဒါ့အပြင် မြို့တော်ရဲ့အခွန်အခအားလုံးက
ကျောင်းတော်ထဲကိုသာ ရောက်ရှိတယ်။
ဒီလိုများပြားလွန်လှတဲ့ ငွေကြေးပမာဏမှာ
သုံးပုံတစ်ပုံက
သားရဲကောင်တိုက်ခိုက်ရေးနယ်မြေဆီကိုယ်တိုင်
ရောက်ရှိတာပါ။ ဒါ့အပြင် သူတို့ဘယ်လောက်အထိ

ရင်းနှီးမြုပ်နှံထားလဲဆိုတာ
ကြည့်ရုံနဲ့သိနိုင်နေခဲ့တယ်။

ကျောင်းတော်ထဲကို စတင်ဝင်ရောက်တဲ့
ကျောင်းသားတွေအနေနဲ့
ကျောင်းတော်ရဲ့ဝင်ခွင့်ဝင်ကြေးကတင်
အရမ်းဈေးကြီးပြီလို့ ထင်ခဲ့မှာပါ။ ဒါပေမယ့်
သားရဲကောင်တိုက်ခိုက်ရေးနယ်မြေထဲကို
ဝင်ခွင့်ရတဲ့ကျောင်းသားတွေက ဒီလိုမျိုး
မတွေးနိုင်တော့ပါဘူး။ ဒီနေရာကိုဝင်ခွင့်ရဖို့အတွက်
ပေးရတဲ့တန်ဖိုးနဲ့ ကျောင်းဝင်ခွင့်တန်ဖိုးကို

ယှဉ်လိုက်မယ်ဆိုရင် လမင်းကြီးနဲ့
ပိုးစုန်းကြူးလိုမျိုး ကွာခြားလွန်လှပါတယ်။

မြို့တော်ရဲ့ရရှိတဲ့အခွန်အခတွေအပြင်
ကျောင်းတော်ရဲ့နောက်ထပ်
ဝင်ငွေရပေါက်ရလမ်းကတော့
ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော်ပါ
ပဲ။ နှစ်စဉ်နှစ်တိုင်းများပြားတဲ့
ဝိညာဉ်လက်နက်တွေကို
ဝိညာဉ်လက်နက်တည်ဆောင်ရေးအသက်မွေးဝမ်း
ကြောင်းကနေ ဖန်တီးပြီး ဆက်တိုက်ဆိုသလို
ကျောင်းအပြင်ပမှာရောင်းချပါတယ်။ ဒါပေမယ့်

ဒီရောင်းချမှုတွေက ထျန်းဟွမ်နိုင်ငံတော်

သော့်လင်းနိုင်ငံတော်နဲ့

ကြယ်တာရာလော့နိုင်ငံတော်တွေအတွက်သာ

ကန့်သတ်ချက်ရှိနေခဲ့တာပါ။

နေလနိုင်ငံတော်ကိုတော့ သူတို့မရောင်းချပါဘူး။

ဒါကြောင့်သာ ရန်ရှောင်ကျဲ့အမြဲပြောနေခဲ့တဲ့

ချင်းသောသော

ဘယ်လောက်ချမ်းသာလဲဆိုတဲ့ကိစ္စရဲ့အကြောင်းအ

ရင်းပါပဲ။

အပိုင်း ၄၈•၁ ပြီး၏။

အပိုင်း ၄၈•၂

" ကြောက်လန့်ဖွယ်ရာအတားအဆီး "

ဝဝဝ

သားရဲကောင် တိုက်ခိုက်ရေးနယ်မြေမှာ
မြေအောက်အပိုင်းတွေလဲ ရှိနေခဲ့ပါတယ်။
မူအခြေအနေအရ သူ့ကို တည်ဆောက်ပြီးအချိန်မှာ
စုစုပေါင်းရာနဲ့ချီတဲ့ဝိညာဉ်အတတ်ပညာရှင်တွေက
ဆက်တိုက်ဆိုသလို ဗိသုကာပညာရှင်တွေနဲ့
လက်သမားတွေကို ကူညီရင်း
အလုပ်လုပ်ခဲ့ကြပါတယ်။ ဒါ့အပြင်

အားကောင်းတဲ့ဝိညာဉ်လက်နက်တွေရဲ့
ကျေးဇူးနဲ့များပြားတဲ့ ဝိညာဉ်သားရဲကောင်တွေကို
လှောင်ချိုင့်တွေထဲမှာဖမ်းဆီးထားနိုင်ခဲ့တယ်။
ဒါပေမယ့် အားကောင်းတဲ့ဝိညာဉ်ပညာရှင်တွေနဲ့
ဝိညာဉ်လက်နက်အတတ်ပညာရှင်တွေက
အဲ့ဒီနေရာတွေကို တစ်နှစ်ပတ်လုံး စောင့်ကြပ်နေဖို့
လိုပါတယ်။ ကောလဟာလတွေအရတော့
ဒီနေရာမှာ ဝိညာဉ်သားရဲကောင်ပေါင်း
တစ်သောင်းကျော်ကို ဖမ်းဆီးထားပါတယ်တဲ့
ဒါပေမယ့် နှစ်ပေါင်းတစ်သိန်းသားရဲကောင်ကိုတော့
ဖမ်းဆီးထားနိုင်ချေမရှိခဲ့ပါဘူး။
နှစ်ပေါင်းတစ်သိန်းသားရဲကောင်ကို

အသက်ရှင်လျက်ဖမ်းဆီးဖို့က ခက်ခဲရုံတင်မက

မဖြစ်နိုင်တဲ့အခြေအနေကို ရောက်ရှိနေခဲ့ပါပြီ။

ဒါပေမယ့်

နှစ်ပေါင်းတစ်သိန်းဝိညာဉ်သားရဲကောင်ဆိုတာက

ဘယ်ဝိညာဉ်ပညာရှင်အတွက်မဆို

မမျှော်လင့်ထားနိုင်လောက်အောင် များပြားတဲ့

ချမ်းသာကြွယ်ဝမှုနဲ့ ညီမျှနေခဲ့ပါတယ်။

နှစ်ပေါင်းတစ်သိန်းဝိညာဉ်သားရဲကောင်တစ်ကောင်

က ဝိညာဉ်ပညာရှင်တစ်ယောက်ကို

မိုးကောင်းကင်အထိ မြင့်တက်သွားအောင်လို့

စွမ်းဆောင်ပေးနိုင်တယ်ဆိုတာ

ချဲ့ကားပြောကြားနေတာမျိုးမဟုတ်ရပါဘူး။

နှစ်ပေါင်းတစ်သိန်းဝိညာဉ်စက်ကွင်းနဲ့
ဝိညာဉ်အရိုးတွေက စုစုပေါင်း
ဝိညာဉ်စွမ်းရည်လေးခုကို ပေးစွမ်းနိုင်ပါတယ်။
တွေးကြည့်ရုံနဲ့တင်
ဘယ်လောက်ကြောက်စရာကောင်းလိုက်လေမလဲ။

တစ်ချိန်ထဲမှာပဲ
သားရဲကောင်တိုက်ခိုက်ရေးနယ်မြေမှာကတော့
ငြိမ်သက်လို့နေခဲ့ပါပြီ။ ဒါ့အပြင် ကျောင်းသားတွေ
ဆက်တိုက်ဆိုသလို
တိုက်ခိုက်ရေးလေ့ကျင့်နိုင်ဖို့အတွက်
သူတို့ရဲ့အစွမ်းအစကို တိုးတက်လာစေဖို့

ခွင့်ပြုပေးထားခဲ့ပါတယ်။ လက်ရှိအချိန်မှာ
ပထမနှစ်ကျောင်းသားတွေက
သားရဲကောင်တိုက်ခိုက်ရေးနယ်မြေကို
နောက်ဆုံးအတန်းတင်စာမေးပွဲအတွက်
စတင်ဝင်ရောက်နိုင်ခါစဖြစ်ပါသေးတယ်။

သားရဲကောင်တိုက်ခိုက်ရေးနယ်မြေက
ဘဲဥပုံသဏ္ဍာန်အဆောက်အအုံကြီးတစ်ခု
ဖြစ်နေခဲ့ပြီ ဘေးတိုက်အကျယ်အဝန်းကတော့
တစ်ရာကိုးဆယ့်မီတာဝန်းကျင်ရှိပါတယ်။ ဒါ့အပြင်
အတိုဆုံးအပိုင်းကတော့
တစ်ရာခြောက်ဆယ့်မီတာပါ။ စုစုပေါင်း

မီတာခြောက်ဆယ့်နီးပါးမြင့်မားပါတယ်။
အကယ်၍ အပြင်ကနေ ကြည့်မယ်ဆိုရင်
အလွှာလေးလွှာကို မြင်တွေ့ရမှာပါ။
ပထမဆုံးအလွှာသုံးလွှာကိုတော့
အခုံးပုံသဏ္ဍာန်တွေ အများကြီးနဲ့
တည်ဆောက်လို့ထားခဲ့ပါတယ်။ ဒါ့အပြင်
တစ်လွှာချင်းဆီတိုင်းမှာ
ကျောက်တုံးတိုင်ကြီးတွေက ဆက်တိုက်ဆိုသလို
အထောက်အပံ့အဖြစ် တည်ရှိနေခဲ့ကြတယ်။
လေးလွှာမြောက်ကတော့ လမ်းကျဉ်းလေးတွေ
အများကြီးနဲ့ အခုံးပုံသဏ္ဍာန်
ဝင်ပေါက်တွေဆက်တိုက်ရှိနေတာပါ။ ဒါ့အပြင်

သားရဲကောင်တိုက်ခိုက်ရေးနယ်မြေအတွင်းမှာရှိတဲ့
လူတွေကို အပေါ် စီးကနေ တိုက်ရိုက်ကြည့်နိုင်ဖို့
ခွင့်ပြုပေးပါတယ်။ ကြည့်ရှုသူတွေရပ်တည်ပြီ
စောင့်ကြည့်ရမဲ့နေရာကတော့ အပိုင်းလေးပိုင်း
ခွဲခြားထားပါတယ်။ အထူးအခြေအနေမျိုးမှာ
ကျောင်းတော်က ဒီနေရာတွေကို အမျိုးမျိုး
ပိုင်ခြားပေးထားပါတယ်။ ဒါ့အပြင်
အဲ့ဒီအဆောက်အအုံကြီးက
အတော်ကိုခမ်းနားလွန်လှပြီ
တန်ဖိုးကြီးပစ္စည်းတွေနဲ့
ပြည့်နှက်နေတယ်လို့တောင်
ပြောလို့ရနိုင်နေခဲ့တယ်။

ကြီးမားတဲ့သားရဲကောင်တိုက်ခိုက်ရေးနယ်မြေကြီး
က စုစုပေါင်း ကြည့်ရှုသူတစ်သောင်းနီးပါးကို
လက်ခံစောင့်ကြည့်နိုင်ဖို့အထိ
ပြင်ဆင်ထားခဲ့ပါတယ်။ ဒါ့အပြင်
ဗလာဟင်လင်ဖြစ်နေတဲ့ အစိတ်အပိုင်းကြီးကတော့
အတွင်းဗဟိုချက်မှာရှိနေခဲ့တယ်။
ဝိညာဉ်တိုက်ခိုက်ရေးနယ်မြေထဲမှာ ဘယ်သူမဆို
ဝိညာဉ်သားရဲကောင်တစ်ကောင်နဲ့ဖြစ်စေ
ဝိညာဉ်သားရဲကောင်အများကြီးနဲ့ဖြစ်စေ
တိုက်ခိုက်နိုင်ပါတယ်။
သိုင်းပညာဝိညာဉ်တည်ဆောက်ရေးနယ်မြေရဲ့

အတန်းကြီးကျောင်းသားတွေက

ဒီနေရာနဲ့အတော်လေးကို ရင်းနှီးနေခဲ့ကြပါပြီ။

အဆင့်မြင့်တဲ့ ကျင့်ကြံမှုကို ပိုင်ဆိုင်ထားတဲ့

ကျောင်းသားတွေအနေနဲ့

သူတို့ရဲ့တိုက်ခိုက်ရေးစွမ်းရည်ကို

လေ့ကျင့်ဖို့အတွက် ဒီနေရာကို

မကြာခဏလာရောက်လေ့ရှိပါတယ်။

တစ်ချိန်ထဲမှာပဲ

အဆင့်နိမ့်ကျောင်းသားတွေအတွက်ကတော့

အိပ်မက်ဆိုးကြီးတစ်ခုလိုပါပဲ။

စတုတ္ထနှစ်သင်ကြားမှုကို ပြီးတဲ့နောက်
အတန်းတစ်တန်းချင်းဆီတိုင်းက
တစ်ပတ်ကိုတစ်ခါ
ဒီနေရာကိုလာရောက်ကြရပါတယ်။ ဒါ့အပြင်
စုပေါင်းထားတဲ့ ရလဒ်နဲ့
နောက်ဆုံးအတန်းတင်စာမေးပွဲကို
ဆုံးဖြတ်ကြတယ်။

ဟိုးယွိဟောင် ဝမ်သုန့်နဲ့ ရှောင်းရှောင်းတို့က
ကြီးမားတဲ့နယ်မြေကြီးထဲကို လျှောက်လာနေရင်း
သူတို့မျက်လုံးတောင် သူတို့မယုံနိုင်ပါဘူး။
ဘယ်လိုနောက်ခံအင်အားကို ပိုင်ဆိုင်ကြပါစေ

သူတို့အရှေ့မှာရှိနေခဲ့တဲ့ အဆောက်အအုံကြီးက မြင့်ဖူးသမျှတန်ဖိုးကြီး အဆောက်အအုံတိုင်းထက်ကိုကျော်လွန်လို့နေခဲ့ပါပြီ။

" ယွိဟောင် "

ကောင်းကင်အိပ်မက်ရေခဲပိုးကောင်ရဲ့အသံက ရုတ်တရက်ဆိုသလို ဟိုယွိဟောင်ရဲ့စိတ်ထဲဝင်ရောက်လို့လာခဲ့ပါတယ်။ ဟိုယွိဟောင်အနေနဲ့ သူဒီလိုမျိုး

ပေါ်ထွက်လာတာကို ကျင့်သားရနေပြီဖြစ်ပေမဲ့
တစ်ခါတစ်လေမှာတော့
ဒီလိုရုတ်တရက်ပေါ်ထွက်လာခဲ့မှုကြောင့်
သေလုမတတ်ကြောက်နေဆဲပါ။

" အစ်ကိုကြီး ဘာဖြစ်လို့လဲ "

ကောင်းကင်အိပ်မက်ရေခဲပိုးကောင်က
ပြောလာခဲ့ပါတယ်။

" မင်းအစောပိုင်းတုန်းက ဟိုကလေးကို
မင်းအရှေ့မှာ ဒူးထောက်ပြီ
ဦးချစေချင်တယ်မဟုတ်လား
ငါပြောပြမယ်...အလွယ်ဆုံးနည်းလမ်း ငါမင်းကို
သင်ပေးစရာရှိတယ်..အနာဂတ်မှာလဲ
တိုက်ခိုက်တဲ့အချိန်မှာ အရမ်းကိုအသုံးဝင်လိမ့်မယ်
"

ဒါကိုကြားချိန်မှာ ဟိုယွိဟောင်အနေနဲ့ အရမ်းကို
ပျော်ရွှင်သွားပါတော့တယ်။

" ဟုတ် ကျွန်တော်ကိုပြောပြပါဦး "'

ကောင်းကင်အိပ်မက်ရေခဲပိုးကောင်ကတော့ စတင်ရှင်းပြပါတော့တယ်။

" ကောင်းပြီ မင်းဒီလိုလုပ်ရမယ်..လွယ်လွယ်လေးပဲ "'

ooo

ပထမနှစ်ကျောင်းတော်သားတွေအားလုံးက နောက်ဆုံးအတန်းတင်စာမေးပွဲအတွက် သူတို့တွေ

စင်မြင့်တစ်ခုဆီကို သွားရမှာပါ။ ဒါ့အပြင် သူတို့တွေအမှတ်တွေနဲ့ အဆင့်ကိုတစ်ခါထဲလျှောက်လွှာပေါ်မှာ ဆုံးဖြတ်မှာဖြစ်ပါတယ်။

လျှောက်လွှာတွေကို လက်ခံဖို့အတွက် လူတိုင်းက တန်စီးနေခဲ့ကြပါပြီ။ ဒီလိုလုပ်နေချိန်မှာ ဝမ်သုန့်က ထိုက်ဟွပင်းကို ကြည့်ရင်း ရှာဖွေနေခဲ့ပါတယ်။ မကြာခင်အချိန်အတွင်းမှာပဲ သူ့ကို ရှာဖွေတွေ့ရှိသွားခဲ့ပါပြီ။ ဒါကြောင့် ဟို့ယွိဟောင်ကို တစ်ထောင်နဲ့တွတ်လိုက်ရင်း ပြောလာခဲ့ပါတယ်။

" ကြည့်လိုက် ထိုက်ဟွပင်းတို့အဲ့ဒီမှာရှိတယ် "

ဟိုယွိပေါင်လဲ ခေါင်းညိတ်လိုက်ရင်း
ထိုက်ဟွပင်းရပ်နေတဲ့နေရာကို
လျှောက်သွားပါတော့တယ်။

ဝမ်သုန့်ကတော့ ကြောင်အသွားခဲ့ပါပြီ။
ဒီကောင်ဘာလုပ်ဖို့ ကြိုးစားနေတာလဲ
စိတ်လွှတ်သွားတာများလား ဒါပေမယ့်
သူနဲ့ရှောင်းရှောင်းတို့က
ဟိုယွိပေါင်ရဲ့အကြံအစည်ကို

ခန့်မှန်းတို့ကြိုးစားမနေပဲ
သူနောက်ကိုချက်ချင်းလိုက်သွားပါတော့တယ်။

ထိုက်ဟွပင်းကလဲ သူတို့ကို အာရုံစိုက်နေခဲ့တာပါ။
ဒါကြောင့် ဟို့ယွိပောင်
သူအနားရုတ်တရက်ရောက်လာတာကို
ချက်ချင်းသတိထားမိပါတယ်။
ဘယ်လိုအားနည်းချက်ကိုမှ ထုတ်မပြပဲ
ဟို့ယွိပောင်အနားကပ်လာတာကိုကြည့်ရင်း
အေးစက်စက်နဲ့သာ စိုက်ကြည့်နေခဲ့တယ်။

တန်စီးနေကြတဲ့တခြားကျောင်းသားတွေလဲ သူတို့ရဲ့
လောင်းကြေးကို မသိကြပါဘူး။ ဒါပေမယ့်
အဲ့ဒီနှစ်ဖွဲ့က နောက်ဆုံးဗိုလ်လုပွဲမှာ
ယှဉ်ပြိုင်ခဲ့တာကိုတော့
ကောင်းကောင်းသိနေခဲ့တယ်။ တစ်ချိန်ထဲမှာပဲ
ထိုက်ဟွပင်းနဲ့ ကျုးလုတို့ရဲ့ယှဉ်ပြိုင်တိုက်ခိုက်ခဲ့တဲ့
ပုံစံတွေက အတော်ကို ပြန့်နှံ့နေခဲ့တာပါ။
နှစ်ဖွဲ့စလုံးက တစ်ယောက်တစ်ယောက်
အခဲမကြေကြတာအသေအချာပါပဲ။ သူတို့
ခြောက်ယောက်က အားလုံးရဲ့အာရုံစိုက်မှုအလယ်
ရောက်လာပါတော့တယ်။

ဟို့ယွိဟောင်က ထိုက်ဟွပင်းနဲ့
သုံးမီတာအကွာမှာရပ်လိုက်ရင်း
ပြောလာခဲ့ပါတယ်။

" ထိုက်ဟွပင်း ဒီနေ့ငါတို့လောင်းကြေးရဲ့
အပြတ်ဖြတ်ရမဲ့နေ့ပဲ ငါမင်းကို
မေးစရာရှိတယ်...မင်းအဲ့ဒီလောင်းကြေးကို
နောင်တရရဲ့လား "

ထိုက်ဟွပင်းက ဒါကိုကြားချိန်မှာ
ဘာပြောရမယ်မှန်းမသိ ဖြစ်သွားပါတော့တယ်။

ဒီဟိုယ်ပို့ဟောင် ရှုးသွားတာပဲ ဖြစ်ရမယ်။
အဲ့ဒီနောက် သူပြန်ဖြေလိုက်ပါတယ်။

" ငါထိုက်ဟွပင်း ဘယ်တော့မှငါ့စကားကို
ပြန်ပြီမရုတ်သိမ်းဘူး..ဒီနေ့ငါတို့နှစ်ဖက်ရဲ့
သုံးယောက်စလုံးက နောက်ဆုံးစာမေးပွဲကို
လောင်းကြေးအဖြစ် အသုံးပြုပြီး
ပြိုင်ဆိုင်မယ်..ဒါ့အပြင် သုံးယောက်စလုံးစုစုပေါင်း
အမှတ်အနိမ့်ဆုံးသူက အမှတ်မြင့်တဲ့သူကို
ဝပ်တွားဦးညွတ်ပြီ ဦးချရမယ်....ဒါ့အပြင်
ကိုယ်ရဲ့အမှားကိုပါ ဝန်ခံရမယ် "

ဟို့ယွိဟောင်ကလဲ ခေါင်းညိတ်လိုက်ပါတယ်။

" ကောင်းပြီ ဒါဆိုရင်
ဒီနေရာမှာရှိတဲ့သူတွေအားလုံးကို
ဒီနေ့လောင်းကြေးရဲ့မျက်မြင်သက်သေတွေ
ဖြစ်စေချင်တယ်..မင်းဘယ်လိုထင်လဲ ထိုက်ဟွပင်း
"

ထိုက်ဟွပင်းက ချက်ချင်းဆိုသလို
ပြန်ဖြေလိုက်ပါတယ်။

" ကောင်းပြီ အကယ်၍ မင်းဒီဆုံးဖြတ်ချက်ကို

နောင်တရပြီဆိုရင် မင်းနဲ့ဝမ်သုန့်

နှစ်ယောက်အခုထဲက တစ်ခါထဲဦးညွှတ်ပြီ

တောင်းပန်ထားဖို့

ကောင်းလိမ့်မယ်...ရှောင်းရှောင်းကတော့

ကောင်မလေးတစ်ယောက်ပဲလေ သူ့ကိုတော့

ချွင်းချက်ပေးနိုင်ပါတယ် "

ဟို့ယွိဟောင်က နှာခေါင်းရှုံ့ရင်း

ပြန်ပြောလိုက်ပါတယ်။

"'စာမေးပွဲပြီးတဲ့အချိန် ဒီနေရာမှာ ပြန်ဆုံကြမယ် "'

အဲ့ဒီနောက် သူလှည့်ထွက်သွားပါတော့တယ်။

သူတို့ကြားမှာရှိခဲ့တဲ့ စကားတွေက
ရှိရှိသမျှကျောင်းသားတွေရဲ့အာရုံကို
ဖမ်းစားလိုက်ပါပြီ။ ဒါ့အပြင် အားလုံးကလဲ
လျှောက်လွှာအတွက် တန်စီးနေခဲ့ကြတာပါ။
သူတို့တွေ ခပ်တိုးတိုးဆွေးနွေးနေကြပါတော့တယ်။
အခုအချိန်မှာ ထိုက်ဟွပင်းရဲ့

မျက်နှာအမူအရာကတော့ ပိုလို့တောင်
အကျည်တန်းလာခဲ့ပါပြီ။

" မင်းဒီလိုမျိုး ကိုယ်ပြဿနာကိုယ်ရှာတာကြောင့်
ကိုယ့်ကိုကိုယ်ပဲ
အပြစ်တင်ရလိမ့်မယ်..နောက်ထပ်ပိုပြီး
မျက်နှာပျက်ရုံကလွဲပြီ
မင်းတို့ဘာကြုံစရာထပ်ရှိသေးဦးမှာလဲ ငါကတော့
ပျော်ပျော်ကြီး ကူညီပေးရဦးမှာပေါ့ "

သူမြင်အရသလောက်အရဆိုရင် ဟိုယွိဟောင်က

လူတွေအများကြီးရဲ့အရှေ့မှာ ဒီလိုလာပြီးပြောတာ

ပထမနှစ်တစ်ခုလုံး သူတို့လောင်းကြေးကို

သိချင်လို့ပါ။ သူအခုဒီလိုလုပ်ပြီ ဖြစ်တာကြောင့်

လောင်းကြေးမှာရှုံးနိမ့်သွားတဲ့သူက

ကျောင်းတော်တစ်ခုလုံးမှာ

ခေါင်းဖော်နိုင်တော့မှာမဟုတ်ပါဘူး။

ဘယ်လိုကြောင့်များ

ဒီလောက်ယုံကြည်ချက်ရှိနေရတာလဲ။

ဟိုယွိဟောင်အနေနဲ့ လှည့်ကွက်တွေသုံးဖို့များ

ရှိနေတာများလား ထိုက်ဟွပင်းကလဲ

သူ့ရဲ့အစွမ်းအစကို ကိုယ့်ကိုကိုယ်

ယုံကြည်ချက်အပြည့် ရှိနေခဲ့ပါတယ်။ ဒါ့အပြင်
လွန်ခဲ့တဲ့တစ်နှစ်လုံးလုံးသူအများကြီး
ကြိုးစားခဲ့ရတာပါ။

အားလုံး သူတို့ရဲ့လျှောက်လွှာတွေကို
ရရှိပြီတဲ့နောက် သက်ဆိုင်တဲ့ဆရာတွေဆီကို
သွားကြပါတော့တယ်။

သူတို့တွေက နောက်ဆုံးစာမေးပွဲကို
ဖြေဆိုကြရမှာဖြစ်တာကြောင့် ကြည့်ရှုသူတွေရဲ့
နေရာကိုမသွားကြပါဘူး။ အဲ့ဒီအစား

သားရဲကောင်တိုက်ခိုက်ရေးနယ်မြေကြီးထဲမှာသာ
အစီအစဉ်တကျ ရပ်နေခဲ့ကြရင်း
စာမေးပွဲဖြေဆိုဖို့အတွက်
စောင့်ဆိုင်းနေခဲ့ကြပါတယ်။

ပထမနှစ်ကျောင်းသားတွေအားလုံးက စုစုပေါင်း
စမ်းသပ်ချက်တစ်ရာကို ဖြေဆိုရမှာပါ။ ဒါ့အပြင်
သူတို့အနေနဲ့ ဒီနေရာမှာပထမဆုံးလာရောက်ပြီး
တိုက်ခိုက်ရတာလဲ ဖြစ်ပါတယ်။ ဒါ့အပြင်
ကျောင်းတော်အနေနဲ့လဲ
သူတို့လုံခြုံစိတ်ချရစေဖို့ကို
အဓိကအရေးပေးထားပါတယ်။ ဒါကြောင့်

လက်ရှိအချိန်မှာ ဆရာနှစ်ဆယ့်နီးပါးက

ကျောင်းသားတွေကို

အဆင်သင့်စောင့်ဆိုင်းနေခဲ့ကြတယ်။ ဒါ့အပြင်

ဝိညာဉ်သားရဲကောင်တွေအားလုံးကိုလဲ

သေသေချာချာ ထိန်းချုပ်လို့ထားခဲ့ပြီ

ကျောင်းသားတွေရဲ့အရည်အသွေးအလိုက်

တိုက်ခိုက်ယှဉ်ပြိုင်မှုကို စီစဉ်ထားခဲ့ပါတယ်။

ဒီတစ်ခေါက် ဖြေဆိုရမဲ့ ကျောင်းသားအရေအတွက်

အတော်ကိုများပြားပေမဲ့ လက်ရှိအချိန်

လူတိုင်းကိုတော့ သူတို့လုပ်ဆောင်ရမဲ့ကိစ္စတွေနဲ့

ပတ်သက်ပြီ ရှင်းနီးအောင်အစောကြီးကထဲက

သေချာသင်ကြားပေးပြီးသားပါ။

ကျယ်ပြန့်လွန်လှတဲ့
သားရဲကောင်တိုက်ခိုက်ရေးနယ်မြေကြီးက
အပိုင်းအဆင့်ဆင့် မခွဲခြားထားပါဘူး။
ကျောင်းသားတွေအနေနဲ့ တစ်ယောက်ချင်းဆီ
တစ်ခေါက်ကို ဖြေဆိုရမှာပါ။ ဒီလိုနည်းနဲ့
ဆရာတွေလဲ ရှင်းရှင်းလင်းလင်းမြင်ရမှာဖြစ်သလို
သူတို့တွေရဲ့အဆင့်ကိုလဲ
တိတိကျကျသတ်မှတ်နိုင်ပါလိမ့်မယ်။

သုဝေ့လွမ်လဲ ရောက်ရှိလာခဲ့ပါပြီ။ ဒီနေ့သူက
စာမေးပွဲစစ်သူတွေအားလုံးရဲ့အကြီးအကဲပါပဲ။

သူ့ဘေးမှာတော့ တခြားဆရာလေးယောက်က

ကျောင်းသားတွေကို အဆင့်သတ်မှတ်ဖို့အတွက်

ရှိနေခဲ့ပါတယ်။ အားလုံးကလဲ

အပေါ်စင်မြင့်ပေါ်မှာထိုင်ရင်း

သားရဲကောင်တိုက်ခိုက်ရေးနယ်မြေကြီးကို

ရှင်းရှင်းလင်းလင်း

မြင်နိုင်အောင်စောင့်ကြည့်နေခဲ့တယ်။

ဟို့ယွိဟောင်နဲ့ ဝမ်သုန့်တို့ကတော့

အတန်းနံပါတ်တစ်ရဲ့ ကျော်ကြားတဲ့

ခေါင်းဆောင်တွေပါ။ ဒါကြောင့် သူတို့ကလဲ

အရှေ့ဆုံးမှာ ရပ်နေခဲ့ပါတယ်။

အတန်းနံပါတ်နှစ်အတွက်မှာတော့ ထိုက်ဟွပင်းနဲ့ ရှဲ့ဟွမ်ယွဲ့တို့ရှိနေခဲ့တယ်။ ရှဲ့ဟွမ်ယွဲ့နဲ့ ထိုက်ဟွပင်းတို့ရဲ့ လေ့ကျင့်မှုမှာ ကွာခြားချက်က သိပ်မရှိပေမဲ့ ရှဲ့ဟွမ်ယွဲ့ရဲ့ ခုခံနိုင်တဲ့အစွမ်းအစက အရမ်းကို ကြီးမားပါတယ်။ ဒါကြောင့် ဟိုယွိဟောင်နဲ့ တခြားသူတွေအားလုံးကလဲ သူတို့ကို သတိထားရတာပါ။

မုကျင်းက ထိုက်ဟွပင်းဘေးမှာရပ်နေရင်း ကျိုးယိကို ရေခဲလိုအကြည့်တွေနဲ့ ကြည့်နေခဲ့ပါတယ်။ ကျိုးယိက ခပ်တိုးတိုးပြောလိုက်တယ်။

" ယွိဟောင် မင်းကို

ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော်

ကနေ အဓိကအတွင်းတပည့်သားအဖြစ်

လက်ခံလိုက်ပြီးပြီ ဒီနေရာမှာ အကောင်းဆုံးသာ

ကြိုးစားလိုက် မင်းအတွက် အရမ်းသန်မာလွန်တဲ့

ဝိညာဉ်သားရဲကောင်ကို မရွေးချယ်နဲ့ ဒါ့အပြင်

တတ်နိုင်သလောက် အနိုင်ရဖို့ကိုပဲ

အဓိကအာရုံစိုက်ရမယ်..ကိုယ့်ကိုကိုယ်လဲ

သတိထားသလို စွမ်းအားကိုလဲ

ချွင်းချန်ထားဖို့မလိုဘူး..ဒါ့အပြင် ဘယ်နေရာမှာ

ပါဝင်ယှဉ်ပြိုင်ရမလဲဆိုတာ မြင်တွေ့ပြီးပြီပဲ

ကျောင်းသားတွေကို သတ္တိရှိလာစေဖို့အတွက်

ကျောင်းတော်က အဖွဲ့နှစ်ဖွဲ့စလုံးရဲ့

ခေါင်းဆောင်တွေကို စင်မြင့်တစ်ခုထဲမှာ

အရင်ဆုံးတိုက်ခိုက်စေဖို့အတွက်

ဆုံးဖြတ်ထားတယ်....ငါတို့အတန်းကနေ

ယှဉ်ပြိုင်မှုလူတစ်ယောက်လွှတ်ပြီးရင်း

အတန်းနံပါတ်နှစ်ကလဲ သူတို့ခေါင်းဆောင်ကို

လွှတ်လိမ့်မယ်...ဝမ်သုန့် အခုတော့

မင်းအလှည့်ဖြစ်လိမ့်မယ်...မင်းက သေချာပေါက်

အောင်မြင်မှာပဲ အကယ်၍

မင်းယုံကြည်ချက်ရှိတယ်ဆိုရင်

အဆင့်အမြင့်ဆုံးဝိညာဉ်သားရဲကောင်ကို

ရွေးချယ်ဖို့ငါအကြံပြုချင်တယ်..ဒီလိုနည်းနဲ့
အချိန်အနည်းငယ်တောင့်ခံထားပြီ
မင်းရှုံးမယ်ဆိုရင်တောင် မင်းရဲ့အမှတ်က
မဆိုးနိုင်ဘူး "

" ကျွန်တော်နားလည်ပါပြီဆရာ မစိုးရိမ်ပါနဲ့ "

ဝမ်သုန့်က လက်သီးပြင်ရင်းနဲ့ ပြောလာခဲ့ပါတယ်။

" ဆရာကျိုး ခဏစောင့်ပါဦး
ကျွန်တော်အရင်ဆုံးသွားပါရစေ "

ဟို့ယွိဟောင်က ရုတ်တရက်ပြောလာခဲ့ပါတယ်။

" ဟင် ယွိဟောင် ဒီကိစ္စက

ငါတို့အတန်းရဲ့အကုန်သတင်းနဲ့

သက်ဆိုင်နေတယ်နော် "

ကျိုးယိက ပြောလာခဲ့ပါတယ်။

ဟို့ယွိဟောင်က ခေါင်းညိတ်လိုက်တယ်။

" ဆရာကျိုး ကျွန်တော်ဆရာကို
စိတ်မပျက်စေရပါဘူး "

ဟိုယွိဟောင်ရဲ့မျက်လုံးထဲက
ခိုင်မာတဲ့ဆုံးဖြတ်ချက်အကြည့်ကို မြင်ချိန်မှာ
ကျိုးယိလဲ တွေဝေလို့သွားပါတော့တယ်။ ဒါကြောင့်
အံကြိတ်ရင်း ခေါင်းညိတ်လိုက်တယ်။

" ကောင်းပြီ အရင်သွားလိုက် "

သူမ မုကျင်းထက် အများကြီးသာလွန်ချင်ပေမဲ့
သူတပည့်ရဲ့စိတ်အားထက်သန်မှုကိုတော့
လုံးဝမဖျက်ဆီးနိုင်ပါဘူး။

သုဝေ့လွှမ်ရဲ့အသံက ရုတ်တရက်ဆိုသလို
ထွက်ပေါ်လာခဲ့ပါပြီ။

" စာမေးပွဲစတင်ပြီ ပထမနှစ်အတန်းနံပါတ်တစ်
ကျောင်းသားကိုအရင်ဆုံးပို့လွှတ်ပါ အဲ့ဒီနောက်
အတန်းနံပါတ်နှစ် ကျောင်းသားကိုပို့ပါ "

ဟိုယ့ယ်ပိုဟောင်က

ရှည်လျားတဲ့သားရဲကောင်တိုက်ခိုက်ရေးနယ်မြေထဲ

ကို ဝင်ရောက်လာပါတော့တယ်။ ချက်ချင်းဆိုသလို

မဖော်ပြနိုင်လောက်အောင်

သွေးတွေဆူပွက်လာတဲ့ခံစားချက်ကို

ခံစားနေခဲ့ရပါပြီ။ သူ့အနေနဲ့ ဒီနေရာကြီးထဲက

များပြားလွန်းလှတဲ့ တိုက်ပွဲအငွေ့အသက်တွေကို

ခံစားနေခဲ့မိပါတယ်။ ဒါ့အပြင် ကျောင်းတော်ထဲက

ကျောင်းသားအားလုံးရဲ့

ပြင်းပြတဲ့တိုက်ခိုက်ရေးစိတ်ဆန္ဒတွေကိုလဲ

ခံစားနေခဲ့မိတယ်။ တကယ်တိုက်ခိုက်မှသာ

သင်ကြားခဲ့ရသမျှ အရာအားလုံးကို

ဘယ်လောက်အထိ နားလည်မှုန်း

သဘောပေါက်နိုင်မှာပါ။ ဒါကြောင့်သာ

သားရဲကောင်တိုက်ခိုက်ရေးနယ်မြေက

တည်ရှိနေတာပါပဲ။ ကျောင်းသားတွေအနေနဲ့လဲ

ဒီကျောင်းတော်ကနေ

ပြီးမြောက်အောင်မြင်သွားခဲ့ရင်း

တိုက်ခိုက်ရေးမှာသာလွန်ပြီ

နိုင်ငံတော်တိုင်းလိုချင်နေကြတဲ့

ထူးချွန်တဲ့ဝိညာဉ်ပညာရှင်တွေဖြစ်လာနိုင်တာကြော

င့်လဲ  အဲ့ဒီအကြောင်းအရင်းကြောင့်

ဖြစ်ပါလိမ့်မယ်။

ဟိုယ်ဝှိပောင်က ဆရာကို

သူ့ရဲ့စာလွှာပေးအပ်ပြီတဲ့နောက် ဆရာက

ဒိုင်တွေရဲ့ဘက်ကို ပြန်ကမ်းလိုက်ပါတော့တယ်။

ဟိုယ်ဝှိပောင်ရဲ့ဝင်ခွင့်စာလွှာက

သုဝေ့လွှမ်ရဲ့လက်ထဲကို

ချက်ချင်းရောက်ရှိလို့သွားခဲ့ပါပြီ။

သုဝေ့လွှမ်အနေနဲ့ ဟိုယ်ဝှိပောင်

မှန်မမှန်အရင်ဆုံးစူးစမ်းလေ့လာရမှာပါ။ သုဝေ့လွှမ်

သေသေချာချာ အာရုံစိုက်ရင်း

ဒီကျောင်းသားဘယ်လောက်အထိ ထူးချွန်လဲဆိုတာ

မြင်တွေ့ရဖို့ စိတ်မရှည်နိုင်ကိုဖြစ်နေခဲ့ပါပြီ။

ဒါ့အပြင်
ဝိညာဉ်လက်နက်တည်ဆောက်ရေးအသက်မွေးဝမ်း
ကြောင်းကျောင်းတော်က
ဒီလိုကျောင်းတော်သားကို သူတို့ဆီကနေ
လုယူဖို့အတွက်
အရမ်းကိုအလောကြီးနေရတာဘာကြောင့်များလဲ
သိချင်နေခဲ့မိတယ်။

ဝိညာဉ်သားရဲကောင်တွေနဲ့ တိုက်ခိုက်တာက
တခြားကျောင်းတော်သားတွေနဲ့
တိုက်ခိုက်တာနဲ့လုံးဝကို မတူညီကြပါဘူး။
ဝိညာဉ်သားရဲကောင်တွေအားလုံးက

လူသားတွေကို
အရမ်းရန်လိုတတ်တဲ့သတ္တဝါတွေပါ။
တိုက်ခိုက်တဲ့အချိန်မှာ လုံးဝကို
ညှာတာမှာမဟုတ်ပါဘူး။ ဒါကြောင့်
ကျောင်းသားအနေနဲ့ သေရေးရှင်ရေးကပ်ဆိုးကို
ရင်ဆိုင်ရပါလိမ့်မယ်။ ဟို့ယွိဟောင်က
အသက်ဆယ့်နှစ်နှစ်သာ ရှိသေးတဲ့သူပါ။
သူတကယ်ပဲ အစွမ်းကုန်တိုက်ခိုက်နိုင်မှာလား။

ဟို့ယွိဟောင် စင်မြင့်အလယ်ကိုရောက်ချိန်မှာ
ဆရာဒိုင်အဖြစ် ကြီးကြပ်နေတဲ့ဆရာနှစ်ယောက်က

ကျောင်းသားရဲ့လုံခြုံစိတ်ချရမှုကို အပြည့်အဝ စောင့်ကြည့်နေကြပါတော့တယ်။

ဘယ်ဘက်မှာရှိတဲ့ ဒိုင်ကမေးလိုက်တယ်။

" မင်းဘယ်စနစ်ကို ကျင့်ကြံထားတဲ့ကျောင်းသားလဲ "

" ထိန်းချုပ်ရေးစနစ်ပါ "

ဒိုင်ကဆက်ပြောပါတယ်။

" မင်းအနေနဲ့ ဒီစမ်းသပ်ချက်မှာ

ကြိုက်နှစ်သက်တဲ့ဝိညာဉ်သားရဲကောင်ကို

ရွေးချယ်နိုင်တယ်..ထိန်းချုပ်ရေးဝိညာဉ်ပညာရှင်

တွေအနေနဲ့ ထိန်းချုပ်ဖို့ကိုပဲ

အာရုံစိုက်ရမယ်...ဒါ့အပြင် အခွင့်အရေးကလဲ

တစ်ခုပဲရှိမယ်..မဖြုန်းတီးလေနဲ့

ဝိညာဉ်သားရဲကောင်တွေက

နှစ်တစ်ရာအပိုင်းအခြားတွေအများကြီး

ခွဲခြားထားတယ်..ဒါ့အပြင် နှစ်တစ်ရာကနေ

နှစ်တစ်ထောင်အထိ ဒီနေရာမှာရှိနေတယ် "

အတန်းနံပါတ်တစ်နဲ့ အတန်းနံပါတ်နှစ်ရဲ့
ကျောင်းသားတွေအားလုံးကတော့
ဟိုယ်ယ်ဒိပောင်တစ်ယောက်ထဲ
ဝိညာဉ်သားရဲကောင်ကို
တိုက်ခိုက်ရမဲ့ကိစ္စအကြောင်း
အာရုံစိုက်နေခဲ့ကြပါတယ်။ သူတို့ထဲမှာ
အများစုအတွက်တော့
ဝိညာဉ်သားရဲကောင်တစ်ကောင်ကို
တိုက်ခိုက်တာပထမဆုံးအကြိမ်ပါ။ ဒါကြောင့်
သူတို့တွေ စိတ်မလှုပ်ရှားဘူးလို့
ပြောနေခဲ့မယ်ဆိုလို့ကတော့
အလိမ်အညာသာဖြစ်မှာ အမှန်ပါပဲ။ ဒါ့အပြင်

အရှေ့မှာတိုက်ခိုက်တဲ့သူတွေကိုကြည့်ရင်း
အတွေ့အကြုံကောင်းကောင်းရနိုင်မယ်လို့
မျှော်လင့်ချက်ရှိနေခဲ့ကြပါတယ်။ ဒါ့အပြင်
နောက်ဆုံးအတန်းတင်စာမေးပွဲကြီးက
ဘယ်သူကျောင်းထဲမှာ ဆက်နေနိုင်မလဲဆိုတာကို
ဆုံးဖြတ်ပေးမှာပါ။

အပိုင်း ၄၈•၂ ပြီး၏။

အပိုင်း ၄၈•၃

" ကြောက်လန့်ဖွယ်ရာ အတားအဆီး "

°°°

ဟိုယွီဟောင်ရဲ့မျက်လုံးထဲမှာ
အလင်းတန်းတစ်ခုက တောက်ပလို့လာခဲ့ပြီ
သူခပ်တိုးတိုးပြောလိုက်ပါတယ်။

" နှစ်တစ်ရာသားရဲကောင်ကို
ကျွန်တော်ရွေးချယ်ပါ့မယ် "

" နှစ်တစ်ရာသားရဲကောင် မင်းသေချာရဲ့လား "

ဆရာအနေနဲ့ သူ့ရဲ့စွမ်းရည်တွေကို

ဆက်တိုက်ဆိုသလို လေ့လာနေရင်း

နားကြားမှားသွားတယ်လို့ ထင်သွားခဲ့ပါတယ်။

စင်မြင့်ပေါ်ကို

ပထမဆုံးတက်လာတဲ့ကျောင်းသားက

သေချာပေါက် သူတို့နဲ့ သက်တူရွယ်တူတွေထဲမှာ

အထူးချွန်ဆုံးဖြစ်မှာပါ။ ဒါပေမယ့်

နှစ်တစ်ရာသားရဲကောင်တစ်ကောင်ကိုပဲ

ရွေးချယ်တာက အတော်လေးကို

ထူးဆန်းနေလှပါတယ်။ အကယ်၍ သူက

ထိန်းချုပ်ရေးဝိညာဉ်ပညာရှင်ဖြစ်မယ်ဆိုရင်တောင်

ဒီလိုရွေးချယ်မှုမျိုးကို လုပ်မှာမဟုတ်ပါဘူး။

ဟုံပိုယ်ပွဲဟောင်က ခေါင်းညိတ်ရင်း

ပြောလိုက်ပါတယ်။

" ကျွန်တော် နှစ်တစ်ရာသားရဲကောင်ကို

ရွေးချယ်ပါတယ် "

သူ့အသံက အရမ်းကို

ကျယ်လောင်လွန်းလှတဲ့အတွက် အပြင်က

ကျောင်းသားတွေတောင်သူ့စကားသံကို

ကြားနိုင်နေခဲ့တယ်။

ကျိုးယိလဲ သူမျက်စိရှေ့မှာ ရှိရှိသမျှ အရာအားလုံး ဗဟာဟင်လင်ဖြစ်သွားသလို ခံစားလိုက်ရပြီ စိတ်ထဲမှာ ထအော်နေခဲ့မိတယ်။

" ဟို့ယွိဟောင် ဘာလုပ်ချင်နေတာလဲ "

တခြားတစ်ဖက်မှာတော့ မုကျင်းက ကျိုးယိရဲ့ ကံဆိုးမှုကို အရသာခံပြီကြည့်နေခဲ့ပါတယ်။ ထိုက်ဟွပင်းကတော့ လန့်သွားခဲ့ပေမဲ့

ပထမဆုံးအနေနဲ့ သူ့မျက်နှာပေါ်မှာ
စိတ်ပျက်လက်ပျက်အမူအရာက ပေါ်လာခဲ့ပါပြီ။

ဟိုယွိဟောင်ရဲ့ တင်းခံမှုအောက်မှာ
ဒိုင်ကလဲခေါင်းညိတ်လိုက်ပါတယ်။

" ဒါဆိုရင် နှစ်တစ်ရာသားရဲကောင်ကို
ငါရွေးချယ်ပေးမယ်..အဆင်သင့်ဖြစ်ပြီးလား "

" အဆင်သင့်ပါပဲ "

ဟို့ယ္လိုဟောင်က တစ်စက်လေးတောင် မတွေးဝေပဲ ပြန်ဖြေလိုက်ပါတယ်။

" စမ်းသပ်ချက်အခုစတင်မယ် "

ဒိုင်ကအဝေးနေရာကို လှမ်းပြီးအချက်ပြလိုက်ပါတယ်။ ချက်ချင်းဆိုသလို သံကြိုးကြီးတွေနဲ့ စက်ကိရိယာတွေ လှည့်ပတ်တဲ့အသံ ထွက်ပေါ်လာခဲ့ပါပြီ။ အဝေးနေရာမှာတော့ ဂိတ်တံခါးတွေက ဖြည်းဖြည်းချင်းပွင့်လာပါတော့တယ်။ အဲ့ဒီနောက်

ရှုးသွပ်နေတဲ့ တစ်စုံတစ်ရာပြေးထွက်လာတဲ့အသံနဲ့
ကြောက်စရာဟိန်းဟောက်သံကို
ကြားလိုက်ရပါတော့တယ်။ ဟို့ယွိဟောင်ကို
ရယ်မောရင်း
အလုပ်များနေကြတဲ့ကျောင်းသားတွေအားလုံး
တိတ်ဆိတ်လို့သွားခဲ့ပါပြီ။
ပထမဆုံးအကြိမ်အနေနဲ့ဒီလိုအခြေအနေမျိုးကို
သူတို့မြင်တွေ့ခဲ့ရတာပါ။ ဒါ့အပြင်
မဖော်ပြနိုင်လောက်အောင် ပြင်းထန်တဲ့ဖိအားက
သူတို့အပေါ်ကို ကျရောက်လာပါတော့တယ်။

စကြာရဲ့အတွင်းထဲကနေ

အစိမ်းရောင်အလင်းတန်းက

ပြေးထွက်လို့လာခဲ့ပါတယ်။ သူ့ရဲ့အရှိန်နှုန်းက

အရမ်းကိုမြန်ဆန်လွန်လှပြီ မီတာဒါဇင်ချီကို

စက္ကန့်ပိုင်းအတွင်း ဖြတ်ကျော်လာခဲ့ရင်း

ဟိုယွိဟောင်ကို ခုန်အုပ်ဖို့လုပ်ပါတော့တယ်။

နှစ်မီတာကျော်ရှည်လျားတဲ့ ခန္ဓာကိုယ်နဲ့

တစ်မီတာကျော်မြင့်မားတဲ့

ခန္ဓာကိုယ်တစ်ခုလုံးပေါ်မှာ

အစိမ်းရောင်အမွေးဖွာဖွာတွေက ဖုံးလွှမ်းလို့နေခဲ့ပြီ

လေနဲ့အတူလွှင့်မျောလို့နေခဲ့ပါတော့တယ်။

အညိုဖျော့ရောင်မျက်လုံးတစ်စုံကတော့

စိတ်လှုပ်ရှားမှုအပြည့်ပါပဲ။ ဒါကတော့
အလျင်အမျိုးအစား လေစိတ်ဝိညာဉ်ဝံပုလွေပါပဲ။

ဟိုယ်ဝှိပောင်ရဲ့ခန္ဓာကိုယ်ကလဲ
ရုတ်တရက်ပြောင်းလဲသွားပါတော့တယ်။
ထိတ်လန့်နေတဲ့လူတွေအကြည့်အောက်မှာ
သွေးနီရောင်ဝိညာဉ်စက်ကွင်းနှစ်ကွင်းက
သူ့ခြေထောက်အောက်မှာ ချက်ချင်းဆိုသလို
ပေါ်လာပါတော့တယ်။ ဒါ့အပြင်
ဖြူဖျော့ဖျော့ရွှေရောင်အလင်းတန်းတွေကလဲ
အဲ့ဒီအနီရောင်ဝိညာဉ်စက်ကွင်းပေါ်မှာ
တောက်ပနေခဲ့တယ်။ ဒါတွေပေါ်လာချိန်မှာ

ဟို့ယို့ပေါင်ရဲ့ မျက်လုံးတွေတောင်
အနီရောင်ပြောင်းသွားခဲ့ပါပြီ။

ရှေးရှေးခေတ်ရဲ့ကြောက်စရာအရှိန်အဝါတွေ
ရုတ်တရက်ပေါ်လာတာကို
လူတိုင်းခံစားလိုက်မိပါတော့တယ်။
သူ့ဘေးနားမှာရှိနေတဲ့ သူတွေအားလုံးလဲ
ဟို့ယို့ပေါင်ရဲ့ခန္ဓာကိုယ်ကို ဗဟိုပြုရင်း
လှည့်ပတ်နေတဲ့ သွေးနီရောင်အလင်းတန်းတွေကို
မြင်ချိန်မှာ
ရှေးရှေးခေတ်ရဲ့ကြောက်စရာနတ်ဆိုးတစ်ကောင်
မွေးဖွားလာသလိုမျိုး ခံစားလိုက်မိပါတော့တယ်။

" အားဝူး "

သနားစရာကောင်းလောက်အောင်
အော်ဟစ်နေတဲ့အသံနဲ့အတူ ခုန်ဝင်ဖို့ပြေးလာခဲ့တဲ့
ဝံပုလွေကလဲ လေထဲမှာ ရပ်တန့်လို့သွားခဲ့ပါပြီ။
အဲ့ဒီနောက် မြေပြင်ပေါ်မှာတအီးအီးမြည်သံနဲ့အတူ
သနားစရာကောင်းလောက်အောင်
ခေါင်းကိုဖွက်ရင်း လှဲလျောင်လို့နေပါတော့တယ်။
ဒါ့အပြင် အညစ်အကြေးတွေကတောင်
သူ့ရဲ့ခြေထောက်အောက်မှာ ထွက်ပေါ်နေခဲ့ပြီ

ဆီးတွေကလဲ အမြီးကိုတောင်
စုံစွိတ်သွားစေခဲ့ပါတယ်။

တစ်ချိန်ထဲမှာပဲ များပြားလွန်လှတဲ့ အော်သံတွေကို
အဝေးနေရာဂူတွေထဲကနေ ထွက်ပေါ်လာတာ
ကြားလိုက်ရပါတော့တယ်။

အနီရောင်ဝိညာဉ်စက်ကွင်းတွေက
ဘာကိုကိုယ်စားပြုတာလဲ
နှစ်တစ်သိန်းဝိညာဉ်သားရဲကောင်ရဲ့
ဝိညာဉ်စက်ကွင်းတွေပါ။ ဒါ့အပြင်

ပထမတန်းစားနှစ်တစ်သိန်းဝိညာဉ်သားရဲကောင်ရဲ့
ဝိညာဉ်စက်ကွင်းတွေကြီးပါပဲ။
နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းတွေအားလုံးက
ရှားပါးလွန်းလှတဲ့အပြင် ကျောင်းသားတွေမပြောနဲ့
ရှိနေတဲ့ဆရာတွေတောင်မှ ဒါမျိုးကို
မမြင်ဖူးခဲ့ပါဘူး။

ဒီတစ်ကြိမ်မှာ ဟိုယွိဟောင်အနေနဲ့
အနီရောင်ဝိညာဉ်စက်ကွင်းတစ်ကွင်းကို
ထုတ်ပြတာမဟုတ်ပဲ နှစ်ကွင်းကို ထုတ်ပြခဲ့တာပါ။
မျက်မြင်တွေ့ကြုံရတဲ့ အနေအထားဖြစ်ပါစေ
ကြောက်စရာအရှိန်အဝါဖြစ်ပါစေ

ဒီနေရာမှာရှိရှိသမျှ အရာအားလုံးကို တိတ်ဆိတ်ပြီ
တုန်လှုပ်သွားစေခဲ့ပါတယ်။

ဒါပေမယ့် ကြီးမားကျယ်ပြန့်လွန်လှတဲ့
သားရဲကောင်တိုက်ခိုက်ရေးနယ်မြေရဲ့အတွင်းထဲမှာ
ရှိနေခဲ့တဲ့
လျှောင်ချိုင့်ဆန်ဝိညာဉ်သားရဲကောင်တွေတင်
ဒီအရာတွေရဲ့ သက်ရောက်မှုကို
ခံစားနေရတာမဟုတ်ပဲ ကျောင်းသားတွေနဲ့
ဆရာတွေအားလုံးပါ သက်ရောက်မှုကို
ခံစားနေခဲ့ရတာပါ။ သူတို့အနေနဲ့
မယှဉ်သာနိုင်လောက်အောင်

ကြောက်စရာကောင်းလွန်လှတဲ့
အရိုင်းဆန်ဆန်သားရဲကောင်ကြီးတစ်ကောင်နဲ့
မျက်နှာချင်းဆိုင်နေရသလိုမျိုး
အကြောက်တရားတွေအပြည့်
ဖြစ်ပေါ်လာပါတော့တယ်။
ဒီလိုကြောက်စရာကောင်းလွန်တဲ့
အငွေ့အသက်တွေအောက်မှာ အားလုံးက
သိုင်းပညာဝိညာဉ်တွေနဲ့ ဝိညာဉ်စက်ကွင်းတွေကို
ချက်ချင်းထုတ်လွှတ်နေရင်းခုခံဖို့အတွက်
အသင့်ပြင်မိကြပါတော့တယ်။

သတ္တိမကောင်းကြတဲ့
အမျိုးသမီးကျောင်းတော်သားတချို့ကတော့
ကြောက်လန့်တကြားနဲ့ အော်ဟစ်နေရင်း
ပရမ်းပတာတွေ ဖြစ်နေခဲ့တဲ့အတွက်
ဆရာတွေတောင်မှ သူတို့ကို
မထိန်းနိုင်ဖြစ်နေခဲ့ပါတယ်။ ဒါ့အပြင်
စင်မြင့်အလယ်မှာရှိနေခဲ့တဲ့ ကလေးကိုကြည့်ရင်း
ဆရာတွေရဲ့မျက်နှာကတောင်
ဖြူဖျော့နေခဲ့ကြပါပြီ။

သူ့ဝေ့လွှမ်ကတော့ သူထိုင်ခုံကနေ ထရပ်ရင်းနဲ့
သူခြေထောက်အောက်ဖက်မှာလဲ

ဝိညာဉ်စက်ကွင်းရှစ်ကွင်းစလုံးကို

ထုတ်လွှတ်ထားခဲ့မိပါတယ်။

နှစ်တစ်သိန်းဝိညာဉ်သားရဲကောင်ရဲ့အရှိန်အဝါကို

ခံစားမိချိန်မှာ သူတစ်ယောက်ထဲတင်

ချွင်းချက်မဟုတ်ခဲ့ပါဘူး။ ရှိရှိသမျှ

လူတွေအားလုံးက ဝိညာဉ်စက်ကွင်းတွေကို

ထုတ်လွှတ်ထားရင်း

တိုက်ခိုက်ဖို့အသင့်ပြင်နေကြတာပါ။

" မဖြစ်နိုင်လိုက်တာ သူက

ဆယ့်နှစ်နှစ်ပဲရှိသေးတယ်လေ

ဘယ်လိုလုပ်နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းတွေ

ရှိနေရတာလဲ ဒါပေမယ့် အဲ့ဒီအရှိန်အဝါက
သေချာပေါက် နှစ်တစ်သိန်းဝိညာဉ်သားရဲကောင်ရဲ့
အရှိန်အဝါပဲ ဒါ့အပြင် ငါတွေ့ဖူးခဲ့သမျှ
သားရဲကောင်တွေထက်လဲ
သန်မာနေသေးတယ်...သူဘယ်လိုလုပ်လိုက်တာလဲ
"

အနီရောင်အလင်းတန်းက ဖြည်းဖြည်းချင်း
ပျောက်ကွယ်လို့သွားခဲ့ပါပြီ။ ပထမဆုံးအနေနဲ့
မျက်လုံးက ပုံမှန်ပြန်ဖြစ်သွားခဲ့ပြီတဲ့နောက်
ဝိညာဉ်စက်ကွင်းတွေကလဲ
ပြန်ဝင်သွားပါတော့တယ်။

ကြောက်စရာအရှိန်အဝါပျောက်ကွယ်သွားပြီတဲ့နော
က် ဘယ်တုန်းကမှ မတည်ရှိဖူးတဲ့အတိုင်း
ပြန်ငြိမ်သက်သွားပါတော့တယ်။
အရာအားလုံးကတော့ ပုံမှန်ပြန်ဖြစ်သွားခဲ့ပါပြီ။
ဟိုယွိဟောင်ရဲ့
ခန္ဓာကိုယ်အစွမ်းအစအရှိန်အဝါတွေက
အဝေးကြီးကိုတော့ မပြန့်နှံ့ခဲ့ပါဘူး။
ကြီးမားကျယ်ပြန့်တဲ့ဒီသားရဲကောင်တိုက်ခိုက်ရေးန
ယ်မြေကြီးတစ်ခုလုံးကိုသာ
သက်ရောက်မှုရှိစေခဲ့တာပါ။

ရှိရှိသမျှ ဂူတွေထဲကနေ

ဆိုးရွားတဲ့အနံ့အသက်တွေက

ထွက်ပေါ်လို့လာခဲ့ပါပြီ။ ဒါ့အပြင် အနံ့တွေကလဲ

ပိုမိုဆိုးရွားလာပါတော့တယ်။

ဟိုယွိဟောင်က မျက်လုံးအပြူးသားဖြစ်နေတဲ့

ဆရာနှစ်ယောက်ကို လှည့်ကြည့်လာခဲ့ပါတယ်။

အဲ့ဒီနောက် တလေးတစားနဲ့ဦးညွှတ်ရင်း

မေးလိုက်တယ်။

" ဆရာတို့ကျွန်တော်စမ်းသပ်ချက်ပြီးပါပြီ "

ဒီစမ်းသပ်ချက်က အဆုံးသတ်လို့သွားခဲ့ပါပြီ။
နှစ်တစ်ရာဝိညာဉ်သားရဲကောင်ဖြစ်နေတဲ့
လေစိတ်ဝိညာဉ်ဝံပုလွေကလဲ
ကြောက်စရာကောင်းလွန်လှတဲ့
နှစ်တစ်သိန်းဝိညာဉ်သားရဲကောင်နဲ့
တိုက်ရိုက်ရင်ဆိုင်တိုက်ခိုက်ရမလို
ဖြစ်သွားခဲ့တာပါ။ ဒါကြောင့် သူကြောက်လွန်လို့
အသံမထွက်ရုံတမယ်ဖြစ်နေခဲ့ပါတယ်။ ဒါ့အပြင်
တစ်ကိုယ်လုံးကလဲ စိုရွှဲနေခဲ့ပြီ မြေပြင်ပေါ်မှာ
လှဲလျောင်ရင်း ပါးစပ်ကနေအမြုပ်တစီးစီးတောင်
ထွက်နေခဲ့တယ်။ သူ့မှာပြန်တိုက်ခိုက်ဖို့

ဘယ်လိုအစွမ်းအစကျန်ရှိနေဦးမှာလဲ။
အသက်မထွက်ဖို့တောင် ရုန်းကန်နေခဲ့ရတာပါ။

ဒိုင်တွေကလဲ ဘာပြောရမယ်မှန်းမသိ
ဖြစ်နေခဲ့တယ်။ နောက်ဆုံးစမ်းသပ်ချက်ပွဲတွေမှာ
သူဒိုင်လုပ်ရတာ အကြိမ်ကြိမ်ရှိနေခဲ့ပါပြီ။ ဒါ့အပြင်
သူမြင်ခဲ့ရတဲ့အစွမ်းအစတွေဆိုတာ
မိုးနတ်မင်းကြီးသာ သိနိုင်လောက်တဲ့အထိကို
များပြားလွန်လှပါတယ်။ ဒါပေမယ့်
အခုအခြေအနေမျိုးကို တွေ့ရတာ
သူကိုယ်တိုင်အတွက်တောင် ပထမဆုံးအကြိမ်ပါပဲ။

ကျောင်းတော်က မိတ္တာတွေကို မွေးထုတ်တဲ့နေရာမှာ
အတော်ကို ကျော်ကြားပေမဲ့ ဒီလောက်ကြီးအထိ
မိတ္တာဆန်နေတာက မဖြစ်သင့်ဘူးမလား။
ဒုတိယနှစ်ကျောင်းတော်သားတစ်ယောက်က
နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းတွေရှိနေတယ်။
ဒါ့အပြင် ဝိညာဉ်စက်ကွင်းတွေက နှစ်ခုကြီးတောင်။

အစောပိုင်းတုန်းက ထိတ်လန့်မှုတွေ
ပျောက်ကွယ်လို့မသွားပေမဲ့
လူတိုင်းရဲ့အတွေးကတော့ တစ်ခုထဲပါပဲ။

" ဘာတွေဖြစ်ကုန်တာလဲ "

ကျိုးယိနဲ့ ဝမ်သုန့်ကသာ ချွင်းချက်ဖြစ်နေခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ မနေ့ညတုန်းက သူတို့လန့်ပြီခဲ့လို့ပါ။ ဒါ့အပြင် မနေ့ညက ထိတ်လန့်မှုထက်တောင် ဒီတစ်ခေါက်ရိုက်ခတ်မှုကပိုပြီးကြီးမားနေခဲ့ပါသေးတယ်။

ကျိုးယိအနေနဲ့ ဟိုယွိပောင်ရဲ့ တုပနိုင်တဲ့စွမ်းရည်က အံ့သြစရာကောင်းမယ်လို့

ပြောတာကို ကြားဖူးခဲ့ပေမဲ့ သူမအနေနဲ့
ဒီလောက်ကြောက်စရာကောင်းတဲ့
ရလဒ်မျိုးရလာခဲ့မယ်လို့ မထင်ထားခဲ့မိပါဘူး။
ဒါ့အပြင် သူ့ခင်ပွန်းပြောတာကိုတောင်
သူမယုံနိုင်ဖြစ်နေခဲ့ပါသေးတယ်။ လက်ရှိအချိန်
တိုက်ပွဲမှာသူ့ရဲ့အမှောဝိညာဉ်ကိုတောင်
ထုတ်မသုံးရသေးပါဘူး။

အမှန်ပါပဲ ဟို့ယွိဟောင်ရဲ့ပြိုင်ဘက်က
သာမန်ကျင့်ကြံထားတဲ့နှစ်တစ်ရာဝိညာဉ်သားရဲ
ကောင်သာ ဖြစ်ပေမဲ့ သူက အစကနေအဆုံးအထိ
တစ်ချက်လေးတောင် မလှုပ်ရှားလိုက်ပဲ တိုက်ပွဲကို

သိုင်းပညာဝိညာဉ်ထုတ်လွှတ်ရုံနဲ့တင်
ပြီးသွားခဲ့တာပါ။ ဒီရလဒ်ကို ဆိုးရွားတယ်လို့
ဆိုဖြတ်နိုင်မလား ဒါက သေချာပေါက်
အထွဋ်အထိပ်ရောက်နေတဲ့ ထိန်းချုပ်မှုပါပဲ။
လက်ရှိအချိန်မှာတော့ ကျိုးယိအနေနဲ့ ဘာကြောင့်
နှစ်တစ်ရာဝိညာဉ်သားရဲကောင်ကို
ရွေးချယ်လိုက်လဲဆိုတာ နားလည်လို့သွားခဲ့ပါပြီ။
သူ့အနေနဲ့ အပြည့်အဝယုံကြည်ချက် ရှိချင်လို့ပါ။
သားရဲကောင်က သန်မာမယ်ဆိုရင်တောင်
နှစ်တစ်သိန်းဝိညာဉ်သားရဲကောင်ရဲ့
ဝိညာဉ်စက်ကွင်းတွေအရှိန်အဝါအောက်မှာ
တိုက်ခိုက်တာကို လက်လျှော့သွားမှာလား။

လက်လျှော့မယ်ဆိုရင်တောင်
နှစ်တစ်ရာဝိညာဉ်သားရဲကောင်လောက်
တုန့်ပြန်မှုမကြီးမားနိုင်ပါဘူး။

ဟိုယွိဟောင်ရဲ့ ထုတ်ဖော်ပြသမှုကနေ ရရှိလာတဲ့
စိတ်ဓာတ်ပိုင်ဆိုင်ရာထိခိုက်မှုရော
ရုပ်သွင်ဆိုင်ရာထိခိုက်မှုမျိုးက ကြီးမားလှပါတယ်။
ရလဒ်အနေနဲ့
အတန်းတွေအားလုံးထိတ်လန့်သွားရုံတင်မက
ဆရာတွေပါ ထိတ်လန့်သွားရတယ်။
ဒီတစ်ကြိမ်မှာတော့ ရှိရှိသမျှ လူတွေအားလုံးက
တိတ်ဆိတ်နေခဲ့ကြရင်း သူ့အတန်းသူပြန်သွားတဲ့

ဟို့ယို့ပိဟောင်ကိုကြည့်ပြီ ကြောင်ကြောင်အအ
ဖြစ်နေခဲ့ပါတယ်။

ကျိုးစီချန်ကလဲ ပါးစပ်အပြည့်
တံတွေးတွေကိုမြိုချရင်း ပြောလာခဲ့တယ်။

" ဆရာကြီးဟို့ရေ မင်းက
နှစ်တစ်သိန်းဝိညာဉ်သားရဲကောင်ပြန်ဝင်စားပြီ
လူဖြစ်လာတာတော့ မဟုတ်ဘူးမလား
ကြောက်စရာကောင်းလိုက်တာ

ငါ့ဘောင်းဘီတွေတောင် စိုကုန်တော့မလို နည်းနည်းပဲလိုတယ် "

ချိုကျက်ကျင်းရွှမ်ကလဲ သံယောင်လိုက်ပြီး ပြောပါတော့တယ်။

" ငါတောင်မှ ဒူးတွေချောင်ပြီး လဲ့ကျတော့မလို့ "

တခဏတာ တအံ့တသြဖြစ်နေပြီးတဲ့နောက် အလယ်မှာရှိနေခဲ့တဲ့ဒိုင်က ညွှန်ကြားရေးမှူးသုဝေ့လွှမ်ကို

လှမ်းကြည့်လိုက်ပါတယ်။
သူတို့ရဲ့အကြည့်တွေကတော့
ထင်ထင်ရှားရှားစကားတစ်ခွန်းကို
ပြောဆိုနေခဲ့တယ်။

" ငါတို့အခုဘာလုပ်ကြတော့မလဲ "

အမှန်တကယ်ပါပဲ သူတို့ဘာလုပ်သင့်လဲ
လက်ရှိအခြေအနေက သာမန်အနေအထားထက်ကို
အများကြီး ပိုပြီးကျော်လွန်နေခဲ့ပါပြီ။
ပြောရမယ်ဆိုရင်

သူတို့ဘယ်လိုဆက်သွားရတော့မလဲ
ဘယ်လိုပဲမယုံနိုင်ပါစေ
ကျောင်းသားအသစ်တစ်ယောက်အနေနဲ့
နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းနှစ်ကွင်းကို ရှိနေခဲ့ပြီ
နှစ်တစ်ရာဝိညာဉ်သားရဲကောင်ကို
သေမတတ်ကြောက်လန့်သွားစေခဲ့ပါတယ်။
ဟို့ယွိဟောင်က စာမေးပွဲအောင်သွားခဲ့ပါပြီ။
ဒါပေမယ့် သူ့ရဲ့အမှတ်ကို
ဘယ်လိုဆုံးဖြတ်ရတော့မလဲ။

ဒီတစ်ကြိမ်မှာပဲ ရှတ်တရက်ဆိုသလို
ကြီးမားလွန်လှတဲ့ လှုပ်ခတ်မှုတစ်ခုက

ဖြစ်ပေါ်လာပါတော့တယ်။ သူတို့ရဲ့
အရှေ့မှာမျက်နှာတစ်ခုလုံး
ခရမ်းချဉ်သီးလိုနီရဲနေတဲ့ အဘိုးကြီးတစ်ယောက်က
ပေါ်လာခဲ့ပါပြီ။ အရပ်ရှည်ရှည်ပိန်ပိန်သွယ်သွယ်နဲ့
အဲ့ဒီအဘိုးကြီးရဲ့တစ်ကိုယ်လုံးမှာ လူတိုင်းကို
အာရုံစိုက်စေတာတော့ အနီရောင်ဆံပင်တွေပါပဲ။
သူ့အရှေ့ကိုပြေးလာနေရင်းနဲ့
အော်ဟစ်ဟိန်းဟောက်လိုက်ပါတယ်။

" ဘာတွေဖြစ်ကုန်တာလဲ ဘယ်ကောင်လုပ်တာလဲ
နှစ်တစ်သောင်းအောက်မှာရှိတဲ့
ဝိညာဉ်သားရဲကောင်တွေအားလုံးက

ကြောက်လွန်လို့ဒူးတွေမခိုင်းတော့ပဲ
ဖြစ်ကုန်ကြပါပြီ ဒါ့အပြင် အားလုံးကလဲ
အရမ်းအားနည်းနေလို့
သတိလစ်မတတ်ဖြစ်နေတယ်...သုဝေ့လွမ်
မင်းလုပ်လိုက်တာလား "

သုဝေ့လွမ်ကတော့ သူ့ဘာသာသူ အားတင်းရင်း
ပြုံးပြလိုက်ပါတယ်။

" ဆရာကြီးကုန် ကျွန်တော်လုပ်တာ မဟုတ်ရပါဘူး
"

သူပြောရင်းနဲ့ စင်မြင့်ပေါ်ကနေ
ခုန်ဆင်းလာခဲ့ပါတယ်။ အဲ့ဒီနောက် အဘိုးကြီးရဲ့
အနားကိုရောက်ရှိလာရင်း ဖြစ်သမျှအအားလုံးကို
ခပ်တိုးတိုးရှင်းပြတော့တယ်။

အနီရောင်ဆံပင်နဲ့ အဘိုးကြီးကတော့
ကုန်ချုန်းလုံလို့ နာမည်ရပါတယ်။ ဒါ့အပြင် သူက
ဒီနယ်မြေကို ထိန်းချုပ်ရတဲ့သူပါပဲ။
ကျောင်းတော်ထဲမှာအတော်ကို
မြင့်မားတဲ့ရာထူးပိုင်ဆိုင်ထားရုံတင်မက
ဝိညာဉ်သားရဲကောင်တွေကို လေ့လာတဲ့နေရာမှာလဲ

အတော်လေးကို

မြင့်မားတဲ့အသိပညာရှင်ဖြစ်နေခဲ့ပါတယ်။

သုဝေ့လွှမ်အနေနဲ့တောင် ဒီလိုလူမျိုးကို

တလေးတစားနဲ့ ပြောရတယ်။

" ဒီလိုကိစ္စမျိုးဖြစ်တယ်လား မဖြစ်နိုင်လိုက်တာ

လုံးဝမဖြစ်နိုင်လိုက်တာ

သူ့မှာဘယ်လိုမူလပါရမီမျိုး ရှိနေလို့လဲ

ဘယ်လိုကောင်းကင်ရတနာမျိုးကို မှီခိုလို့လဲ

မဖြစ်နိုင်လိုက်တာ

အသက်ဆယ့်နှစ်နှစ်ကလေးတစ်ယောက်က

နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းတွေကို

တုပနိုင်တယ်တဲ့ မင်းပြောတာ ဘယ်ကလေးလဲ
သူ့ကို ခေါ်လာခဲ့စမ်း ငါသေချာကြည့်မယ် "

ကုန်ချန်းလုံက အတက်လေးကို
ဒေါသကြီးတဲ့လူတစ်ယောက်ပါ။ ဒါပေမယ့်
ချက်ချင်းဆိုသလို စိတ်မထိန်းနိုင်ပဲ
သူအော်ဟစ်ပါတော့တယ်။

ရှက်ရွံ့နေတဲ့ သုဝေ့လွမ်က ပြောလာခဲ့တယ်။

" ဆရာကြီးရေ
ကျွန်တော်တို့အခုစာမေးပွဲရဲ့အလယ်မှာရောက်နေခဲ့တာပါ စာမေးပွဲပြီးတဲ့အထိ
စောင့်ဖို့စိတ်ကူးလေးများ မရှိဘူးလား "

ကုန်ချန်းလုံကတော့ သူ့ကိုဒေါသတကြီးနဲ့
ပြန်ပြောပါတော့တယ်။

" မင်းဘိုးဘေးကြီးကိုပဲ သွားစောင့်ခိုင်းလိုက်
မင်းငါပြောတာနားထောင်ပြီ နားရောပါရဲ့လား
နှစ်တစ်သောင်းဝိညာဉ်သားရဲကောင်

မဖြစ်သေးတဲ့ဝိညာဉ်သားရဲကောင်တွေအားလုံးက

ကြောက်လွန်လို့သေမတတ်ဖြစ်နေခဲ့ပြီ ဒါ့အပြင်

နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်တွေ အားလုံးနဲ့

အတူတူပဲ သူတို့တောင်

သတိလစ်တော့မတတ်ဖြစ်နေတာ

မင်းဘယ်လိုအစီအစဉ်နဲ့ စမ်းသပ်ချက်ကို

ဆက်လုပ်ဖို့တွေးနေတာလဲ

ဒီကောင်တွေလန့်တာပျောက်ဖို့

နှစ်ရက်သုံးရက်လောက်တော့

အချိန်ယူရဦးမယ်..ဒါ့အပြင် အခုလက်ရှိအချိန်

ပုံအောနေတဲ့သူတို့ရဲ့အညစ်အကြေးတွေကို

ရှင်းလင်းပြစ်ဖို့ငါ့လူတွေ

ဘယ်လောက်တောင်အချိန်ယူရမလဲဆိုတာ

တွေးတောင်မတွေးတတ်သေးဘူး ..ဒီကောင်စုတ်

တွေ

နေရာတကာမှာအညစ်အကြေးမစွန့်ဖို့ငါဘယ်လော

က်အထိ ခက်ခက်ခဲခဲလေ့ကျင့်ထားရလဲသိလား

အခုတော့ ရှိရှိသမျှ

ကြိုးစားအားထုတ်မှုတွေအားလုံး

အလဟာသဖြစ်သွားပြီ "

သူငေ့လွမ်အနေနဲ့

ကိစ္စတွေဒီလောက်ဆိုးရွားသွားမယ်လို့

မထင်ထားခဲ့မိတာအမှန်ပါ။ လက်ရှိအချိန်မှာ သူလဲ

နောက်ဆုံးစာမေးပွဲကို
ဆက်ပြီးလုပ်လို့မဖြစ်တော့ပါဘူး။
ဒီလိုအရေးမကြီးဘူးလို့ထင်ရတဲ့ကိစ္စက
ကျောင်းသားတွေအားလုံးရဲ့ သင်ကြားမှုကိုလဲ
ရိုက်ခတ်မှုဖြစ်သွားခဲ့ပါပြီ။

" ကောင်းပါပြီဆရာကြီးကုန် ကျွန်တော်အားလုံးကို
ရှင်းပြလိုက်ပါဦး ခဏလောက်စောင့်ပါ "

သုဝေ့လွမ်က လှည့်ထွက်သွားရင်း
အတန်းတွေရဲ့ကျောင်းသားတွေဆီ

ရောက်ရှိလို့သွားပါတော့တယ်။ တခဏတာ

ရပ်တန့်လိုက်ပြီတဲ့နောက် သူပြောလိုက်တယ်။

"

အခြေအနေအကြောင်းအရင်းတွေအမျိုးမျိုးကြော

င့် ငါတို့ရဲ့ ဒီနေ့နောက်ဆုံးစာမေးပွဲစမ်းသပ်ချက်ကို

ခေတ္တရပ်ဆိုင်းထားပါ့မယ်..ဆရာတွေအားလုံးကျော

င်းသားတွေကို အတန်းတွေဆီပြန်ခေါ်သွားပြီ

စာသင်ကြားပါ "

ကျိုးယိက ခပ်မြန်မြန် မေးလာခဲ့ပါတယ်။

" ညွှန်ကြားရေးမှူးသု
ဟို့ယွိဟောင်ရဲ့စမ်းသပ်ချက်ကရော ဘယ်လိုလဲ "

သုဝေ့လွှမ်က မျက်မှောင်ကြုတ်ရင်း
ပြောလာခဲ့ပါတယ်။

" သူအောင်သွားပြီလို့ပဲ ပြောရမှာပေါ့ ဟို့ယွိဟောင်
ငါနဲ့လိုက်ခဲ့ "

သူပြောပြီတာနဲ့ ဆရာကြီးကုန်ဖက်ကို လှည့်သွားပါတော့တယ်။

ဒါပေမယ့် ဟိုယွိဟောင်က သူ့နောက်ကို ချက်ချင်းလိုက်မလာခဲ့ပါဘူး။ အဲ့ဒီအစား အတန်းနံပါတ်နှစ်ဘက်ကိုလှည့်ရင်း ထိုက်ဟွပင်းကိုကြည့်ကာ သူပြောလာလိုက်ပါတော့တယ်။

" ငါ့ကိုအပြင်မှာစောင့်နေ အကယ်၍ ငါသာ မမှားဘူးဆိုရင် ငါတို့ရဲ့ လောင်းကြေးအရ

အမှတ်မြင့်တဲ့သူက နိုင်တဲ့သူပဲ မင်းရှုံးသွားပြီ

မင်းငါ့ကို ဦးချကန်တော့ပြီ

မင်းမှားတယ်လို့ပြောတာ ငါစောင့်နေမယ် "

အပိုင်း ၄၈•၃ ပြီး၏။

အပိုင်း ၄၉•၁

" ရေခဲကေရီရဲ့လက်သည်းတွေ "

ooo

ဒီလိုစကားတွေက ထိုက်ဟွပင်းကို တူတစ်ချောင်းနဲ့

ထုနေသလိုပါပဲ။

မျက်လုံးအပြူးသားဖြစ်သွားစေခဲ့ပါတယ်။ သူ့ရဲ့အေးစက်နေတဲ့မျက်နှာထားက ပိုလို့တောင် ဖြူဖျော့လာခဲ့ပါပြီ။ ဒါ့အပြင် သွေးစုပ်ဖြူရောသွားပါတော့တယ်။

" မင်းငါ့ကို ဝပ်တွားဦးချပြီ မင်းမှားတယ်လို့ ဝန်ခံမဲ့အချိန်စောင့်နေမယ် "

ဒီစကားတွေက ထိုက်ဟွပင်းကို ဆက်တိုက်ဆိုသလို ထုရိုက်နေသလိုမျိုး အသိစိတ်ကိုတောင် လွှတ်သွားမတတ်ဖြစ်လာစေခဲ့ပါတယ်။

လက်ရှိအချိန်မှာ သူတို့အနေနဲ့

ဒီအအောက်အအုံကြီးထဲ ဝင်မလာခင်တုန်းက

ဟိုယ့်ဝှိပေဟာင်အနေနဲ့ သူတို့ရဲ့လောင်းကြေးကို

အတိအကျအသေအချာကြီးပြောနေတဲ့အကြောင်း

ပြန်တွေးနေခဲ့မိပါတယ်။ ဒါပေမယ့်

အိပ်မက်ထဲမှာတောင် ဟိုယ့်ဝှိပေဟာင်

ဒီလိုမျိုးကြောက်စရာကောင်းတဲ့နည်းလမ်းနဲ့

စာမေးပွဲအောင်သွားမယ်လို့ မတွေးထားခဲ့မိပါဘူး။

အကယ်၍ ဒါသာ မလုံလောက်သေးဘူးဆိုရင်

ဟိုယ့်ဝှိပေဟာင်အနေနဲ့ သူ့ရဲ့

နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းတွေကို
နောက်တစ်ခေါက်တောင် ထုတ်သုံးတော့မှာပါ။

သူဘယ်လောက်ပဲ ငြင်းပယ်ဖို့ကြိုးစားပါစေ
အမှန်တရားက သူ့ရှေ့မှာရောက်နေခဲ့ပါပြီ။
ဒါ့အပြင် ရာချီတဲ့ကျောင်းသားတွေနဲ့
ဆရာတွေကလဲ သူတို့အတွက်
မျက်မြင်သက်သေဖြစ်နေရုံတင်မက
ဆရာဝမ်ယန်ကပါ သူတို့အတွက်
အသိသက်သေအဖြစ် လုပ်ဆောင်ပေးဖို့
လုပ်ထားတဲ့အတွက် ဒါကို သူဘယ်လိုမှ
ငြင်းပယ်လို့မရပဲဖြစ်နေခဲ့ပါတယ်။

ထိုက်ဟွပင်းအနေနဲ့ လေပူတွေ

ရင်ဘတ်ထဲလိမ့်လာတာကို ခံစားမိလိုက်ပါပြီ။

အဲ့ဒီနောက်

သူ့ရဲ့လည်ချောင်းတစ်ခုလုံးချိုမြိန်သွားတာကို

ခံစားလိုက်ရပြီတဲ့နောက် ဗွက်ဆိုတဲ့အသံနဲ့အတူ

ပါးစပ်အပြည့်သွေးတွေကို

အန်ထုတ်မိလိုက်ပါတော့တယ်။ သူက အရမ်းကို

ယှဉ်ပြိုင်လိုစိတ်ကြီးမားတဲ့သူပါ။ ပိုပြီး

ယှဉ်ပြိုင်လိုစိတ်ကြီးမားလေလေ

အရှုံးနဲ့အရှက်ခွဲခံရမှုကို

လက်ခံဖို့မလွယ်ကူလေပါပဲ။

ကျူးလုလဲ အထိတ်တလန့်အော်ဟစ်ရင်း သူ့ကို
လာတွဲထူးဖို့ကြိုးစားပေမဲ့ ထိုက်ဟွပင်းက
သူ့ကိုပြန်ပြီ တွန်းထုတ်လိုက်ပါတယ်။
မျက်လုံးထဲမှာလဲ အနီရောင်သွေးစသွေးနတွေ
ပေါ်လာခဲ့ပြီ သုငေ့လွမ်ရဲ့ထွက်သွားတဲ့
ဟို့ယွိပေါင်ကို သူစိုက်ကြည့်လို့နေခဲ့တယ်။
ရုတ်တရက်ဆိုသလို
သူဒူးထောက်ရင်းထအော်ပလိုက်ပါတယ်။

" ငါမှားသွားပါတယ် "

သူပြောရင်းနဲ့ ခေါင်းကိုအသုံးပြုပြီး မြေပြင်ကို
ပြင်းပြင်းထန်ထန် ရိုက်ချပြစ်လိုက်တယ်။
အဲ့ဒီနောက် သူမတ်တပ်ထရပ်ရင်း
ထွက်ပြေးသွားခဲ့ပါပြီ။

ဟိုယွိဟောင်အနေနဲ့လဲ
ထိုက်ဟွပင်းအသံကိုကြားကထဲက ရပ်တန့်ပြီ
လှည့်ကြည့်နေခဲ့တာပါ။ သူ့ရဲ့အကြည့်က
တွေဝေနေခဲ့ပြီ နှာခေါင်းတစ်ခုလုံးကလဲ
မွန်းလာပါတော့တယ်။

"အမေကြားရဲ့လား ထိုက်ဟွပင်းက သူ့မှားခဲ့တယ်ဆိုတဲ့အကြောင်း ဝန်ခံလိုက်ပြီ ဒါ့အပြင် သူ့ကအဲ့ဒီလူနဲ့ အဲ့ဒီမိန်းမရဲ့သား ဒါတွေအားလုံးက အစပဲရှိသေးတယ်။ အမေ ဆယ့်တစ်နှစ်တာလုံးလုံး ဒုက္ခခံခဲ့ရတာတွေအားလုံးအတွက် ပြန်ပြီပေးဆပ်စေရမယ်။

ဟို့ယွိဟောင်က နောက်တစ်ကြိမ် ထိုက်ဟွပင်းကို လှည့်မကြည့်ခဲ့ပါဘူး။ တခဏတာ ရပ်တန့်နေပြီတဲ့နောက် သုဝေ့လွမ်နဲ့အတူတူ

ဆက်သွားရင်း ကုန်ချန်းလုံကို
သွားတွေ့ပါတော့တယ်။

ထိုက်ဟွပင်းက ထွက်ပြေးသွားတဲ့အချိန် ကျူးလုနဲ့
ချွေ့ရာကျီးနှစ်ယောက်ကလဲ
သူနောက်ကိုလိုက်လာခဲ့ပါတယ်။
ဟို့ယွိဟောင်ရဲ့ပစ်မှတ်က
ထိုက်ဟွပင်းတစ်ယောက်ထဲပါ။ ဒါကြောင့်ဝမ်သုန့်နဲ့
ရှောင်းရှောင်းတို့ကလဲ
အဲ့ဒီကောင်မလေးနှစ်ယောက်ကိုသွားပြီ
ဒုက္ခမပေးတော့ပါဘူး။ ဒီတစ်ကြိမ်မှာ သူတို့အနေနဲ့

လူတွေအားလုံးကို ကြောက်လန့်စေဖို့
လုံလောက်ခဲ့ပါပြီ။

သူ့ငွေလွှမ်းက ကုန်ချမ်းလုံဆီကို လျှောက်လာရင်း
ဟို့ယွိဟောင်ကို ပြလိုက်ပါတယ်။

" ဆရာကြီးကုန် ဆရာကြီးရှာနေတဲ့လူကို
ကျွန်တော်ခေါ်လာပါပြီ ကြည့်လိုက်ပါဦး "

ပြောမပြီးခင်အချိန်မှာ ကုန်ချမ်းလုံက
နှာခေါင်းရှုံ့လိုက်ပါတော့တယ်။ ရုတ်တရက်ဆိုသလို

သူ့ရဲ့ခန္ဓာကိုယ်က လှုပ်ရှားလို့သွားခဲ့ပြီ

ဟိုယ္ဒိဟောင်ရဲ့ခေါင်းဆီကို လက်ဝါးနဲ့ရိုက်ချဖို့

လုပ်ပါတော့တယ်။ အလိုအလောက်

ဟိုယ္ဒိဟောင်ရဲ့ခန္ဓာကိုယ်က တုန့်ပြန်လို့သွားခဲ့ရင်း

အနောက်ကိုဆုတ်သွားခဲ့ပြီ သရဲအရိပ်ခြေရာကို

အသုံးပြုရင်း ဆက်တိုက်ရှောင်ရှားလိုက်ပါတယ်။

ဒါပေမယ့် ကြီးမားတဲ့ စွဲငင်အားတစ်ခုက

ကုန်ချန်းလုံရဲ့လက်ဝါးကနေ ထွက်ပေါ်နေခဲ့ပြီ

သူ့ရဲ့လှုပ်ရှားမှုတွေကို ရပ်တန့်သွားစေခဲ့တယ်။

ဒါပေမယ့် သူ့ရဲ့ခြေလှမ်းတွေကလဲ ပိုပြီး

ပရမ်းပတာဖြစ်လာပါတော့တယ်။ ဒါ့အပြင်

အပူလှိုင်းတွေက ဒီစွဲငင်မှုကနေ

ထွက်ပေါ်နေခဲ့တာကြောင့်
ဟို့ယွိဟောင်ရဲ့ခန္ဓာကိုယ်ဘေးပတ်လည်မှာ
ရေလှိုင်းတွေလိုမျိုး လှိုင်းတွေလဲ ပေါ်လာခဲ့ပါပြီ။

သူဝေ့လွှမ်ကတော့ ကုန်ချန်းလုံအနေနဲ့
ဟို့ယွိဟောင်ကို
စမ်းသပ်ချင်နေမှန်းသိနေတဲ့အတွက်
မတားဆီးခဲ့ပါဘူး။ အမှန်တကယ်မှာတော့
သူကိုယ်တိုင်လဲ သူရှေ့မှာဖြစ်ခဲ့တဲ့အခြေအနေနဲ့
ဟို့ယွိဟောင်ရဲ့စွမ်းရည်တွေကို
အတည်ပြုချင်နေတာပါ။ ရုတ်တရက်
ဟို့ယွိဟောင်ရဲ့မျက်လုံးထဲမှာ

ဖြူဖွေးတဲ့အလင်းတန်းတွေက ထွက်ပေါ်လို့နေခဲ့ပြီ

ခြေထောက်ကို မြေပြင်မှာအားပြုလိုက်ရင်း

ရပ်တန့်လို့သွားပါတော့တယ်။ ဒါ့အပြင်

ခြေထောက်အောက်ကနေ

ဖြူစင်ဝင်းပတဲ့ဝိညာဉ်စက်ကွင်းက

ရုတ်တရက်ပေါ်လာခဲ့တော့တယ်။ ကုန်ချန်းလုံရဲ့

တိုက်ခိုက်မှုကို သူမရှောင်ရှားနိုင်တော့မှ ပြန်ပြီ

တိုက်ခိုက်ရုံပါပဲ။ မိုးကောင်းကင်ကြီးကို

မထားလိုက်တဲ့အတိုင်း သူ့ရဲ့လက်ဝါးတွေကို

အသုံးပြုရင်း ကုန်ချန်းလုံရဲ့

လက်ဝါးကိုပြန်ပြီခုခံပါတော့တယ်။

လက်ရှိအချိန် နေ့လည်နွေခေါင်ခေါင်မှာရှိနေခဲ့ပေမဲ့
ဟိုယွိပေါင်အနေနဲ့ သူ့လက်ကိုမြောက်ရင်း
ကုန်ချန်းလုံကို
ပြန်တိုက်ခိုက်ဖို့ပြင်လိုက်တဲ့အချိန်မှာ
ရှိရှိသမျှဆရာတွေအားလုံးအနေနဲ့
သူ့ရဲ့လက်ဝါးတွေက
ညကောင်းကင်ရဲ့ကြယ်တာရာတွေလိုတောက်ပနေ
ခဲ့ပြီ စိန်နဲ့ပြုလုပ်ထားတဲ့
လက်အိတ်တွေစွတ်ထားတဲ့အတိုင်းပြောင်းလဲသွား
တာကို မြင်လိုက်ရပါတော့တယ်။ တစ်ချိန်ထဲမှာပဲ
အားလုံးလဲ ပြင်းထန်လွန်လှတဲ့ အအေးဓာတ်ကို
ခံစားလိုက်မိတော့တယ်။ ဒီအအေးဓာတ်ရဲ့

ရောက်ရှိလာခဲ့မှုက အရမ်းကို အားကောင်းပြီး
ကြောက်စရာကောင်းလွန်းရုံတင်မကပဲ
အရိုးထဲအထိကို နာကျင်စေတာပါ။
ဒီလိုပြင်းထန်တဲ့ အအေးဓာတ်က သူငှေ့လွှမ်လိုမျိုး
ကျင့်ကြံဆင့်မြင့်မားလွန်တဲ့သူကိုတောင်
ချက်ချင်းတုန်ရီသွားစေခဲ့ပါတယ်။ လက်ဝါးသုံးခု
ထိတွေ့သွားချိန်မှာ
ကုန်ချန်းလုံရဲ့ညာဘက်လက်ဝါးက
မီးလိုပူပြင်းနေခဲ့ပြီ မီးသွေးခဲကြီးတစ်ခုလိုမျိုး
တောက်ပနေခဲ့ပါတယ်။ အဲ့ဒီနောက်
ချီချီဆိုတဲ့အသံနဲ့အတူ ဟို့ယွိပေါင်ရဲ့လက်ဝါးနဲ့
ထိမိတော့တယ်။ အဖြူရောင်မြူခိုလှိုင်းတွေက

သူတို့နှစ်ယောက်
လက်ဝါးတွေထိတွေ့တဲ့အလယ်ဗဟိုမှာ
ထွက်ပေါ်လို့လာခဲ့ပြီ ခန္ဓာကိုယ်နှစ်ခုစလုံးကိုလဲ
မြူထဲ ရောက်သွားစေခဲ့ပါတော့တယ်။

ဟိုယွိဟောင် ပြန်လည်တိုက်ခိုက်လိုက်တဲ့
တိုက်ခိုက်မှုက
သူ့ကိုလဲနောက်ထပ်ခြေသုံးလှမ်းလောက်
နောက်ဆုတ်သွားခဲ့ပြီမြေပြင်ပေါ်ကိုလဲ
ဖင်ထိုင်လျက်သားကျသွားစေခဲ့တယ်။
ဖင်ထိုင်လျက်သား ကျသွားစေခဲ့ပေမဲ့

သူကိုယ်တိုင်လဲ လန့်သွားဆဲပါ။
ဘာကြောင့်လဲဆိုတော့ ဘာဒဏ်ရာမှမရလို့ပါပဲ။

ကုန်ချန်းလုံရဲ့အထိတ်တလန့်မျက်နှာကြီးကတော့
မြူခိုတွေပျောက်ကွယ်သွားချိန်မှာ
ရှင်းရှင်းလင်းလင်းပေါ်လာပါတော့တယ်။

" တော်လိုက်တဲ့ကလေးပါလား "

သူဆက်ပြောပါတယ်။

" မင်းက အဆိုးစွန်းအစွမ်းထက်နေတဲ့

အနိမရေခဲအစွမ်းကို ပိုင်ဆိုင်ထားတာပဲ

ဒါကြောင့်သာ မင်းရဲ့သိုင်းပညာဝိညာဉ်က

ဒီအဘိုးကြီးကို ဖိနှိမ့်ထားနိုင်တာ ဒါပေမယ့် ငါ့ကို

ပိုပြီးအံ့သြစေတဲ့အရာကတော့

ဝိညာဉ်စက်ကွင်းတစ်ကွင်းရှိတဲ့

မင်းလိုဝိညာဉ်ပညာရှင်လေးတစ်ယောက်က

ဘယ်လိုကြောင့်များ

အဆင့်နှစ်ဆယ်ဝိညာဉ်မဟာပညာရှင်ကို

ယှဉ်ပြိုင်နိုင်တဲ့အစွမ်းအစရှိနေရတာလဲ ဒါ့အပြင်

မင်းရှိခဲ့ဖူးတဲ့ နှစ်တစ်ရာဝိညာဉ်စက်ကွင်းတွေက

ဘယ်မှာလဲ "

ဒါပေမယ့် သူဒီလိုပြောလိုက်ချိန်မှာ
ရေခဲတွေခဲနေခဲ့တဲ့သူ့ရဲ့လက်ကို
နောက်ကျောဖက်အင်္ကျီထဲ
အတင်းထိုးပြီးဝှက်လိုက်တဲ့ကိစ္စကိုတော့
ဘယ်သူမှမမြင်လိုက်ပါဘူး။

ဟိုယွိဟောင်က ထရပ်လိုက်ပါတယ်။ ဒီအဘိုးကြီး
သူ့ရဲ့ဒီကျင့်ကြံဆင့်ကို စမ်းသပ်နေမှန်းသူသိတယ်။
ဒါကြောင့် သူတလေးတစားနဲ့သာ
ပြန်ဖြေလိုက်ပါတယ်။

" ဆရာကြီးကျွန်တော်မှာ

နှစ်တစ်သိန်းစက်ကွင်းတွေ မရှိပါဘူး...ဒါက

ကျွန်တော်ရဲ့ထူးခြားတဲ့ဝိညာဉ်စွမ်းရည်တစ်ခုပါ

ကျွန်တော်ရဲ့ဝိညာဉ်စွမ်းအားက အဆင့်နှစ်ဆယ်ရဲ့

အထက်မှာနှစ်မျိုးနှစ်စား ရှိနေတာကတော့

သိုင်းပညာဝိညာဉ်နှစ်ခုပိုင်ဆိုင်ထားလို့ပါပဲ

ကျွန်တော်ရဲ့ပထမသိုင်းပညာဝိညာဉ်မှာ

ဝိညာဉ်စက်ကွင်းနှစ်ခုရှိပါတယ်...အစောပိုင်းတုန်း

က ဆရာကြီးရဲ့မီးစွမ်းအင်သိုင်းပညာဝိညာဉ်ကို

ကျွန်တော်ခံစားမိခဲ့တယ်..ဒါကြောင့်သာ

ကျွန်တော်ရဲ့ရေခဲအမျိုးအစားသိုင်းပညာဝိညာဉ်ကို

ဆွဲဆောင်လိုက်တာဖြစ်ပါလိမ့်မယ် ..ဒါကြောင့် ကျွန်တော်လဲ ဒုတိယသိုင်းပညာဝိညာဉ်ကို အသုံးပြုရင်း ပြန်လည်တုန့်ပြန်ဖို့အတွက် ဆုံးဖြတ်လိုက်တာပါ "

ဟို့ယွိဟောင်အနေနဲ့ သူ့ရဲ့ရေခဲအမျိုးအစားသိုင်းပညာဝိညာဉ်ကို ပြောပြလိုက်ချိန်မှာ သုဝေ့လွမ်လဲ မျက်လုံးအပြူးသားဖြစ်နေခဲ့ပါပြီ။ အထူးသဖြင့် ဟို့ယွိဟောင်ရဲ့ခြေထောက်အောက်ဖက်မှာ ဖြူဖွေးတဲ့ဝိညာဉ်စက်ကွင်းတစ်ကွင်းသာရှိနေခဲ့တာပါ။ ဟို့ယွိဟောင်ကိုယ်တိုင်ပြောပုံအရ သူက

အမှောင်သိုင်းပညာဝိညာဉ်ရှိတဲ့သူပါ။
သူ့ရှေ့မှာရှိသမျှတဲ့ အရာအားလုံး
မဲမှောင်သွားသလိုခံစားလိုက်မိပါတော့တယ်။
စိတ်ဖိစီးမှုက လူကိုထိုးနှက်သွားတာကြောင့် သူလဲ
ထိုက်ဟွပင်းလို သွေးအန်မတတ်ဖြစ်သွားခဲ့မိတယ်။

အကယ်၍ ဟို့ယွိဟောင်တို့ရဲ့အတန်းနံပါတ်တစ်မှာ
သူနဲ့ရှောင်းရှောင်းနှစ်ယောက်စလုံးက
အမှောင်သိုင်းပညာဝိညာဉ်ကို
ပိုင်ဆိုင်ထားခဲ့တယ်ဆိုရင် သူတို့က
အပြင်နယ်မြေတစ်ခုလုံးမှာ
အမှောင်ဝိညာဉ်ပိုင်ဆိုင်ထားတဲ့

နှစ်ယောက်တည်သောသူတွေပါ။ ဒါ့အပြင်
အမှာဝိညာဉ်ပိုင်ဆိုင်ထားတဲ့ သူတွေက အရမ်းကို
ပါရမီရှိတဲ့သူတွေလို့ ပြောလို့ရပြီ
ရှားပါးတဲ့ကောင်းချီးခံဖြစ်တည်မှုတွေပါပဲ။
ကြမ်းတမ်းတဲ့အမျက်ဒေါသကျောင်းတော်လိုနေရာ
မျိုးမှာတောင် ဒီလိုမျိုး
အမှာသိုင်းပညာဝိညာဉ်ပိုင်ဆိုင်တဲ့
ကျောင်းတော်သားတွေက အတွင်းတပည့်သား
ဖြစ်လာကြပြီ အမြဲတမ်းအတွင်းနယ်မြေထဲကို
ဝင်ရောက်နိုင်ခဲ့ပါတယ်။

သုဝေ့လွှမ်ကို ပိုပြီးစိတ်ဖိစီးစေတဲ့အရာကတော့

ဟိုံ့ယွိပောင်အနေနဲ့ သူ့ရဲ့အမွှာသိုင်းပညာဝိညာဉ်ကို

လက်နက်ပြုလုပ်တဲ့နေရာမှာသွားပြီ

ဖြုန်းတီးလိုက်တာပါပဲ။

အမျက်ဒေါသကျောင်းတော်ရဲ့

ကျောင်းတော်သားတစ်ယောက်အနေနဲ့

ဆယ့်နှစ်ဝိညာဉ်စက်ကွင်းပဲရှိတာက

အတော်လေးကို မျက်နှာငယ်စေတဲ့ကိစ္စပါ။

ဒါပေမယ့် သူကတော့

သူ့ရဲ့သိုင်းပညာဝိညာဉ်နှစ်ခုစလုံးမှာ

ဆယ့်နှစ်ဝိညာဉ်စက်ကွင်းတွေသာရှိနေခဲ့ပါတယ်။

ပြောရမယ်ဆိုရင် အစောပိုင်းတုန်းက

သူထုတ်လွှတ်လိုက်တဲ့
နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းတွေဆိုတာက
စွမ်းရည်တစ်ခုတဲ့လား စိတ်ထဲမှာသိလိုစိတ်က
ကုန်ချန်းလုံထက် မနည်းပါးခဲ့ပါဘူး။

ကုန်ချန်းလုံက
အလေးအနက်နဲ့ခေါင်းညိတ်နေခဲ့ပါတယ်။

" ကောင်းတယ်
တကယ်အားကောင်းတဲ့စွမ်းရည်တစ်ခုပဲ
သူ့ရဲ့အစွမ်းအစရော အင်အားရောနှစ်ခုစလုံးက

ထိပ်ဆုံးကိုရောက်နေပြီ အကယ်၍
ငါသာမမှားဘူးဆိုရင် မင်းမှာသေချာပေါက်
ဝိညာဉ်အရိုးတစ်ခုလဲ ရှိရမယ်..အဲ့ဒါက
စွမ်းအားကိုအားဖြည့်ပေးတဲ့ ဝိညာဉ်အရိုးပဲ
မင်းအနေနဲ့ ဒီလောက်အားကောင်းတဲ့စွမ်းအားကို
ဝိညာဉ်အရိုးမရှိပဲထုတ်လွှတ်နိုင်မှာမဟုတ်ဘူး "

အစောပိုင်းတုန်းက
သူ့ရဲ့ဝိညာဉ်သားရဲကောင်တွေကို
ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင်
လုပ်လိုက်တဲ့သူနဲ့ပတ်သက်ပြီ အရမ်းကို
ဒေါသထွက်ခဲ့တာပါ။ ဒါ့အပြင်

အဲ့ဒီဒေါသကြောင့်သာ ဟို့ယွိဟောင်ကို
လက်ဝါးနဲ့သွားရိုက်တာလဲဖြစ်ပါတယ်။
ဟိုယွိဟောင်ရဲ့ ဝိညာဉ်စွမ်းအားကို
ခံစားမိပြီးတဲ့နောက် ဒီအင်အားနဲ့ဆိုရင်
ဟိုယွိဟောင်သေချာပေါက်
လေထဲလွှင့်ထွက်သွားမယ်လို့ တွေးနေမိခဲ့တာပါ။
အနည်းဆုံးတော့ သေချာပေါက်
ဒူးထောက်လျက်သားဖြစ်နေလောက်ပါပြီ။
ဒါပေမယ့် ဟိုယွိဟောင်က
နောက်ကိုခြေလှမ်းသုံးလှမ်းသာ ဆုတ်သွားခဲ့ပြီ
ဖင်ထိုင်လျက်သားကျသွားခဲ့ပါတယ်။

သူ့အနေနဲ့ဘာမှဆိုးဆိုးရွားရွား
ဖြစ်မသွားတဲ့ပုံစံပါပဲ။

အပိုင်း ၄၉•၁ ပြီး၏။

အပိုင်း ၄၉•၂

" ရေခဲကောရီရဲ့လက်သည်းတွေ "
•••

ဒါက ဝိညာဉ်စွမ်းအားတစ်ခုထဲတင်မဟုတ်ပါဘူး။
ခန္ဓာကိုယ်စွမ်းအားရဲ့အကောင်အထည်ပေါ်လာမှုပါ

ပဲ။ ကုန်ချန်းလုံအနေနဲ့ လန့်နေခဲ့ရပါတယ်။
ဘာကြောင့်လဲဆိုတော့ သူကိုယ်တိုင်ကိုယ်က
အမျက်ဒေါသကျောင်းတော်မှာ
ထိပ်တန်းဆယ့်ယောက်အဖြစ်
သတ်မှတ်ခံထားရတဲ့သူပါ။

ဟိုယွိဟောင်က ပြောလိုက်ပါတယ်။

" အမှန်ပါပဲ ကျွန်တော်တကယ်ကို
ကံကောင်းသွားတာကြောင့် ရင်ခေါင်းရိုးတစ်ခုကို
ရရှိခဲ့ပါတယ် "

သုဝေ့လွှမ်အနေနဲ့လဲ သူ့ကိုယ်သူ
မျက်လုံးသာကန်သွားစေချင်ပါတော့တယ်။
သူ့ရှေ့မှာရှိရှိသမျှ အရာအားလုံး
အမဲရောင်တွေဖြစ်နေခဲ့ပါပြီ။ ရင်ခေါင်းရိုးတဲ့လား
လူတစ်ယောက်က တစ်လတာအားလပ်ရက်လေး
ကြုံတွေ့လိုက်ရပြီ ဝိညာဉ်အရိုးအဖြစ်
ရင်ခေါင်းရိုးတစ်ရိုးကိုလဲ ရလိုက်တဲ့အပြင်
အမှောသိုင်းပညာဝိညာဉ်လဲ ပိုင်လာခဲ့ပါသေးတယ်။
ရင်ခေါင်းရိုးတွေက
ဘယ်တုန်းကများဈေးပေါသွားရတာလဲ သူ့ကိုယ်သူ
မိဘမဲ့တစ်ယောက်လို

ဒီအတိုင်းပြောခဲ့တာမဟုတ်ပါလား။

ဒါသေချာပေါက်

ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော်ပဲ

ဖြစ်ရမယ်။ ဒီကောင်တွေဖြစ်မှာပေါ့

သူ့ကိုဒီလောက်အထိ

ရင်းနှီးမြုပ်နှံပေးထားတယ်လား။ နေစမ်းပါဦး

ကုန်ချန်းလုံက ဆယ့်နှစ်ဝိညာဉ်စက်ကွင်းကနေ

ရတဲ့ဝိညာဉ်စွမ်းရည်ကို ချီးကျူးနေတာလား။

သူဝေ့လွမ်အနေနဲ့ သိလိုစိတ်ကို

မထိန်းထားနိုင်တော့ပါဘူး။

" ဟို့ယွိဟောင် မင်းတကယ်ပဲ

ဘာတွေဖြစ်လာတာလဲ အစောပိုင်းတုန်းက

မင်းအသုံးပြုလိုက်တဲ့ ဝိညာဉ်စွမ်းရည်က ရှိရှိသမျှ

ဝိညာဉ်သားရဲကောင်တွေအားလုံးကို

ထိတ်လန့်စေတယ်မလား ဒီဝိညာဉ်သားရဲကောင်ကို

ထိန်းချုပ်ပေးပြီ လေ့ကျင့်ပေးဖို့

ဘယ်လောက်ခက်ခဲလဲမင်းသိလား

ဒီလိုအရှုံးအတွက် ဘယ်လိုများငါတို့ကို

လျော်ကြေးပေးမှာလဲ "

ကုန်ချန်းလုံရဲ့မျက်နှာက ချက်ချင်းကို

မဲမှောင်သွားခဲ့ပါပြီ။

" ရှောင်သု မင်းဘာတွေလာလုပ်နေတာလဲ သူက ကလေးတစ်ယောက်ပဲလေ ဒါ့အပြင် အရမ်းအရမ်းကို ထူးချွန်တဲ့ကလေး ဟို့ယွိဟောင်လို့ခေါ်တယ်မလား ဟုတ်တယ်ဟုတ် ဒီဘိုးဘိုးကို ပြောပြပါဦး မင်းအကြောင်း အတော်လေးစိတ်ဝင်စားလို့ပါ "

ဒီလိုအခြေအနေမျိုးမှာ ဟို့ယွိဟောက်အနေနဲ့ ဘာကိုမှဖုံးကွယ်ထားဖို့ ကြိုးစားမနေတော့ပါဘူး။ ဒါကြောင့် သူလိမ်လိမ်မာမာလေးနဲ့သာ ပြန်ဖြေပါတော့တယ်။

" ကျွန်တော်ရဲ့ပထမသိုင်းပညာဝိညာဉ်စက်ကွင်းက စိတ်ဝိညာဉ်မျက်လုံးတွေပါ ဒါ့အပြင် ကျွန်တော်ရဲ့ ဒုတိယဝိညာဉ်စက်ကွင်းက တုပမှုဆိုတဲ့ စွမ်းရည်တစ်ခုကို ပေးပါတယ်...ဒီလိုစွမ်းရည်နဲ့ ကျွန်တော်ရဲ့ခန္ဓာကိုယ်ကို ဘယ်လိုပုံစံမျိုးမဆို ပြောင်းလဲနိုင်ပြီ အရာအားလုံးအဖြစ်ကိုလဲ အသွင်ယူလို့ရပါတယ်..ကျွန်တော်ဝိညာဉ်စက်ကွင်း တွေရဲ့သက်တမ်းကိုလဲ ပြောင်းလဲလို့ရရုံတင်မက အရှိန်အဝါကိုလဲ

ဖန်တီးလို့ရနိုင်တယ်....အစောပိုင်းမှာ

ကျွန်တော်ရဲ့ဝိညာဉ်စက်ကွင်းနှစ်ခုစလုံးကို

နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းရဲ့ပုံစံနဲ့
အရှိန်အဝါဖြစ်အောင် တုပလိုက်တာပါ ဒါပေမယ့်
အချိန်အကြာကြီးတော့
မထိန်းထားနိုင်ပါဘူး..ကျွန်တော်ရဲ့ကျင့်ကြံမှုသာ
မြင့်မားလာမယ်ဆိုရင်တော့ ဒီအစွမ်းအစတွေက
ပိုကောင်းလာမှာပါ"

သူကိုယ်သူ ကြွားဝါးနေတာမဟုတ်ရပါဘူး။ သူက
ရေခဲကေရီရဲ့အရှိန်အဝါကိုတုပပြီ
နှစ်လေးသိန်းဝိညာဉ်သားရဲကောင်
ရုတ်တရက်ပေါ်လာသလိုမျိုး ဖန်တီးကြည့်ရုံပါပဲ။
အဲ့ဒီလိုအရှိန်အဝါမျိုးက

သားရဲကောင်တွေအားလုံးကို
ကြောက်လန့်စေဖို့အတွက် လုံလောက်နေခဲ့ပါပြီ။

ဟိုယ့်ယွိပောင်ရဲ့ရှင်းပြတဲ့စကားကို ကြားချိန်မှာ
သုဝေ့လွမ်နဲ့ ကုန်ချန်းလုံ နှစ်ယောက်စလုံး
အရာအားလုံးကိုနားလည်သွားပါတော့တယ်။
ကုန်ချန်းလုံအနေနဲ့လဲ ထူးဆန်းတဲ့အပြုံးကြီးကို
ပြုံးနေခဲ့တယ်။

" ကောင်းလိုက်တာ
တကယ်ကိုစိတ်ဝင်စားစရာကောင်းတဲ့ စွမ်းရည်ပဲ

ဒီလိုမျိုးတုပမှုဆိုတာ

တကယ်ကိုကောင်းတယ်..အကယ်၍

ဒီလိုအစွမ်းအစမျိုးကို

မဟာကြယ်တာရာသစ်တောထဲမှာရှိမယ်ဆိုရင်

သေချာပေါက် ပဋိပက္ခတွေအများကြီးကို

ရှောင်ရှားနိုင်မှာပဲ သားရဲကောင်တွေကို

အမဲလိုက်တဲ့အချိန်မှာ အရမ်းကို

အသုံးဝင်လိမ့်မယ်..ဒီအဘိုးရဲ့နာမည်က ကုန်ချန်းလုံ

ဒါ့အပြင် သားရဲကောင်ဘုရင်လို့

ကျော်ကြားတယ်..နောက်ထပ်

မေးခွန်းတစ်ခုမေးပါရစေလား

ဒုတိယသိုင်းပညာဝိညာဉ်က ဘာလဲ

ငါသိပါတယ်...မင်းတို့လိုအမွှာသိုင်းပညာဝိညာဉ်ပိုင်

ဆိုင်ထားတဲ့ ဝိညာဉ်ပညာရှင်တွေအနေနဲ့

ဒုတိယသိုင်းပညာဝိညာဉ်ကို လျှို့ဝှက်ချက်အဖြစ်

ထိန်းသိမ်းထားရမယ်ဆိုတာပေါ့ ဒါကြောင့်

ဒီဘိုးဘိုးအနေနဲ့လဲ မင်းရဲ့လျှို့ဝှက်ချက်ကို

အလကားဖော်ပြစေဖို့

မမျှော်လင့်ထားပါဘူး..ဒါလိုဆိုရင်ကော ဘယ်လိုလဲ

အနာဂတ်မှာ ငါ့ရဲ့အစွမ်းအစပြုပြီး မင်းကို

ဝိညာဉ်စက်ကွင်းတစ်ကွင်းရအောင်လုပ်ပေးမယ်

လေ အကယ်၍ မင်းသာ

ဒုတိယသိုင်းပညာဝိညာဉ်အကြောင်းကို

သိခွင့်ပေးမယ်ဆိုရင်ပေါ့ ဒါဆိုရင်
အပေးအယူဖြစ်မလား "

ဟိုယွိဟောင်လဲ ပျော်ရွှင်လို့သွားပါတော့တယ်။ စိတ်ဝိညာဉ်အမျိုးအစားဝိညာဉ်သားရဲကောင်တွေက အရမ်းကို ရှားပါးလွန်လှပြီ ဒီဆရာကြီးကတော့ သားရဲကောင်တိုက်ခိုက်ရေးနယ်မြေတစ်ခုလုံးကို သိသိသာသာ ထိန်းချုပ်နေတဲ့သူပါ။ သူ့ရဲ့ အကူအညီသာရှိမယ်ဆိုရင် ဟိုယွိဟောင်အနေနဲ့ အချိန်ကုန်လူပင်ပန်း သက်သာသွားပါလိမ့်မယ်။

သူချက်ချင်းဆိုသလို ခေါင်းညိတ်ရင်း
တလေးတစားပြန်ဖြေလိုက်တယ်။

" ဆရာကြီးကုန် ကျွန်တော်သေချာပေါက်
ပြောပြချင်ပါတယ် "

သုဝေ့လွှမ်နဲ့ ဘေးမှာရှိတဲ့ဆရာတွေအားလုံးကလဲ
သိလိုစိတ်အပြည့်နဲ့ နားစွင့်နေခဲ့ကြပါပြီ။ ဒါပေမယ့်
သူတို့ကိုပြောပြဖို့တော့ ဟို့ယွိပေါင်
စိတ်ကူးမရှိခဲ့ပါဘူး။ ဟို့ယွိပေါင်ရဲ့မျက်လုံးထဲမှာ
ရွှေရောင်အလင်းတန်းက

ထွက်ပေါ်လာပါတော့တယ်။ ဒါ့အပြင်
ပတ်ပတ်လည်မီတာတစ်ရာအတွင်းမှာရှိရှိသမျှ
လူတွေအားလုံးရဲ့သုံးဖက်မြေပုံရိပ်တွေက
ကုန်ချန်းလုံရဲ့ဦးနှောက်ထဲကို
ဝင်ရောက်လို့လာခဲ့ပါပြီ။ ဒါ့အပြင် ဟို့ယွိဟောင်ရဲ့
နောက်ကျောမှာရှိနေတဲ့ ပုံရိပ်ဆီကို
ခပ်မြန်မြန်စူးစိုက်ပြီ ဖော်ပြလို့နေပါတော့တယ်။
သူ့ရဲ့အင်္ကျီအထဲကို ဝင်ရောက်ရင်း
ကျောဖက်မှာရှိတဲ့ ဆေးမင်ကြောင်က
ကုန်ချန်းလုံရဲ့စိတ်ထဲမှာ အပြည့်အဝ ပေါ်လာခဲ့ပါပြီ။
ကုန်ချန်းလုံအနေနဲ့
အံ့သြစရာကောင်းတဲ့စိတ်ဝိညာဉ်စွမ်းအားထောက်

လှုမ်းမှုကို ပထမဆုံးတွေ့ကြုံရတာပါ။ ဒါကြောင့် သူစိတ်မထိန်းနိုင်ပဲ တအံ့တသြလျှာကိုသတ်ရင်း ပြောလာမိပါတယ်။

" ကောင်းလိုက်တဲ့စွမ်းရည်ပါလား အမှောသိုင်းပညာဝိညာဉ်ပိုင်ဆိုင်တဲ့ ဝိညာဉ်ပညာရှင်တွေရဲ့လောကမှာတောင် မင်းရဲ့သိုင်းပညာဝိညာဉ်ပေါင်းစပ်မှုက လုံးဝထိပ်ဆုံးကိုရောက်နေတာပဲ ကောင်းလိုက်တာ အရမ်းကောင်းလိုက်တာ ဒီလိုမင်းရဲ့ဒုတိယသိုင်းပညာဝိညာဉ်က အဲ့ဒါဖြစ်နေတာပေါ့ ရေခဲစွမ်းရည်က

အဆုံးစွန်းအထိ အားကောင်းနေတာ
ဘယ်အံ့ဩစရာရှိမလဲ ကျောင်းတော်ကတော့
ဒီတစ်ကြိမ်မှာ ရတနာတုံးကြီးကို
ကောက်လိုက်ရတာပဲ မစိုးရိမ်နဲ့ ဒီအဘိုးအနေနဲ့
မင်းရဲ့လျှို့ဝှက်ချက်ကို သေချာပေါက်
ထိန်းသိမ်းထားမယ်.,ငါ့ဘဝတစ်သက်တာလုံးမှာ
အဲ့ဒီလို သိုင်းပညာဝိညာဉ်ကို တွေ့လာရမယ်လို့
ထင်တောင်မထင်ထားခဲ့မိဘူး "

ကုန်ချန်းလုံ ပိုပြီး ချီးမွမ်းလေလေ
သုဝေ့လွမ်အနေနဲ့ ပိုသိချင်လာလေပါပဲ။ ဒါပေမယ့်
အမွှာဝိညာဉ်ပညာရှင်တိုင်းရဲ့

ဒုတိယသိုင်းပညာဝိညာဉ်ဆိုတာက အရမ်းကို အရေးကြီးတဲ့ လျှို့ဝှက်ချက်ကြီးတစ်ခုပါ။ မလိုအပ်ပဲနဲ့ ဘယ်သူကမှအတင်းအကြပ်သွားမေးလို့မကောင်းပါဘူး။ ရှောင်းရှောင်းရဲ့ပုလွေကတော့ ဝိညာဉ်လက်နက်တစ်ခုဖြစ်နေခဲ့တဲ့အတွက် လူတွေအမြင်မှာသိဖို့ လွယ်ကူလှပါတယ်။ ဒါကြောင့် သူလဲ ဖုံးကွယ်ထားဖို့ မလုပ်ခဲ့တာပါ။ ဟိုယွိဟောင်ရဲ့ဒုတိယသိုင်းပညာဝိညာဉ်ကတော့ အလွယ်လေးဖော်ပြဖို့လွယ်တဲ့အရာမဟုတ်ပါဘူး။ ကုန်ချန်းလုံအနေနဲ့ အဆုံးစွန်းအစွမ်းထက်တဲ့ သိုင်းပညာဝိညာဉ်လို့ ပြောနေပြီဆိုရင် သေချာပေါက် မဆိုးလောက်တာအမှန်ပါ။

နောက်ထပ်မေးခွန်းတစ်ခုကဘာလဲ။

သုဝေ့လွမ်ရဲ့စိတ်ထဲမှာ

ပေါ်ထွက်လို့လာပါတော့တယ်။ ဟို့ယွိဟောင်ရဲ့

ဒုတိယဝိညာဉ်စွမ်းရည်က သူ့ရဲ့တုပမှုဆိုရင်

ရေခဲအမျိုးအစားကို

ထုတ်လွှတ်နိုင်တဲ့အရာတစ်ခုကရော

အစစ်တစ်ခုလား။ ကုန်ချန်းလုံအနေနဲ့

ဆယ့်နှစ်ဝိညာဉ်စက်ကွင်းတစ်ခုရဲ့

ဘယ်လိုစွမ်းအားကိုများ ဒီလောက်အထိ

ချီးမွမ်းနေရတာလဲ သူ့ကို

သေအောင်ရိုက်သတ်မယ်ဆိုရင်တောင်
ဒါမျိုးကိုလုံးဝ မယုံနိုင်ပါဘူး။

" ဆရာကြီးကုန်နဲ့ ညွှန်ကြားရေးမှူးသု အကယ်၍
ပြောစရာမရှိတော့ဘူးဆိုရင်
ကျွန်တော်အရင်ဆုံးပြန်ပါရစေ "

ဟို့ယွိဟောင်က ရိုရိုသေသေပြောလိုက်ပါတယ်။

ကုန်ချန်းလုံကလဲ ခေါင်းညိတ်နေခဲ့တယ်။

" မင်းပြန်လာလို့ရတယ်....အကယ်၍ အနာဂတ်မှာ အချိန်အပိုရှိရင်း ဒီနေရာကိုလာပြီ နည်းနည်းပါးပါး ဆော့ကစားပေါ့ ဒါပေမယ့် နောက်တစ်ကြိမ် နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းတွေကို တုပပြီးသုံးတာမျိုးလုံးဝလုံးဝ မလုပ်ရဘူးနော် မဟုတ်ရင် ရှိရှိသမျှ သားရဲကောင်တွေရဲ့ လျှောင်ချိုက်တွေအားလုံးကို မင်းပဲ ရှင်းခိုင်းမှာ "

ဟို့ယွိဟောင်အနေနဲ့လဲ ပြုံးပြရင်း ပြေးထွက်သွားပါတော့တယ်။ သုဝေ့လွမ်ကလဲ သူ့ကို မတားခဲ့ပါဘူး။ တားဆီးလို့ကော ဘာအကျိုးအမြတ်ရှိမှာလဲ သူက

ဝိညာဉ်လက်နက်အသက်မွေးဝမ်းကြောင်းရဲ့

အဓိကအတွင်းတပည့်သား ဖြစ်နေပြီးသားပါ။

လက်ရှိအချိန်မှာ ညွှန်ကြားရေးမှူးသုအနေနဲ့

သူ့ရှေ့မှာရှိရှိသမျှ အရာအားလုံးက

ညအချိန်အခါလိုမျိုး မှောင်မိုက်နေတာသာ

ခံစားနေမိပါတော့တယ်။ သူ့ရဲ့

ကြောက်စရာအကောင်းဆုံးအိပ်မက်ထဲတွေမှာ

တောင် ဝိညာဉ်လက်နက်ကျောင်းတော်က

ဒီလောက်အထိ လူကောင်းတစ်ယောက်ကို

သိုဝှက်ပြီ လုယူသွားမယ်လို့ မတွေးထားခဲ့ပါဘူး။

ဒါ့အပြင်

သူနဲ့ကျောင်းအုပ်မျက်စိရှေ့တည့်တည့်မှာတင်

ဖြစ်သွားခဲ့တဲ့အရာပါ။ သူနဲ့ကျောင်းအုပ်ကလဲ ခွင့်ပြုပေးလိုက်မိပါတယ်။

အမှန်တကယ်တော့ သုဝေ့လွမ်ကိုလဲ အပြစ်တင်လို့မရပါဘူး။ ဟို့ယွိဟောင်ရဲ့ အစောပိုင်းလှုပ်ရှားမှုတွေအားလုံးက ဘယ်လိုမှမထူးချွန်ခဲ့တာအမှန်ပါ။ ဒါပေမယ့် မြောက်ဝင်ရိုးစွန်းကိုသူခရီးထွက်ပြီတဲ့နောက် စွမ်းအားက
အရည်အသွေးပြောင်းလဲသွားပါတော့တယ်။

ကုန်ချန်းလုံကို ခွဲခွာပြီးတဲ့နောက် သုဝေ့လွမ်လဲ ခပ်မြန်မြန်ပဲပြေးတော့တယ်။ စာမေးပွဲစစ်တဲ့ကိစ္စက ချောချောမွေ့မွေ့ မပြီးမြောက်ခဲ့ပါဘူး။ ဒါကြောင့် သူ့အနေနဲ့ ပြန်စီစဉ်ရတော့မှာပါ။ တစ်ချိန်ထဲမှာပဲ ရန်ရှောင်ကျဲ့ကို ဖြစ်ဖြစ်သမျှအရာအားလုံး သတင်းပို့ဖို့လိုပါတယ်။

ဟိုယွိဟောင်အနေနဲ့ သားရဲကောင်တိုက်ခိုက်နယ်မြေထဲက ထွက်ခွာလာပြီးတဲ့နောက် လူတွေအများကြီးက သူ့ကို ဝန်းရံလိုက်ကြပါတော့တယ်။

" ဆရာကြီးဟို့ ရှင်းရှင်းလင်းလင်းပြောပြပါဦး တကယ်ပဲဘာတွေဖြစ်နေတာလဲ ဘယ်လိုလုပ်ပြီ နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းတွေ ရှိလာရတာလဲ "

လန်စုစုက ရုတ်တရက်ပြောလာပါတော့တယ်။

" ဟုတ်တယ် ဆရာကြီးဟို့ ကျေးဇူးပြုပြီး ကျွန်တော်ရဲ့ဘောင်းဘီတွေကို ပြန်ပြီးဝယ်ဖို့ ပိုက်ဆံလေးဘာလေး ပေးပါဦး ဆရာကြီးကြောင့် ကျွန်တော်ဘောင်းဘီတစ်ခုလုံး စိုရွှဲသွားတော့မလို့ "

ကျိုးစီချန်ကလဲ
မီးလောင်ရာလေပင့်လုပ်နေခဲ့ပါတယ်။
သူ့ရဲ့လေသံက ရှိရှိသမျှ
ကျောင်းသားအတန်းဖော်တွေအားလုံးကို
ရယ်မောသွားစေခဲ့တယ်။

" ဒါပေမယ့် နောက်ဆုံးမင်းဘာမှမဖြစ်ခဲ့ဘူးမလား
အားလုံးရဲ့အရှေ့မှာ
ဒီလိုဖြစ်သွားခဲ့မယ်ဆိုရင်တောင် ငါသေချာပေါက်
ပြန်လျော်ပေးမှာပေါ့ "

ဟို့ယွိဟောင်က ပြောလာခဲ့ပါတယ်။

ကျိုးစီချန်ကတော့ ပါးစပ်ပိတ်သွားခဲ့ရပါပြီ။
ဟို့ယွိဟောင်က အသံကျယ်ကျယ်နဲ့စပြီ
ပြောတော့တယ်။

" အားလုံးငါရဲ့နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းတွေက
အတုအယောင်တွေ ဖြစ်မှာကို ခန့်မှန်းမိမယ်လို့
ထင်ပါတယ်..ဒါကငါ့ရဲ့
ဝိညာဉ်စွမ်းရည်အသစ်တစ်ခုပါပဲ ဒါ့အပြင်

အတော်လေး အသုံးဝင်ဖို့မရှိတဲ့
ဝိညာဉ်စွမ်းရည်တစ်ခုပါ ဒီအကြောင်း
အသေးစိတ်တော့
ထပ်ပြီမပြောချင်တော့ဘူး..နည်းနည်းပါးပါး
လျှို့ဝှက်ချက်ထားပါရစေဦးလား "

စာမေးပွဲက အခုစတင်တုန်းဖြစ်ပါတယ်။ ဒါပေမယ့်
ဒီလိုကိစ္စမျိုးနဲ့ အဆုံးသတ်သွားမှာမဟုတ်ပါဘူး။
ဟိုယွိဟောင်နဲ့
တခြားကျောင်းတော်သားတွေအားလုံးကတော့
ပျော်ပျော်ကြီး သူတို့အတန်းကိုသူတို့
ပြန်သွားပါတော့တယ်။ ထိုက်ဟွပင်းကတော့

အဝေးနေရာမှာတင် စောင့်ဆိုင်းရင်း သူတို့ကို ကြည့်ရှုနေခဲ့တယ်။ ဒါ့အပြင် ပါးစပ်ကသွေးတွေကို သုတ်ထားပြီး ကြောက်စရာကောင်းတဲ့ အလင်းတန်းတွေကတော့ သူ့မျက်လုံးထဲမှာ ဖြတ်ပြေးနေခဲ့ပါတယ်။

" ဟွပင်း မင်းအဆင်ပြေရဲ့လား "

ကျုးလုက စိုးရိမ်တကြီးနဲ့ မေးလာခဲ့ပါတယ်။

" ဆရာမုကို ဒီနေ့ခွင့်တိုင်ပေးဦး
ငါခဏလောက်အပြင်သွားဦးမယ် "

ထိုက်ဟွပင်းက ပြောလာခဲ့တယ်။

" ဘယ်သွားမလို့လဲ "

" မင်းကိစ္စသာ မင်းစိတ်ဝင်စားစမ်းပါ "

ထိုက်ဟွပင်းက ပြောပြီးတဲ့နောက်
လှည့်ထွက်သွားပါတော့တယ်။

အပိုင်း ၄၉•၂ ပြီး၏။

အပိုင်း ၅၀•၁

" ဘိုးဘေးကြီးထန်စန်း "

°°°

စာမေးပွဲက ရှုတ်သိမ်းခံလိုက်ရတာကြောင့်

အတန်းနံပါတ်တစ်နဲ့ အတန်းနံပါတ်နှစ်ရဲ့

ကျောင်းတော်သားတွေအားလုံးက

သူတို့သက်ဆိုင်ရာစာသင်ခန်းတွေဆီကို ပြန်ပြီ
စာသင်ကြားရပါတော့တယ်။

တခဏတာ ဆွေးနွေးပြီတဲ့နောက် ဝမ်ယန်နဲ့
ကျိုးယိက ဟို့ယွိဟောင်ကိုခေါ် ပြီ
မေးခွန်းတစ်ချို့မေးမြန်ကြတယ်။ အဲ့ဒီနောက်
သူတို့တွေရဲ့နေ့လည်အတန်းကိုပြန်စလိုက်ကြပါပြီ။
ဒါပေမယ့် ဟို့ယွိဟောင်အနေနဲ့
သူထိုင်ခဲ့သူမပြန်ရတော့ပါဘူး။ အဲ့ဒီအစား
ဘေးမှာရပ်နေဖို့ ပြောခံရပါတယ်။ အဲ့ဒီနောက်
ကျိုးယိက ဆရာတွေရဲ့ဌာနကို အခေါ် ခံရပြီ

ညွှန်ကြားရေးမှူးသုဝေ့လွှမ်ကတော့ အစည်းအဝေးပွဲလုပ်နေခဲ့ပါတယ်။

" ထူးခြားတဲ့အခြေအနေကြောင့် ဒီစာမေးပွဲက နောက်နှစ်ရက်သုံးရက်လောက် နောက်ကျသွားလိမ့်မယ် "

ဝမ်ယန်က အတန်းနံပါတ်တစ်ကို ပြောခဲ့ပါတယ်။

" ဒီတော့မင်းတို့တွေလဲ လေ့ကျင့်ဖို့အတွက် အချိန်ပိုရလိမ့်မယ်..ဟို့ယွိဟောင်ရဲ့

လေစိတ်ဝိညာဉ်ဝံပုလွေကြားက တိုက်ပွဲကို

မင်းတို့အားလုံးမြင်ခဲ့ကြမှာပါ

ဝိညာဉ်သားရဲကောင်တွေအားလုံးကတော့

ဒီလိုမျိုးစိတ်ခံစားချက်ကြောင့် သက်ရောက်တာကို

ခံရမှာမဟုတ်ပါဘူး..ဒါကြောင့်ပထမဆုံးအနေနဲ့

သူတို့ကို တိုက်ခိုက်ဖို့အတွက် ကိုယ်ရဲ့ကိုယ်ဟန်ကို

ဘယ်တော့မှမပျက်စေနဲ့

သင်ကြားထားသမျှအရာအားလုံးကို သေချာပေါက်

ထုတ်ပြရမယ်...ဝိညာဉ်သားရဲကောင်တွေက

ကြောက်စရာမကောင်းဘူး...ဒါ့အပြင်

အချိန်အများစုမှာ

သူတို့ရဲ့သဘာဝအသိစိတ်ကြောင့်သာ

ပြန်ပြီးတိုက်ခိုက်ကြတာ ပထမဆုံးအနေနဲ့
မင်းတို့ရဲ့စိတ်ကို ပိတ်ဆို့နေတဲ့
အတားအဆီးတွေအားလုံးကို
ကျော်ဖြတ်ရမယ်...အကြောက်တရားက
တိုက်ခိုက်ရေးစွမ်းအားကို
အားနည်းစေနိုင်တယ်..တွေဝေနေတာအားလုံးကို
ဖယ်ထုတ်ပြစ်လိုက် ဒါမှသာ စွမ်းအားအပြည့်နဲ့
တိုက်ခိုက်လိမ့်မယ် "

အဲ့ဒီနောက် ကျောင်းသားတွေအားလုံးကို ကြည့်ရင်း
မေးလိုက်ပါတယ်။

" မင်းတို့ကိုယ်မင်းတို့ ပြန်မေးကြည့်ကြစမ်း
လေစိတ်ဝိညာဉ်ဝံပုလွေပေါ်လာတဲ့အချိန်မှာ
မင်းတို့ကြောက်လန့်ကြသလား "

ကျောင်းသားအများစုက ခေါင်းငုံ့လိုက်ကြပါတယ်။

ဝမ်ယန်ဆက်ပြောလိုက်တယ်။

"ဒါက မင်းတို့တွေ ကြောက်လန့်တာကြောင့်
ဖြစ်လာတဲ့ကိစ္စမဟုတ်ဘူး ..မင်းတို့မှာ
ဝိညာဉ်သားရဲကောင်တွေနဲ့

တိုက်ခိုက်ရေးအတွေ့အကြုံမရှိတဲ့အတွက်
ဖြစ်လာခဲ့တာပဲ အကယ်၍ မင်းတို့သာ
အစွမ်းအစတူညီတဲ့
အတန်းဖော်သူငယ်ချင်းတစ်ယောက်နဲ့
တိုက်ခိုက်ရမယ်ဆိုရင် ကြောက်လန့်နေမလား
ဒါပေါ့ ဘယ်ကြောက်လန့်မလဲ
ဘာကြောင့်လဲဆိုတော့
မင်းတို့ရဲ့အတန်းဖော်သူငယ်ချင်းက မင်းတို့ကို
ထိခိုက်အောင်မလုပ်နိုင်ဘူးလို့ ယုံကြည်ထားလို့ပဲ
ဒါဆိုရင် ဝိညာဉ်သားရဲကောင်တွေက
သန်မာတယ်လို့ထင်လား
ငါတို့ဝိညာဉ်ပညာရှင်တွေက

သန့်မာတယ်လို့ထင်လား သေချာတဲ့အဖြေတစ်ခုကို မင်းတို့ဆီငါပေးနိုင်တယ်..နှစ်ဖက်စလုံးရဲ့ကျင့်ကြံဆင့်တူညီနေတဲ့အချိန်မှာ ငါတို့ဝိညာဉ်ပညာရှင်တွေက သူတို့ရဲ့ထိပ်ကိုသေချာပေါက်ရောက်နိုင်တယ် "

အဲ့ဒီနောက် သူလက်ကိုမြှောက်ရင်း ခေါင်းကိုညွှန်ပြလိုက်ပါတယ်။

" ဘာကြောင့်လဲဆိုတော့ ငါတို့လူသားတွေက အသိဉာဏ်ပညာကို ပိုင်ဆိုင်ထားလို့ပဲ မင်းတို့ရဲ့ မင်းတို့တွေ

ဝိညာဉ်သားရဲကောင်တွေကိုကြောက်လန့်ကြတာ
သူတို့က အသိဉာဏ်နိမ့်ပါးကြလို့မဟုတ်လား
ဒါ့အပြင် သူတို့က သတ်ဖြတ်ဖို့အတွက်
နှစ်ခေါက်တွေးနေမှာမဟုတ်ဘူး...ဒီလိုဝိညာဉ်သားရဲ
ကောင်တွေရဲ့တိုက်ခိုက်မှုနည်းစနစ်ကို မင်းတို့တွေ
ကျင့်သားရကြည့်ပါလား
တကယ်ကိုကြောက်စရာကောင်းတဲ့ သူတွေက
ဝိညာဉ်သားရဲကောင်တွေမဟုတ်ပဲ ငါတို့လို
ဝိညာဉ်ပညာရှင်ဆိုတာ
ရှာဖွေတွေ့ရှိသွားလိမ့်မယ်..ငါတို့က
သိုင်းပညာဝိညာဉ်နဲ့ ဝိညာဉ်စွမ်းရည်တွေကို
အသုံးချပြီး နည်းစနစ်ပေါင်းအများကြီးကို

အသုံးပြုနိုင်တယ်..ဒါပေမယ့်

မှတ်ထားစရာတော့တစ်ခုရှိတယ်..နည်းစနစ်ကဘ

ယ်လောက်ပဲ ထူးချွန်နေပါစေ ဝိညာဉ်စွမ်းရည်က

ဘယ်လောက်ပဲအားကောင်းနေပါစေ

သတ္တိရှိတဲ့သူမှာပါ အစွမ်းအစအစစ်ကို

ထုတ်ပြနိုင်မှာ ဒါ့အပြင် အတန်းတင်စာမေးပွဲကလဲ

မင်းတို့အနေနဲ့ ကျောင်းမှာဆက်ပြီ နေနိုင်မလား

မနေနိုင်လားဘူးဆိုတာကို

ဆုံးဖြတ်ပေးတယ်...နောက်တစ်နည်းပြောရမယ်ဆို

ရင် အနာဂတ်ကို ဆုံးဖြတ်ပေးမဲ့ အဆုံးအဖြတ်ပဲ

ဒီနေ့သတ္တိကို တိုးတက်စေဖို့အတွက်

သင်ခန်းစာလေးတစ်ခုရလိမ့်မယ်...ယွိဟောင်မှာ

သူ့ရဲ့ဝိညာဉ်စက်ကွင်းတွေကို အရှိန်အဝါကော

အရောင်ကောပြောင်းလဲနိုင်တဲ့အစွမ်းအစတစ်ခုရှိ

တယ်...ဒါကြောင့် အားလုံးအနေနဲ့

မင်းတို့သိုင်းပညာဝိညာဉ်ကို

မထုတ်လွှတ်မိစေဖို့အတွက်

စမ်းသပ်လေ့ကျင့်ခံရမယ်...မင်းတို့ခံစားနေရတဲ့ဖိ

အားက ဘယ်လောက်ပဲကြီးမားပါစေ

ကိုယ့်ကိုကိုယ်တည်ငြိမ်အောင်ထိန်းကြ

ဟို့ယွိဟောင် စလို့ရပြီ "

ဟို့ယွိဟောင် ခေါင်းညိတ်လိုက်ပါတယ်။

သူ့ရဲ့မျက်လုံးထဲမှာရွှေရောင်အလင်းတန်းက

တောက်ပလာခဲ့ပါပြီ။ တစ်ချိန်ထဲမှာပဲ
ဆယ့်နှစ်ဝိညာဉ်စက်ကွင်းနဲ့
တူညီတဲ့အဖြူရောင်ဝိညာဉ်စက်ကွင်းတစ်ခုက
ထွက်ပေါ်လာပါတော့တယ်။

ဒီတစ်ကြိမ်မှာ ဝမ်ယန်က သူ့ကိုခေါ် ပြီ
မေးခွန်းတစ်ချို့မေးခဲ့တာ
တခြားကျောင်းသားတွေကို
ကူညီဖို့သဘောတူမလားဆိုတဲ့ကိစ္စပါ။
ဟို့ယွှိဟောင်အနေနဲ့လဲ သူ့ရဲ့ဝိညာဉ်စွမ်းရည်တွေ
ဘယ်လိုအလုပ်လုပ်တယ်ဆိုတဲ့အကြောင်း
အတိုချုပ်ရှင်းပြခဲ့ပါတယ်။ မဟုတ်လို့ကတော့

ဝမ်ယန်အနေနဲ့ ဒါမျိုးကိစ္စကိုလုပ်ဖို့
သူတောင်းဆိုနေမှာမဟုတ်ပါဘူး။

ဟို့ယွိဟောင်လဲ မတွေ့ဝေတော့ပဲ
ချက်ချင်းသဘောတူလိုက်ပါတယ်။
သူကနောက်ဆုံးတော့လဲ အတန်းခေါင်းဆောင်ပါ
ဒါကြောင့် သူ့အတန်းဖော်သူငယ်ချင်းတွေကို
ကူညီပေးချင်ပါတယ်။ လက်ရှိအချိန်မှာ
သူ့ရဲ့အသွင်တူ တုပတဲ့စွမ်းရည်ကို
ဖုံးကွယ်မထားနိုင်တော့ပါဘူး။ ဒါကြောင့် ဒီအရာကို
ထုတ်သုံးဖို့အတွက် ဆုံးဖြတ်လိုက်ပါတော့တယ်။
သူအနေနဲ့ ကောင်းကင်အိပ်မက်ရေခဲပိုးကောင်ရဲ့

ညွှန်ကြားချက်ကိုမှီခိုရုံနဲ့တင်

ဝိညာဉ်သားရဲကောင်တွေအများကြီးကို

ခြောက်လန့်စေနိုင်ခဲ့တာပါ။

နောက်တစ်နည်းအရပြောရမယ်ဆိုရင်

ဟို့ယွိဟောင်အနေနဲ့လဲ

သူ့စွမ်းရည်ရဲ့အပြောင်းအလဲဖြစ်နိုင်ချေတွေအများ

ကြီးကို အတွေ့အကြုံရသွားစေခဲ့ပါတယ်။

အဖြူရောင်ဝိညာဉ်စက်ကွင်းတွေက

ကျောင်းသားတွေရဲ့မျက်စိရှေ့မှာသိပ်ပြီ

အကျိုးမရှိတဲ့ပုံပါပဲ။ သူတို့ရဲ့အရောင်ကတော့

အဖြူရောင်ကနေ
အဝါရောင်ကိုပြောင်းလဲသွားခဲ့ပါတယ်။

ရုတ်တရက်ဝိညာဉ်စက်ကွင်းတွေရဲ့
အရောင်ပြောင်းလဲသွားတာကိုကြည့်ရင်း
ကျောင်းသားတွေအားလုံး လန့်သွားခဲ့ရတယ်။
ဒီစွမ်းရည်က တကယ်ထူးဆန်းတာအမှန်ပါပဲ။
ဟိုယွီဟောင်ရဲ့ဝိညာဉ်စက်ကွင်းတွေကို
အမှန်တကယ်အရောင်ပြောင်းလဲစေနိုင်ပါတယ်။

ဝမ်ယန်က ပြောလာခဲ့တယ်။

" အဖြူရောင်ကဆယ့်နှစ်ဝိညာဉ်စက်ကွင်းကို

ကိုယ်စားပြုတယ်...ဒါ့အပြင် အဆင့်အနိမ့်ဆုံးပဲ

အဝါရောင်ကတော့

နှစ်တစ်ရာဝိညာဉ်စက်ကွင်းကိုကိုယ်စားပြုတယ်..ဒီ

ဝိညာဉ်စက်ကွင်းရဲ့အရောင်က

သက်တမ်းအလိုက်ပြောင်းလဲတယ်....မင်းတို့

ဘာကြောင့်ဒီလိုဖြစ်ရလဲ သိလား

ဘာကြောင့်လဲဆိုတော့

အထဲမှာစွမ်းအင်တွေအများကြီး

ဖိနှိပ်ခံထားရလို့လေ ဒါ့အပြင်

ဝိညာဉ်စွမ်းရည်တွေကလဲ

ဒီစွမ်းအားအပေါ်မူတည်ပြီ
အမျိုးမျိုးကွာခြားသွားကြတယ်..အဆင့်နိမ့်တဲ့ဝိညာ
ဉ်စက်ကွင်းတွေက
စွမ်းအားမကောင်းဘူးဆိုတာလုံးဝမဟုတ်ဘူး "

အဝါရောင်ဝိညာဉ်စက်ကွင်းတွေက
ခရမ်းရောင်အဖြစ်ကို ပြောင်းလဲပြန်သွားပါတယ်။
နှစ်တစ်ထောင်ဝိညာဉ်စက်ကွင်းတွေအဖြစ်ပုံစံပြော
င်းပြီတဲ့နောက် ဟို့ယွိဟောင်ရဲ့ခန္ဓာကိုယ်က
သိသာထင်ရှားတဲ့ဖိအားအဖြစ်ကို
ရောက်ရှိသွားခဲ့ပါပြီ။ ကျောင်းသားတစ်ချို့ကလဲ
စတင်ပြီစိုးရိမ်လာကြပါတော့တယ်။ ဒါ့အပြင်

ဒီအတန်းထဲမှာ နှစ်တစ်ထောင်ဝိညာဉ်စက်ကွင်းကို
ပိုင်ဆိုင်ထားတဲ့သူက ဟို့ယွိဟောင်အပြင်
ဝမ်သုန့်တစ်ယောက်ပဲရှိတာပါ။

" အားလုံးသတိထားကြတော့ "'

ဟို့ယွိဟောင်က ထအော်လိုက်ပါတယ်။
နှစ်တစ်ထောင်ဝိညာဉ်စက်ကွင်းတွေက
နောက်တစ်ကြိမ် ပြောင်းလဲသွားရင်း
ခရမ်းရောင်ကနေ ပိုပိုမှောင်မိုက်လာပြီ
အနက်ရောင်အဖြစ်ကိုပြောင်းလဲသွားပါတော့တယ်

။ ဒီစာသင်ခန်းက

သားရဲကောင်တိုက်ခိုက်ရေးနယ်မြေလို

မကျယ်ဝန်းပါဘူး။

နှစ်တစ်သောင်းဝိညာဉ်စက်ကွင်းတွေရဲ့

ပေါ်ထွက်လာခဲ့မှုက ကြီးမားပြင်းထန်တဲ့ ဖိအားကို

ဟိုဲ့ယွိဟောင်ရဲ့ခန္ဓာကိုယ်ပေါ် ဗဟိုပြုရင်း

ထွက်ပေါ်လာခဲ့ပါပြီ။ ဒီတစ်ကြိမ်မှာ

ဟိုဲ့ယွိဟောင်အနေနဲ့ ရေခဲကေရီရဲ့

အရှိန်အဝါတွေကို သိပ်မသုံးပဲထားထားခဲ့တာပါ။

ဒါပေမယ့်

ဒီလိုအရှိန်အဝါပြောင်းလဲလိုက်ချိန်မှာတော့

ကြောက်စရာဝိညာဉ်သားရဲကောင်ကြီးတစ်ကောင်

ဖြစ်ပေါ်လာသလိုပါပဲ။ ဒါ့အပြင်
နှစ်တစ်သောင်းဝိညာဉ်စက်ကွင်းနှစ်ကွင်းရှိနေခဲ့တာ
ကြောင့် အရှိန်အဝါက ကျောင်းသားတွေကို
ဆက်တိုက်ဆိုသလို
ချေမွပြစ်မဲ့အတိုင်းရှိနေခဲ့ပါတယ်။

အားနည်းတဲ့ကျောင်းသားတချို့ကတော့
ခန္ဓာကိုယ်ထဲမှာ ဝိညာဉ်စက်ကွင်းတွေကို
ထုတ်လွှတ်နေခဲ့မိပါပြီ။ ဒါပေမယ့်
သူတို့ရဲ့မျက်နှာတွေက ပိုပြီး ဖြူဖျော့နေခဲ့တာပါ။

ဝမ်ယန်ကတော့ မျက်မှောင်ကြုတ်ရင်း
ဟိုယွိဟောင်ကို ပြောလိုက်ပါတယ်။

" နောက်ထပ် ထပ်ပြီ မတိုးမြင့်လိုက်နဲ့တော့
ဒီအတိုင်းအရှိန်အဟုန်ကို ဆက်ထိန်းထားလိုက် "

ကျောင်းသားတွေအနေနဲ့ ဟိုယွိဟောင်သာ
နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းကို
ထုတ်သုံးလို့ကတော့ ဒီနေရာက ရှိရှိသမျှ
လူတွေအကုန်လုံး ပြန်တုန့်ပြန်မိမှာကို
တွေးမိလိုက်လို့ပါ။ ဒါ့အပြင်

ကျဉ်းမြောင်တဲ့စာသင်ခန်းထဲမှာ
အဲ့ဒီလိုအဖြစ်မျိုးကိုလဲ မကြုံချင်ပါဘူး။
နှစ်တစ်သောင်းဝိညာဉ်စက်ကွင်းရဲ့အခြေအနေကို
ထိန်းထားနိုင်ဖို့ကတင်
အကောင်းဆုံးအခြေအနေဖြစ်နေခဲ့ပါပြီ။

နှစ်တစ်သောင်းအထိ ကျင့်ကြံပြီတဲ့နောက်
ဝိညာဉ်သားရဲကောင်တွေရဲ့အရည်အသွေးက
ပြောင်းလဲသွားခဲ့တယ်။
ပုံမှန်အတိုင်းသာပြောရမယ်ဆိုရင်
လူသားတွေအနေနဲ့
ဝိညာဉ်သားရဲကောင်ကိုတစ်ယောက်ထဲ

တိုက်ခိုက်နိုင်ဖို့အနည်းဆုံးဝိညာဉ်စက်ကွင်းခြောက်

ကွင်း လိုအပ်လိမ့်မယ်။

နှစ်ပေါင်းသုံးသောင်းဝိညာဉ်သားရဲကောင်ကို

ရင်ဆိုင်ချင်တယ်ဆိုရင်

ဝိညာဉ်စက်ကွင်းခုနှစ်ကွင်းအထက် ပိုလိုအပ်မယ်။

ဒါ့အပြင် သိုင်းပညာဝိညာဉ်တစ်ခုရဲ့

စစ်မှန်တဲ့ခန္ဓာကိုယ်ကို ရရှိဖို့ကြိုးစားနိုင်တဲ့အရာပဲ

အစောပိုင်းမှာ ငါပြောခဲ့ဖူးတယ်မလား

ဝိညာဉ်ပညာရှင်တွေအနေနဲ့

အဆင့်တူဝိညာဉ်သားရဲကောင်ထက် ပိုပြီး

သန်မာနိုင်တယ်။ ဒါပေမယ့်

သော်ေ့လော့တိုက်ရဲ့သမိုင်းတစ်လျှောက်မှာ

အသန်မာဆုံးဝိညာဉ်သားရဲကောင်ကို
ကျော်ဖြတ်နိုင်တဲ့
ဝိညာဉ်ပညာရှင်ရှိခဲ့တယ်ဆိုတာက
တစ်ခေါက်ပဲကြားခဲ့ဖူးသေးတယ်။ အဲ့ဒါကလဲ
အမျက်ဒေါသကျောင်းတော်ရဲ့ မိစ္ဆာခုနှစ်ဖော်
ပထမမျိုးဆက်မှာဖြစ်ခဲ့တာ ဒါ့အပြင် ထန်မျိုးနွယ်ရဲ့
အဓိကတည်ထောင်သူဖြစ်တဲ့ အသူရာထန်စန်းက
အကောင်းဆုံးဥပမာပဲ
အချိန်အတိုင်းအတာတစ်ခုအထိ ငါတို့ရဲ့
လူသားတွေက သားရဲကောင်တွေထက် ပိုပြီး
သန်မာခဲ့တယ်။ ဒါ့အပြင် ငါတို့အနေနဲ့လဲ

ဝိညာဉ်သားရဲကောင်တွေကို ဘယ်လိုပဲသန်မာပါစေ

အဆင့်တူရင်တော့ မတိုက်ခိုက်နိုင်ခဲ့ဘူး "

" နှစ်ပေါင်းတစ်သိန်းအထက်ကို ကျော်လွန်သွားတဲ့

ဝိညာဉ်သားရဲကောင်တွေအတွက်တော့

သော့်လော့ပညာရှင်တွေတောင်

တစ်ယောက်ထဲတိုက်ခိုက်ဖို့ ခက်ခဲလိမ့်မယ်..

ဘာကြောင့်လဲဆိုတော့

အဲ့ဒီလိုနှစ်တစ်သိန်းထက်ကျော်လွန်သွားတဲ့

ဝိညာဉ်သားရဲကောင်တွေမှာ

အရမ်းကိုအားကောင်းတဲ့

အမွေခံသွေးတစ်မျိုးပိုင်ဆိုင်ထားခဲ့လို့ပဲ ဒါ့အပြင်

နှစ်တစ်သိန်းဝိညာဉ်သားရဲကောင်ကို
တိုက်ခိုက်နိုင်ဖို့အတွက်
အဆင့်ကိုးဆယ့်ငါးအထက်ရောက်တဲ့
သော်ွလော့တွေမှသာ ဖြစ်နိုင်မှာပါ..ဒါ့အပြင်
သူတို့တွေအနေနဲ့လဲ ဝိညာဉ်အရိုးတွေကိုလဲ
တော်တော်များများ ပိုင်ဆိုင်ထားရဦးမယ် "

" ဝိညာဉ်သားရဲကောင်ရေလှိုင်းကြီးတစ်ခုကသာ
မဟာကြယ်တာရာသစ်တောထဲမှာ
ထွက်ပေါ်လာပြီဆိုရင် သေချာပေါက်
ငါတို့ကျောင်းတော်ကို
လာတိုက်ခိုက်တယ်..အဲ့ဒီအချိန်မှာ

ငါတို့ကျောင်းတော်အနေနဲ့လဲ

ကြီးမားတဲ့အဆုံးအရှုံးကို

ခံစားရတယ်..မဟာကြွယ်တာရာသစ်တောထဲမှာ

နှစ်ပေါင်းတစ်သိန်းထက်

ကျော်လွန်တဲ့ဝိညာဉ်သားရဲကောင်တွေရှိနေတာ

အမှန်ပဲ ဒါ့အပြင် နှစ်ပေါင်းတစ်သိန်းဆိုတာက

ဝိညာဉ်သားရဲကောင်တွေအတွက်လဲ

အကန့်အသတ်တစ်ခုမဟုတ်သေးဘူး..တချို့ဝိညာဉ်

သားရဲကောင်တွေက မိုးကောင်းကင်ကနေ

ချီးမြှင့်ထားတဲ့ ကောင်းချီးမင်္ဂလာကို

ခံစားကြရတယ်...ဒါ့အပြင် သူတို့ရဲ့ကျင့်ကြံဆင့်ကို

မှီခိုပြီး နှစ်ပေါင်းတစ်သိန်းအထက်ကိုတောင်

ကျော်လွန်နိုင်တယ်..ပြီးရင်း လုံးဝကို
အသစ်ပြောင်းလဲသွားတဲ့နယ်ပယ်တစ်ခုကို
ရောက်ရှိနိုင်တယ်...အဲ့ဒီဝိညာဉ်သားရဲကောင်တွေ
အားလုံးကို
ထူးကဲသာလွန်ဝိညာဉ်သားရဲကောင်တွေလို့
ခေါ်ဆိုကြတယ်...ဒါ့အပြင်
မဟာကြယ်တာရာသစ်တောထဲမှာတောင်
ဒီလိုထူးကဲသာလွန်တဲ့
ဝိညာဉ်သားရဲကောင်တွေရှိနေသေးတယ်...ငါတို့ဝိ
ညာဉ်ပညာရှင်တွေအတွက်
နှစ်တစ်သိန်းဝိညာဉ်သားရဲကောင်တွေဆိုတာက
ပထမတန်းစားရတနာတွေပဲ အကယ်၍ ငါတို့သာ

နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းနဲ့
ဝိညာဉ်အရိုးတစ်ခုရှိလာခဲ့မယ်ဆိုရင်
ဝိညာဉ်စွမ်းရည်က
စုစုပေါင်းလေးခုရလာလိမ့်မယ်....ဒါပေမယ့်
ထူးကဲသာလွန်တဲ့
ဝိညာဉ်သားရဲကောင်တွေဆိုတာက
ကပ်ဆိုးတွေနဲ့လဲ တူညီတယ်..ငါတို့တွေက
သူတို့တွေကို သတ်ဖြတ်ဖို့အတွက်
တန်ဖိုးတွေအများကြီးပေးဆပ်ရရုံတင်မက
သူတို့ခန္ဓာကိုယ်ကနေ တန်ဖိုးကြီးတဲ့အရာကို
ရယူနိုင်ဖို့ဆိုတာ ပိုလို့တောင်
ခက်ခဲသေးတယ်...ဘာကြောင့်လဲဆိုတော့

သူထုတ်လွှတ်တဲ့ဝိညာဉ်စက်ကွင်းတွေက

ငါတို့အလွယ်လေး စုပ်ယူနိုင်တဲ့အရာမဟုတ်သလိုပဲ

ဝိညာဉ်ပညာရှင်တွေရဲ့ခန္ဓာကိုယ်က

သူတို့ရဲ့စွမ်းအင်ကို

မခံနိုင်လောက်တဲ့အနေအထားမှာ ရှိနေလိမ့်မယ် "

ကျိုးစီချန်က စိတ်မထိန်းနိုင်ပဲ မေးလာခဲ့ပါတယ်။

" ဆရာဝမ် သော်ေ့လော့တွေတောင်

ဒါကိုမစုပ်ယူနိုင်ဘူးမလား ကျွန်တော်တို့

အဆင့်ကိုးဆယ့်အထက်ကို ရောက်လို့ရှိရင်း

သော်ႛလော့ဖြစ်လာမယ်ဟုတ် ဒါဆိုရင်
ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ကကော
အရည်အသွေးပြောင်းလဲမှုဖြစ်မသွားဘူးလား "

သူပြောပြီးချိန်မှာပဲ ချက်ချင်းမျက်နှာက
ဖြူဖျော့လို့သွားပါတော့တယ်။
ဘာကြောင့်လဲဆိုတော့ ဟို့ယွိဟောင်က
နှစ်ပေါင်းတစ်သိန်းဝိညာဉ်သားရဲကောင်ရဲ့အရှိန်အ
ဝါကို ဆက်တိုက်ဆိုသလို
ထုတ်လွှတ်နေခဲ့တာကြောင့်
သားရဲကောင်တွေရဲ့စိတ်ကိုဒီအရာက
ဆက်တိုက်ဆိုသလို တိုက်ခိုက်နေခဲ့လို့ပါ။ ဒါ့အပြင်

သူတို့အနေနဲ့လဲ စကားတစ်ခွန်းပြောဖို့တောင် အများကြီးအာရုံစိုက်နေခဲ့ရပါတယ်။ စိတ်ထဲက အကြောက်တရားကို ဆက်တိုက်ဆိုသလို ဖိနှိမ့်ရင်း ကျော်လွှန်နိုင်ဖို့အတွက် ကြိုးစားနေခဲ့ရတယ်။

ဝမ်ယန်ကတော့ ပြန်ဖြေလိုက်ပါတယ်။

" မင်းက ဒီမေးခွန်းတွေကိုမေးတာ လူတွေသိထားနိုင်တဲ့အနေအထားထက် ကျော်လွှန်နေတာပဲ အဆင့်တက်တဲ့စာမေးပွဲပြီးရင် သူတို့တွေက မင်းကို

သေချာပေါက်အိမ်ပြန်ပို့လိမ့်မယ်...သော်္လော့တ
စ်ယောက်မှာ
ဝိညာဉ်စက်ကွင်းဘယ်နှစ်ကွင်းရှိလဲထင်လဲ "

" ကိုးကွင်းပေါ့ "

သူပြောပြီတဲ့နောက် ကျိုးစီချန်လဲ
ချက်ချင်းနားလည်သွားတော့တယ်။

သော်္လော့တွေမှာဝိညာဉ်စက်ကွင်းကိုးကွင်းရှိတာ
အမှန်ပါ။ ဒါ့အပြင် သူတို့တွေက လူသားတွေထဲမှာ

အမြင့်ဆုံးအဆင့်ပါပဲ။ နောက်ထပ်
ဝိညာဉ်စက်ကွင်းတစ်ကွင်းသာ တိုးလာခဲ့ရင်း
ဘာဖြစ်မလဲ။

ဝမ်ယန်က ပြုံးပြနေခဲ့ပါတယ်။

" နောက်ဆုံးတော့ မင်းအမှားကို
မင်းနားလည်သွားပြီပေါ့ စိတ်ထဲက
အကြောက်တရားကို အမြန်ဆုံးကြိုးစားပြီ
ခုခံကြည့်လိုက်စမ်း ဆရာအနေနဲ့

မင်းကိုလျှို့ဝှက်ချက်တစ်ခုပြောပြမယ်..ဒီလျှို့ဝှက်ချက်ကတော့ ထိပ်တန်းအဆင့်ဝိညာဉ်စက်ကွင်းပဲ "

ကျောင်းသားတွေကတော့ ဝမ်ယန်ရဲ့စကားဆွဲဆောင်တာ ခံလိုက်ရတာကြောင့် စိတ်ထဲက အကြောက်တရားတောင် အတော်လေး ပျောက်သွားခဲ့ပါပြီ။ ဒါ့အပြင် သိုင်းပညာဝိညာဉ်ကို ထုတ်သုံးထားတဲ့ကျောင်းသားတွေလဲပြန်ပြီး သိမ်းဖို့ကြိုးစားနေခဲ့ပါတယ်။

ဝမ်ယန်က ဆက်ပြောလာခဲ့တယ်။

" ကျိုးစီချုန် ပြောလိုက်တဲ့ကိစ္စက ပြောရမယ်ဆိုရင်
သာမန်လူတွေမသိသင့်တဲ့ကိစ္စပဲ ဒါပေမယ့်
ငါမင်းတို့ကို
ပြောပြပေးပါ့မယ်..ငါတို့သော်ေ့လော့တိုက်ရဲ့
သမိုင်းတစ်လျှောက်မှာ
ဝိညာဉ်စက်ကွင်းဆယ့်ကွင်းရှိတဲ့ဝိညာဉ်ပညာရှင်
တွေ မပေါ်ထွန်းခဲ့တာတော့ မဟုတ်ဘူး...ဒါပေမယ့်
အဲ့ဒီလျှို့ဝှက်ချက်သတင်းက
ငါတို့ကျောင်းတော်ထဲမှာ မှတ်တမ်းတင်ထားတယ်
"

ဝိညာဉ်စက်ကွင်းဆယ့်ကွင်းဆိုတဲ့စကားကို ကြားပြီးချိန်မှာ ကျောင်းသားတွေအားလုံး ထိတ်လန့်သွားပါတော့တယ်။ သူတို့တွေ ပိုပြီးတော့အာရုံစိုက်လာခဲ့ကြပါပြီ။

" သိုင်းပညာဝိညာဉ်တွေနဲ့ ဝိညာဉ်စက်ကွင်းတွေအကြောင်း ငါလေ့လာနေရတဲ့အဓိက အကြောင်းအရင်းတွေကို မင်းတို့မသိကြဘူးမလား ငါအများကြီးလေ့လာပြီတဲ့နောက် ဝိညာဉ်စက်ကွင်းဆယ့်ကွင်းရှိလာနိုင်တယ်လို့ မင်းတို့ကို

အာမခံချက်အပြည့်ပေးနိုင်တယ်...ဒါ့အပြင်

ဝိညာဉ်စက်ကွင်းဆယ့်ကွင်းရှိတာက

နတ်ဘုရားတစ်ပါးဆိုတဲ့

ဖြစ်တည်မှုကိုရရှိစေလိမ့်မယ်...ငါတို့ကျောင်းတော်

ရဲ့မှတ်တမ်းထဲမှာက

ဝိညာဉ်စက်ကွင်းဆယ့်ကွင်းပိုင်ဆိုင်ထားတဲ့သူတစ်

ယောက်အကြောင်းကို မှတ်တမ်းတွေတချို့

တင်ထားတယ်..ဒါ့အပြင်

နတ်ဘုရားအဆင့်စွမ်းအားရှင်တဲ့ အဲ့ဒီလူက

ငါခုနတုန်းကလဲ ပြောဖူးပါတယ်..ထန်မျိုးနွယ်ရဲ့

တည်ထောင်သူ ထန်စန်းပဲ

သူ့ရဲ့အမွှာဝိညာဉ်နှစ်ခုထဲမှာ

အဓိကသိုင်းပညာဝိညာဉ်ဖြစ်တဲ့အပြာရောင်ငွေကောရာဇ်က ဝိညာဉ်စက်ကွင်းဆယ့်ကွင်းကို ပိုင်ဆိုင်ထားတယ်...နောက်ပိုင်းမျိုးဆက်သစ်တွေရဲ့ လေ့လာမှုတွေအရဆိုရင် အဲ့ဒါကိုနတ်ဘုရားအဆင့် ဝိညာဉ်စက်ကွင်းလို့ခေါ်ဆိုကြတယ်တဲ့ "

အပိုင်း ၅၀•၁ ပြီး၏။

အပိုင်း ၅၀•၂

" ဘိုးဘေးကြီးထန်စန်း "

...

ကျောင်းတော်ထဲမှာရှိရှိသမျှ ကျောင်းသားတွေထဲ ဝမ်သုန့်တစ်ယောက်ရဲ့ မျက်နှာကသာဖိအားအနည်းဆုံးဖြစ်နေခဲ့ပါတယ်။ သူက ဟို့ယွိဟောင်နဲ့အရမ်းကို ရင်းနှီးတဲ့သူဖြစ်ပြီ သူတို့နှစ်ယောက်က သိုင်းပညာဝိညာဉ်တွေကို ပေါင်းစည်းလို့ထားခဲ့တာပါ။ ဒါကြောင့် ဟို့ယွိဟောင် ဘယ်လိုစွမ်းရည်ပဲအသုံးပြုပါစေ သူ့အနေနဲ့ ဘယ်လိုခြိမ်းခြောက်မှုမျိုးကိုမှ မခံစားရပါဘူး။ ဝမ်ယန်ရဲ့စကားတွေကို ကြားချိန်မှာတော့ သူမေးလိုက်ပါတော့တယ်။

" ဆရာဝမ် နတ်ဘုရားအဆင့်ရဲ့အရောင်က
ဘာအရောင်လဲ "

ဝမ်ယန် ပြန်ဖြေလိုက်ပါတယ်။

" ငါလဲသေချာမသိဘူး
သမိုင်းမှတ်တမ်းတွေအရတော့
ဘိုးဘေးကြီးထန်စန်းရဲ့
ကိုးခုမြောက်ဝိညာဉ်စက်ကွင်းက
ရွှေရောင်နဲ့အပြာရောင်ရောစပ်ထားတယ်တဲ့
သူ့ရဲ့ဒုတိယသိုင်းပညာဝိညာဉ်က

ကောင်းကင်ဖြူခွင်တူ ဒါကြောင့်

ကိုးခုမြောက်စက်ကွင်းမှာလဲ

မတူညီတဲ့အရောင်ရှိတယ်...အဲ့ဒါကတော့

ရွှေရောင်ရင့်ရင့်ပဲ ဒါ့အပြင်

နတ်ဘုရားအဆင့်ဝိညာဉ်စက်ကွင်းလဲ

ဖြစ်နိုင်ချေများပါတယ်...ဒီအရာကို အခြေခံပြီတော့

ငါတို့တွက်ချက်ထားနိုင်တဲ့အရာက

နတ်ဘုရားအဆင့်ဝိညာဉ်စက်ကွင်းတွေအားလုံးမှာ

မတူညီပဲပြိုင်ဘက်ကင်းတဲ့

ရုပ်သွင်တွေရှိလိမ့်မယ်."

ဝမ်သုန့်က မေးလိုက်ပါတယ်။

" ဆယ့်ခုမြောက်ဝိညာဉ်စက်ကွင်းက

နတ်ဘုရားဝိညာဉ်စက်ကွင်းဖြစ်နိုင်တယ်လို့

ဆရာပြောခဲ့တယ်မဟုတ်လား

ဘိုးဘေးကြီးထန်စန်းရဲ့

ကိုးခုမြောက်စက်ကွင်းကရော

ဘယ်လိုလုပ်နတ်ဘုရားအဆင့်ရောက်သွားနိုင်တာ

လဲ "

ဝမ်ယန်က ပြုံးပြရင်းပြောလိုက်ပါတယ်။

" ပထမဆုံးအနေနဲ့ ဒဏ္ဍာရီလား
ဝိညာဉ်သားရဲကောင်တစ်ကောင်အကြောင်းကို
ငါတို့ပြောရလိမ့်မယ်..ကျောင်းတော်ထဲက
ဆရာတွေထဲမှာတောင် တချို့တလေကပဲ
ဒီလျှို့ဝှက်ချက်ကို သိတာ..ဒဏ္ဍာရီလား
ဝိညာဉ်သားရဲကောင်က ပင်လယ်နတ်
နတ်ဆိုးဝေလငါး ကေရာဇ်လို့ခေါ်တယ်...ဒါ့အပြင်
သူ့ရဲ့ကျင့်ကြံဆင့်က နှစ်ပေါင်းတစ်သန်းနီးပါးကို
ရှိနေခဲ့ပြီ ဒါပေမယ့် ဘယ်လိုနည်းလမ်းနဲ့များ သူက
နှစ်ပေါင်းတစ်သန်းကို ကျော်လွန်သွားလဲဆိုတာ
မသိရဘူး..ဒါ့အပြင် ငါတို့ရဲ့
သမိုင်းမှတ်တမ်းတွေအရ

ဘိုးဘေးကြီးထန်စန်းအနေနဲ့ သူကို
ဝိညာဉ်စက်ကွင်းအဖြစ်စုပ်ယူရင်း ခန္ဓာကိုယ်နဲ့
ပေါင်းစည်းခဲ့တယ်... ဒါ့အပြင် သူ့ရဲ့
ရရှိလာတဲ့ဝိညာဉ်စက်ကွင်းအရောင်က
ရွှေရောင်ရင့်ရင့်ဖြစ်သွားခဲ့တယ်တဲ့
ဘိုးဘေးကြီးထန်စန်းအနေနဲ့လဲ အဲ့ဒီအခြေအနေမှာ
သူ့ရဲ့ကျင့်ကြံဆင့်က အဆုံးစွန်းအထိ
တိုးတက်သွားပြီးပြီ ဒါကြောင့် ပြောရမယ်ဆိုရင်
ဝိညာဉ်စွမ်းအားက အဆင့်တစ်ရာကို
ရောက်ရှိသွားပြီဖြစ်တာကြောင့်
နတ်ဘုရားတစ်ပါးဖြစ်လာခဲ့တယ်...သူ့ရဲ့မူလသိုင်းပ

ညာဝိညာဉ်လဲ ဆယ့်ခုမြောက်ဝိညာဉ်စက်ကွင်းကို ရသွားခဲ့တယ် "

ဝမ်ယန် ဒါကိုပြောပြီးချိန်မှာပဲ ဟို့ယွိဟောင်ရဲ့အကြည့်က တွေဝေသွားပါတော့တယ်။ နှစ်တစ်သန်းဝိညာဉ်စက်ကွင်းတွေက အတိတ်အချိန်မှာ ပေါ်ထွက်လာခဲ့ဖူးတဲ့ အကြောင်းကိုကြားတဲ့အတွက် သူအတော်လေးကို ဘာပြောရမယ်မှန်းမသိ ဖြစ်သွားခဲ့ရတာပါ။

ဒီတစ်ကြိမ်မှာ စိတ်မထိန်းနိုင်ပဲ

မေးလိုက်မိပါတော့တယ်။

" ဆရာဝမ် ပင်လယ်နတ်

နတ်ဆိုးဝေလငါးကေရာဇ်က တကယ်ပဲ

နှစ်တစ်သန်းအထိကို တကယ်ပဲရောက်ရှိခဲ့တာလား

"

ဝမ်ယန်က ခေါင်းခါလိုက်ပါတယ်။

" တကယ်ဖြစ်ခဲ့တဲ့ကိစ္စတွေက ပိုပြီး

ရှုပ်ထွေးတယ်...ငါတို့တွေ နှစ်ပေါင်းသောင်းနဲ့ချီပြီ

လေ့လာခဲ့တာအရ ဝိညာဉ်သားရဲကောင်တွေရဲ့

မူလသက်တမ်းက နှစ်ပေါင်းတစ်သိန်းနဲ့အထက်

ရှိနိုင်တာအလွန်ဆုံးပဲ သူတို့တွေ အဲ့ဒီသက်တမ်းကို

ရောက်သွားပြီတဲ့အချိန်မှာ မိုးကောင်းကင်က

ချမှတ်တဲ့ကပ်ဆိုးတွေကို

ဖြတ်သန်းကြရတယ်..သူတို့တွေအနေနဲ့

အဲ့ဒီအကန့်အသတ်ကို ဖြတ်ကျော်မလား

လူသားအဖြစ်ပြောင်းလဲမလားဆိုတဲ့ ရွေးချယ်မှုကို

လုပ်ရတယ်....အစောပိုင်းမှာ ငါပြောခဲ့သလိုပဲ

သက်တမ်းအတိုင်းအတာတစ်ခုအထိကို

ဖြတ်ကျော်သွားတဲ့ ဝိညာဉ်သားရဲကောင်တွေကို
ထူးကဲသာလွန်တဲ့ဝိညာဉ်သားရဲကောင်တွေလို့
ခေါ်ဆိုကြတယ်...ဒါပေမယ့် အားလုံးကလဲ
သူတို့ရဲ့သက်တမ်းနှစ်တစ်သိန်းပြည့်တဲ့အချိန်မှာ
ကပ်ဆိုးတွေကို
ဖြတ်ကျော်ရတယ်...အဲ့ဒီကပ်ဆိုးဆယ့်ခုကို
ဖြတ်ကျော်ပြီးသွားရင်း နတ်ဘုရားတစ်ပါးနဲ့
အလားတူတဲ့ဖြစ်တည်မှုကို ရောက်ရှိသွားပြီ
ရွှေရောင်ဂိတ်တံခါးကို ဖြတ်ကျော်ပြီ ငါးကြင်ကနေ
နဂါးဖြစ်သွားတဲ့ပုံပြင်လိုပေါ့ သူတို့တွေလဲ
နတ်ဘုရားတွေ ဖြစ်လာနိုင်တယ်..ဒါပေမယ့်
ငါသိလောက်အရဆိုရင်

ဘယ်ဝိညာဉ်သားရဲကောင်ကမှ အဲ့ဒီအဆင့်ကို

မဖြတ်ကျော်နိုင်ခဲ့ဘူး…ငါအခုပြောပြနေတဲ့

ပင်လယ်နတ် နတ်ဆိုးဝေလငါးကေရာဇ်လဲ

ချွင်းချက်မရှိဘူး..ဒါကြောင့်မလို့

နှစ်ပေါင်းတစ်သန်းကို ရောက်ရှိနိုင်မလားဆိုတာက

လက်ရှိအချိန်အထိ ပဟေဠိတစ်ခုဖြစ်နေတုန်းပဲ

ဒါပေါ့ နတ်ဘုရားတစ်ပါးက

အဲ့ဒီလိုကြောက်စရာကောင်းတဲ့

ထူးကဲသာလွန်ဝိညာဉ်သားရဲကောင်တွေကို

အညံ့ခံစေဖို့အတွက်

ဖိအားပေးနိုင်တယ်…အကယ်၍

ဘိုးဘေးကြီးထန်စန်းလိုမျိုး

စွမ်းအားအများကြီးသာမရှိခဲ့ဘူးဆိုရင်

ထူးကဲသာလွန်တဲ့ဝိညာဉ်သားရဲကောင်ကို

သတ်နိုင်မယ်ဆိုရင်တောင် သူ့ရဲ့ဝိညာဉ်အရိုးနဲ့

ဝိညာဉ်စက်ကွင်းတွေကို စုပ်ယူနိုင်မှာမဟုတ်ဘူး "

ဟိုယွိဟောင်က မေးလာခဲ့ပါတယ်။

" ဆရာဝမ် ဘိုးဘေးကြီးထန်စန်း

နတ်ဘုရားဖြစ်မလာခင်အချိန်နဲ့

ကျွန်တော်တို့ရဲ့လောကကြီးကို

ထွက်မသွားခင်အချိန်မှာ

သူ့ရဲ့သိုင်းပညာဝိညာဉ်တွေက
အပြာရောင်ငွေကြေးရာဇ်နဲ့
ကောင်းကင်ဖြိုခွင်တူအပြင် ထပ်ရှိသေးလား "

ဝမ်ယန်က ခေါင်းခါလိုက်ပါတယ်။

" နောက်ထပ်
ထပ်မရှိလောက်တော့ဘူး...ဘိုးဘေးကြီးထန်စန်းအ
နေနဲ့ သူ့ရဲ့နောက်ဆုံးတိုက်ပွဲကို
သိုင်းပညာဝိညာဉ်ခန်းမကြီးထဲမှာတိုက်ခိုက်ခဲ့တယ်
.သူရင်ဆိုင်ခဲ့ရတဲ့ ပြိုင်ဘက်နှစ်ယောက်စလုံးကလဲ

နတ်ဘုရားအဆင့်ပညာရှင်တွေကြီးပဲ
သမိုင်းမှတ်တမ်းတွေအရ ဘိုးဘေးကြီးထန်စန်းမှာ
သိုင်းပညာဝိညာဉ်သုံးခုရှိတယ်ဆိုတာမျိုး
မရှိခဲ့ဖူးဘူး ယွိဟောင် မင်းဘာကြောင့်
ဒီလိုမျိုးမေးရတာလဲ "

ဟိုယွိဟောင်က ခေါင်းကုတ်လိုက်ပါတယ်။

" ကျွန်တော်စိတ်ထဲမှာ ဒီအတိုင်းတွေးမိလို့ပါ
နတ်ဘုရားအဆင့်ဆိုတာက ကျွန်တော်တို့နဲ့
အလှမ်းဝေးလွန်တယ်လေ ဒါကြောင့် အကယ်၍

နတ်ဘုရားအဆင့်ကို ရောက်ပြီဆိုရင်
တတိယသိုင်းပညာဝိညာဉ်ကို ရနိုင်မလားလို့
သိချင်မိတာပါ "

ဝမ်ယန်က ပြုံးပြလိုက်ပါတယ်။

" မင်းတွေးခေါ်တတ်တဲ့ပုံစံက
အတော်လေးကောင်းတယ်..ငါတို့ရဲ့
သိုင်းပညာဝိညာဉ်နယ်ပယ်တွေကို
ဒီလောက်လေ့လာနေတာက
သူတို့ရဲ့လျှို့ဝှက်ချက်တွေကို ပိုသိချင်လို့ပဲ ဒါ့အပြင်

ရဲရင့်ပြီခိုင်မာတဲ့အတွေးတစ်ခုပေါ်လာတာနဲ့
သူတို့တွေအားလုံးကို သေချာပေါက်
ဂရုတစိုက်နဲ့အတည်ပြုရတယ်...ကောင်းပြီ
ရနားလိုက်ကြစို့ "

သူ့ရဲ့နောက်ဆုံးစကားက ဟို့ယွိဟောင်ကို
ရည်ရွယ်တာပါ တခြားကျောင်းသားတွေအားလုံးလဲ
ခန္ဓာကိုယ်တွေ
သက်သောက်သက်သောက်ဖြစ်သွားပါတော့တယ်။
ခန္ဓာကိုယ်ထဲက ဝိညာဉ်စွမ်းအားတွေကလဲ
ပြင်းပြင်းထန်ထန်လှုပ်ရှားလာခဲ့ကြပါပြီ။ ဒါ့အပြင်
သူတို့တွေ

သက်သောက်သက်သာပြန်ဖြစ်သွားကြပါတော့တယ်။ ဟိုယွိပေါင် ဖန်တီးထားတဲ့ဖိအားတွေက နှစ်တစ်သောင်းဝိညာဉ်စက်ကွင်းနှစ်ကွင်းဖြစ်နေခဲ့တာကြောင့် သူတို့အတွက် အတော်ကို ဖိအားများခဲ့ပါတယ်။

ဝမ်ယန်အနေနဲ့လဲ ကျောင်းသားတွေဝန်ပေါ့သွားတဲ့ပုံစံကို မြင်ချိန်မှာ ပြုံးလိုက်တယ်။

" ဝိညာဉ်သားရဲကောင်တစ်ကောင်ထုတ်လွှတ်တဲ့

မိုက်ရူးရဲဆန်တဲ့အရှိန်အဝါတွေနဲ့ ဖိအားတွေက

မင်းရဲ့ဝိညာဉ်တုပနိုင်တဲ့ပုံစံမှာနှစ်မျိုးရှိနေတာ

တကယ်ကောင်းတာပဲ

မင်းရဲ့စိတ်ဝိညာဉ်စွမ်းအားကသာ

လုံလောက်အောင်တည်ငြိမ်မယ်ဆိုရင်

ပင်လယ်ကြီးရဲ့လှိုင်းတွေ ဝါးမြိုမယ်ဆိုရင်တောင်

ကြံ့ကြံ့ခံပြီ ရပ်တည်နိုင်လိမ့်မယ်..ဘယ်လောက်ပဲ

ပြင်းထန်တဲ့ဖိအားပဲဖြစ်ပါစေ

မင်းကိုတုန်လှုပ်စေနိုင်မှာမဟုတ်ဘူး..ယွိဟောင်ထု

တ်လွှတ်တဲ့ ဖိအားတွေကို

မင်းတို့ရဲ့စိတ်ထဲမှာအမြဲတမ်းမှတ်သားထားပြီ

ဆင်ခြင်နေကြ အစောပိုင်းတုန်းက မင်းတို့ရဲ့ စိတ်တွေကို ငါ့ရဲ့ပုံပြင်ကဆွဲဆောင်သွားလို့သာ ပြင်းထန်တဲ့ဖိအားက လုံးဝလျော့ကြသွားတာ အခုတော့ပြန်ပြီနားလိုက်ကြဦး စာမေးပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားမှရမယ်...မနက်ဖြန်ဒီအတိုင်းပဲဆက်ပြီ လေ့ကျင့်မယ်."

ဟို့ယွိဟောင် အပါအဝင် အတန်းထဲမှာရှိရှိသမျှ ကျောင်းသားတွေအားလုံးက ဝမ်ယန်ကို လေးစားတဲ့အကြည့်တွေနဲ့ ကြည့်နေကြပါတယ်။ တကယ်တော့ ကျိုးယိတောင် အတွေးအခေါ် ပိုင်းမှာ ဝမ်ယန်လိုလူမျိုးကို

မယုံနိုင်ခဲ့တာအမှန်ပါပဲ။ ဒါပေမယ့် ကျိုးယိကတော့ သူ့ရဲ့ကျောင်းသားတွေကို ထိန်းချုပ်တဲ့နေရာမှာ ပိုပြီးတော့တော်ပါတယ်။ သူတို့နှစ်ယောက်စလုံး အတန်းကို ကိုင်တွယ်ထိန်းချုပ်တဲ့အချိန်မှာ တစ်ဖက်နဲ့တစ်ဖက်က လိုက်ဖက်ညီနေခဲ့တယ်။ အနည်းဆုံးတော့ အတန်းနံပါတ်တစ်ရဲ့ ကျောင်းသားတွေအားလုံးက မနှစ်ကထက်ပိုပြီး အရည်အသွေးပြည့်မီလာခဲ့ပါပြီ။ ဒါ့အပြင် ဝိညာဉ်စက်ကွင်းနှစ်ကွင်းရှိတဲ့ ပညာရှင်တွေလဲ ဖြစ်လာခဲ့ပါတယ်။

လက်ရှိအချိန်မှာ ညစာစားချိန်ကို ရောက်ဖို့အတွက်အချိန်လိုပါသေးတယ်။ ဒါကြောင့် ဟို့ယွိဟောင်နဲ့ ဝမ်သုန့်တို့ကလဲ အခန်းကိုပြန်ပို့ ဆုံးဖြတ်လိုက်ကြတယ်။ ဟို့ယွိဟောင်လဲ ခန္ဓာကိုယ်အခြေအနေ ပြန်လည်ကောင်းမွန်သွားတာကြောင့် သူတို့တွေ ရောက်လာတာနဲ့ လေ့ကျင့်ကြပါပြီ။

ဟို့ယွိဟောင်အနေနဲ့ ဒီနေ့အများကြီးကြိုးစားဖို့ စိတ်ကူးမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ကောင်းကင်အိပ်မက်ရေခဲပိုးကောင်ကို မေးခွန်းတွေ မေးစရာရှိနေခဲ့သေးလို့ပါ။

ကောင်းကင်အိပ်မက်ရေခဲပိုးကောင်နဲ့
စကားပြောနိုင်ဖို့အတွက် လက်ရှိအခြေအနေမှာ
ဝမ်သုန့်နဲ့
လေ့ကျင့်ရင်းကိုယ့်ကိုကိုယ်တည်ငြိမ်အောင်လုပ်ဖို့
လိုပါလိမ့်မယ်။

ဟောင်သုန့်စွမ်းအားခန္ဓာကိုယ်ကို
ဖြတ်သန်းသွားလာပြီတဲ့နောက် ဝိညာဉ်စွမ်းအားက
ခပ်မြန်မြန်လှည့်ပတ်ပါပြီ။ နှစ်ဖက်စလုံးကလဲ
အရည်အသွေးပြောင်းလဲမှုကို
တွေ့ကြုံလာရပြီဖြစ်တာကြောင့်
ဒီလိုဝိညာဉ်စွမ်းအား ပေါင်းစည်းတဲ့အချိန်မှာ

အရှိန်နှုန်းမြန်လာတာကလဲ
သိသာထင်ရှားနေခဲ့ပါတယ်။

" အစ်ကိုကြီးကောင်းကင်အိပ်မက်
အစ်ကိုကြီးကောင်းကင်အိပ်မက် "

သူတရားထိုင်တာနဲ့ ချက်ချင်းဆိုသလို
ဝိညာဉ်စွမ်းအားတွေကို ထိန်းချုပ်ရင်း
ကောင်းကင်အိပ်မက်ရေခဲပိုးကောင်ကို
လှမ်းခေါ်ပါတော့တယ်။

တစ်ဖက်လူကတော့ ချက်ချင်းပျင်းရိတဲ့အသံနဲ့ ပြန်ဖြေလာခဲ့တယ်။

"'ဘာလုပ်ပြန်တာလဲ ပင်လယ်နတ်
နတ်ဆိုးဝေလငါးကေရာဇ်အကြောင်း မေးမလို့လား
"'

" ဟုတ်တယ်အစ်ကိုကြီး သူတကယ်ပဲ
နှစ်တစ်သန်းဝိညာဉ်သားရဲကောင် ဖြစ်ခဲ့တာလား "

ကောင်းကင်အိပ်မက်ရေခဲပိုးကောင်က
ပြုံးလိုက်ပါတယ်။

" အဖြေရပြီးပြီမဟုတ်လား "'

အစောပိုင်းတုန်းက ဝမ်ယန်ကို
သူမေးခဲ့တဲ့အကြောင်းအရင်းက ဒါကြောင့်ပါပဲ။
နှစ်တစ်သန်းဝိညာဉ်စက်ကွင်းဟုတ်မဟုတ်
သိချင်လို့ပါ။

" အစ်ကိုကြီး ဒီလိုပုံစံနဲ့ ပြန်ဖြေပြီဆိုမှတော့ မဟုတ်ဘူးပေါ့ "

ကောင်းကင်အိပ်မက်ရေခဲပိုးကောင်က ပြန်ဖြေလိုက်ပါတယ်။

" ငါမင်းကိုပြောပြီးသားပဲ ငါတစ်ယောက်ထဲကပဲ နှစ်တစ်သန်းကျော်လွန်အောင် နေထိုင်နိုင်တဲ့တစ်ယောက်တည်းသော ဝိညာဉ်သားရဲကောင်ပါဆို ငါဒီလိုမျိုး နှစ်တစ်သန်းအထက်ကို ကျော်လွန်ပြီအချိန်မှာ

နှလုံးသားထဲက တစ်စုံတစ်ရာကို
ခံစားလိုက်ရတယ်..အဲ့ဒါက
စကားနဲ့ပြောပြလို့တောင် မရတဲ့ ခံစားချက်တစ်ခုပဲ
ဒါပေမယ့် အလိုအလောက်သိလိုက်တာကတော့
ငါ့အနေနဲ့ ဒီလိုမျိုးအဆင့်ကိုရောက်ရှိတဲ့
ပထမဆုံးဝိညာဉ်သားရဲကောင် ဖြစ်သွားပြီ ဒါမျိုးကို
ဘယ်သူမှလဲ မလုပ်ဖူးသေးဘူး. .ဒီတိုက်ကြီးထဲမှာ
ပင်လယ်နေဝိညာဉ်သားရဲကောင်တွေရဲ့
အရေအတွက်က များပြားလွန်းတယ်..ဒါကြောင့်
အင်အားကြီးတဲ့ဝိညာဉ်သားရဲကောင်ပေါ်လာတယ်
ဆိုတာက အံ့သြစရာမဟုတ်ဘူးလေ ဒါပေမယ့်

နှစ်တစ်သန်းဝိညာဉ်သားရဲကောင်မရှိတာ

လုံးဝအသေအချာပဲ "

" အစ်ကိုကြီး ဒါဆိုရင်အစ်ကိုကြီးက

နတ်ဘုရားဖြစ်လာသင့်တယ်မဟုတ်လား "

သူ့အနေနဲ့ သံသယကရှိနေဆဲပါ။

ဒုတိယဝိညာဉ်စက်ကွင်းကို ရရှိပြီတဲ့နောက်

သူလျှို့ဝှက်ချက်တစ်ခုကိုလဲ

ရှာတွေ့သွားပါတော့တယ်။

ကောင်းကင်အိပ်မက်ရေခဲပိုးကောင်က

သူ့စိတ်ဝိညာဉ်မျက်လုံးရဲ့
ပထမဝိညာဉ်စက်ကွင်းအဖြစ် စစ်မှန်တဲ့အရာကို
ပြောင်းလဲထားခဲ့တာပါ။
အမြဲတမ်းပျင်းရိနေတဲ့သူက
ဟို့ယွိဟောင်ရဲ့အရည်အချင်းကို
ကာကွယ်ပေးဖို့အတွက်
ဆက်တိုက်ဆိုသလိုကြိုးစားခဲ့ပါတယ်။
အမှန်တကယ်တော့ သူက
အသိဉာဏ်ရှိတဲ့ဝိညာဉ်စက်ကွင်းဖြစ်နေခဲ့ပြီ
အထင်ကြီးစရာကောင်းလောက်အောင်
ရွှေရောင်လဲတောက်ပနေပါသေးတယ်။
ဒါကအဝါရောင် အဖြူရောင် ခရမ်းရောင်

အနက်ရောင်နဲ့ အနီရောင်တွေလုံးဝမတူညီတဲ့

ရွှေရောင်တောက်တောက်ပါ။

ဘိုးဘေးကြီးထန်စန်းရဲ့

နတ်ဘုရားအဆင့်ဝိညာဉ်စက်ကွင်းအကြောင်းကို

ပြောချိန်မှာ ဒီအတွေးက

သူစိတ်ထဲကိုဝင်လာပါတော့တယ်။

ပထမဆုံးအနေနဲ့ သူ့ရဲ့ဝိညာဉ်စက်ကွင်းက

နတ်ဘုရားအဆင့်ဝိညာဉ်စက်ကွင်းဖြစ်နေတာမဟု

တ်ဘူးလား။

ကောင်းကင်အိပ်မက်ရေခဲပိုးကောင်က

မကျေမနပ်နဲ့ ပြန်ဖြေလာလိုက်ပါတယ်။

" အိပ်မက်မက်မနေနဲ့တော့ အကယ်၍
ငါသာနတ်ဘုရားဖြစ်လာခဲ့ရင်
အဲ့ဒီမဟာကြယ်တာရာသစ်တောထဲက
ကောင်တွေအနိုင်ကျင့်နေတာကို ခံနေရမလား
အမှန်ပဲ ငါမင်းကိုပေးလိုက်တဲ့ ဝိညာဉ်စက်ကွင်းက
နတ်ဘုရားအဆင့်ဝိညာဉ်စက်ကွင်းဖြစ်လာဖို့အတွ
က် ခိုင်မာတဲ့အခြေခံရှိတယ်..ဒါပေမယ့်
မဟုတ်သေးဘူး..လက်ရှိအချိန်မှာ သူ့အတွက်
လိုအပ်နေတာနှစ်ခုရှိတယ်..ပထမဆုံးအနေနဲ့
မင်းပိုင်ဆိုင်တဲ့နတ်ဘုရားအရှိန်အဝါတစ်ခုပဲ
မင်းသာနတ်ဘုရားတစ်ပါးအဖြစ်

လေ့ကျင့်နိုင်ပြီဆိုရင် သေချာပေါက်

နတ်ဘုရားအဆင့်ဝိညာဉ်စက်ကွင်းဖြစ်သွားမှာပေါ့

နောက်တစ်နည်းကတော့

နတ်ဘုရားထိုင်ခုံတစ်ခုလိုတာပဲ

နတ်ဘုရားဖြစ်လာဖို့ဒီလောက်လွယ်တယ်များမင်း

ထင်နေလား ပြောရမယ်ဆိုရင်

မရေမတွက်နိုင်တဲ့စမ်းသပ်ချက်တွေကို

ဖြတ်ကျော်ပြီအောင်မြင်တာက

မဖြစ်နိုင်တဲ့ကိစ္စပဲလေ ဒါပေမယ့် ပြောဖို့တော့

စောလွန်ပါသေးတယ်..မင်းသိထားဖို့လိုတဲ့အရာက

တော့ ဒီအစ်ကိုကြီးက လုံးဝကိုပြိုင်ဘက်ကင်းပြီ

စစ်မှန်တဲ့နှစ်တစ်သန်းဝိညာဉ်စက်ကွင်းပဲ

ဒီလောကကြီးထဲမှာ ဒီအစ်ကိုကြီးလောက်မှန်ကန်ပြီ
စစ်မှန်တဲ့အရာထပ်မရှိတော့ဘူး..နားလည်လား "

ဟို့ယွိဟောင်က ပြန်ဖြေလိုက်ပါတယ်။

" အစ်ကိုကြီးကောင်းကင်အိပ်မက်
ပြန်အိပ်တော့မှာလား ပြန်မအိပ်သေးဘူးလား
ကျွန်တော်မေးစရာတစ်ခုရှိသေးတယ်..အစောပိုင်း
မှာကျွန်တော်ရဲ့ဝိညာဉ်စွမ်းရည်တစ်ခုကို
အသုံးပြုပြီး ရေခဲကေရီပေးထားတဲ့
ဝိညာဉ်စွမ်းရည်တစ်ခုကို

ထုတ်သုံးလိုက်မိတယ်..အဲ့ဒါက

ဘာဖြစ်လို့ရုတ်တရက်ကြီး

အင်အားကြီးလာစေတာလဲ "

" မင်းတော်တော်စကားများပါလား ရေခဲကေရီကို

ဘယ်သူမလို့မှတ်နေတာလဲ

သူကလက်ရှိသက်ရှိဖြစ်နေတဲ့

ဝိညာဉ်သားရဲကောင်တွေထဲမှာ

အင်အားအကြီးဆုံးတွေက တစ်ယောက်ပဲ မင်းက

သူ့ရဲ့ဝိညာဉ်စက်ကွင်းကို

ရထားတယ်..ဝိညာဉ်အရိုးကိုလဲ

ရထားတယ်..ဒါတောင်မှ

သူ့စွမ်းအားနည်းနည်းလေးကိုပဲ
စုပ်ယူထားရသေးတာ မင်းရဲ့ခန္ဓာကိုယ်က
ဒါတောင်အများကြီးသန်မာနေပြီ ဒါ့အပြင်
သူပေးထားတဲ့ဝိညာဉ်စွမ်းရည်နှစ်ခုစလုံးက
စွမ်းအင်အမျိုးအစားတွေကြီးပဲ ဒီနှစ်ခုမှာ
သူ့ရဲ့ကြောက်စရာစွမ်းအားတွေရော
အဆုံးစွန်းရေခဲစွမ်းအင်တွေ
ပါဝင်နေတယ်..ဒါ့အပြင် ရေခဲဧကရီရဲ့
အဆိပ်ဆူးလဲရှိနေသေးတယ်..ဒါပေမယ့်
မင်းသိထားစရာတစ်ခုရှိတာက ရေခဲဧကရီရဲ့
အဆိပ်ဆူးက အနီးကပ်တိုက်ပွဲတွေမှာ
အဓိကအသုံးပြုရတဲ့အရာပါ..တခြားတစ်နည်းနဲ့

ပြောမယ်ဆိုရင် တတ်နိုင်သလောက်မသုံးဖို့အတွက်
ကြိုးစားကြည့် သူတို့တွေက
ဝိညာဉ်စွမ်းအားတွေအများကြီးကို
လိုအပ်လိမ့်မယ်...ဒါကိုတောင့်ခံနိုင်မှာမဟုတ်ဘူး..
ဟုတ်သားပဲ ပြောရဦးမယ် မင်းအစောပိုင်းတုန်းက
ဝိညာဉ်စွမ်းအားကို ထုတ်သုံးလိုက်တဲ့အချိန်
ဒီဝိညာဉ်စွမ်းရည်နှစ်ခုရဲ့
စွမ်းအားအငွေ့အသက်နည်းနည်းလေးကိုပဲ
ထုတ်သုံးလိုက်တာ မင်းကိုယ်မင်း
ဂုဏ်ယူသင့်တယ်..မင်းရဲ့စွမ်းရည်ကိုလာပြီ
စမ်းသပ်လိုက်တဲ့လူက မင်းတို့လူသားတွေမှာ
သော်ေလော့လို့ခေါ်ကြတဲ့လူပဲ "

ဟိုယွိဟောင် အရမ်းကို လန့်သွားပါတော့တယ်။

" အစ်ကိုကြီးကောင်းကင်အိပ်မက် ပြောချင်တာ ဆရာကြီးကုန်က သော့်လော့လား "

အပိုင်း ၅၀•၂ ပြီး၏။

အပိုင်း ၅၀•၃

" ဘိုးဘေးကြီးထန်စန်း "

၀၀၀

" ငါရဲ့အသိစိတ်က ဘယ်တော့မှမမှားဘူး "

ကောင်းကင်အိပ်မက်ရေခဲပိုးကောင်က

ဆက်ပြောလိုက်ပါတယ်။

" ဘာပဲဖြစ်ဖြစ်ပြောစရာမရှိတော့ရင်

ဒီအစ်ကိုကြီးသွားအိမ်တော့မယ်..ကြိုးကြိုးစားစား

ဆက်ပြီလေ့ကျင့်လိုက်ဦး "

ကောင်းကင်အိပ်မက်ရေခဲပိုးကောင်နဲ့စကား

ပြောပြီးတဲ့နောက် ဟိုယ္ဂိပောင်ရဲ့စိတ်ထဲမှာရှိတဲ့

သံသယတွေက

ဖယ်ရှားပြီးသားဖြစ်သွားပါတော့တယ်။

ဒီနေ့ကိစ္စတွေအများကြီးကို

ကျော်ဖြတ်လာရပြီးတဲ့နောက်

သူ့ရဲ့ကိုယ့်ကိုကိုယ်ယုံကြည်မှုက

တိုးတက်လာခဲ့ပါပြီ။

ဟိုယ္ဂိပောင်အံ့သြစရာကောင်းလောက်အောင်ကြိုး

စားလုပ်ဆောင်ခဲ့တဲ့ သတင်းတွေက

ဆက်တိုက်ဆိုသလို

အပြင်နယ်မြေတစ်ခွင်မှာပြန့်နှံ့လို့သွားပါတော့တယ်

။ တချို့လူတွေရဲ့ဆက်တိုက်ဆိုသလို
ချဲ့ကားပြောဆိုမှုအောက်မှာ
အရှိန်အဝါတုပတဲ့စွမ်းရည်ကို အသုံးပြုခဲ့တယ်လို့
သတင်းတွေက ထွက်လာခဲ့တယ်။ ဒီလိုကြောင့်သာ
သူ့ရဲ့ကိစ္စက အရမ်းဆူပူအုံကြွမသွားခဲ့တာပါ။

ဒုတိယနှစ်ကျောင်းသားတွေရဲ့
အဆင့်တက်တဲ့စာမေးပွဲက နှစ်ရက်တိတိ
ရပ်ဆိုင်းသွားခဲ့ပါတယ်။ ဒါ့အပြင် ကျိုးယိကလဲ
ဆရာတွေရဲ့အစည်းဝေးပွဲပြီးတဲ့နောက်
ဟိုယွိဟောင်ဆီကို သတင်းတချို့ယူလာခဲ့တယ်။
ဒီတစ်ကြိမ်မှာ သူ့အနေနဲ့

နောက်တစ်ခေါက်စာမေးပွဲပြန်ဖြေရမှာဖြစ်ပြီး
အသွင်တူတုပတဲ့စွမ်းအားကိုလဲ
အသုံးပြုခွင့်မရှိပါဘူး။ ဒါ့အပြင် စာမေးပွဲကို
ဖြတ်ကျော်နိုင်ဖို့အတွက် အနိမ့်ဆုံးအမှတ်ကိုပဲ
လိုအပ်မှာဖြစ်ပါတယ်။ ဒါပေမယ့် သူ့အနေနဲ့
အမှတ်မြင့်မြင့်ရဖို့အတွက်
အစွမ်းကုန်အင်အားသုံးဖို့တော့
မျှော်လင့်နေကြဆဲပါ။

သုဝေ့လွှမ်အနေနဲ့လဲ အမှန်တရားကို တကယ်ပဲ
လက်မခံနိုင်ဖြစ်နေဆဲပါပဲ။
အဆင့်တက်တဲ့စာမေးပွဲကြီးက

ပြီးဆုံးသွားပြီတဲ့နောက် တခြားဆရာတွေက

သူ့ကိုပြဿနာမရှာကြပါဘူး။ ဒါပေမယ့်

နောက်ဆုံးမှာတော့ အစည်းအဝေးပွဲလုပ်ပြီသူလဲ

ကျောင်းအုပ်ကို ပြန်ရှာရပါတော့တယ်။

ရန်ရှောင်ကျဲ့ကတော့

သူ့ကိုအမိန့်တစ်ခုသာပေးပါတယ်။

ဟို့ယွိဟောင်ရဲ့သိုင်းပညာဝိညာဉ်ကို

ရှင်းရှင်းလင်းလင်းသိရအောင်လုပ်ဖို့ပါ။ ဒါ့အပြင်

သူ့ရဲ့ဝိညာဉ်စွမ်းရည်ကိုပါသိရအောင်

လုပ်ရပါလိမ့်မယ်။

၀၀၀

" ဒုတိယသခင်လေး ဒါအရမ်းကို အန္တရာယ်များလွန်တယ်...အမျက်ဒေါသကျောင်းတော်က တိုက်ကြီးတစ်ခုလုံးရဲ့ နံပါတ်တစ်ကျောင်းတော်ပါ ပညာရှင်တွေကလဲ ဒီနေရာမှာအများကြီးရှိပါတယ်...ဒီကျောင်းတော်တစ်ခုလုံးမှာရှိနေတဲ့ သော်ွလော့တွေက ကျွန်တော်တို့တစ်နိုင်ငံလုံးထက်တောင် ပိုပြီးများနေသေးတယ် ..ကျောင်းတော်ထဲမှာ တစ်စုံတစ်ရာကိုသတ်တာက မြို့စားမင်းအတွက်တောင် မဖြစ်သင့်တဲ့ကိစ္စပါပဲ "

" ဒါဆိုကျောင်းတော်ရဲ့အပြင်ဘက်မှာလုပ်ရင်ကော
"

" အကယ်၍ ကျောင်းတော်နဲ့
လုံလောက်အောင်ဝေးတဲ့နေရာမှာရှိနေမယ်ဆိုရင်
တော့
ကျွန်တော်တို့ပြိုးစားကြည့်လို့ရပါတယ်..ဒုတိယသခ
င်လေး အခုစိတ်လျှော့ထားဖို့
လိုပါတယ်....အကယ်၍
နောက်ထပ်ဆက်ပြီးမတောင့်ခံနိုင်တော့ဘူးဆိုရင်
ပထမသခင်လေးကို
ညွှန်ကြားပြသခိုင်းလို့ရပါတယ် "

" မလိုဘူး ဒီကိစ္စကို ငါတွေးပြီးပြီ ငါ့ရဲ့ဒေါသတွေကြောင့် တကယ်ပဲ စိတ်ထဲအမှောင်ဖုံးသွားခဲ့မိတယ်..နည်းလမ်းတစ်ခု ကို ငါဘာသာငါ စဉ်းစားမယ်...အကယ်၍ ငါတကယ်ပဲ ဘာမှမလုပ်နိုင်ဘူးဆိုရင်တော့ ကျားဖြူမြို့စားမင်းရဲ့ အိမ်တော်ဂုဏ်သိက္ခာအတွက် သူတို့ကိုပါ ဆွဲချသွားရတာပေါ့ မင်းတို့လဲ ငါ့ကိုနောက်ထပ် မတားဆီးစေရဘူး "

" အမိန့်အတိုင်းပါ "

ooo

" အဲ့ဒီအဘိုးကြီး ရန်ရှောင်ကျဲ့ကတော့
သူ့ရုံးခန်းတစ်ခုလုံး
ဒေါသမီးတွေနဲ့လောင်နေလောက်ပြီ
ပျော်စရာကောင်းလိုက်တာ
အရမ်းစိတ်ချမ်းသာရတာပဲ "

ချင်းသောသောက သူ့ရဲ့ကြီးမားကျယ်ပြန့်တဲ့
အိပ်ရာကြီးပေါ် လှဲလျောင်နေခဲ့ရင်း
တသိမ့်သိမ့်တုန်ခါတဲ့အထိ ရယ်မောနေခဲ့ပါတယ်။

တကယ်တော့ သူ့အိပ်တဲ့အိပ်ရာကြီးက

ပုံမှန်အနေအထားမှာ

လူသုံးယောက်လောက်ဆန့်တဲ့အိပ်ရာပါ

လက်ရှိအချိန်မှာ သူတစ်ယောက်ထဲနဲ့

အိပ်ရာကပြည့်နေခဲ့ပါတယ်။

အရမ်းကိုကျေနပ်အားရနေတဲ့ ပုံပါပဲ။

ဖန်းယွီကတော့ မျက်နှာချင်ဆိုင်နေရာမှာ

ထိုင်နေခဲ့ပြီ ပြောလာခဲ့ပါတယ်။

" ကျေးဇူးတင်ပါတယ် ကျောင်းအုပ်ချင်း "

သူကတကယ် ချင်းသောသောကို

ကျေးဇူးတင်နေခဲ့တာပါ။

အချိန်ကိုကိုက်လှုပ်ရှားမှုလုပ်ပြီး ဟိုယ်ဝှိဟောင်ကို

ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်းတော်

ဆီ အဓိကအကျဆုံးအချိန်မှာ ခေါ်လာခဲ့ပါတယ်။

ဒါ့အပြင် ရန်ရှောင်ကျဲ့အနေနဲ့လဲ

ဘာမှမလုပ်နိုင်တော့ပါဘူး။

ချင်းသောသောက လက်ဖွေ့ရမ်းလိုက်တယ်။

" ငါ့ကိုဘာတွေလာကျေးဇူးတင်နေတာလဲ

ဒါငါတို့ကျောင်းတော်အတွက်ပဲလေ ဒါပေမယ့်

အဲ့ဒီရန်ရှောင်ကျဲ့က

အရမ်းကိုကောက်ကျစ်တဲ့ကောင်

ငါတို့သေချာသတိထားမှရမယ်."

" ဘယ်လိုများ သတိထားရမှာလဲ ယွိဟောင်က

ကျွန်တော်တို့ရဲ့အဓိကတပည့်သားဖြစ်နေပြီပဲလေ

"

" ဒီလိုတွေးလို့မရဘူး ငါအဲ့ဒီအဘိုးကြီးရန်ကို
နားလည်လွန်းတာ ဟိုဘက်ကမ်းတောင်
လွန်သေးတယ်...သူက လွယ်လွယ်လေး
လက်လျှော့တတ်တဲ့သူမဟုတ်ဘူး..ငါတို့ကို
ခြိမ်းခြောက်မဲ့ကိစ္စ ဘာမှမလုပ်ပေမဲ့
လူတွေကိုဆွဲဆောင်တဲ့နေရာမှာ
အရမ်းကိုတော်လွန်းတယ်..သူ့ရဲ့အစွမ်းအစတွေနဲ့
ဆွဲဆောင်မှုတွေအောက်မှာ အရူးလုပ်မခံရအောင်
ဟိုကလေးလေးကို သွားပြီပြောထားဦး
ယွီဟောင်ကိုပြောလိုက် ငါတို့ရဲ့
ဝိညာဉ်လက်နက်တည်ဆောက်ရေးနယ်မြေက
ရန်ရှောင်ကျဲ့ပေးသမျှအရာအားလုံး သူ့ကို

ပေးနိုင်တယ်...အဲ့ဒီအဘိုးကြီးရန် ငါရထားတဲ့
အသားကိုလုံးဝလုယူနိုင်မယ်လို့
မယုံကြည်ဘူး..အမှာဝိညာဉ်နှစ်ခုထဲ တကယ်ကို
အဘိုးကြီးရန်တစ်ယောက်
ဘယ်လောက်ဒေါသထွက်နေမလဲဆိုတာ
တွေးကြည့်ရုံနဲ့တင် ပျော်စရာကောင်းလိုက်တာ "

" ကျောင်းအုပ်အနေနဲ့
စိုးရိမ်ဖို့မလိုပါဘူး...ကျွန်တော်ဒီကလေးနဲ့
သင်ကြားတာ အချိန်အတော်ကြာလာပြီတဲ့နောက်
သူ့ကိုယုံကြည်ချက်အပြည့်ရှိပါတယ်..ကျွန်တော်
အာမခံနိုင်တာ

တစ်ခုထဲရှိတယ်...သူသာအဆင့်တစ်ဆင့်ရောက်တဲ့

ဝိညာဉ်ပညာရှင်ဖြစ်လာခဲ့မယ်ဆိုရင် သေချာပေါက်

ဝိညာဉ်လက်နက်အတတ်ပညာရှင်တွေထဲမှာ

ထိပ်တန်းကိုရောက်လိမ့်မယ်...ငါးနှစ်အတွင်းမှာပဲ

အပြင်နယ်မြေကနေ သင်ကြားတာမပြီးဆုံးခင်

အဆင့်ငါးဝိညာဉ်လက်နက်အတတ်ပညာရှင်ဖြစ်

လာအောင် ကျွန်တော်ကြိုးစားမှာပါ

သူအတွင်းနယ်မြေထဲဝင်ပြီတဲ့နောက်

သူနဲ့ချိုက်ထိုနှစ်ယောက်စလုံးကို

ပြိုင်ဘက်ကင်းစစ်သည်တော်အစီအစဉ်အတွက်

ကျွန်တော်မွေးမြူးပေးမယ် "

" ယွိဟောင် အခုပဲရထားတဲ့တုပတဲ့စွမ်းရည်က

ငါတို့အစီအစဉ်အတွက်

ကြီးမားတဲ့အနှောင့်အယှက်ကြီးတစ်ခုကို

ဖယ်ရှားပေးလိုက်ပြီ ဒီစွမ်းရည်က

တိုက်ခိုက်ရေးအတွက် သိပ်ပြီးအသုံးမဝင်ပေမဲ့

လူတစ်ယောက်ကိုယ့်ကိုကိုယ်

ဖုံးကွယ်တဲ့နေရာမှာအကောင်းဆုံးပဲ

ငါတို့ရဲ့အထက်မှာရှိနေတဲ့ မိုးကောင်းကင်ကြီးက

ငါတို့ကျောင်းတော်အတွက်ကို

တကယ်အများကြီးစဉ်းစားပေးတယ်..ယွိဟောင်က

ပြောရမယ်ဆိုရင်

ငါတို့ရဲ့ဒီပြိုင်ဘက်ကင်းစစ်သည်တော်အစီအစဉ်အ
တွက် ဖြစ်တည်မွေးဖွားလာတဲ့သူ လုံး၀အမှန်ပဲ "

"ဖန်းယွီ ငါတောင်းဆိုချက်တစ်ခုလုပ်ပြီးပြီ
ဒီယွိဟောင်ဆိုတဲ့ကလေးက
ငါတို့ဝိညာဉ်လက်နက်တည်ဆောက်တဲ့နေရာမှာ
သူမတူအောင်ထူးခြားတဲ့ပါရမီကို
ပိုင်ဆိုင်ထားတယ်..ဒါ့အပြင် ငါတို့အနေနဲ့လဲ
သူတို့အများကြီး
မကန့်သတ်သင့်ဘူး..ဟယ့်ချိုကျ်ထို့အနေနဲ့
ပြိုင်ဘက်ကင်းစစ်သည်တော်အစီအစဉ်အတွက်
ဆက်ပြီ မလေ့ကျင့်သင့်တော့ဘူးလို့

ငါခံစားရတယ်..အကယ်၍ ယွိဟောင်သာ ငါတို့မွေးမြူးပေးတဲ့ ပြိုင်ဘက်ကင်းစစ်သည်တော်ဖြစ်လာခဲ့မယ်ဆိုရင် ဟယ့်ချိုက်ထို့ကတော့ အဲ့ဒီစစ်သည်တော်ရဲ့ အစောင့်အကြပ်ဖြစ်ရမယ်.."

" ဒါပေမယ့် ကျောင်းအုပ်ဒီကိစ္စက အရမ်းကြီးအန္တရာယ်များလွန်တယ်မဟုတ်လား အကယ်၍ ကျွန်တော်တို့သာ ကျရှုံးသွားမယ်ဆိုရင် "

ချင်းသောသောရဲ့မျက်နှာပေါ်မှာအပြုံးက
ပျောက်ကွယ်သွားပါတော့တယ်။
သူဆက်ပြီးပြောလာခဲ့တယ်။

" ကျရှုံးတယ်ဆိုတာမျိုးမရှိစေရဘူး အကယ်၍
အမှောဝိညာဉ်ကိုပိုင်ဆိုင်တဲ့သူက ငါတို့အစီအစဉ်ကို
အောင်မြင်အောင်မလုပ်ပေးနိုင်ဘူးဆိုရင်
ငါတို့ရဲ့အစီအစဉ်က သဲထဲရေသွန်းဖြစ်သွားပြီလို့
ပြောချင်တာပဲမဟုတ်လား အကယ်၍ ငါတို့သာ
လူတစ်ယောက်ထဲကို အကုန်လုံးပုံအောပြီ
ကြိုးစားလိုက်မယ်ဆိုရင် အောင်မြင်နိုင်ချေက
ပိုပြီးများလိမ့်မယ် "

ဖန်းယွီကတော့ မျက်မှောင်ကြုတ်သွားခဲ့ပါတယ်။

" ဒါကိုကျွန်တော်စဉ်းစားပါရစေဦး
ကျွန်တော်အနေနဲ့ ဟယ့်ချိုက်ထို့ရဲ့အမြင်ကိုလဲ
မေးဖို့လိုပါဦးမယ် "

" ရတယ်လေ ဒီကိစ္စက
အလောတကြီးမဟုတ်ပါဘူး..ကလေးတွေက
ငယ်သေးတာပဲ
ဒီတော့အခြေခံကောင်းကောင်းရှိလာအောင်

လုပ်ရမှာပေါ့ ဒါပေမယ့် ဟိုယွိဟောင်
ဘယ်အချိန်လာမှာလဲ "

" အခုက
သိုင်းပညာဝိညာဉ်တည်ဆောက်ရေးနယ်မြေရဲ့
အဆင့်တက်တဲ့စာမေးပွဲကို ဖြေဆိုနေရတာပါ
သူစာမေးပွဲဖြေပြီးရင် ကျွန်တော်ခေါ်လာခဲ့ပါ့မယ်."

" သူက
ငါတို့ကျောင်းတော်ရဲ့အဓိကတပည့်သားဖြစ်နေခဲ့ပြီ
စာမေးပွဲပြီးရင် သူ့ကိုဒီဘက်ခေါ်လာပြီ

ငါတို့ရဲ့စာမေးပွဲလဲဖြေခိုင်းလိုက်
သူတိုက်ခိုက်ရေးစွမ်းရည်ကို ငါကြည့်ချင်တယ် "

" ကောင်းပါပြီ "

ဖန်းယွီက ယုံကြည်ချက်အပြည့်နဲ့
ပြန်ဖြေလာခဲ့တယ်။ သူ့ရဲ့တပည့်သားအပေါ်
ယုံကြည်ချက်အပြည့်ရှိနေခဲ့တယ်။

နှစ်ရက်ကြာပြီတဲ့နောက်

သားရဲကောင်တိုက်ခိုက်ရေးနယ်မြေအပြင်ဘက်မှာ

ဟို့ယွိဟောင်တို့ရှိနေခဲ့ပါတယ်။

" ဟို့ယွိဟောင် မင်းနောက်တစ်ခေါက်

လောင်းကြေးထပ်ဝံ့လား "

ထိုက်ဟွပင်းက ဟို့ယွိဟောင်နဲ့ ဝမ်သုန့်တို့လမ်းကို

လာပိတ်ပါတော့တယ်။

ဟို့ယွိဟောင်ပြောတာမစောင့်ပဲ ဝမ်သုန့်က ချက်ချင်းဝင်ပြောတော့တယ်။

" ဘာလဲ မင်းလက်မခံနိုင်ဘူးလား ယွိဟောင်က သူ့ရဲ့ဝိညာဉ်စွမ်းရည်တွေကို ကန့်သတ်ခံလိုက်တာသိလို့ မင်းဒီလိုလာပြီ ပြောဝံ့တယ်လား အရှုံးကအရှုံးပဲ မင်းရဲ့မျက်နှာပေါ်က အမာရွတ်ကိုကြည့်တိုင်း ရမဲ့နာကျင်မှုကို မေ့သွားပြီလား သြော် ဒါနဲ့မင်းအနေနဲ့ ဦးညွတ်ပြီ မှားတာကို တောင်းပန်ခဲ့ပြီးပြီလေ "

ထိုက်ဟွပင်းရဲ့မျက်လုံးထဲမှာ အလင်းတန်းတွေက တောက်ပလာပါတော့တယ်။

" အခွင့်အရေးကိုရယူတာက ဘာများမှားလို့လဲ ငါတို့ရှုံးတာ ငါတို့ဝန်ခံတယ်...မင်းတို့ငါနဲ့နောက်တစ်ခေါက်လောင်းကြေးထပ်ဝံ့မလားဆိုတာပဲ သိချင်နေတာ ဒါပေမယ့် မင်းတို့နှစ်ယောက်နဲ့ ငါတစ်ယောက်ထဲ ယှဉ်ပြိုင်မယ်...ဒါ့အပြင် ငါ့ရဲ့အမှတ်ကမင်းတို့နှစ်ယောက်ထက်ကို ကျော်လွန်စေရမယ်လို့လောင်းမယ် "

သူပြောချိန်မှာ ဝမ်သုန့်က ချက်ချင်းဆိုသလို မျက်ခုံးပင့်သွားခဲ့ပါတယ်။

" ထိုက်ဟွပင်း မင်းကတကယ်ကို မောက်မာလွန်းတာပဲ "

ထိုက်ဟွပင်းက ဆက်ပြောလာခဲ့တယ်။

" မင်းလုပ်ဝံ့လား မလုပ်ဝံ့ဘူးလား "

" မင်းဒီလိုလောင်းကြေးထပ်ချင်ပြီဆိုမှတော့
ငါလောင်းကြေးထပ်ရမှာပေါ့
အရင်တုန်းကအတိုင်းအတူတူ ရှုံးတဲ့သူက
ဝပ်တွားဦးချပြီ
မှားတဲ့အကြောင်းပြောရမယ်...ဒီတစ်ကြိမ်မှာတော့
သုံးကြိမ်တိတိ ဦးချရမှာ "

ထိုက်ဟွပင်းက ဟိုယွိဟောင်ကို
ပြန်လှည့်ကြည့်လိုက်ပါတယ်။

" မင်းရောဘယ်လိုလဲ "

" မင်းတို့နှစ်ယောက်က ပြောပြီးပြီဆိုမှတော့
ငါလဲလက်ခံရတာပေါ့ "

ထိုက်ဟွပင်းလဲ
မျက်မှောင်ကြုတ်သွားပါတော့တယ်။
သူတို့နှစ်ယောက်ကိုကြည့်ရင်း
အေးစက်တဲ့အကြည့်နဲ့ လှည့်ထွက်သွားတော့တယ်။

ဝမ်သုန့်ကတော့
ထိုက်ဟွပင်းထွက်သွားတာကိုကြည့်ရင်း

ရယ်မောပါတယ်။ အဲ့ဒီနောက်
ခပ်တိုးတိုးအသံနဲ့အတူ ဟို့ယွှိဟောင်ကို
ပြောလာခဲ့တယ်။

" သေချာပေါက် မင်းခန့်မှန်းထားတဲ့အတိုင်းပဲ
ဒီကောင်စုတ်က တကယ်ကို
ခြေလက်တွေရှည်ပေမဲ့
ဦးနှောက်တော့မရှိရှာဘူး..လက်စားချေဖို့အတွက်နဲ့
ဒီလိုလောင်းကြေးထပ်ဝံ့တယ်..ကိုယ့်ကိုကိုယ်
အရမ်းအထင်ကြီးလွန်ပြီ ငါတို့ကို
အထင်သေးလွန်နေလိုက်တာ "

ဟိုယ့်ယ္ဝိဟောင်က ပြောနေခဲ့ပါတယ်။

" တကယ်တော့ သူက ငါတို့ကို
အထင်သေးနေတာမဟုတ်ဘူး..ငါတို့မှာက
သူများတွေမသိတဲ့ လျှို့ဝှက်ချက်တွေ ပိုများနေရုံပဲ
အကယ်၍ သူက ပုံမှန်အနေအထားအရ
ဆုံးဖြတ်ချက်ရမယ်ဆိုရင် သူ့အနေနဲ့ ငါတို့
အရှုံးလုပ်တာကို ခံရမှာအမှန်ပဲ "

ဟောင်သုန့်စွမ်းအားက
သူတို့နှစ်ယောက်စလုံးရဲ့အကြီးမားဆုံးလျှို့ဝှက်ချက်

ပါပဲ။ ဟောင်သုန့်စွမ်းအားမရှိပဲနဲ့
သူတို့ရဲ့ကျင့်ကြံဆင့်ကိုအမြင့်ဆုံး
မြင့်တင်နိုင်ဖို့ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စပါ။
ဟိုယွိဟောင်အနေနဲ့လဲ
သိုင်းပညာဝိညာဉ်နှစ်ခုအပြင် ဝိညာဉ်အရိုးတစ်ခုနဲ့
ဝိညာဉ်စက်ကွင်းတွေလဲ ရှိနေခဲ့ပါသေးတယ်။ ဒါက
တခြားသူတွေသိတဲ့အရာမဟုတ်ပါဘူး။

ဒါ့အပြင် သူမှာပိုပြီးကြီးမားတဲ့ လျှို့ဝှက်ချက်ကြီးလဲ
ရှိနေခဲ့ပါသေးတယ်။
ဆရာတွေတောင်မသိတဲ့အရာပါ။

အစောပိုင်းမနက်မှာ ဝမ်သုန့်က
ဟိုယွိဟောင်ရဲ့ဝိညာဉ်စွမ်းအားကို
စမ်းသပ်ခဲ့ပါတယ်။ သူတို့နှစ်ယောက် နှစ်ရက်တိတိ
ဆက်တိုက်ဆိုသလို လေ့ကျင့်ရင်း
ကြောက်စရာကောင်းလောက်အောင်
တိုးတက်လာခဲ့ပါပြီ။ အဆုံးသတ်မှာတော့
သူလဲမနက်ခင်း မနက်စာစားပြီ
စမ်းသပ်ချက်ကြောင့် အံ့သြသွားခဲ့ရပါတယ်။
ဘာကြောင့်လဲဆိုတော့ ဟိုယွိဟောင်ရဲ့
ဝိညာဉ်စွမ်းအားက အဆင့်နှစ်ဆယ့်ခြောက်ကို
ရောက်ရှိနေလို့ပါ။

ဟိုယ်ပိုဟောင်အနေနဲ့
ကျောင်းတော်ကိုဝင်ရောက်ချိန်မှာ
အဆင့်ဆယ့်သုံးသာရှိပါသေးတယ်။
တစ်နှစ်ကြာပြီတဲ့နောက် အဆင့်နှစ်ဆယ့်ခြောက်ကို
ရောက်နေခဲ့ပါပြီ။ ကျောင်းတော်တစ်ခုလုံးမှာ သူ့ရဲ့
စွမ်းအားခုန်တက်မှုက
အံ့သြစရာအကောင်းဆုံးပါပဲ။

ဒါ့အပြင် ဝိညာဉ်စွမ်းအားတွေကိုက
အရေအတွက်တွေသတ်မှတ်တဲ့အချိန်မှာ
ရိုးရှင်းတဲ့နံပါတ်တွေပဲ အသုံးပြုတာမဟုတ်ပါဘူး။
ဝိညာဉ်စွမ်းအားက သုံးညကနေ ဆယ့်သုံးအထိ

တစ်ခုထဲလို့ သတ်မှတ်လို့ရနိုင်ပါတယ်။
အဆင့်ဆယ့်သုံးကနေ နှစ်ဆယ့်ခြောက်အထိကို
ခုန်တက်ဖို့က အနည်းဆုံးယူနစ်ငါးခုအထိကို
လိုအပ်မှာပါ။
နောက်တစ်နည်းအရပြောရမယ်ဆိုရင်
တစ်နှစ်အတွင်း ငါးဆတိတိ
အားကောင်းလာခဲ့ပါပြီ။ တကယ်ကို
မယုံနိုင်စရာပါပဲ။

အတန်းနံပါတ်တစ်ရဲ့ကျောင်းသားတွေထဲမှာ
သူ့ရဲ့ဝိညာဉ်စွမ်းအားက
ထိပ်တန်းဆယ့်ယောက်ထဲကို

ဝင်ရောက်သွားပါတော့တယ်။ ဒါပေမယ့် ဝမ်သုန့်တစ်ယောက်သာ ဒီလျှို့ဝှက်ချက်ကိုသိနေခဲ့တယ်။ ဝမ်သုန့်ကလဲ သူ့ကိုလျှို့ဝှက်ချက်တွေ ပြောပြခဲ့ပါပြီ။ ဒါ့အပြင် တစ်ခုထဲတောင်မဟုတ်ပါဘူးအများကြီးပါပဲ။

သူတို့ရဲ့တိုးတက်မှုက တူညီနေခဲ့တယ်။ သုဝေ့လွှမ်အနေနဲ့ နောက်တစ်ကြိမ်စာမေးပွဲကို လာပြီကြည့်ရှု့ပြန်ပါပြီ။ ဒီတစ်ကြိမ်မှာတော့ သုဝေ့လွှမ်တင်မကပဲ ကျောင်းအုပ်ကိုယ်တိုင်ရောက်ရှိလာခဲ့တဲ့အတွက် အားလုံးမျက်လုံးပြူးသွားခဲ့ရတယ်။ ဒါ့အပြင်

သူ့ကိုယ်တိုင်ကိုယ်က သုဝေ့လွှမ်ရဲ့နေရာဖြစ်တဲ့

အဓိကကြီးကြပ်သူနေရာမှာ

နေရာယူထားလိုက်တာပါ။

ကျောင်းအုပ်ရန်ရှောင်ကျဲ့ကိုယ်တိုင် တကယ်ပဲ

သူတို့ကို အကဲဖြတ်မှာဖြစ်ပါတယ်။

အတန်းငယ်တွေရဲ့ အတန်းတင်စာမေးပွဲကို

အပြင်နယ်မြေရဲ့ဆရာတွေကသာ

အဓိကလုပ်ဆောင်တာဖြစ်ပါတယ်။

ဘယ်လိုအရာကများ

ကျောင်းအုပ်ကိုရောက်လာစေတာလဲ ဒါ့အပြင်

ဘယ်သူကမှလဲ မထင်မှတ်ထားခဲ့မိတဲ့

အရာကတော့ ရန်ရှောင်ကျဲ့ဒီကိုလာတာ
လူတစ်ယောက်ထဲအတွက်ပါ။

သိုင်းပညာဝိညာဉ်တည်ဆောက်ရေးနယ်မြေရဲ့
ကျောင်းအုပ်အနေနဲ့ ရန်ရှောင်ကျဲ့က
အရမ်းကိုမြင့်မားတဲ့ရာထူးတစ်ခုကို
ပိုင်ဆိုင်ထားခဲ့ပါတယ်။ သူက ဘယ်နိုင်ငံတော်မဆို
ခြိမ်းခြောက်နိုင်တဲ့သူပါ ဒါ့အပြင်
အကြံပေးပုဂ္ဂိုလ်အဖြစ်လဲ
မြင့်မားတဲ့ဂုဏ်ထူးတွေကိုရရှိပါတယ်။
ရန်ရှောင်ကျဲ့အနေနဲ့
အမြဲတမ်းကျောင်းတော်ထဲမှာသာနေပြီ

အထူးချွန်ဆုံးပညာရှင်တွေကို
ကိုယ်တိုင်မွေးမြူးရင်း ကြီးကြပ်လေ့ရှိတယ်။
ဒါ့အပြင် ကျောင်းတော်ကို
ပိုပြီးအားကောင်းလာအောင် သူက
အဓိကလုပ်ဆောင်ပေးတဲ့သူပါ။

တခြားသူတွေရဲ့အမြင်အရ
ဘယ်ကျောင်းသားကမှသူ့ကို
လူကိုယ်တိုင်လာရောက်စေဖို့အတွက်
လုံလောက်တဲ့အောင်မြင်မှုမရှိခဲ့ပါဘူး။
ရန်ရှောင်ကျဲ့ရဲ့အမြင်မှာတော့ ဒါကတကယ်ကို
တန်ကြေးရှိတဲ့အရာပါ။

အရမ်းကိုမြင်ရခဲ့တဲ့အမှာဝိညာဉ်ပညာရှင်တွေ
ဒီမှာရှိနေပါတယ်။

သူလာတာ အရမ်းကိုစောလွန်းလှပါတယ်။
စာမေးပွဲမတိုင်းခင်ကထဲက
သားရဲကောင်ဘုရင်ကုန်ချန်းလုံကို သွားတွေ့ရင်း
စကားပြောခဲ့တယ်။ ကုန်ချန်းလုံက ဟို့ယွိဟောင်ရဲ့
သိုင်းပညာဝိညာဉ်ကို လုံးဝမပြောပြပေမဲ့
သူပြောပြလိုက်တဲ့အဆုံးစွန်း အန္တိမဆိုတဲ့စကားက
ရန်ရှောင်ကျဲ့ကို လှုပ်ရှားစေခဲ့တယ်။
ရန်ရှောင်ကျဲ့ရဲ့ယုံကြည်ချက်ကတော့

ပိုမိုမြင့်မားလို့လာခဲ့ပါပြီ။ သူ့ရဲ့စိတ်ထဲမှာတော့ အစီအစဉ်တွေက အပြည့်အဝရှိနေခဲ့ပါတယ်။

ကျောင်းရဲ့စာမေးပွဲနယ်မြေထဲဝင်လာနေတဲ့ ကျောင်းသားတွေကိုကြည့်ရင်း ပြုံးနေခဲ့တယ်။

" ချင်းသောသော ချင်းသောသော မင်းတို့နဲ့ငါရဲ့ ပြိုင်ပွဲမှာ ဘယ်သူကနောက်ဆုံးမှာ ရယ်နိုင်မလဲကြည့်ကြသေးတာပေါ့ "

အပိုင်း ၅၀•၃ ပြီး၏။

အပိုင်း ၅၁•၁

" လိပ်ပြာနတ်မိမယ်ဓားချက်နဲ့
ရှုံးသွပ်နေတဲ့ကျားဖြူ "
•••

" ဒုတိယနေ့ အတန်းတစ် ဝမ်သုန့် "

ဝမ်သုန့်က အရှေ့ကိုတိုးလာပြီ
သူ့ရဲ့စမ်းသပ်ချက်စာလွှာကို
ဒိုင်ဆီပေးအပ်လိုက်ပါတယ်။ ဒီတစ်ကြိမ်မှာ

ဝမ်သုန့်က ပထမဆုံးအနေနဲ့
စမ်းသပ်ရေးနယ်မြေထဲကို ဝင်သွားခဲ့ပါတယ်။
တခြားကျောင်းသားတွေအားလုံးက
ဒီလိုအပြောင်းအလဲကို သိပြီသားပါ။
ဟိုယွိဟောင်အနေနဲ့ အစောပိုင်းတုန်းက
ဝိညာဉ်စွမ်းရည်ကို အသုံးပြုပြီ
ဝိညာဉ်သားရဲကောင်ကို တိုက်ခိုက်ခဲ့ပေးမဲ့
မထိခိုက်စေခဲ့ပါဘူး။ ဒီတစ်ကြိမ်မှာတော့
ဝိညာဉ်သားရဲကောင်စွမ်းရည်ကလဲ
တားဆီးခံလိုက်ရပါပြီ။ ဒါကြောင့် သူ့အနေနဲ့
အတန်းနံပါတ်တစ်ရဲ့ ပထမဆုံးအဖွင့်လူအဖြစ်
သွားရောက်လို့မဖြစ်တော့ပါဘူး။

အတန်းနံပါတ်တစ်ကလဲ
တခြားပြိုင်ဘက်တွေအားလုံးကို
မျက်လုံးပြူးစေနိုင်လောက်တဲ့
ဖွင့်ပွဲတစ်ခုကိုလိုအပ်နေခဲ့ပါပြီ။

ဒါပေမယ့် ထိုက်ဟွပင်းရဲ့အမြင်မှာ ဟိုယွိဟောင်က
ငကြောက်တစ်ယောက်ပါပဲ။ ဟိုယွိဟောင် သူ့ကို
ဒူးထောက်ဦးညွတ်ရမဲ့ကိစ္စအကြောင်း
တွေးလိုက်မိရုံနဲ့တင် သူခံစားခဲ့ရတဲ့နာကျင်မှုနဲ့
ခါးသီးမှုတွေက ပြေပျောက်နိုင်မှာပါ။ ဒါ့အပြင်
သူ့ရဲ့စိတ်ကလဲ
ဗဟာဟင်လင်းဖြစ်သွားပါတော့တယ်။

ငါလက်စားချေချင်တယ်။

သေချာပေါက်လက်စားချေချင်တယ်။

ဒီကောင်တွေအားလုံးကို

ခြေထောက်အောက်မှာနင်းချေပြစ်ချင်တယ်။

အားလုံးကိုဖယ်ရှားပြစ်ဖို့ အခွင့်အရေးရရမယ်။

မဟုတ်ဘူး သူတို့ငါ့ရှေ့မှာ ဒူးထောက်ရင်း

သေချာပေါက် တောင်းပန်နေရမယ်။

အဲ့ဒီလိုတောင်းပန်ပြီမှသာ ဒီလူတွေအားလုံးကို

ငါသတ်ပြစ်မှာ။

ဆယ့်သုံးနှစ်တောင်မရှိသေးတဲ့

ထိုက်ဟွပင်းရဲ့မျက်လုံးတွေကတော့

သွေးနီရောင်တောက်ပနေခဲ့ပါပြီ။
အညှာအတာကင်းမဲ့တဲ့ အကြည့်ကလဲ
ဖြစ်ပေါ်လာခဲ့ပါတယ်။

" နှစ်တစ်ထောင်သားရဲ့ကောင်ကို ရွေးချယ်ပါတယ်
"

ဝမ်သုန့်ရဲ့အသံက ထိုက်ဟွပင်းရဲ့အတွေးတွေကို
ပြန်လည်ဆွဲယူလိုက်ပါတော့တယ်။ သူ့အနေနဲ့
ဝမ်သုန့်ရဲ့ ရွေးချယ်မှုကိုကြားချိန်မှာ
လန့်သွားခဲ့ရတယ်။

နှစ်တစ်ထောင်ဝိညာဉ်စက်ကွင်းရှိပေမဲ့
ဝမ်သုန့်ရဲ့ကျင့်ကြံဆင့်က
ဝိညာဉ်ပညာရှင်တွေဖြစ်နေတုန်းပါ။
ဝိညာဉ်သားရဲကောင်ကို
နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်ကို
ရွေးချယ်ဝံ့တယ်လား။ ဒါက စာမေးပွဲအမြင့်ဆုံး
ပြိုင်ဘက်ဖြစ်လာမှာပါပဲ။

ဒိုင်နှစ်ယောက်လုံးလဲ လန့်သွားခဲ့ရပါတယ်။

လွန်ခဲ့တဲ့နှစ်ရက်မှာ ဟိုယ္ဂိဟောင်က သူတို့ကို
ထိတ်လန့်စေခဲ့ပါတယ်။ ပထမဆုံးအနေနဲ့
စာမေးပွဲနယ်မြေထဲဝင်သွားခဲ့ပြီ
နှစ်တစ်ရာသားရဲကောင်ကို ရွေးချယ်ခဲ့တယ်။
ဒါတောင်မှ ကြောက်စရာကောင်းလွန်းလှတဲ့
နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းတွေနဲ့
ထိတ်လန့်စေခဲ့တာပါ။ ဒီတစ်ကြိမ်မှာလဲ
အတန်းနံပါတ်တစ်ရဲ့တစ်စုံတစ်ယောက်က
ထွက်ထွက်လာချင် နှစ်တစ်ထောင်သားရဲကောင်ကို
ရွေးချယ်ပြန်ပြီ ဒီကလေးတွေ ရူးကုန်တာလား။
ကျောင်းတော်ကပဲ သူတို့ကို
မိစ္ဆာတွေဖြစ်သွားစေခဲ့တာလား။

ဒါပေမယ့် ဒိုင်အနေနဲ့လဲ
ကျောင်းအုပ်ကိုယ်တိုင်ရှိနေခဲ့တဲ့အတွက်
ဆက်ပြီးမတွေဝေတော့ပဲ ပြောလာခဲ့ပါတယ်။

" ဝမ်သုန့် အဆင်သင့်ဖြစ်ပြီလား "

" ဝမ်သုန့် မင်းအဆင်သင့်ဖြစ်ပြီလား "

" ကျွန်တော်အဆင်သင့်ပဲ "

ဝမ်းသုန့်က

အလေးအနက်ခေါင်းညိတ်လိုက်ပါတော့တယ်။

သူ့ရဲ့မျက်နှာပေါ်မှာတော့

အပြာရောင်အလင်းတန်းတွေက

ဖုံးလွှမ်းလို့သွားခဲ့ပါပြီ။ သိုင်းပညာဝိညာဉ်ကို

ထုတ်လွှတ်နေရင်း အချိန်မဖြုန်းခဲ့ပါဘူး။

နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်ရဲ့

ရင်ဆိုင်ရမဲ့အချိန်မှာ သူကိုယ်တိုင်တောင်မှ

အပြည့်အဝ အဆင်သင့်ပြင်ထားဖို့လိုလို့ပါ။

တအံ့တသြအသံတွေက ချက်ချင်းဆိုသလို

ထွက်ပေါ်လာပါတော့တယ်။

ဝမ်သုန့်ရဲ့သိုင်းပညာဝိညာဉ်ကြောင့်
အံ့သြသွားတာမဟုတ်ပါဘူး။ ဒါပေမယ့်
သူခြေထောက်အောက်မှာတော့ ထွက်ပေါ်လာခဲ့တဲ့
ဝိညာဉ်စက်ကွင်းတွေကြောင့်ပါပဲ။ လက်ရှိအချိန်မှာ
ဝိညာဉ်စက်ကွင်းကသုံးကွင်းရှိနေခဲ့ပါပြီ။
ဒါကဝမ်သုန့်ရဲ့လျှို့ဝှက်ချက်တစ်ခုပါ။

သူတို့တွေ
ကျောင်းတော်ထဲပြန်ရောက်လာတဲ့အချိန်မှာ
ဟိုဖယ်ပွိဟောင်က နောက်ကျနေခဲ့ပါတယ်။
ဝမ်သုန့်အနေနဲ့လဲ နှစ်ရက်အလိုမှာ

အမြန်ဆုံးအပြေးပြန်လာခဲ့ရတယ်။ ဘာကြောင့်များ
သူဒီလိုမျိုး နောက်ကျနေရတာလဲ။
တစ်လတာအချိန်အတွင်းမှာ သူအနေနဲ့
သူ့မျိုးနွယ်ရဲ့အကူအညီနဲ့
အဆင့်သုံးဆယ့်အထက်ကို
ဖြတ်ကျော်တိုးတက်ခဲ့ပါတယ်။ ဒါ့အပြင်
တတိယဝိညာဉ်စက်ကွင်းကိုတောင်
ရလာနိုင်ခဲ့တယ်။

ရန်ရှောင်ကျဲ့ရဲ့မျက်လုံးတွေကလဲ
တောက်ပလို့လာခဲ့ပါပြီ။ အဲ့ဒီနောက်
သူခေါင်းညိတ်ရင်း ပြောလိုက်တယ်။

" ကောင်းသားပဲ

သူ့မှာအဝါရောင်ဝိညာဉ်စက်ကွင်းတစ်ခုနဲ့

ခရမ်းရောင်ဝိညာဉ်စက်ကွင်းနှစ်ခုရှိတယ်...ဒီက

လေးရဲ့ပါရမီနဲ့သိုင်းပညာဝိညာဉ်က

သက်တူရွယ်တူတွေထက် သာလွန်နေတာပဲ

ဒီကလေးရဲ့အနာဂတ်က

အလားအလာကောင်းတယ်..ဒါပေမယ့်တောက်ပ

ရောင်စဉ်လိပ်ပြာနတ်မိမယ် "

သူ့ရဲ့မျက်နှာပေါ်မှာ ရိုးရှင်းတဲ့အပြုံးတစ်ခုက

ဖြစ်ပေါ်လာပါတော့တယ်။ ဒီအပြုံးထဲမှာလဲ

ထူးခြားတဲ့အငွေ့အသက်တွေ ပါဝင်နေခဲ့တယ်။

ဝမ်သုန့်ရဲ့တတိယဝိညာဉ်စက်ကွင်းကလဲ

ခရမ်းရောင်ဝိညာဉ်စက်ကွင်းပါ

နှစ်တစ်ထောင်ဝိညာဉ်စက်ကွင်းလို့လဲပြောလို့ရပါ

တယ်။ ဒါကြောင့်

ဝိညာဉ်အကြီးအကဲအဆင့်ဖြစ်သွားတဲ့ဝမ်သုန့်က

နှစ်တစ်ထောင်ဝိညာဉ်စက်ကွင်းနှစ်ခုရှိနေပြီတာ

ကြောင့် တကယ်ကို

စစ်မှန်တဲ့ဝိညာဉ်အကြီးအကဲတစ်ယောက်

ဖြစ်နေခဲ့ပါတော့တယ်။

ထိုက်ဟွပင်းအနေနဲ့ ဝမ်သုန့် သူ့ကိုဒီလောက်အထိ အံ့သြအောင်လုပ်နိုင်တယ်လို့ မတွေ့တောခဲ့ပါဘူး။ အမှန်ပါပဲ သူ့ရဲ့ကျင့်ကြံဆင့်နဲ့ ဝိညာဉ်စွမ်းအားက ဝမ်သုန့်ထက်အများကြီး သာလွန်နေခဲ့တာပါ။ ဒါပေမယ့် အခုအချိန် နှစ်ဖက်စလုံးက ဝိညာဉ်စက်ကွင်းသုံးကွင်းရှိနေခဲ့တဲ့ ဝိညာဉ်အကြီးအကဲတွေဖြစ်နေခဲ့ပါပြီ။ ဒါ့အပြင် ဝမ်သုန့်က သူတို့ရဲ့ဝိညာဉ်စက်ကွင်းချင်ယှဉ်မယ်ဆိုရင်တောင် သူ့ထက်ပိုသာလွန်ခဲ့ပါတယ်။ အကယ်၍ ဝိညာဉ်စွမ်းရည်တွေကို ထုတ်ပြမယ်ဆိုရင်တောင် ဝမ်သုန့်က သူ့ကို တိုက်ပွဲမှာကျော်လွန်နေခဲ့မှာပါ။

ဒါကြောင့် သူတို့ရဲ့ ကျင့်ကြံဆင့်ကွာခြားချက်ကလဲ ပျောက်ကွယ်လို့သွားပါတော့တယ်။

ထိုက်ဟွပင်းရဲ့အမူအရာကတော့ ချက်ချင်းဆိုသလို မဲမှောင်လို့သွားခဲ့ပါပြီ။ ယုံကြည်ချက်ကတော့ မပျောက်ကွယ်ခဲ့ပါဘူး။ သူ့အမြင်အရ ဟို့ယွိပောင်အနေနဲ့ ဒုတိယစွမ်းရည်နဲ့ ဒုတိယဝိညာဉ်စက်ကွင်းကို အသုံးပြုမယ်ဆိုရင်တောင် သားရဲကောင်တွေကို ထိခိုက်အောင်မလုပ်နိုင်ဘူးလို့ ယုံကြည်ချက်အပြည့် ရှိနေခဲ့တယ်။ ဒါကြောင့် ထိုက်ဟွပင်းယုံကြည်တာကတော့

ဟိုယ့်ဝှိပောင်အနေနဲ့ သူ့ဆရာရဲ့အကြံကို
လိုက်နာရင်း စာမေးပွဲမှာ အမှတ်အနှိမ့်ဆုံးကို
အောင်မြင်အောင်ရယူပြီး ဖြတ်ကျော်ဖို့လုပ်ရမှာပါ။
ဒါ့အပြင် သူကိုယ်တိုင်ကလဲ ဝမ်သုန့်ထက်ပိုပြီး
ကောင်းကောင်းမွန်မွန် ဆွဲဆောင်နိုင်မယ်လို့
ထင်နေခဲ့တယ်။ ဒါပေမယ့်
လက်ရှိအချိန်မှာကတော့
ဘယ်လောက်ပဲယုံကြည်ချက်ရှိနေပါစေ
စိတ်ကမသက်မသာဖြစ်နေခဲ့ပါပြီ။

ဒီတစ်ကြိမ်မှာပဲ သတ္တုတံခါးကြီးက
ပွင့်လာခဲ့ပါတော့တယ်။

မြင့်မားတဲ့သတ္တဝါတစ်ကောင်က

ဖြည်းဖြည်းချင်းဆိုသလို ထွက်ပေါ်လာခဲ့တယ်။

သူ့ရဲ့အရှိန်နှုန်းက မမြန်ဆန်ခဲ့ပေမဲ့ ဖိအားကတော့

အများကြီး သာလွန်နေခဲ့ပါတယ်။

သုံးမီတာကျော်မြင့်မားတဲ့ ဝိညာဉ်သားရဲကောင်က

လူသားတစ်ယောက်လိုမျိုး

လမ်းလျှောက်လာခဲ့တယ်။ ဒါ့အပြင် သူ့ခန္ဓာကိုယ်နဲ့

အညိုဖျော့ရောင်အမွေးဆီကနေလဲ ငါးညီးနံ့တွေ

နံနေခဲ့ပါတယ်။ ရင်ဘတ်မှာကတော့

အဖြူရောင်အမွေးတွေရှိနေခဲ့ပြီ သွေးကြောတွေနဲ့

အတောင်ပံတွေကလဲ

ဝမ်သုန့်ရဲ့တောက်ပရောင်စဉ်လိပ်ပြာနတ်မိမယ်နဲ့တူ

ညီပါတယ်။ ဒီဝက်ဝံရဲ့ အရွယ်အစားနဲ့ပုံစံကတော့ အံ့သြစရာပါပဲ။ ဒါ့အပြင် သူ့ရဲ့မျက်လုံးက လူတိုင်းအတွက် အာရုံစိုက်စရာဖြစ်နေခဲ့တယ်။ မှိန်ဖျော့ဖျော့အနီရောင်အလင်းတန်းတွေက သားရဲကောင်တွေအားလုံးကို ကိုက်ဖြတ်ဆွဲချင်နေသလိုပါပဲ။

သက်တူရွယ်တူ

နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်တွေထဲမှာတော င် ဆိတ်နဲ့ဆင်တွေလိုသားရဲကောင်တွေက ခြင်္သေ့တို့ကျားတို့လိုသားရဲကောင်တွေကို မယှဉ်နိုင်တာအမှန်ပါပဲ။ ဒါ့အပြင်

အသားစားသတ္တဝါတွေက

နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်ဖြစ်ဖို့

အများကြီးမြင့်ပါတယ်။

ဝမ်သုန့်ရဲ့

ရင်ဆိုင်ရမဲ့နှစ်တစ်ထောင်သားရဲကောင်ကတော့

သွေးဆာနေတဲ့ နတ်ဆိုးဝက်ဝံပါ။ ဒါ့အပြင် သူက

မြေကမ္ဘာဝိညာဉ်သားရဲကောင်မျိုးဖြစ်နေခဲ့တယ်။

ဝမ်သုန့်က အတောင်ပံတွေကိုဖြန့်ရင်းနဲ့

ပြိုင်ဘက်ရဲ့ရုပ်သွင်ကို

တစ်ချက်ကြည့်လိုက်ပါတယ်။ ကြီးမားပြီ

သဏ္ဍာန်မဲ့တဲ့ဖိအားက

သူ့အပေါ်ဘက်လေထုငါးမီတာအထိကိုမရောက်ခင်

ချိန်မှာပဲ မြေပြင်ပေါ်ကိုပြန်ဆွဲချပါတော့တယ်။

ဒိုင်ရဲ့အသံကလဲ သူ့နားထဲကိုဝင်ရောက်လာခဲ့ပါပြီ။

" ပြိုင်ပွဲမှာ ငါးမီတာအထက်ကို ပျံလို့မရဘူး "

အစောပိုင်းတုန်းကထဲက

အေးအေးဆေးဆေးလျှောက်လာနေခဲ့တဲ့

ဝက်ဝံလဲသူ့ရဲ့ရှေ့ခြေတွေကိုအသုံးပြုရင်

အဆင်သင့်ပြင်လိုက်ပါတော့တယ်။ ဒါပေမယ့်
ထူးဆန်းတဲ့အရှိန်အဝါက ဝမ်သုန့်ကို
မျက်လုံးပြူးသွားစေခဲ့ပါပြီ။ ပထမဆုံးအနေနဲ့
နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်ကို
ပထမဆုံးအနေနဲ့ တစ်ယောက်ထဲရင်ဆိုင်ရတာပါ။
သူကိုယ်တိုင်ကလဲ
ယုံကြည်ချက်အပြည့်ရှိနေခဲ့တယ်။

ဒီတစ်ကြိမ်မှာပဲ သူ့ရဲ့စိတ်ထဲကို
သုံးဖက်မြေပုံရိပ်တွေက ပေါ်လာပါတော့တယ်။
ဟို့ယွိဟောင်က
စာမေးပွဲနယ်မြေရဲ့မနီးမဝေးနေရာမှာ

ရပ်နေခဲ့တာပါ။

မှိန်ဖျော့ဖျော့အလင်းတန်းတွေကလဲ

သူ့ရဲ့မျက်လုံးထဲမှာ

အထင်သားပေါ်နေပါတော့တယ်။

ထိုက်ဟွပင်းနဲ့လောင်းကြေးကြောင့်သာ မဟုတ်ရင်

သူလဲဒီလိုမျိုး လှည့်စားဖို့ကို

ရွေးချယ်မှာမဟုတ်ပါဘူး။ ဒါပေမယ့်

ဒီတစ်ကြိမ်မှာတော့

လောင်းကြေးကမြင့်တဲ့အတွက်

သူကိုယ်တိုင်အနေနဲ့လဲ ရန်သူကို

လုံးဝမရှုံးနိမ့်စေချင်သလို သူ့အမေရဲ့သေဆုံးမှုကလဲ

ပြန်ပြီးလက်စားချေနေချင်စိတ်ပြင်းပြနေဆဲပါ။
ဒါကြောင့်သာ ဝမ်သုန့်ကို
စိတ်ဝိညာဉ်ထောက်လှမ်းမှုနဲ့
ကာကွယ်ပေးဖို့လုပ်မှာပါ။ သူ့အနေနဲ့
ဘယ်လိုမှအထိအခိုက်မခံနိုင်ပါဘူး။

ဝမ်သုန့်လဲ လက်မောင်းကိုမြှောက်ရင်း
အရှေ့တောင်ပံတွေကို စုလိုက်ပါတော့တယ်။
သူ့ရဲ့တူညီတဲ့လှုပ်ရှားမှုနဲ့
အရှေ့ကိုတိုးဝင်သွားခဲ့တယ်။ ဒါ့အပြင် ဝက်ဝံဆီကို
ရှေ့ခြေလှမ်းအနည်းငယ်တိုးလိုက်ပါတယ်။
ဝက်ဝံလိုပဲ သူလဲမမြန်ဆန်ခဲ့ပါဘူး။

သူ့ရဲ့ခြေလှမ်းတွေက အရမ်းကို တည်ငြိမ်နေခဲ့ပြီ
ဘယ်လောက်တောင် အေးဆေးနေလဲဆိုတဲ့
စိတ်ကိုထင်ဟပ်စေနေခဲ့ပါတယ်။

ဝက်ဝံနဲ့ဝမ်သုန့်က တစ်ဖက်နဲ့တစ်ဖက်
ဖြည်းဖြည်းချင်း နီးကပ်လာနေခဲ့ပါပြီ။
ဒိုင်တစ်ယောက်ကလဲ
သူတို့တွေလှုပ်ရှားမှုတွေအားလုံးကို သေချာပေါက်
အနီးကပ်စောင့်ကြည့်နေခဲ့ပါတယ်။ သူတို့အနေနဲ့
ဝမ်သုန့်သာ စွမ်းအားကုန်ဆုံးသွားခဲ့မယ်ဆိုရင်
ချက်ချင်းဆိုသလို ဝင်ပြီဆွဲရမယ်လို့သိနေခဲ့တယ်။
နောက်ဆုံးတော့လဲ လူသားတွေက

ဝိညာဉ်သားရဲကောင်တွေနဲ့ မတူညီပါဘူး။
ဘယ်လိုအခြေအနေမျိုးမှာမဆို ဖျက်ဆီးနိုင်စွမ်းက
ကြီးမားပါတယ်။ ဝမ်သုန့်ရဲ့လေ့လာဆန်စစ်မှုက
အခုမှစတင်တာပါ။ ဒါ့အပြင် သူကလဲ
အဓိကတပည့်သားဖြစ်နေခဲ့မှန်း သိထားခဲ့ပြီးပါပြီ။
ဒါကြောင့် ဒီလိုအဓိကတပည့်သားမျိုးကို
စာမေးပွဲစစ်ရင် မဆုံးရှုံးရစေဖို့လဲ
အရေးကြီးပါတယ်။

ဝက်ဝံအနေနဲ့ကတော့ လူသားတစ်ယောက်လိုမျိုး
လမ်းလျှောက်နေပြန်ပါတော့တယ်။
ဖြေးညင်းရုံတင်မက ဒယိမ်းဒယိုင်လဲ

ဖြစ်နေခဲ့တယ်။ ဒါပေမယ့် သွေးဆာနေတဲ့ မျက်ဝန်းတွေကတော့ မပြောင်းလဲပါဘူး။ ဝမ်သုန့်နဲ့ မီတာသုံးဆယ်အကွာမှာ သူ့ရဲ့ရှေ့လက်တွေကို ရုတ်တရက်ချလိုက်ပါတော့တယ်။ လက်ရှိအချိန် ခြေလက်လေးဖက်စလုံးက မြေပြင်ကိုထိသွားခဲ့ပါပြီ။ ရုတ်တရက်အပြောင်းအလဲက ဝမ်သုန့်ကို လန့်သွားစေခဲ့ပါတယ်။ သူလဲချက်ချင်းဆိုသလို ရပ်တန့်လိုက်မိတယ်။ အဲ့ဒီနောက် မျှော်လင့်တကြီးနဲ့ဘေးဘက်မီတာအနည်းငယ်ဆီကို လျှောက်သွားခဲ့ပါပြီ။ ဝက်ဝံကလဲ ဘာမှဖြစ်မသွားခဲ့တဲ့အတိုင်း

သူ့အနားကိုဖြည်းဖြည်းချင်း ကပ်လာနေခဲ့ပါတယ်။ အနီရောင်မျက်ဝန်းတွေထဲမှာတောင် လှောင်ရယ်ချင်နေတဲ့ပုံရိပ်က အထင်သားပေါ်နေခဲ့တယ်။

နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်အနေနဲ့ သူက အသိဉာဏ်ရှိနေခဲ့ပါပြီ။ နှစ်တစ်သောင်းအထိကို ရောက်သွားခဲ့ရင်တော့ သူတို့ရဲ့ဉာဏ်ရည်က လူသားတွေလောက်နီးနီးကို ရှိလာမှာဖြစ်ပြီ လူသားတွေရဲ့အရှိန်နှုန်းအတိုင်း တုန့်ပြန်နိုင်တော့မှာပါ။

ဝမ်းသုန့်အနေနဲ့လဲ တစ်ဖက်ဝက်ဝံရဲ့ပုံစံကြောင့်
တခဏတာတွေဝေသွားပါတော့တယ်။
အဲ့ဒီအချိန်မှာပဲ ဝက်ဝံက
ရုတ်တရက်အရှိန်မြှင့်လိုက်တယ်။
သူတစ်ကိုယ်လုံးသွေးနီရောင်အလင်းတန်းတွေက
လွှမ်းခြုံလို့သွားခဲ့ပြီ
တိမ်တိုက်တွေတိမ်စိုင်တွေလိုပုံစံမျိုးနဲ့
ပြေးဝင်လာပါတော့တယ်။
လှုပ်ရှားတာမြန်လွန်တာကြောင့် ဟိုယွိဟောင်
ရင်ဆိုင်ခဲ့တဲ့ဝံပုလွေတွေနဲ့တောင်
ယှဉ်လို့ရနိုင်နေခဲ့တယ်။

ဒီလိုအရှိန်အဝါအပြောင်းအလဲက
ခြေလက်လေးဖက်စလုံးကို အသုံးပြုမှုသာ
ဖြစ်ပေါ်လာခဲ့တာပါ။
နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်ဖြစ်နေခဲ့တာ
မဆန်ပါဘူး။ သူ့ရဲ့အင်အားကတင်
နှစ်တစ်ရာဝိညာဉ်သားရဲကောင်တွေ
မယှဉ်နိုင်တဲ့အခြေအနေမှာ ရောက်နေခဲ့ပါပြီ။

အသက်ရှူချိန်နှစ်ကြိမ်အတွင်းမှာပဲ ဝမ်သုန့်နဲ့
မီတာသုံးဆယ်အကွာအဝေးကို သူက
အများကြီးချုပ်ပြစ်လိုက်ပါတော့တယ်။
ဝမ်သုန့်အနေနဲ့လဲ နားလည်သွားပုံပါပဲ။ ဒါ့အပြင်

ဝက်ဝံက သူ့ရဲ့လက်ဝါးကြီးတွေကို ဝှေ့ရမ်းရင်း
သွေးနီရောင်အလင်းတန်းတွေနဲ့
ပြန်တိုက်ခိုက်ဖို့လုပ်နေခဲ့တယ်။

နှစ်ဖက်စလုံး ဖြည်းဖြည်းချင်းလှုပ်ရှားနေကထဲက
စောင့်ကြည့်နေတဲ့ဒိုင်တွေကလဲ
ဒီလိုမျိုးရုတ်တရက်တိုက်ခိုက်ချိန်မှာ
မျက်မှောင်ကြုတ်သွားပါတော့တယ်။ သူတို့အနေနဲ့
ဒုတိယနှစ်ဝိညာဉ်အကြီးအကဲကို
ကြုံတွေ့ရချိန်မှာတောင် အံ့သြနေခဲ့တာပါ။
ဒါပေမယ့် တကယ်တိုက်ပွဲမှာ အတွေ့အကြုံက

အရမ်းကို ဆိုးရွားလွန်နေပြီ ဒီလိုမျိုးအသုံးမဝင်ပဲနဲ့ ထိတ်လန့်နေတာလား။

ဝမ်သုန့်က ကြောက်လန့်နေတာလားမဟုတ်ပါဘူး။ ဝက်ဝံရဲ့လက်ဝါးကြီး သူ့ရှေ့ကိုရောက်လာတာ မြင်မြင်ချင်ခြေထောက်တစ်ဖက်ကို အသုံးပြုရင်း လှည့်ချလိုက်ပါတော့တယ်။ ဝက်ဝံရဲ့ရိုက်ချက်က သူ့ခန္ဓာကိုယ်နဲ့အရမ်းနီးကပ်လာချိန်မှာ ဝမ်သုန့်ကတော့ ဝက်ဝံရဲ့အနောက်ကို ရောက်သွားခဲ့ပါပြီ။

သူ့ရဲ့အတောင်ပံတွေကို အသုံးပြုရင်း
ကြက်ခြေခတ်ပုံသဏ္ဍာန်နဲ့
ဆွဲဖြဲလိုက်ပါတော့တယ်။ ဒါ့အပြင်
ဝက်ဝံရဲ့လည်ပင်းတည့်တည့်ကို
ချိန်ရွယ်ထားခဲ့တာပါ။

ဒီသားရဲကောင်က
ထူးခြားတဲ့သားရဲကောင်တစ်ကောင်ပါပဲ။
တစ်စုံတစ်ရာမှားယွင်းနေတာကို
သိသိချင်ချက်ချင်းဆိုသလို သူ့ရဲ့အလင်းတန်းက
အဝါရောင်အဖြစ်ကို
ပြောင်းလဲလို့သွားပါတော့တယ်။ အမွေးတွေကလဲ

သံမဏိလိုမာကျောသွားခဲ့ပါပြီ။
ဝမ်သုန့်ရဲ့အတောင်ပံတွေအနေနဲ့
မာကျောတဲ့အမွေးကိုထိတွေ့ပြီးပြီချင်
မီးပွားတွေက ဖြစ်ပေါ်လာပါတော့တယ်။

မြေကမ္ဘာအမျိုးအစားဝိညာဉ်သားရဲကောင်နဲ့
ရင်ဆိုင်ရချိန်မှာ ဒီသားရဲကောင်တွေက
အရမ်းကိုခုခံစစ်ကောင်းမွန်ပါတယ်။
ကံမကောင်းစွာနဲ့ပဲ အခြေအနေတွေကို
တုန့်ပြန်တဲ့အနေအထားမှာ နှေးကွေးလို့နေခဲ့တယ်။
ဝမ်သုန့် ရင်ဆိုင်နေရတဲ့ ဝက်ဝံက
သူ့ကိုစိတ်ပိုင်ဆိုင်ရာနည်းလမ်းအရအဓိက

တိုက်ခိုက်တာပါ။ အဲ့ဒီနောက်
အလစ်ဝင်တိုက်ဖို့ပြင်ပါတော့တယ်။ အခုအချိန်မှာ
အချိန်မီတုန့်ပြန်နိုင်ပေမဲ့ ဝမ်သုန့်က
ဒီအတောင်ပံထဲမှာ အသားပိုင်းကြီးတစ်ခုကို
ဖြတ်ထုတ်နိုင်ပါလိမ့်မယ်။

စိတ်ပိုင်ဆိုင်ရာတိုက်ခိုက်မှုက ရန်သူကို
လှုပ်ရှားစေနိုင်မယ်ဆိုတာ
ဘယ်သူမသိပဲနေနိုင်မှာလဲ။ ဝမ်သုန့်အနေနဲ့
ရယ်မောလိုက်မိပါတော့တယ်။ သူက
သူရည်ရွယ်ထားတဲ့နေရာကို တိုက်ခိုက်ပေမဲ့
နောက်ထပ်ဆက်ပြီး မလှုပ်ရှားခဲ့ပါဘူး။

အတောင်ပံကိုခတ်လိုက်ရင်း ငါးမီတာအကွာကို ဆုတ်ခွာသွားပါတော့တယ်။ အဲ့ဒီနောက် ဝက်ဝံရဲ့အရှုးလိုတိုက်ခိုက်မှုကို ရှောင်ရှားလိုက်တယ်။

ဟိုဲ့ယွိပေါင်ရဲ့စိတ်ဝိညာဉ်ထောက်လှမ်းမှုမရှိပဲနဲ့ တောင် သူ့အနေနဲ့ဒီဝက်ဝံကို အနိုင်ယူဖို့ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် စိတ်ဝိညာဉ်ထောက်လှမ်းမျဝေမှုကတော့ သွေးကြောတွေနဲ့ သေကွင်းသေကွက်နေရာတွေကို ကောင်းကောင်းကြီး ညွှန်ပြနေခဲ့တယ်။

ဒါ့အပြင်တိုက်ခိုက်မှုတွေကိုပါ

နားလည်စေပါတယ်။ ဒါက
အခွင့်အရေးကောင်းကြီးမဟုတ်ပါလား။

အမှန်တကယ်ပါပဲ ကြည့်နေတဲ့သူတွေအားလုံး
ဝမ်သုန့်ရဲ့ တိုက်ခိုက်မှုကြောင့်
မျက်လုံးအပြူးဖြစ်သွားပါတော့တယ်။
ကျောင်းအုပ်ရန်ရှောင်ကျဲ့နဲ့
ညွှန်ကြားရေးမှူးသုဝေ့လွမ်လဲအတူတူပါပဲ။
ဝမ်သုန့်က ဝက်ဝံရဲ့တိုက်ခိုက်မှုအောက်မှာတောင်
အရမ်းကိုတည်တည်ငြိမ်ငြိမ် ရှိနေခဲ့ပြီ။
ပြိုင်ဘက်ရဲ့နည်းလမ်းကိုအသုံးပြုရင်း
ပြိုင်ဘက်ရဲ့လည်ပင်းကိုတောင်

ထိုးစိုက်ချခဲ့ပါတယ်။ သူ့ရဲ့တည်ငြိမ်တဲ့ပုံစံက ဒိုင်တွေကိုတောင် အထင်ကြီးသွားစေခဲ့တယ်။ ဒါ့အပြင် ဒိုင်တွေအနေနဲ့လဲ ဒီလောက်အထိ တိုက်ပွဲနည်းဗျူဟာမြင့်မားတဲ့ကျောင်းသားကို အတန်းကြီးတွေဆီမှာတောင် မမြင်ဖူးခဲ့တာအမှန်ပါ။

အပိုင်း ၅၁•၁ ပြီး၏။

အပိုင်း ၅၁•၂

" လိပ်ပြာနုတ်မိမယ်ဆားချက်နဲ့
ရှူးသွပ်နေတဲ့ကျားဖြူ "
ooo

ဝက်ဝံကတော့ နာကျင်မှုနဲ့ ဒေါသတွေကြောင့် အော်ဟစ်ရင်းရှေ့ခြေတွေကို မြှောက်လိုက်ပါတယ်။ သူ့ရဲ့ဖြူဖျော့ဖျော့မျက်လုံးတွေက စွမ်းအားအပြည့်နဲ့တောက်ပနေခဲ့ပြီး ရှူးသွပ်တော့မဲ့အခြေအနေ ရှိနေခဲ့တယ်။ ဒါက သားရဲကောင်တစ်ကောင်ရဲ့ အတွင်းစွမ်းရည်ဖြစ်တဲ့ သွေးဆာမှုပါပဲ။

သွေးဆာနေတဲ့ နတ်ဆိုးဝက်ဝံလို့ခေါ်ရတာက
သူ့ရဲ့ဒီမူလမွေးရာပါစွမ်းရည်ကြောင့်ပါ။ ဒါ့အပြင်
မြေကမ္ဘာအမျိုးအစားနဲ့ သွေးသားအရစွမ်းရည်ကို
ပိုင်ဆိုင်ထားတာကြောင့် အင်အားကလဲ
ပိုတက်လာခဲ့ပါတယ်။

အနီရောင်တောက်ပနေတဲ့ ခန္ဓာကိုယ်အမွေးတွေက
သူ့ရဲ့သွေးဆာမှုထွက်ပေါ်လာတာနဲ့
အသက်ဝင်လာခဲ့ပါပြီ။ ဒါ့အပြင်
သူတစ်ကိုယ်လုံးလဲ နီရဲနေတဲ့ အရောင်တွေနဲ့
ဝမ်သုန့်ကို ခုန်အုပ်ပါတော့တယ်။
အရှေ့ခြေထောက်ကနေလဲ

အဝါရောင်အလင်းတန်းတွေကို
ထုတ်လွှတ်နေခဲ့တယ်။

ဝမ်သုန့်အနေနဲ့ အတောင်ပံတွေကို
ထုတ်လိုက်ပြီးအရှေ့ကို ခါရမ်းလိုက်ပါတယ်။
အဲ့ဒီနောက် သူ့ရဲ့ခန္ဓာကိုယ်ကို
အနောက်ဖက်ဆီတစ်စောင်းရွေ့လျားသွားခဲ့တယ်။
သူ့ရဲ့ဝက်ဝံကြီးအကွာအဝေးကို ပိုခွာနေသလိုပါပဲ။
ဒါပေမယ့် ဝက်ဝံရဲ့အရှိန်နှုန်းကတော့
ကြောက်စရာကောင်းလောက်အောင်
မြင့်မားလာခဲ့ပါတယ်။ ဒါ့အပြင် ဝမ်သုန့်ရဲ့
လှုပ်ရှားမှုကလဲ

စက္ကန့်ဝက်လောက်နေ့းကွေးသွားခဲ့တယ်။
အရှေ့ခြေက သူ့ကိုထိခိုက်မိပေမဲ့ မြေပြင်ကတော့
အတော်လေးကို ပျက်စီးသွားခဲ့ပါပြီ။
ချက်ချင်းဆိုသလို အဝါရောင်အလင်းတန်းကလဲ
ထွက်ပေါ်လာပါတော့တယ်။ ဒါကတော့သူ့ရဲ့
မြေလျှင်လှိုင်းတွေပါ။

သိသာထင်ရှားတဲ့စွမ်းရည်က
နှစ်တစ်ထောင်သားရဲကောင်ကြားမှာပိုမိုထွက်ပေါ်
လာခဲ့ပါတယ်။
နှစ်တစ်ရာဝိညာဉ်သားရဲကောင်တွေအနေနဲ့
အဝေးပစ်တိုက်ခိုက်မှုမျိုးကိုသာ

လုပ်ဆောင်နိုင်ပေမဲ့

နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်တွေကတော့

ပိုပြီးအားကောင်းတဲ့ တိုက်ခိုက်မှုတွေကို

လုပ်ဆောင်နိုင်တယ်။

မြေလျှင်လှိုင်းတွေကတော့ ဒီဝက်ဝံရဲ့

ထူးခြားချက်တစ်ခုပါ။ ဒီစွမ်းရည်ကပြိုင်ဘက်ကို

ဟန်ချက်ပျက်သွားစေနိုင်ပါတယ်။ ဒါ့အပြင်

တခဏတာအထိလဲ မူးဝေသွားစေခဲ့တယ်။

ဒီလျှင်လှိုင်းတွေရဲ့ရလဒ်ထွက်ပေါ်လာတာနဲ့

ဝက်ဝံအနေနဲ့ ပြိုင်ဘက်ကိုရှုးရှုးသွပ်သွပ်

ဆွဲဖြဲတော့မှာပါ။

ဒါကြောင့်သာ ဒိုင်နှစ်ယောက်က ဝမ်သုန့်ကို
ကာကွယ်နိုင်ဖို့အတွက်
ခပ်မြန်မြန်နီးကပ်လာပါတော့တယ်။
သူတို့တွေဝမ်သုန့်သာ
ထောင်ချောက်ထဲရောက်သွားလို့ကတော့
သူတို့ချက်ချင်းသွားဆွဲခေါ်ကြမှာဖြစ်ပါတယ်။

တစ်ခါတရံမှာ ဝိညာဉ်ပညာရှင်တွေနဲ့
ဝိညာဉ်သားရဲကောင်တွေရဲ့ပြိုင်ပွဲရလဒ်က
ဝိညာဉ်စွမ်းရည်တစ်ခုထဲနဲ့
ဆုံးဖြတ်နိုင်တာမဟုတ်ပါဘူး။ ဒါ့အပြင်

ဝိညာဉ်စွမ်းရည်တစ်ခုထဲကလဲ
အခြေအနေတွေအားလုံးကို
လုံးဝပြောင်းလဲသွားစေနိုင်ပါတယ်။

ဝမ်သုန့်ရဲ့အနောက်ဖက်အတောင်ပံတွေကို
ချက်ချင်းဆိုသလို မြင့်တက်လို့လာခဲ့ပြီ
ဝက်ဝံရဲ့လက်သည်းတွေဆီကို
ရိုက်ခတ်ပါတော့တယ်။ ဒါ့အပြင်
လျှပ်စီးတွေထုတ်လွှတ်နေတဲ့
သူကိုတိုက်ခိုက်တာပါ။ အရှေ့အတောင်ပံတွေကိုလဲ
စောင်းလိုက်ရင်း ဒုတိယဝိညာဉ်စက်ကွင်းက
တောက်ပလာပါတော့တယ်။ အတောင်ပံတွေကို

တဖျတ်ဖျတ်ခတ်ပြီတဲ့နောက်
အနောက်ဖက်ကိုနောက်တစ်ကြိမ်
ပြန်ပုံ့သွားပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ
ဆံချည်မျှင်တစ်မျှင်စာလောက်သာ
သူ့ရဲ့အပြောင်းအလဲက ဖြစ်ပေါ်နေခဲ့တာပါ။
ဒါ့အပြင် ခန္ဓာကိုယ်လေစီးကြောင်းရဲ့
အရှိန်အဟုန်ကိုအသုံးပြုရင်း သူ့ကိုလေထဲအထက်
သုံးမီတာဆီမြင့်တက်သွားစေခဲ့ပါတယ်။ ဒါ့အပြင်
သူ့ခန္ဓာကိုယ်ကလဲ မြေပြင်နဲ့ အပြိုင်ဖြစ်နေခဲ့ပြီ
ဒီလှိုင်းတွေအားလုံးကို
အချိန်မီရှောင်ရှားနိုင်လိုက်တယ်။ ဒါပေမယ့်
မလုံလောက်သေးတဲ့အတိုင်း ဝက်ဝံကတော့

မြေပြင်ကို နောက်တစ်ကြိမ်ထပ်ပြီး
ရိုက်ချပြစ်လိုက်ပါပြီ။

ရွှေရောင်သင်္ကေတတွေကတော့
ဝမ်သုန့်ရဲ့အတောင်ပံပေါ်မှာ ထွက်ပေါ်လို့လာရင်း
တောက်ပလာပါတော့တယ်။
ကြောက်စရာကောင်းတဲ့ပေါက်ကွဲမှုတွေကတော့
ရွှေရောင်အလင်းတန်းတွေတဖျတ်ဖျတ်လက်နေတဲ့
ကြားမှာထွက်ပေါ်လို့ခဲ့ပြန်ပါတယ်။

ဒါကတော့ ဝမ်သုန့်ရဲ့ဒုတိယဝိညာဉ်စွမ်းရည်ဖြစ်တဲ့ လိပ်ပြာနတ်မိမယ်ရဲ့အလင်းတန်းတွေပါပဲ။

ကြောက်စရာအလင်းတန်းတွေကတော့ ဝက်ဝံရဲ့နောက်ကျောဘက်ဆီကို အညှာအတာမရှိ ပြုတ်ကျလာပါတော့တယ်။ ဒါ့အပြင် ပြင်းထန်တဲ့ပေါက်ကွဲမှုကြောင့် ထွက်ပေါ်နေတဲ့အသံတွေက နားကျင်စရာကောင်းနေခဲ့တယ်။ ဝက်ဝံအနေနဲ့ အခုမှတိုက်ခိုက်ခါစဖြစ်ပေမဲ့ အချိန်အနည်းငယ်အတွင်းမှာပဲ သူခန္ဓာကိုယ်က ဝမ်သုန့်ရဲ့တိုက်ခိုက်မှုကို မရှောင်ရှားနိုင်ပဲ

ဖြစ်သွားခဲ့ရပါတယ်။ ပထမအလင်းလုံးနဲ့
ထိတွေ့ခံရပြီတဲ့နောက် သူ့ကိုယ်သူ ကွေးညွတ်ရင်းနဲ့
ကာကွယ်ဖို့ကြိုးစားနေခဲ့တယ်။

ပြင်းထန်တဲ့ပေါက်ကွဲမှုက
သုံးစက္ကန့်သာကြာမြင့်ပြီတဲ့နောက်
ပြီးဆုံးသွားခဲ့ပါပြီ။ ဝမ်သုန့်အနေနဲ့လဲ
အတောင်ပံတွေကိုအသုံးပြုရင်း
ဆက်တိုက်ဆိုသလို လွှင့်မျောနေခဲ့ပါတယ်။
အဲ့ဒီနောက် လက်နှစ်ဖက်ကိုရင်ဘတ်နားမှာ
ရွှေ့ပြောင်းထားခဲ့ပြီ
လက်ဝါးတွေကရင်ဘတ်နှစ်ခုကို

ကြက်ခြေခတ်ပုံသဏ္ဍာန်ထိထားခဲ့တယ်။

အဲ့ဒီနောက် တတိယဝိညာဉ်စက်ကွင်းကနေ

တောက်ပတဲ့အလင်းတန်းတွေ

နောက်တစ်ကြိမ်ထပ်မံထွက်ပေါ်လို့လာခဲ့ပြန်ပါပြီ။

သန့်စင်တဲ့ရွှေရောင်အလင်းတန်းက

ဝမ်သုန့်ရဲ့လက်ဝါးတွေအပေါ်မှာ

ပေါ်လာခဲ့ပြီတဲ့နောက်

ကြောက်စရာကောင်းလွန်လှတဲ့ အရှိန်နှုန်းနဲ့အတူ

ကျယ်ပြန့်လို့လာပါတော့တယ်။

မျက်တောင်တစ်ခတ်အတွင်းမှာပဲ အလင်းလုံးက

တစ်ပေအထိကို ကြီးမားလာခဲ့ပါပြီ။

ဒီအလင်းလုံးက ရွှေရောင်လျှပ်စီးတန်းတွေနဲ့

ဝန်းရံလို့နေခဲ့ပြီ ဝမ်သုန့်ရဲ့တစ်ကိုယ်လုံးကိုပါ
လွှမ်းခြုံလို့သွားခဲ့တယ်။

ဝမ်သုန့်ရဲ့ ရွှေရောင်အတောင်ပံတွေကလဲ
ဆက်တိုက်ဆိုသလို လှုပ်ခတ်နေခဲ့ရင်း
ရွှေရောင်အလင်းလုံးကြီးရဲ့
ပမာဏကိုကြီးမားလာစေခဲ့ပါတယ်။

ဝမ်သုန့်ရဲ့လိပ်ပြာနတ်မိမယ်ဖန်တီးနေတဲ့
ပေါက်ကွဲမှုအောက်မှာ ဝက်ဝံကတော့
မြေပြင်ထဲနစ်ဝင်နေခဲ့ပြီဖြစ်ပါတယ်။

တတ်နိုင်သလောက်ကြိုးစားအားထုတ်ရင်း

ခုခံနေခဲ့ပေမဲ့

နှစ်တစ်ထောင်ဝိညာဉ်စွမ်းရည်တစ်ခုက

ဘယ်လိုများအလွယ်လေး ခုခံဖို့လွယ်ကူမှာလဲ။

သူ့ရဲ့နောက်ကျောဘက်မှာရှိတဲ့ အသားတွေကတော့

ပေါက်ကွဲပြီသွေးတွေစီးကျနေခဲ့ပါပြီ။

ဒီလိုပျက်စီးမှုမျိုးက သူ့ရဲ့သွေးဆာစိတ်ကိုတောင်

အတော်လေးလျော့ပါးသွားစေခဲ့တယ်။

မြေကမ္ဘာအမျိုးအစားသားရဲကောင်ဖြစ်ပေမဲ့

သူ့ရဲ့ခုခံနိုင်စွမ်းက အရမ်းကို အားကောင်းပါတယ်။

ဒီလိုနာကျင်မှုကြောင့် သွေးတွေထွက်နေခဲ့ပေမဲ့

တိုက်ခိုက်နိုင်စွမ်းကို လုံးဝမဆုံးရှုံးသေးပါဘူး။
ဒါပေမယ့် ဝမ်သုန့်ရဲ့တိုက်ခိုက်မှုနှစ်ခုက
သူ့ရဲ့အနောက်ဖက်ခြေထောက်ကို
ထိမိသွားပါတော့တယ်။ အရှိန်နှုန်းကတော့
အတော်ကို လျော့ကျသွားခဲ့ပါပြီ။

ခေါင်းပေါ်က ကြောက်စရာအငွေ့အသက်တွေကို
ခံစားမိပြီတဲ့နောက် ဝက်ဝံအနေနဲ့လဲ
လှည့်ပြီကြည့်ဖို့ ကြိုးစားကြည့်ပါတော့တယ်။
ဒါပေမယ့် ကြောက်စရာရွှေရောင်ဘောလုံးကြီးက
ဝမ်သုန့်ရဲ့ရင်ဘတ်ရှေ့တည့်တည့်မှာ ရှိနေခဲ့ပါပြီ။
ဒါကြောင့် အရှေ့လက်ကို မြှောက်လိုက်ရင်း

အဝါရောင်အလင်းလုံးတစ်ခုကို
ဝမ်သုန့်ဆီပစ်လွှတ်ဖို့ကြံပါတော့တယ်။

ဒီအဝါရောင်အလင်းတန်းက
သေးငယ်တဲ့ဒိုင်ကာလေးတစ်ခုအဖြစ်
ပြောင်းလဲလို့သွားပြီ သူ့ခန္ဓာကိုယ်ကို
ကာကွယ်လိုက်တယ်။

" ကောင်းပြီ စမ်းသပ်ချက်ပြီးသွားပြီ ဝမ်သုန့်
မင်းရဲ့ဝိညာဉ်စွမ်းရည်တွေကို ပြန်သိမ်းလိုက်တော့
"'

သုဝေ့လွှမ်ရဲ့အသံက ထွက်ပေါ်လာပါတော့တယ်။

ဒါပေမယ့် ဝမ်သုန့်အနေနဲ့
ဒီလိုဝိညာဉ်စွမ်းရည်တစ်ခုကို
ရုတ်သိမ်းဖို့မလွယ်ကူခဲ့ပါဘူး။

သားရဲကောင်တိုက်ခိုက်ရေးနယ်မြေကြီးက
အပြင်မှာတည်ရှိနေတာဖြစ်တာကြောင့်
ရွှေရောင်ဘောလုံးကလဲ
လေထုအထက်မီတာတစ်ရာအထိကို

မြင့်တက်လို့သွားပါတော့တယ်။ အဲ့ဒီနောက်

ကြီးမားတဲ့ရွှေရောင်လခြမ်းကွေးတွေက

အရိပ်လိုမျိုး ပေါက်ကွဲလို့ထွက်လာခဲ့တယ်။

ပန်းပွင့်ဖတ်လေးတွေကိုကြည့်နေရတဲ့အတိုင်း

လေထဲမှာတော့ ပန်းမိုးတွေရွာသွန်းလို့နေခဲ့ပြီ

ခဏတာအချိန်အတွင်းမှာပဲ

ပေါက်ကွဲလို့သွားပါတော့တယ်။

ထူးခြားတဲ့မြင်ကွင်းကတော့

ရွှေရောင်အလင်းတန်းတွေနဲ့အတူ

ဖြစ်ပေါ်လာခဲ့ပါပြီ။

ဒိုင်နှစ်ယောက်ကလဲ သူတို့ရဲ့ဝက်ဝံကို
ပြန်ခေါ်သွားပြီ
ဒီစာမေးပွဲအဆုံးသတ်လိုက်တဲ့အကြောင်း
ကြေငြာပါတော့တယ်။

ဒိုင်တွေအနေနဲ့ စကားပြောဖို့တောင်
မလိုအပ်တော့ပါဘူး။ ဝမ်သုန့်အနေနဲ့
အောင်အောင်မြင်မြင်နဲ့အမှတ်ကိုရရှိပြီ
ဖြတ်သန်းနိုင်ပြီဆိုတာ လူတိုင်းသိနေခဲ့ပါတယ်။

တတိယဝိညာဉ်စွမ်းရည်ကို အသုံးပြုပြီးတဲ့နောက် ဝမ်သုန့်ရဲ့ခန္ဓာကိုယ်က အနည်းငယ်အားနည်းနေခဲ့ပါတယ်။ မျက်နှာကလဲ ဖြူဖျော့လို့နေခဲ့ပါပြီ။ ထိုက်ဟွပင်းနဲ့ လောင်းကြေးကြောင့်သာ မဟုတ်ရင် သူ့အနေနဲ့ တတိယဝိညာဉ်စွမ်းရည်ကို အသုံးပြုဖို့တောင်လိုမှာမဟုတ်ပါဘူး။ ဒါပေမယ့် လက်ရှိအချိန်မှာ အမြင့်ဆုံးအမှတ်ကိုရရှိနိုင်ဖို့အတွက် သူတတ်နိုင်သလောက်အားလုံးလုပ်ခဲ့ပါတယ်။

သူ့ရဲ့တတိယဝိညာဉ်စွမ်းရည်က

လိပ်ပြာနတ်မိမယ်ရဲ့ ဓားချက်လို့ခေါ်ပါတယ်။

ဒါ့အပြင် အလင်းလုံးတစ်လုံးနဲ့ တူညီပေမဲ့

တကယ်တော့ များပြားလွန်းလှတဲ့

ဓားသွားတစ်ရာနဲ့ရှစ်ခုပါဝင်နေတဲ့

ဓားချက်တစ်ခုပါ။ ပစ်မှတ်ကိုသာ

ထိတွေ့သွားခဲ့မယ်ဆိုရင် ပစ်မှတ်အနေနဲ့

ဓားပေါင်းတစ်ရာရှစ်ခုကိုထိုးစိုက်ခံရပြီ

အပိုင်းပိုင်းအစစ ဖြစ်သွားနိုင်ပါတယ်။

လိပ်ပြာနတ်မိမယ်ရဲ့အလင်းတန်းက

ပစ်မှတ်ရဲ့နေရာကိုသာ သက်ရောက်နိုင်ပြီ

အရမ်းကိုအင်အားကြီးပါတယ်။ ဒါပေမယ့်
ပေါက်ကွဲစွမ်းအားကတော့
အနည်းငယ်လျော့ပါးနေခဲ့တယ်။
လက်ရှိတတိယစွမ်းရည်ကတော့ မတူညီပါဘူး။
သူ့ရဲ့တစ်နေရာထဲကို
ထိန်းချုပ်ပြီတိုက်ခိုက်နိုင်တဲ့စွမ်းရည်က အရမ်းကို
အားကောင်းတဲ့တိုက်ခိုက်မှုစွမ်းအားတစ်ခုပါပဲ။
ပစ်မှတ်ကို ထိန်းချုပ်ထားစရာမလိုပဲ
ရှိရှိသမျှအလင်းတန်းတွေအားလုံးနဲ့
အားလုံးကိုဖျက်ဆီးပြစ်နိုင်ပါတယ်။
ဒါ့အပြင်ငါးမီတာအကွာအဝေးမှာ အသုံးပြုပြီး
စွမ်းအားတွေအားလုံးကို ကုန်ဆုံးစေတဲ့အထိ

ထုတ်လွှတ်လို့တိုက်ခိုက်ရတာပါ။ ဒါကြောင့်သာ
အစောပိုင်းတုန်းကလို လှပနေတဲ့မြင်ကွင်း
ဖြစ်ပေါ်နေရတာလဲဖြစ်ပါတယ်။

ဝမ်သုန့်အနေနဲ့ ဒီလိုစွမ်းရည်ကိုအသုံးပြုဖို့
ရွေးချယ်လိုက်ရတာက ဟို့ယွိဟောင်ရဲ့
စိတ်ဝိညာဉ်ထောက်လှမ်းမှုဝေမှုကြောင့်ပါပဲ။
ဒါ့အပြင် ဟို့ယွိဟောင်ရဲ့ထောက်လှမ်းမှုနဲ့သာ
ဒီစွမ်းအားရဲ့အပြည့်အဝကို အသုံးပြုနိုင်မှာပါ။

တစ်ယောက်နဲ့တစ်ယောက် စကားပြောပြီတဲ့နောက်
သုဝေ့လွှမ်နဲ့ ရန်ရှောင်ကျဲ့တို့လဲ
တွက်ချက်တာပြီးသွားပါတော့တယ်။

" ဝမ်သုန့်အနေနဲ့
အဆင့်အမြင့်ဆုံးနှစ်တစ်ထောင်သားရဲကောင်ကို
ရွေးချယ်ပြီ
တိုက်ခိုက်ဖို့ဆုံးဖြတ်ခဲ့တယ်...သူ့ရဲ့တိုက်ခိုက်ရေးဝိ
ညာဉ်စွမ်းအားအရ
ဝက်ဝံကိုတစ်ခါထဲသတ်လိုက်တာက
ခုနှစ်ဆယ်ရာခိုင်နှုန်းအခွင့်အရေးရှိတယ်..ဒါကြောင့်
သူ့အနေနဲ့ အခြေခံခိုင်မာမှုအတွက်

အမှတ်အပြည့်ကို ရရှိပါတယ်...တိုက်ပွဲထဲမှာ ပြီးပြည့်စုံအောင်လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် တိုက်ပွဲနည်းလမ်းဆိုင်ရာပိုင်းတွေမှာလဲ စုစုပေါင်းအမှတ်ငါးဆယ်အပြည့်ကို ရရှိတယ် "

စာမေးပွဲအဆင့်တက်တဲ့ ဆုံးဖြတ်ချက်မှာ မတူညီတဲ့ဝိညာဉ်သားရဲကောင်တွေက မတူညီတဲ့အမှတ်တွေအလိုက် ပေးဆောင်ပါတယ်။ အနိမ့်ဆုံးဝိညာဉ်သားရဲကောင်တွေအနေနဲ့က ဆယ့်မှတ်သာပေးတာပါ။ ဒါ့အပြင် သူမတူအောင်ထူးခြားတဲ့ပြိုင်ပွဲနည်းစနစ်တွေကို ထုတ်သုံးနိုင်တာကလဲ အဆင့်တက်ဖို့အတွက်

ကူညီပေးနိုင်ပါလိမ့်မယ်။ ဝမ်သုန့်ကတော့
နှစ်တစ်ထောင်သားရဲကောင်ကို
အမှတ်တစ်ရာအဖြစ်နဲ့ ရွေးချယ်ခဲ့တာပါ။ ဒါ့အပြင်
တိုက်ပွဲနည်းစနစ်အတွက်လဲ
အမှတ်ငါးဆယ်ရပါသေးတယ်။ စုစုပေါင်း
အမှတ်တစ်ရာငါးဆယ့်အထိကို ရရှိခဲ့ပါပြီ။
သူတို့အတန်းတစ်တန်းလုံး
အောင်မြင်ဖို့အတွက်ဆိုရင် နောက်ထပ်
အမှတ်သုံးဆယ်သာ
ထပ်ပေါင်းထည့်ဖို့လိုတော့မှာပါ။
နောက်တစ်နည်းပြောရမယ်ဆိုရင်
သူဒီဝိညာဉ်သားရဲကောင်ကို

အနိုင်မယူနိုင်ခဲ့ရင်တောင် သေချာပေါက်
အမှတ်သုံးဆယ်ကတော့ အသာလေးရမှာပါပဲ။

ဝမ်သုန့်အနေနဲ့ ပြီးပြည့်စုံတဲ့အမှတ်ကိုရရှိကြောင်း
သိလိုက်ရတာကြောင့်
အတော်ကိုပျော်သွားခဲ့ပါတယ်။
ဟို့ယွိဟောင်အနေနဲ့လဲ
သူတို့ရဲ့ပြိုင်ဘက်ကိုအနိုင်ရဖို့အတွက်
သိပ်ပြီးစိုးရိမ်စရာမလိုတော့ဘူး။
သူကိုယ်တိုင်းအမှတ်အပြည့်
ရရှိထားပြီဖြစ်တာကြောင့် ထိုက်ဟွပင်းအနေနဲ့
သူတို့ကို တိုက်ခိုက်ဖို့ခက်ပါလိမ့်မယ်။

သူတို့အပျော်မလွန်ခင်အချိန်မှာပဲ ချက်ချင်းဆိုသလို

သုဝေ့လွှမ်ရဲ့အသံက

သူ့ကိုရိုက်ချသလိုဖြစ်သွားစေခဲ့ပါတယ်။

" ဒါပေမယ့် သွေးဆာနတ်ဆိုးဝက်ဝံက

မြေကမ္ဘာအမျိုးအစားဖြစ်တဲ့အတွက်ကြောင့်မလို့

သူတို့ရဲ့ခုခံနိုင်စွမ်းက

နှစ်တစ်ထောင်သားရဲကောင်တွေထဲမှာ

အမြင့်ဆုံးဖြစ်နေခဲ့တယ်..သုံးဆယ်ရာခိုင်နှုန်းမင်းရဲ့

တိုက်ခိုက်မှုကို တားဆီးဖို့ဖြစ်မယ်ဆိုရင်တောင်

မင်းရဲ့ဝိညာဉ်စွမ်းအားက ဒီတိုက်ခိုက်မှုအပိုင်းမှာ

လုံးဝလျော့ကြသွားမှာပါ အဲ့ဒီလိုအခြေအနေမျိုးမှာ

နောက်ထပ်

ပြန်လည်တိုက်ခိုက်နိုင်ချေမရှိတော့ပါဘူး..အကယ်

၍ ဒါမျိုးသာဖြစ်လာခဲ့မယ်ဆိုရင်

နောက်ဆုံးတိုက်ခိုက်မှုကြောင့်

သတ်တောင်အသတ်ခံရနိုင်တယ်...ဝိညာဉ်ပညာရှင်

တွေအနေနဲ့ တိုက်ခိုက်မှုတစ်ခုထဲမှာ

အရာအားလုံးကို ပုံအောလိုက်တာက

ဆိုးရွားတဲ့ဆုံးဖြတ်ချက်တစ်ခုပါပဲ ကျောင်းအုပ်ရန်နဲ့

ပြောပြီတဲ့နောက် မင်းရဲ့အမှတ်ငါးဆယ်ကိုပဲ

ပြန်လည်နှုတ်ယူဖို့ဆုံးဖြတ်လိုက်တယ်..ဒါကြောင့်

နောက်ဆုံးအမှတ်ကတော့

အမှတ်တစ်ရာ့ငါးဆယ်ပါ စာမေးပွဲကို
အောင်မြင်ပါတယ်."

" ဒီလိုနည်းလမ်းက အရမ်းဆိုးတာပဲ
နောက်ဆုံးတော့ကျွန်တော်က
နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်ကို
အနိုင်ရနိုင်တယ်လေ "

" ထူးချွန်တဲ့ဝိညာဉ်ပညာရှင်တစ်ယောက်အနေနဲ့
ပထမဆုံးတိုက်ပွဲထဲမှာ မင်းလုပ်ဆောင်ရမဲ့အရာက
ကိုယ်ကိုတိုင်ရဲ့စိတ်ချမှုကို ကာကွယ်ဖို့အတွက်ပဲ

ကိုယ့်ကိုကိုယ်တိုင်းရဲ့ ယုံကြည်စိတ်ချပြီမှသာ

ပြိုင်ဘက်အကြောင်းကိုတွေးသင့်တယ်..မင်းလေ့

ကျင့်တာဘယ်လောက်ကြာပြီလဲ

ဒီလိုမျိုးဝိညာဉ်သားရဲကောင်လေးတစ်ကောင်အတွ

က်နဲ့ မင်းအသက်ကိုတောင် လဲမလို့လား ဒါဆိုရင်

မင်းလေ့ကျင့်ခဲ့ရတဲ့

အချိန်တွေကဘာများအသုံးဝင်မှာလဲ ဒါ့အပြင်

ငါတို့တွေ ဒီလိုငါးဆယ့်ကိုပြန်ပြီနှုတ်ဖို့

ဆုံးဖြတ်လိုက်တာက မင်းအနေနဲ့

ကျောင်းတော်ရဲ့အဓိကတပည့်သားဖြစ်နေခဲ့လို့ပဲ

အဓိကအတွင်းတပည့်သားတွေအနေနဲ့

သာမန်ကျောင်းသားတွေထက်

ပိုပြီးကောင်းမွန်တဲ့အခွင့်အရေးတွေကို
ရရှိထားတယ်...တစ်ချိန်ထဲမှာပဲ
ပိုတင်းကြပ်တဲ့လိုအပ်ချက်တွေကိုလဲ
ဖြည့်စည်းရမယ်...နားလည်လား "

ရန်ရှောင်ကျဲ့က ပြောလာခဲ့ပါတယ်။

အပိုင်း ၅၁•၂ ပြီး။

အပိုင်း ၅၁•၃

" လိပ်ပြာနတ်မိမယ်ဓားချက်နဲ့
ရှုံးသွပ်နေတဲ့ကျားဖြူ "
ooo

ဝမ်သုန့်က အတော်ကို မကျေမနပ်ဖြစ်နေခဲ့ပေမဲ့
သူလုပ်နိုင်တဲ့အရာဘာမှမရှိခဲ့ပါဘူး။
ရွေးချယ်စရာမရှိတော့ပဲ
ခေါင်းငုံ့ရင်းစင်ပေါ်ကဆင်းလာခဲ့ရပါပြီ။
ဘယ်လောက်ပဲ စိတ်ပျက်နေခဲ့ပေမဲ့ စာမေးပွဲမှာ
အမှတ်တစ်ရာရတာကတော့ အရမ်းမြင့်မားတဲ့
အမှတ်တစ်ခုပါပဲ။ ကျောင်းတော်သားများများက
ဒီလိုအမှတ်မျိုးရဖို့မလွယ်ပါဘူး။
အရင်နှစ်တွေတောင်မှ ဒီလိုအမှတ်မျိုးက

ရှားပါးခဲ့ပါတယ်။ ဒါ့အပြင် သူ့အနေနဲ့
နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်ကို
အနိုင်ရခဲ့တာပါ။ ရန်ရှောင်ကျဲ့နဲ့ သုဝေ့လွမ်တို့က
အပေါ်ယံမျက်နှာပြင်မှာတော့
ကြမ်းတမ်းတဲ့ပုံပေါ်ပေမဲ့ သူတို့တွေစိတ်ထဲမှာတော့
အတော်လေးကို ကျေနပ်နေခဲ့ကြပါတယ်။
ဝမ်သုန့်ရဲ့အမှတ်တွေကို နှုတ်ချပြစ်လိုက်တာ
ဝမ်သုန့်ကို မာနမကြီးစေချင်လို့ပါ။

ဝမ်သုန့်က ဟို့ယွိဟောင်ဘေးကို ပြန်လာရင်းနဲ့
ပြောပါတော့တယ်။

" တကယ်မတရားလွန်တာပဲ ငါ့အမှတ်တွေ ဒီလောက်အများကြီးနှုတ်ပြစ်တာကို ယုံတောင်မယုံနိုင်ဘူး "

ဟို့ယွိဟောင်က ခပ်တိုးတိုးပြောလာခဲ့ပါတယ်။

" မေ့ထားလိုက်ပါ မင်းရဲ့အမှတ်က ငါတို့တွေနိုင်ဖို့ကို လုံလောက်တာထက် ပိုနေပြီး ကျန်တဲ့ကိစ္စတွေ ငါလက်ထဲသာအပ်လိုက် ဘာမှစိုးရိမ်မနေနဲ့ ဒါ့အပြင် မတရားတာတော့ မဟုတ်ဘူးလေ မင်းသိတဲ့အတိုင်း

ငါ့ရဲ့စိတ်ဝိညာဉ်ထောက်လှမ်းမှုသာ
မင်းကိုအထောက်အပံ့မပေးနေလို့ကတော့
နိုင်နိုင်ချေဘယ်လောက်ရှိမလဲလို့ ထင်လဲ "

ဝမ်သုန့်က လျှာထုတ်ပြရင်းနဲ့ ပြောလာခဲ့ပါတယ်။

" သေချာပေါက် သုံးဆယ့်ရာခိုင်နှုန်းတောင်
မပြည့်ဘူးပေါ့ အဲ့ဒီအကောင်ကြီးကြီးက
ရင်ဆိုင်ဖို့မခက်ပေမဲ့
အရမ်းကောက်ကျစ်လွန်တယ်..ဒီတစ်ခေါက်ပြိုင်ပွဲ
ကို မင်းအောင်မြင်ဖို့အတွက်

အမှတ်သုံးဆယ့်ပဲရဖို့လိုတာ

နောက်တစ်နည်းပြောရမယ်ဆိုရင် ထိုက်ဟွပင်းက

ငါတို့ကိုမီဖို့အတွက်

အမှတ်တစ်ရာသုံးဆယ့်ရမှဖြစ်မယ် ..ဒီကောင်

ငါထက်ပိုသာမယ်လို့ လုံးဝမယုံနိုင်ဘူး "

ထိုက်ဟွပင်းအနေနဲ့ ဟို့ယွိဟောင်လိုမျိုး

ဆက်တိုက်ကူညီပေးမဲ့သူမရှိတာအမှန်ပါ။

ဝမ်သုန့်လဲ ဒါကိုသိထားပါတယ်။

တစ်ယောက်တစ်ယောက်ချင်းတိုက်ပွဲမှာ

သူကိုယ်တိုင်းက

ထိုက်ဟွပင်းရဲ့ပြိုင်ဘက်မဟုတ်နိုင်ပါဘူး။

နောက်ရှု့ထောင့်တစ်ခုကနေကြည့်မယ်ဆိုရင်

သူ့ရဲ့တောက်ပရောင်စဉ်လိပ်ပြာနတ်မိမယ်ရဲ့

သိုင်းပညာဝိညာဉ်က တိုက်ခိုက်ရေးနဲ့ အမြန်နှုန်းကို

အသုံးပြုတဲ့အမျိုးအစားပါ။

ထိုက်ဟွပင်းရဲ့ကျားဖြူသိုင်းပညာဝိညာဉ်ကတော့

လုံးဝကို သန့်စင်ဆုံးနဲ့

အသန်မာဆုံးတိုက်ခိုက်မှုဝိညာဉ်ဖြစ်နေခဲ့ပါတယ်။

တိုက်ရိုက်ပွဲမှာ

ဟို့ယွိပေါင်လိုစိတ်ဝိညာဉ်ထောက်လှမ်းမျှဝေမှု

သာ သူ့ကိုကူညီမှုမရှိခဲ့ဘူးရင်း

သူ့အနေနဲ့အခွင့်အရေးတောင်ရမှာမဟုတ်ပါဘူး။

လူသစ်တွေရဲ့ပြိုင်ပွဲမှာ ဒီတစ်နှစ်တိုက်ပွဲစွမ်းရည် အမြင့်ဆုံးကတော့ သေချာပေါက် ကျားဖြူမြို့စားမင်းရဲ့သားထိုက်ဟွပင်းပါပဲ သူက ပါရမီအရှိဆုံးသူဖြစ်နေခဲ့တယ်။

" ဒုတိယနှစ်အတန်းနံပါတ်နှစ် ထိုက်ဟွပင်း "

ထိုက်ဟွပင်းရဲ့အသံက ရုတ်တရက်ထွက်ပေါ်လာခဲ့ပါပြီ။ မကြာခင်မှာ သူ့ရဲ့စမ်းသပ်ချက်က စတင်ပါတော့မယ်။ ခန္ဓာကိုယ်ကတော့

အရမ်းကိုခိုင်မာပြီးအားကောင်းတဲ့အရှိန်အဝါတွေကို ထုတ်လွှတ်လို့နေတယ်။ ဒါ့အပြင် ပေါက်ကွဲတော့မဲ့မီးတောက်ရှင်ကြီးတစ်ခုလိုပါပဲ။

ရန်ရှောင်ကျဲ့ကတော့ ဒါကိုမြင်မြင်ချင် မျက်လုံးတွေတောက်ပလာပါတော့တယ်။

" ဒါက ဒုတိယနှစ်ရဲ့အသန်မာဆုံးကျောင်းသားလား "

သုဝေ့လွမ်က ခေါင်းညိတ်ရင်း
ပြန်ဖြေလိုက်ပါတယ်။

" ကျားဖြူမြို့စားမင်းရဲ့ဆက်ခံသူက
တကယ်ထူးချွန်တာပဲ ဒါ့အပြင်
သူ့ရဲ့သဘာဝပါရမီကလဲ သူ့အစ်ကိုကြီးထက်တောင်
ပိုပြီး မြင့်မားသေးတယ်...ဒါ့အပြင်
သူ့ရဲ့ကျင့်ကြံဆင့်ကလဲ အသက်အရွယ်တွေထဲမှာ
အထူးချွန်ဆုံးကိုရောက်နေပြီ ကျွန်တော်
ကြားသလောက်အရဆိုရင် သူက
လေ့ကျင့်တဲ့အချိန်မှာ
တခြားသက်တူရွယ်တူတွေထက် အများကြီးပိုပြီး

ကြိုးစားအားထုတ်တယ်တဲ့...လက်ရှိကျင့်ကြံနူန်းနဲ့
ဆိုရင် လာမဲ့တစ်နှစ်ကနေ တစ်နှစ်ခွဲအချိန်မှာ
ဘိုးဘေးအဆင့်ကို
ဖြတ်ကျော်တိုးတက်လိမ့်မယ်..ဒီလိုသာဖြစ်လာခဲ့မ
ယ်ဆိုရင် သူကတော့ ကျောင်းတော်ရဲ့သမိုင်းထဲမှာ
နံပါတ်တစ်ဖြစ်လာတော့မှာပဲ "

" ဝိညာဉ်ဘိုးဘေးတစ်ယောက်ဖြစ်လာဖို့က
အဲ့ဒီလောက်မလွယ်ကူဘူး "

ရန်ရှောင်ကျဲ့ကပြုံးပြရင်း ပြောနေခဲ့ပါတယ်။

" ဒီကလေးက တကယ်ထူးချွန်တာပဲ
တစ်ချက်လောက်ကြည့်လိုက်ရအောင် "'

ထိုက်ဟွပင်းကတော့ ဒိုင်ကြော်ငြာတာကို
မစောင့်တော့ပါဘူး။

" နှစ်တစ်ထောင်သားရဲကောင်ကို
ကျွန်တော်ရွေးချယ်တယ် "

ဝမ်သုန့်ရဲ့ လုပ်ဆောင်ချက်မလို့

ဒီတစ်ခေါက်သူရွေးချယ်လိုက်တာကို

ဒိုင်လဲမအံ့ဩတော့ပါဘူး။ ထိုက်ဟွပင်းကို

အဆင်သင့်ဖြစ်မဖြစ် မေးပြီတဲ့နောက်

ချက်ချင်းဆိုသလို

ပြိုင်ဘက်ကိုပို့လွှတ်လိုက်ပါတော့တယ်။

တိုက်ဆိုင်စွာနဲ့ပဲ ထိုက်ဟွပင်းရဲ့ပြိုင်ဘက်ကလဲ

သူ့ရဲ့သိုင်းပညာဝိညာဉ်နဲ့အတော်ကို

တူညီနေခဲ့တယ်။ ခပ်တိုးတိုးအော်သံတစ်ခုနဲ့အတူ

တစ်မီတာကျော်ရှည်လျားတဲ့

ကျားလိုဝိညာဉ်သားရဲကောင်တစ်ကောင်က

လျှောင်ချိုက်ကနေထွက်လာပါပြီ

သံမဏိလှောင်ချိုက်ထဲကနေ
အပြင်ကိုခုန်ထွက်ရင်းနဲ့ ထိုက်ဟွပင်းဆီ
ရောက်မလာခင်သေသေချာချာအာရုံစိုက်နေခဲ့ပါတ
ယ်။ သူတစ်ကိုယ်လုံးက
ဖြူဖျော့ဖျော့အလင်းတန်းတွေ တောက်ပလို့နေခဲ့ပြီ
မျက်လုံးက အစိမ်းရောင်ဖြစ်ကာ
ကျောပေါ်မှာတော့
အစိမ်းရင့်ရောင်အစင်းကျားတွေက ရှိနေခဲ့ပါတယ်။
ဒါ့အပြင် ဟို့ယွိဟောင်
မြင်ခဲ့ဖူးတဲ့မီးလျှံနတ်ဆိုးကျားထက်
အနည်းငယ်ပိုပြီး သေးငယ်ခဲ့တယ်။ ဒါပေမယ့်
အမြန်နှုန်းကတော့ ပိုသာပါတယ်။

သူ့ရဲ့မျက်လုံးနှစ်လုံးက

အစိမ်းရင့်ရောင်အလင်းတန်းတွေကို

ဆက်တိုက်ဆိုသလို

ဖြာထွက်နေရင်းထိုက်ဟွပင်းကို ကြည့်နေခဲ့တယ်။

ဒါကတော့ လေကိုအသုံးပြုတဲ့ကျားတစ်ကောင်ပါ။

လေအမျိုးအစား သတ္တဝါတွေထဲမှာ

အမြန်ဆန်းဆုံးပါပဲ။ ဒီကျားက ထိုက်ဟွပင်းရဲ့

အန္တရာယ်များတဲ့အငွေ့အသက်ကို

ချက်ချင်းသဘောပေါက်သွားတဲ့အတွက် အရှေ့ကို

တိုးမလာခဲ့ပါဘူး။ အဲ့ဒီအစား

ဘေးတိုက်သာသွားနေခဲ့ပါတယ်။ အရှိန်နှုန်းကို

အသုံးချပြီး ရန်သူရဲ့စွမ်းအားကို

အတည်ပြုဖို့သူလုပ်ချင်နေခဲ့တာပါ။
သူ့ရဲ့ခြေလက်လေးဖက်က မြေပြင်ပေါ်မှာ
ခပ်ဖွဖွလေးသွားနေခဲ့ပါတယ်။ လုံး၀
အသံတစ်သံတောင်မထွက်ပဲနဲ့
၀ါကွမ်းပေါ်မှာနင်းနေတဲ့အတိုင်းသူက
နူးနူးညံ့ညံ့လေး လှုပ်ရှားနေခဲ့တယ်။

ထိုက်ဟွပင်းရဲ့ခန္ဓာကိုယ်ပေါ်မှာ
အန္တရာယ်အငွေ့အသက်တွေက
ရုတ်တရက်လျော့ကျသွားခဲ့ပါပြီ။ ဒါကကျားကို
ပြေး၀င်လာစေခဲ့ပါတယ်။ ဒါပေမယ့်
ထိုက်ဟွပင်းက သူ့ရဲ့သိုင်းပညာဝိညာဉ်ကိုတောင်

မထုတ်လွှတ်ခဲ့ပါဘူး။ ဒီအပြုအမူက
ဒိုင်တွေအားလုံးကို အံ့အားသင့်သွားစေခဲ့တယ်။
ဒီကျောင်းသားဘာလုပ်ဖို့ကြံနေတာလဲ။

ချက်ချင်းဆိုသလို
နှစ်တစ်ထောင်ကျားသားရဲကောင်က
ထိုက်ဟွပင်းကို အန္တရာယ်မများတဲ့သူအဖြစ်
သတ်မှတ်ပြီး ခုန်အုပ်လိုက်ပါတော့တယ်။
အစိမ်းရောင်အလင်းတန်းတွေ
သူ့မျက်လုံးထဲမှာဆက်တိုက်ထွက်ပေါ်နေခဲ့ပြီး
ခြေလက်လေးဖက်စလုံးကလဲ
မြေပြင်မှာရုတ်တရက်

အပြားလိုက်အတိုင်းဖြစ်သွားပါတော့တယ်။
သူ့ခန္ဓာကိုယ်က ထိုက်ဟွပင်းဆီကို
မြားတစ်စင်းလိုမျိုး ပြေးဝင်သွားခဲ့ပါပြီ။
အစိမ်းရောင်အလင်းတန်းလျှပ်စီးတစ်ခုလိုမျိုး
ခုန်အုပ်လိုက်တဲ့ပုံစံနဲ့ အရှိန်နှုန်းက
လေနဲ့အတူလွင့်မျောနေသလိုပါပဲ။
ဒီတိုက်ခိုက်ရေးစွမ်းအားကလဲ အတော်ကို
သန်မာနေခဲ့ပါတယ်။ ဝံပုလွေတွေနဲ့ ကျားတွေက
လုံးဝမတူညီတဲ့ အဆင့်အတန်းဖြစ်ပေမဲ့
နှစ်တစ်ရာသားရဲ့ကောင်တွေမပြောနဲ့
နှစ်တစ်ထောင်သားရဲ့ကောင်တွေတောင်မှ

အချင်းချင်းယှဉ်ပြိုင်တိုက်ခိုက်ချိန်မှာ
မသဲကွဲကြပါဘူး။

နှစ်ဖက်စလုံးကြားမှာရှိနေတဲ့
အကွာအဝေးကတော့
ရုတ်တရက်လျော့ကြသွားခဲ့ပါပြီ။
လေကိုအသုံးပြုတဲ့ကျားက ရှေ့ခြေနှစ်ဖက်ကို
လေထဲမှာ ဆန့်လိုက်ရင်းနဲ့
လက်သည်းချွန်ချွန်တွေကို ထွက်လာစေခဲ့ပါတယ်။
အဲ့ဒီနောက် ဆယ့်ပေလောက်ရှည်လျားတဲ့
လေဓားသွားတွေက ထိုက်ဟွပင်းဆီကို
ပစ်လွှတ်တော့တယ်။ ဒါ့အပြင်

ဓားသွားတွေရဲ့အနောက်မှာတော့

သူကိုယ်တိုင်ကလဲ ကပ်လိုက်လာခဲ့ပါတယ်။

သူ့ခန္ဓာကိုယ်ကိုယ်တိုင်က

အင်အားအကောင်းဆုံးလက်နက်တစ်ခုပါပဲ။

ချွန်ထက်တဲ့လက်သည်းတွေက

အစိမ်းရောင်အလင်းတန်းတွေ တောက်ပလာရင်း

ထိုက်ဟွပင်းရဲ့အနားကို ရောက်လာပါတော့တယ်။

အဲ့ဒီနောက် လေတွေကိုတောင်သူက

ဖြတ်ချပြစ်လိုက်ပါပြီ။

လက်သည်းတွေကိုအသုံးပြုရင်း

ထိုးဖောက်နိုင်တဲ့အစွမ်းအစကိုလဲ ပိုပြီး

တိုးပွားလာစေခဲ့ပါတယ်။

နှစ်တစ်ထောင်သားရဲကောင်နဲ့

ရင်ဆိုင်နေရတာတောင် ထိုက်ဟွပင်းက

အေးအေးဆေးဆေးဖြစ်နေဆဲပါပဲ။ အဲ့ဒီနောက်

ကျားတစ်ကောင်ရဲ့အော်သံက သူ့လည်ပင်းထဲကနေ

ထွက်ပေါ်လာတော့တယ်။ နောက်ဆုံးမှာတော့

ကျားဖြူသိုင်းပညာဝိညာဉ်ကို

ထုတ်လွှတ်လိုက်ပါပြီ။ ထုတ်လွှတ်ပြီတာနဲ့

လေကျားကိုအကြောက်အလန့်ကင်းကင်းနဲ့

တိုက်ခိုက်ပါတော့တယ်။ သူ့ရဲ့ တိုက်ခိုက်တဲ့ပုံစံက

ဝမ်သုန့်နဲ့လုံးဝမတူညီပါဘူး။ သူမှီခိုနေတာက

အရည်အချင်းမဟုတ်ပဲ

လုံးဝအပြည့်အဝသာလွန်တဲ့ အင်အားပါ။ ပထမနဲ့ တတိယဝိညာဉ်စက်ကွင်းတွေကလဲ တောက်ပလို့နေခဲ့ပါတယ်။ ထိုက်ဟွပင်းရဲ့ခန္ဓာကိုယ်က ကျားဖြူတစ်ကောင်ရဲ့ အငွေ့အသက်တွေကို အပြည့်အဝထုတ်လွှတ်နေခဲ့ပါပြီ။ ဒါက နှစ်တစ်ထောင်ကျားကို ကြောက်လန့်သွားစေခဲ့ပါတယ်။ ကျားဖြူက ကျားအမျိုးအစားဝိညာဉ်သားရဲကောင်တွေထဲမှာ ထိပ်ဆုံးရောက်နေတဲ့သူပါ။ ဒါကြောင့် သားရဲကောင်ဘုရင်အဖြစ်လဲ သတ်မှတ်လို့ရနိုင်ပါတယ်။ ဒီလေကျားကတော့

လေထဲမှာ ရပ်နေခဲ့ပေမဲ့ လက်ရှိအခြေအနေမှာ
ခုန်ရှောင်ဖို့အတွက်တော့ မမြန်ဆန်ခဲ့ပါဘူး။
နောက်ဆုံးမှာတော့ တစ်ဖက်လူရဲ့အရှိန်နှုန်းကို
စောင့်ဆိုင်းမနေတော့ပဲ သူ့ရဲ့မြန်ဆန်မှုကို
အသုံးချရင်းတိုက်ခိုက်ဖို့လုပ်ပါတော့တယ်။

ထိုက်ဟွပင်းရဲ့နှစ်တစ်ထောင်ဝိညာဉ်စွမ်းရည်က
သူ့ခန္ဓာကိုယ်ကို
ရုတ်တရက်ကျယ်ပြန့်လာစေခဲ့ပါပြီ။
ချက်ချင်းဆိုသလို ခန္ဓာကိုယ်က ကြီးမားပြီ
အထွဋ်အထိပ်အခြေအနေကိုရောက်သွားပါတော့
တယ်။ ပုံမှန်အခြေအနေမျိုးမှာ

တတိယဝိညာဉ်စွမ်းရည်ကို အသုံးပြုဖို့အတွက်
အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်ပါတယ်။
အဲ့ဒီလို အချိန်ယူပြီမှသာ ခန္ဓာကိုယ်ကို
ပြောင်းလဲစေနိုင်မှာပါ။ အခုအချိန်မှာတော့
ကြာချိန်ကို အနိမ့်ဆုံးအထိ သူက
လျှော့ချပြစ်လိုက်ပါပြီ။ ဘယ်လောက်အထိ
ခန္ဓာကိုယ်ကျင့်သားရနေလဲဆိုတာ
တွေးကြည့်လို့ရနေခဲ့ပါတယ်။
အပြင်ပိုင်အမူအရာကိုကြည့်မယ်ဆိုရင်တော့
ဘာလွဲနေတာကိုမှ သတိထားမိမဟုတ်ပါဘူး။
ထိုက်ဟွပင်းရဲ့ကျားဖြူဒိုင်ကာက
အဖြူရောင်အလင်းတန်းတွေနဲ့အတူ

ပုံစံပြောင်းမှုကို ပြုလုပ်လိုက်ပါတော့တယ်။
အဲ့ဒီနောက် သူ့ရဲ့လက်သည်းတွေကလဲ
ရွှေရောင်ပြောင်းသွားခဲ့ပါပြီ။
ကြည့်နေသူတွေအနေနဲ့ ထိုက်ဟွပင်းက
ပထမဆုံးခုခံဖို့ကြိုးစားနေတယ်လို့ထင်သွားခဲ့မှာပါ။
သူက ဘာမှလုပ်ဖို့စီစဉ်ထားပုံမပေါ်ခဲ့ပါဘူး။
ဒါပေမယ့် သူစီစဉ်ထားတဲ့အရာကတော့
သာမန်လူတွေဘယ်တော့မှ မလုပ်မဲ့အရာမျိုး
ဖြစ်နေခဲ့တယ်။

ထိုက်ဟွပင်းအနေနဲ့ လေဓားသွားတွေ
နီးကပ်လာတာကို လုံးဝအာရုံစိုက်မနေခဲ့ပါဘူး။

ကျားလက်သည်းနှစ်ဖက်ရဲ့ဖျက်ဆီးနိုင်စွမ်းကိုလဲ
လျစ်လျူရှုလို့ထားခဲ့ပါတယ်။ အဲ့ဒီအစား
ကျားရဲ့ခေါင်းကိုလက်သည်းနှစ်ဖက်စလုံးနဲ့
ချိန်ရွယ်လို့ထားလိုက်တယ်။ အကယ်၍
တစ်စုံတစ်ယောက်သာ ဒါကိုမြင်မယ်ဆိုရင်
ကိုယ့်ကိုကိုယ် သေတွင်းထဲပို့နေပြီလို့သာ
ထင်ခဲ့မိမှာပါ။

အတွေ့အကြုံကြွယ်ဝတဲ့ရန်ရှောင်ကျဲ့နဲ့
သုဝေ့လွှမ်တို့တောင်မှ ဒီအပြုအမူကြောင့်
အံ့အားသင့်သွားခဲ့ရပါတယ်။ ဒါက
အသက်ဆယ့်နှစ်နှစ်အရွယ်ကလေးတစ်ယောက်ရဲ့

တိုက်ခိုက်တဲ့ပုံစံလား

သူ့ကဝိညာဉ်သားရဲကောင်တွေထက်တောင်

ပိုကြောက်စရာကောင်းနေပါသေးတယ်။

ဒီတစ်ကြိမ်မှာတော့ လေကျားက

ကျားဖြူရဲ့အရှိန်အဝါအပြည့် ဖုံးလွှမ်းတာကို

ခံလိုက်ရတဲ့အတွက် တကယ်ကို

ကြောက်လန့်နေခဲ့တယ်။

လေဓားသွားတွေက ထိုက်ဟွပင်းရဲ့ခန္ဓာကိုယ်ကို

တစ်ခုပြီးတစ်ခု တိုက်မိပါတော့တယ်။

ကျားဖြူဒိုင်ကာကြီးရှိတာတောင်မှ ဒီတိုက်ခိုက်မှု

ဆယ့်ခုစလုံးကိုဖယ်ရှားနိုင်ဖို့ မလွယ်ကူခဲ့ပါဘူး။

ထိုက်ဟွပင်းရဲ့ ပုခုံးနဲ့ ရင်ဘတ်တွေမှာ သွေးတွေက ပေါ်ထွက်လာပါတော့တယ်။ ဒါပေမယ့် သူတစ်ချက်လေးတောင် တွန့်မသွားခဲ့ပါဘူး။ နာကျင်မှုကို မခံစားရတဲ့အတိုင်း တောင့်ခံနေခဲ့ပါတယ်။ သူ့ရဲ့ဒိုင်ကာက အားနည်းသွားပြီတဲ့နောက် ဓားသွားတွေက သူ့ခန္ဓာကိုယ်ပေါ်မှာ သိသာထင်ရှားတဲ့ဒဏ်ရာတွေ ဖြစ်လာစေပါတယ်။ ထိုက်ဟွပင်းနဲ့ လေကျားတို့ရဲ့ လက်သည်းတွေက တစ်ဖက်နဲ့တစ်ဖက် နီးကပ်လာချိန်မှာ လက်မောင်းကိုတစ်ဖက်ကျားက အားပြုပြီတိုက်ခိုက်ပါတယ်။ ဒါ့အပြင် သူ့ရဲ့လက်သည်းတွေက ထိုက်ဟွပင်းရဲ့လက်သီးနဲ့

ထိမိတော့မှာပါ။ ဒီတိုက်ပွဲက
လုံးဝအင်အားကြီးသက်သက်သုံးတာပါပဲ
ဘယ်သူအနိုင်ရမှာလဲ
ကျားနှစ်ကောင်တိုက်ခိုက်မိတဲ့အချိန်မှာ
အကြမ်းတမ်းဆုံးအကောင်က အနိုင်ရရှိမှာပါ။
လေကျားကတော့ ကြောက်လန့်နေခဲ့ပါပြီ။ ဒါ့အပြင်
ထိုက်ဟွပင်းနဲ့ တိုက်မိတော့မဲ့ပုံစံကို
မြင်ချိန်မှာတော့ သူ့ရဲ့လက်မောင်းကို
ဆွဲဆုတ်ပြစ်ဖို့လုပ်ပါတော့တယ်။
တစ်ဖက်ပြိုင်ဘက်ရဲ့တိုက်ခိုက်မှုကို
သူတားဆီးချင်တယ်။

ဒါပေမယ့် ထိုက်ဟွပင်းကတော့

အရူးတစ်ယောက်လိုတိုက်ခိုက်နေခဲ့တာပါ။

သူဘယ်လိုများ ကြောက်လန့်နိုင်မှာလဲ

ရုတ်တရက်ဆိုသလို

နားစည်ကန်းမတတ်အော်ဟစ်ဟိန်းဟောက်သံကြီး

ကို ထုတ်လွှတ်လိုက်ပါတယ်။ ဒီဟိန်းဟောက်သံက

ဘုရင်တစ်ပါးရဲ့ဂုဏ်ကျက်သရေနဲ့ပြည့်ဝလို့နေခဲ့ပါ

ပြီ။ ဒီအချိန်မှာ လေကျားရဲ့မျက်လုံးကို

ကြည့်မယ်ဆိုရင် သူ့ရဲ့ မျက်လုံးသူငယ်အိမ်တွေ

ပြူးကျယ်သွားတာကို မြင်ရမှာပါ။

ဒီလိုစိတ်ပိုင်ဆိုင်ရာတိုက်ခိုက်ခံမှုအောက်မှာ

လက်သည်းတွေရဲ့အရှိန်နှုန်းကလဲ

လျှော့ကျလို့သွားခဲ့ပါတယ်။ တစ်ချိန်ထဲမှာပဲ
ထိုက်ဟွပင်းက သူ့ခြေထောက်ရဲ့အင်အားကို
အသုံးပြုပြီး ခန္ဓာကိုယ်ကို မြားတစ်စင်းလိုအပေါ်
ပြေးတက်သွားစေခဲ့ပါတယ်။ ဒီလိုနည်းနဲ့
လေကျားရဲ့လက်သည်းတွေကို
ပုခုံးပေါ်မှာထိခွင့်ပြုထားလိုက်တယ်။
တစ်ချိန်ထဲမှာပဲ သူ့ရဲ့လက်သည်းတွေက
ပိုပြီးအရှိန်ပြင်းလာခဲ့ပါပြီ။

လေကျားရဲ့လက်သည်းတွေက
ထိုက်ဟွပင်းရဲ့ပုခုံးကို ပြင်းပြင်းထန်ထန်
ရိုက်မိပါတော့တယ်။

ထိုက်ဟွပင်းရဲ့ရွှေရောင်လက်သည်းတွေကတော့
လေကျားရဲ့ခေါင်းကို ဘေးနှစ်ဖက်စလုံးကနေ
ထိုးကြိတ်ပြစ်လိုက်တယ်။

ကြောက်စရာကောင်းလွန်လှတဲ့တိုက်ပွဲက
အဆုံးအထိကို ရောက်ရှိသွားခဲ့ပါပြီ။
လေကျားရဲ့သနားစရာအော်သံက
ထွက်ပေါ်လာပါတော့တယ်။
သူထိခိုက်ခံရတော့မဲ့အချိန်မှာပါးစပ်ကိုကျယ်ကျယ်
ဖွင့်လိုက်ပြီ ထိုက်ဟွပင်းရဲ့လက်သီးကို
နောက်ဆုံးအကြိမ်အနေနဲ့
ကိုက်ချပြစ်လိုက်ဖို့လုပ်တယ်။

ဒါပေမယ့်

အနိုင်ရဖို့အပြည့်အဝဆုံးဖြတ်ပြီးသားဖြစ်တဲ့

ထိုက်ဟွပင်းကို ဒါကတားဆီးနိုင်မှာလား။

သူကတော့ အရူးတစ်ယောက်လိုမျိုး

လက်သည်းကိုပါးစပ်ထဲ ထိုးထည့်ပြီ

ပါးစောင်ကြွက်သားတွေအားလုံးကို

ဆွဲဖြဲပြစ်ပါတော့တယ်။ လေကျားရဲ့သွားတွေက

သူ့လက်ကိုဆက်တိုက်ထိုးဖောက်နေခဲ့ပါပြီ။

ဒါတောင်မှ

အဲ့ဒီသွားတွေကိုသူတောင့်ခံထားနိုင်တုန်းပါပဲ။ လုံးဝ

ပါးစပ်မပိတ်နိုင်အောင်လုပ်ရင်း မေးရိုးကို ချိုးပြစ်လိုက်တယ်။

ဒုတိယဝိညာဉ်စက်ကွင်းတောက်ပလင်းလက်လာချိန်မှာ အဖြူရောင်အလင်းတန်းက ကျားရဲ့ပါးစပ်ထဲကို ရောက်ရှိရင်းပေါက်ကွဲသွားခဲ့ပါပြီ။ ဒါကတော့ ကျားဖြူရဲ့အလင်းလှိုင်းပါပဲ။

" ရပ်လိုက်စမ်း "

သူ့ငွေ့လွှမ်းရဲ့အသံက ထွက်ပေါ်လို့လာခဲ့ပါတယ်။

သူတို့နှစ်ယောက်က အချိန်ခဏတာသာ

တိုက်ခိုက်ရပေမဲ့ အနိုင်အရှုံးက ရှင်းလင်းနေခဲ့ပါပြီ။

ဒါပေမယ့် ထိုက်ဟွပင်းကတော့ အရမ်းကို

လူသတ်ချင်စိတ်တွေအပြည့်ဖြစ်နေခဲ့ပါတယ်။

သူ့ရဲ့စိတ်ထဲမှာက

ကျားဖြူနဲ့တိုက်ခိုက်နေရတာမဟုတ်ပဲ

ဟိုယွိဟောင်နဲ့ဝမ်သုန့်ကို တိုက်ခိုက်နေခဲ့ရတာပါ။

ဒါ့အပြင် လေကျားအနေနဲ့ တွေဝေနေတာကို

အသုံးချရင်း သူ့ရဲ့ဝမ်ဗိုက်ကို

ထိုးချပြစ်လိုက်ပါတယ်။ တစ်ချိန်ထဲမှာပဲ

လက်သည်းကို အသုံးပြုရင်း

ကျားရဲ့အောက်ဖက်မေးရိုးကို ဆွဲဖြဲပြစ်လိုက်တယ်။
ဗိုက်လဲတစ်ချိန်ထဲမှာ ပွင့်သွားခဲ့သလို မေးရိုးကလဲ
ဆွဲဖြဲခံလိုက်ရပါပြီ။
ထိုက်ဟွပင်းရဲ့အပေါ်မှာရှိနေခဲ့တဲ့ လေကျားကတော့
ချက်ချင်းဆိုသလို
သွေးတွေအိုင်ထွန်းလာပါတော့တယ်။

အပိုင်း ၅၁•၃ ပြီး၏။

အပိုင်း ၅၂•၁

" ရေခဲကေရီရဲ့သံချပ်ကာ "

၀၀၀

ဒိုင်တွေကနယ်မြေထဲကို ဝင်ရောက်လာခဲ့ပါပြီ။
ဒါပေမယ့် သူတို့တွေ
ဘာမှလုပ်နိုင်စွမ်းမရှိတော့ပါဘူး။ တိုက်ပွဲက
အဆုံးသတ်သွားပြီဖြစ်တာကြောင့် သူတို့ကို
လျှောင်ရယ်နေသလိုပါပဲ။ ဒါ့အပြင်
ကျားရဲ့ခန္ဓာကိုယ်ကလဲ
ခရမ်းရောင်အလင်းတန်းတစ်ခုက
ထွက်ပေါ်လာခဲ့ပါတယ်။ ဒါက
သတ်ဖြတ်လိုက်တာပါ။ ထိုက်ဟွပင်းနဲ့ ကျားတို့က
တစ်ခေါက်သာတိုက်ခိုက်ခဲ့ကြပေမဲ့

ထိုက်ဟွပင်းကတော့ ရှုးရှုးသွပ်သွပ်နဲ့

နှစ်တစ်ထောင်သားရဲကောင်ကို

သူ့ခန္ဓာကိုယ်အစွမ်းသက်သက်နဲ့သာ

သတ်ပြစ်လိုက်ပါတယ်။ ဒါ့အပြင် ခန္ဓာကိုယ်ကိုလဲ

နှစ်ပိုင်းဆွဲဖြဲလိုက်တယ်။

ထိုက်ဟွပင်းရဲ့ခန္ဓာကိုယ်ကလဲ ကျားရဲ့သွေးတွေနဲ့

စိုရွဲနေခဲ့ပါပြီ။ အတန်းနံပါတ်တစ်နဲ့

နှစ်ရဲ့ကျောင်းသားတွေအားလုံးရဲ့မျက်နှာက

ဖြူဖျော့လို့နေပါတော့တယ်။

အမျိုးသမီးကျောင်းတော်သားတွေကတော့

ဆက်ပြီတော့တောင် မကြည့်နိုင်တော့ပါဘူး။

ကျုးလုတစ်ယောက်သာ

ပုံမှန်မဟုတ်လောက်အောင်
တောက်ပတဲ့မျက်ဝန်းတွေနဲ့
စောင့်ကြည့်နေခဲ့ပါတယ်။ ဒါက
သူ့အနှစ်သက်ရဆုံးအမျိုးသားပါပဲ။ ထိုက်ဟွပင်းရဲ့
ကြမ်းတမ်းတဲ့ပုံစံကို မြင်ရတာ
သူအရမ်းနှစ်သက်ပါတယ်။

" ထိုက်ဟွပင်း မင်းကိုရပ်ခိုင်းတာ
မင်းမကြားဘူးလား "

သုဝေ့လွှမ်ရဲ့ဒေါသတကြီးအသံက

ထွက်ပေါ်လာပါတော့တယ်။

နှစ်တစ်ထောင်သားရဲကောင်တစ်ယောက်ရဲ့

သေဆုံးမှုဆိုတာက ကျောင်းတော်အတွက်

သေးငယ်တဲ့ဆုံးရှုံးမှုမဟုတ်ခဲ့ပါဘူး။

နှစ်တစ်ထောင်သားရဲကောင်တစ်ကောင်ကို

ဖမ်းဆီးဖို့နဲ့ ယဉ်ပါးအောင်လေ့ကျင့်ပေးဖို့ဆိုတာ

မလွယ်ကူတဲ့အရာဖြစ်နေခဲ့တယ်။ ဒါ့အပြင်

ကုန်ချန်းလုံကို နှစ်သိမ့်ပေးဖို့ဆိုတာ

ပိုလို့တောင်ခက်ခဲတဲ့ကိစ္စပါပဲ။

ထိုက်ဟွပင်းကတော့ ထူးမခြားနားလေသံနဲ့သာ ပြန်ဖြေလာခဲ့ပါပြီ။

"ဝိညာဉ်ပညာရှင်တွေနဲ့ ဝိညာဉ်သားရဲကောင်တွေရဲ့ တိုက်ပွဲကြားမှာ သေခြင်တရားနဲ့ ရှင်ခြင်တရားပဲရှိတယ်။ သူက ကျွန်တော်ကို သတ်ချင်ပြီဆိုမှတော့ ကျွန်တော်က ဘာကြောင့်သူ့ကိုပြန်သတ်လို့မရနိုင်ရမှာလဲ ဒါ့အပြင် ကျွန်တော်အနေနဲ့ ရပ်တန့်လို့မရနိုင်တော့ဘူးလေ အကယ်၍ ကျွန်တော်သာရပ်တန့်လိုက်မယ်ဆိုရင် သူ့ရဲ့တန်ပြန်တိုက်ခိုက်မှုက ကျွန်တော်လက်ကို

ပြတ်သွားစေမှာပဲ ဒါကြောင့်
အမှတ်ပြည့်ရနိုင်စေဖို့နဲ့ ဝမ်သုန့်လုပ်ခဲ့တဲ့အမှားကို
ရှောင်ရှားနိုင်ဖို့အတွက် ကျွန်တော်သူ့လိုမျိုး
သုံးဆယ့်ရာခိုင်နှုန်းတောင်
ရှုံးနိမ့်မှုမရှိအောင်လုပ်ရမယ်...ကျောင်းတော်ရဲ့အ
ဆုံးအရှုံးအတွက်ကတော့ ကျွန်တော်ပြန်ပြီး
လျော်ကြေးပေးမှာပါ "

သုဝေ့လွမ်က မျက်မှောင်ကြုတ်နေခဲ့ပါတယ်။
ထိုက်ဟွပင်းက အင်အားကြီးပေမဲ့ သူကအရမ်းကို
ကြမ်းတမ်းလို့နေခဲ့တယ်။ ဒါ့အပြင်
ဒီလိုပုန်ကန်လိုစိတ်အပြည့်နဲ့ကျောင်းသားတစ်ယော

က်က ပိုပိုပြီးအင်အားကြီးလာလေလေ
ထိန်းချုပ်ဖို့ပိုခက်လေပါပဲ။

သုဝေ့လွှမ်က ရန်ရှောင်ကျဲ့ကို ကြည့်လိုက်ပါတယ်။
ရန်ရှောင်ကျဲ့ကတော့ ခေါင်းညိတ်ရင်း
သူ့ကိုစကားတချို့ပြောလိုက်တယ်။

သုဝေ့လွှမ်လဲ ပြန်ထိုင်လိုက်ရင်း
ပြောလာခဲ့ပါတယ်။

" ထိုက်ဟွပင်း မင်းအနေနဲ့

နှစ်တစ်ထောင်သားရဲကောင်ကိုရွေးချယ်ပြီ

ဖြေဆိုခဲ့တဲ့အတွက်

အမှတ်တစ်ရာအပြည့်ရတယ်...မင်းအင်အားကို

အင်အားနဲ့တိုက်ပြီ

အသုံးပြုရင်းတိုက်ခိုက်ရေးပညာရှင်တစ်ယောက်ရဲ့

သန်မာတဲ့အချက်ကို ပြသခဲ့တယ် ..ဒါပေမယ့်

မင်းရဲ့နည်းလမ်းတွေက

လိုအပ်ချက်တွေရှိတယ်...ဒါကြောင့်

တိုက်ပွဲအတွက်

လေးဆယ့်ငါးမှတ်သာရနိုင်မယ်...ကျောင်းတော်ရဲ့

ဆုံးရှုံးမှုကိုလဲ ဆယ့်ရက်အတွင်းမှာပြန်ပြီး

လျော်ကြေးပေးရမယ်...မလုပ်ခဲ့ဘူးဆိုရင်
ကျောင်းတော်အနေနဲ့
မင်းရဲ့အတွင်းတပည့်သားနေရာကို
ပြန်ရုတ်သိမ်းမယ် "

" ကောင်းပါပြီ "

ထိုက်ဟွပင်းအနေနဲ့ အမူအရာမပျက်ပဲရှိနေခဲ့တယ်။
သူက သုဝေ့လွမ်ရဲ့စကားတွေကို
ပြန်ငြင်းပယ်မှာမဟုတ်ပါဘူး။ တစ်ချက်ဦးညွတ်ပြီ

အရိုးအသေပြုလိုက်ရင်းနဲ့
ထွက်ခွာသွားပါတော့တယ်။

သူက တစ်ယောက်ထဲနဲ့
အမှတ်တစ်ရာလေးဆယ်ငါးမှတ်ကို ရရှိတာပါ။
ဒါက ပြီးပြည့်စုံလုနီးပါးပါပဲ
ဒုတိယနှစ်ရဲ့စာမေးပွဲထဲမှာ
ဘယ်တော့မှမပေါ်ထွက်လာခဲ့ဖူးတဲ့အမှတ်ဖြစ်နေခဲ့
ပါတယ်။ ဝမ်ယန် ကျိုးယိနဲ့ မုကျင်းတို့ရဲ့
မှတ်ဉာဏ်ထဲမှာတောင် ဒါမျိုးမရှိခဲ့ဖူးပါဘူး။

အမှန်တကယ်တော့ ထိုက်ဟွပင်းရဲ့

လုပ်ဆောင်ချက်က

ပြီးပြည့်စုံလုနီးပါးဖြစ်ခဲ့ပါတယ်။

သူ့လက်လဲဒဏ်ရာရပြီ ခန္ဓာကိုယ်လဲ

ထိခိုက်သွားခဲ့ပေမဲ့ နှစ်တစ်ထောင်သားရဲကောင်ကို

အသက်ဆယ့်နှစ်နှစ်အရွယ်နဲ့တင်

အေးအေးဆေးဆေးသတ်ပြနိုင်ခဲ့တာပါ။

ဒီလိုအခြေအနေမျိုးက

သက်တူရွယ်တူတွေထဲမှာတောင်

အရမ်းရှားပါးပါတယ်။

အမျက်ဒေါသကျောင်းတော်ရဲ့သမိုင်းတစ်လျှောက်

မှာတောင် ဒီလိုအရာမျိုးက ရှားပါးလွန်းတယ်။

ဒါ့အပြင် အဓိက ဒီလိုမျိုးအမှတ်ရခဲ့တာက ကျောင်းအုပ်ရန်ရှောင်ကျဲ့ကိုယ်တိုင် သူ့ကိုပေးခဲ့လို့ပါပဲ။

ရန်ရှောင်ကျဲ့အနေနဲ့ ထိုက်ဟွပင်းလိုကျောင်းသားက ဝမ်သုန့်တို့လူနဲ့မတူဘူးဆိုတာကို ကောင်းကောင်းသိနေခဲ့တယ်။ ဒါ့အပြင် သူက တည်ငြိမ်တဲ့သူတစ်ယောက်ပါ။ ထိုက်ဟွပင်းအနေနဲ့ကတော့ အလွယ်လေးဖျက်ဆီးနိုင်ပါတယ်။ သူ့အနေနဲ့ ဝမ်သုန့်လိုမျိုး ထိန်းချုပ်လို့လဲမရနိုင်ပါဘူး။

ဒါကြောင့် ဖြည်းဖြည်းချင်း
ညွှန်ကြားပြသမှုသာရမှာပါ။ သူကို
အမှတ်အမြင့်ကြီးပေးလိုက်တာက
ကိုယ့်ကိုကိုယ်ရဲ့ယုံကြည်မှုကို တည်ဆောက်ဖို့
ကူညီပေးနိုင်ပါလိမ့်မယ်။ ရန်ရှောင်ကျဲ့အနေနဲ့
သူ့ရဲ့ပုန်ကန်လိုစိတ်ကို ထိန်းချုပ်နိုင်မယ်လို့လဲ
အပြည့်အဝယုံကြည်ချက်ရှိနေခဲ့တယ်။
နောက်ဆုံးတော့လဲ ဒီထက်ပိုပြီးတော့တောင်
ပုန်ကန်လိုစိတ်များတဲ့ကျောင်းသားတွေအများကြီး
ကို သူသင်ကြားခဲ့တာပါ။ ဒါ့အပြင်
အမျက်ဒေါသကျောင်းတော်အနေနဲ့ကလဲ
မိစ္ဆာတွေကို လေ့ကျင့်ပေးတဲ့အတွက်

သူတို့ရဲ့အစွမ်းအစကို ယုံကြည်ချက်အပြည့်ရှိပြီ
ဂုဏ်ယူဝံ့ကြွားနေခဲ့ရတယ်။
လူတွေရဲ့မကောင်းတဲ့အကျင့်စရိုက်ကိုစိုးရိမ်ဖို့မလို
ပါဘူး။ သူတို့အနေနဲ့ အဲ့ဒီအကျင့်စရိုက်နဲ့
လိုက်ဖက်အောင်အစွမ်းအစမရှိမှသာ
စိုးရိမ်စရာရှိမှာပါ။

မုကျင်းကတော့ သွေးတွေစိုရွဲနေတဲ့
ထိုက်ဟွပင်းကိုမြင်ချိန်မှာ
မျက်မှောင်ကြုတ်သွားခဲ့ပါတယ်။

" ထိုက်ဟွပင်း မင်းအရင်ပြန်ပြီး ကိုယ့်ကိုကိုယ်
သန့်ရှင်းရေးလုပ်လိုက် မင်းအောင်မြင်သွားပြီ "

ထိုက်ဟွပင်းက ခေါင်းခါလိုက်ပါတယ်။ အဲ့ဒီနောက်
အတန်းနံပါတ်တစ်ကိုကြည့်ရင်း
ညာလက်ကိုမြှောက်ပြီး ဟို့ယွိဟောင်ကို
လက်ညှိုးထိုးပြလိုက်တယ်။

ဟို့ယွိဟောင်ကလဲ သူ့ကိုကြည့်နေခဲ့တာပါ။
ဒီတစ်ကြိမ်မှာ ဟို့ယွိဟောင်ရဲ့အကြည့်တွေ
အရမ်းတည်ငြိမ်နေတာကို ထိုက်ဟွပင်းလဲ

သတိထားမိသွားပါတယ်။ အေးဆေးလွန်လို့

ရေခဲတုံးကြီးတွေလိုပါပဲ။ သူ့အနေနဲ့

ဒီလိုရှုးသွပ်နေတဲ့ပုံစံကိုကော

သွေးအလိမ့်လိမ့်ဖြစ်နေတာကိုပါ

စိတ်ထဲထားတဲ့ပုံမပေါ်ပါဘူး။

တခြားတစ်ဖက်မှာတော့

သူတို့ရဲ့အကြည့်တွေဆုံချိန်မှာတောင်

အေးအေးဆေးဆေး ဖြစ်နေခဲ့ပါသေးတယ်။

ဟိုယွိဟောင်အနေနဲ့ ထိုက်ဟွပင်းသူ့ကိုပြောချင်တာ

ဘာမှန်သိပါတယ်။ အခုတော့

မင်းအလှည့်ရောက်ပြီ။

" တကယ်ငါအလှည့်ပဲ "

ဟို့ယွိပေါင်အနေနဲ့
လက်သီးကိုဆုပ်လိုက်ပါတယ်။ အဲ့ဒီနောက်
ဝမ်သုန့်ကို ခေါင်းညိတ်ပြရင်း နယ်မြေထဲကို
ဝင်ရောက်သွားခဲ့ပါပြီ။
နယ်မြေရှင်းလင်းပြီးတဲ့နောက် ဒိုင်တွေက
ဟို့ယွိပေါင်ကို စင်မြင့်ဆီတက်ခိုင်းပါတော့တယ်။

" အတန်းနံပါတ်တစ် ဟို့ယွိပေါင် "

ဟို့ယွိဟောင်က နာမည်ကို

အေးအေးဆေးဆေးပြောလိုက်ပြီတဲ့နောက်

တန်းတန်းမတ်မတ်အပေါ်ကို

တက်သွားပါတော့တယ်။ သူက

လွန်ခဲ့တဲ့တစ်လအချိန်တုန်းကထက် ပိုပြီး

သန်မာကြံ့ခိုင်လာရုံတင်မက

အရပ်လဲအတော်ရှည်နေခဲ့ပါပြီ။

ရုတ်တရက်ဆိုသလို ဒိုင်အနေနဲ့

ထိုက်ဟွပင်းနဲ့တူနေတဲ့ တစ်စုံတစ်ရာကိုသွားပြီ

သတိထားမိလိုက်ပါတော့တယ်။ ဒီနှစ်ယောက်က

ရုပ်ဆင်နေကြတာလား ဒါမှမဟုတ်

ရုပ်ကနည်းနည်းဆင်နေကြတာလား။ သူ့အနေနဲ့ ဒီနှစ်ယောက်ရဲ့ယုံကြည်ချက်အပြည့်ပုံစံကို ဆွဲယူပြီးသတိထားမိနေလားဆိုတာကို သိပ်ပြီးမသိခဲ့ပါဘူး။ ဒါပေမယ့် ဒီနှစ်ယောက်ရဲ့ ငါနိုင်မယ်ဆိုတဲ့ယုံကြည်ချက်ကတော့ အပြည့်အဝရှိနေခဲ့တာအမှန်ပါ။

" နှစ်တစ်ရာသားရဲ့ကောင်ကိုပဲ ရွေးချယ်မှာလား "

ဒိုင်အနေနဲ့ကတော့ သူ့အကြောင်းစိတ်ထဲမှာ ရှင်းရှင်းလင်းလင်းမှတ်မိနေဆဲပါ။

ဒီကျောင်းတော်သားက လွန်ခဲ့တဲ့နှစ်ရက်မှာ သားရဲကောင်ဘုရင်ကိုတောင်ထွက်လာစေတဲ့သူဖြစ်ပါတယ်။

ဟို့ယွိဟောင်က ခေါင်းခါလိုက်ပါတယ်။

" နှစ်တစ်ထောင်သားရဲကောင်ကို ကျွန်တော်ရွေးချယ်မယ် "

" နှစ်တစ်ထောင်သားရဲကောင်လား "

ဒိုင်ကမျက်လုံးပြူးသွားပါတယ်။

" ဟိုယွိဟောင် မင်းသေချာစဉ်းစားဦး မင်းက
ဝိညာဉ်စက်ကွင်းနှစ်ကွင်းပဲရှိသေးတဲ့
ဝိညာဉ်မဟာပညာရှင်
နှစ်တစ်ထောင်သားရဲကောင်က
မင်းအတွက်ဖိအားများလွန်နေလိမ့်မယ်...ဘာဖြစ်
သွားလဲဆိုတာ မင်းသိသားပဲ အကယ်၍
ငါတို့မင်းကို ကူညီချင်တယ်ဆိုရင်တောင်
အနီးကပ်တိုက်ပွဲမျိုးမှာ
မင်းဆီရောက်ဖို့အချိန်လိုလိမ့်မယ် "

သူသတိပေးပေမဲ့ ဟိုယ်ွဟောင်က

သူ့ရဲ့ဆုံးဖြတ်ချက်ကို အတည်ပြုပါတယ်။

" ဆရာကျွန်တော်အနေနဲ့

ဒီတိုက်ပွဲရဲ့အမှတ်အမြင့်ဆုံးပြိုင်ဘက်ကို

ရွေးချယ်ဖို့အတွက်ဆုံးဖြတ်ပြီးပြီ

နှစ်တစ်ထောင်သားရဲကောင်ကိုကျွန်တော်ရွေးချယ်

မယ် "

သူ့ရဲ့အသံက ကျယ်လွန်လှတဲ့အတွက်

တခြားကျောင်းတော်သားတွေအားလုံးလဲ

ရှင်းရှင်းလင်းလင်းကြားနေခဲ့ရပါတယ်။

ထိုင်ဟွပင်းအနေနဲ့လဲ

အထိတ်တလန့်ဖြစ်သွားခဲ့ရပါပြီ။

သူနှစ်တစ်ထောင်သားရဲကောင်ကို

ရွေးချယ်တယ်လား ဘာကိုများ

ယုံကြည်နေရတာလဲ

သူ့ရဲ့ဒုတိယဝိညာဉ်စွမ်းရည်ကိုလား ဒါမှမဟုတ်ရင်

စိတ်ဝိညာဉ်ထိတ်လန့်မှုကို ယုံကြည်နေတာလား။

အဲ့ဒီစွမ်းရည်ကမဆိုးပေမဲ့

နှစ်တစ်ထောင်သားရဲကောင်နဲ့ယှဉ်မယ်ဆိုရင်
ဘာများအသုံးဝင်နိုင်မှာလဲ ဒီအတိုင်းလဲ့ချပြီ
တိုက်ခိုက်စေမှာလား။

ဒီကောင်တော့ သေချင်နေပြီ ဝမ်သုန့်နဲ့ ငါက
သူတို့တွေကို အနိုင်ယူလိုက်တာနဲ့တင် ဒီကောင်ရော
သူကိုယ်သူ ယုံကြည်ချက်ပြည့်သွားတာလား။

ထိုက်ဟွပင်းအနေနဲ့
တစ်ရာ့လေးဆယ့်ငါးမှတ်ရခဲ့ပါတယ်။ ဝမ်သုန့်က
အမှတ်တစ်ရာပါ အနိုင်ရဖို့အတွက် ဟို့ယွိဟောင်က

လေးဆယ့်ငါးမှတ်သာလိုပါတော့တယ်။
တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင်
ကျောင်းတော်အနေနဲ့လဲ သူ့ကို
ဒုတိယဝိညာဉ်စက်ကွင်းကို အသုံးမပြုဖို့အတွက်
တောင်းဆိုထားခဲ့တယ်။ ဒါကြောင့် သူ့အနေနဲ့
ဒီစာမေးပွဲကိုဖြတ်ကျော်ဖို့ အမှတ်သုံးဆယ်ရဖို့ပဲ
လိုအပ်မှာပါ။

သုဝေ့လွမ်က ဒီဆုံးဖြတ်ချက်ကို ချမှတ်ခဲ့တဲ့သူပါပဲ။
ဒါ့အပြင် စွမ်းဆောင်ရေးရှိမရှိကို သိချင်ခဲ့လို့ပါ။
အကယ်၍ သူသာ မလုပ်ခဲ့ဘူးဆိုရင်
ဟိုယွိဟောင်အနေနဲ့ တုပမှုကိုအသုံးပြုရင်း

စာမေးပွဲကို

အေးအေးဆေးဆေးအောင်သွားလောက်ပါပြီ။

အစောပိုင်းနေ့တွေကအတိုင်းပါပဲ။

" သူ့ကို ခွင့်ပြုပေးလိုက်ပါ "

သုဝေ့လွှမ်ရဲ့အသံက ထွက်ပေါ်လာပါတော့တယ်။

"ကောင်းပါပြီ "

ဒိုင်ကပြန်ဖြေလိုက်တယ်။ နယ်မြေတစ်ခွင်လုံးက
အခုအချိန်မှာ
ရှင်းရှင်းလင်းလင်းပြန်ဖြစ်သွားခဲ့ပါပြီ။

" ဟိုယွိဟောင်အဆင်သင့်ဖြစ်ပြီလား "

ဒိုင်ကမေးလိုက်ပါတယ်။ ဟိုယွိဟောင်က
ခေါင်းညိတ်လိုက်တယ်။ ဒိုင်နှစ်ယောက်က
အချက်ပြလိုက်ပြီ သတိပေးပါတယ်။

" ကိုယ်ရဲ့လုံခြုံစိတ်ချမှုကို အရင်ဆုံးဂရုစိုက်ပါ
အကယ်၍ မင်းပြိုင်ဘက်ကို
အနိုင်မရနိုင်ဘူးလို့ထင်မယ်ဆိုရင် ကိုယ့်ကိုကိုယ်
အကောင်းဆုံးကာကွယ်ပါ "

ဟို့ယွိဟောင်လဲ ခေါင်းညိတ်လိုက်ပါတယ်။
ဒါပေမယ့် မျက်နှာပေါ်မှာ
ဘာအမူအရာမှရှိမနေခဲ့ပါဘူး။
လာတော့မဲ့တိုက်ပွဲအတွက်
အပြည့်အဝအာရုံစိုက်နေသလိုပါပဲ။
ကျေးဇူးတင်စကားဆိုဖို့တောင်

တစ်ချက်လေးမှအားမထုတ်ချင်တဲ့အတိုင်း ရှိနေခဲ့တယ်။

သူက ဝိညာဉ်စက်ကွင်းနှစ်ကွင်းရှိတဲ့ ဝိညာဉ်မဟာပညာရှင်တစ်ယောက်ပါ။ ဒါ့အပြင် ဒုတိယဝိညာဉ်စွမ်းရည်ကို အသုံးပြုခွင့်မရှိပါဘူး။ ဒီလိုအခြေအနေမျိုးမှာ နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်ကို အနိုင်ယူဖို့ကိစ္စက ထင်ထားတာထက်တောင် ပိုခက်ပါလိမ့်မယ်။ ဒါပေါ့ သူ့အနေနဲ့ ဝမ်သုန့်နဲ့ထိုက်ဟွပင်းတို့ထက် တိုက်ရိုက်တိုက်ပွဲမှာ အများကြီးပိုပြီး အားနည်းနေမှန်းသိပါတယ်။

ဒီလိုမျိုး နှစ်တစ်ထောင်သားရဲကောင်ကို
စိန်ခေါ်ဝံ့တဲ့အကြောင်းအရင်းကတော့
သူ့ရဲ့စိတ်ဝိညာဉ်ထောက်လှမ်းမှုနဲ့
ရေခဲကေရီရဲ့ဝိညာဉ်စွမ်းရည်နှစ်ခုအပေါ်မှာ
ယုံကြည်ချက်အပြည့်ရှိနေခဲ့လို့ပါပဲ။

ဖြူဖျော့ဖျော့ရွှေရောင်အလင်းတန်းက
သူခြေထောက်အောက်မှာ
ဝိညာဉ်စက်ကွင်းနှစ်ခုတောက်ပလာမှုနဲ့အတူ
ပေါ်လာခဲ့ပါပြီ။

ဝမ်သုန့်နဲ့ ထိုက်ဟွပင်းတို့ရဲ့
ဝိညာဉ်စက်ကွင်းနှစ်ကွင်းက
ဘယ်သူကိုမှမအံ့သြစေခဲ့ပါဘူး။ ဒါပေမယ့်
အတန်းနံပါတ်နှစ်ရဲ့ကျောင်းသားတွေကတော့
သူရဲ့ဝိညာဉ်စက်ကွင်းတွေပေါ်လာချိန်မှာ
တအံ့တသြဖြစ်သွားပါတော့တယ်။

နှစ်ခုစလုံးက အဖြူရောင်တွေ ဖြစ်နေခဲ့လို့ပါပဲ။
ဆယ့်နှစ်ဝိညာဉ်စက်ကွင်းနှစ်ခုပါ ဒါပေမယ့်
ဘယ်သူကများ
အဲ့ဒီဆယ့်နှစ်ဝိညာဉ်စက်ကွင်းတွေကို
သွားပြီအထင်သေးဝံ့မှာလဲ။ လွန်ခဲ့တဲ့နှစ်ရက်မှာ

နှစ်ခုစလုံးက အနီရောင်ဖြစ်နေခဲ့ပါတယ်။ ဒါ့အပြင်
ဘယ်သူကမှသူ့ရဲ့ဝိညာဉ်စက်ကွင်းတွေ
ဘယ်လိုအရောင်အစစ်အမှန်လဲဆိုတာ
မပြောပြနိုင်ခဲ့ပါဘူး။

ရန်ရှောင်ကျဲ့ကတော့ ဟို့ယွိဟောင်ကို
သေချာအာရုံစိုက်နေခဲ့ရင်း သူ့ရဲ့မျက်လုံးတွေကလဲ
အလင်းတွေ ဆက်တိုက်တောက်ပနေခဲ့ပါတယ်။
သူ့မှာသိုင်းပညာဝိညာဉ်အဖြစ်
စိတ်ဝိညာဉ်မျက်လုံးမရှိပေမဲ့
အမြင်အာရုံကိုအများကြီးတိုးတက်စေလောက်တဲ့
စိတ်ဝိညာဉ်စွမ်းအားတွေရှိပါတယ်။ ဒါကြောင့်

သူ့ရဲ့အမြင်အာရုံက ဟိုယွိဟောင်
စိတ်ဝိညာဉ်ထောက်လှမ်းမှုသုံးထားတာထက်ကို
ပိုတိကျနေခဲ့တယ်။

" ထူးဆန်းလိုက်တဲ့စွမ်းရည်ပါလား
သူဒါကိုအသုံးပြုတဲ့အချိန်မှာ ကျွန်တော်တောင်
သူ့ရဲ့ဝိညာဉ်စက်ကွင်းတွေ ဘယ်လောက်တောင်
အားကောင်းလဲဆိုတာ
ငါခံစားမိတယ်...ဒုတိယဝိညာဉ်စက်ကွင်းက
တကယ်ပဲဆယ့်နှစ်ဝိညာဉ်စက်ကွင်းပဲလား "

သုဝေ့လွမ်က မျက်မှောင်ကြုတ်နေခဲ့ပါတယ်။

ရန်ရှောင်ကျဲ့က ခေါင်းခါရင်း ပြန်ဖြေလိုက်တယ်။

"

သေချာပေါက်လုံးဝဆယ့်နှစ်ဝိညာဉ်စက်ကွင်းမဖြစ်နိုင်ဘူး..ငါတို့တွေ
နှစ်တစ်ထောင်အထက်ဝိညာဉ်စက်ကွင်းတွေကို
မြင်ဖူးပြီးသားပဲ ဘယ်လိုဝိညာဉ်စက်ကွင်းကများ
နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းကို တုပနိုင်မှာလဲ
ဆယ့်နှစ်ဝိညာဉ်စက်ကွင်းပဲဖြစ်မယ်ဆိုရင်တောင်မှ

နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းပုံစံပြောင်းနိုင်ချေရှိမှာ
လား သူ့မှာတကယ်ပဲ အဲ့ဒီကြောက်စရာကောင်းတဲ့
နှစ်တစ်သိန်းနဲ့အထက် ဝိညာဉ်သားရဲကောင်ရဲ့
စွမ်းရည်ရှိနေတာလား ငါကတော့ဆက်ပြီ
ခန့်မှန်းရဦးမယ်...ကြည့်ရတာကတော့
သူ့ရဲ့ဝိညာဉ်စက်ကွင်းတွေက
နှစ်တစ်ထောင်တွေနဲ့တူပါတယ်.,,ဝမ်သုန့်လိုပဲ "

သုဝေ့လွှမ်က မျက်လုံးပြူးသွားခဲ့ပါတယ်။

"

မဖြစ်နိုင်လောက်ပါဘူး..,သူ့ရဲ့ပထမဝိညာဉ်စက်ကွ

င်းက ဆယ့်နှစ်ဝိညာဉ်စက်ကွင်းပါ

ဘယ်လိုလုပ်ဒုတိယဝိညာဉ်စက်ကွင်းက

နှစ်တစ်ထောင်ဖြစ်ရမှာလဲ ခန္ဓာကိုယ်က

အဲ့ဒီလောက်ကို စုပ်ယူပြီတောင့်ခံနိုင်မှာလား "

"'သူ့မှာ အမွှာဝိညာဉ်ရှိတယ်ဆိုတာ မမေ့နဲ့ဦးလေ

ဒါ့အပြင် ဒုတိယသိုင်းပညာဝိညာဉ်က

အနှောင်းပိုင်းနိုးထမှုတစ်ခု ကြုံရတာလဲ

ဖြစ်လိမ့်မယ်...ဒါမျိုးကြုံရတာကတော့

အရမ်းရှားတာပေါ့ သူ့ခန္ဓာကိုယ်ကလဲ

ပြောင်းလဲမှုတွေအများကြီးကြုံနိုင်တယ်...ဒါပေမယ့်
မင်းပြောပြခဲ့တယ်မလား သူက
ကျောင်းတော်ကနေ သူ့ဘာသာသူ
ထွက်ခွာသွားခဲ့တယ်လို့ ဒါ့အပြင်
မိဘမဲ့တစ်ယောက်လေ သူ့အနေနဲ့
နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်ကို
တစ်ယောက်ထဲလက်ဗလာနဲ့ သွားသတ်ဖို့ဆိုတာ
မဖြစ်နိုင်တဲ့ကိစ္စပဲ ကျောင်းတော်အပြင်မှာသူ့ကို
ကူညီနေတဲ့တစ်စုံတစ်ယောက်ရှိနေတာလား "

ဟိုယွိဟောင်ရဲ့ပြိုင်ဘက်ပေါ်လာပြီဖြစ်တာကြောင့်
ဒီနေရာမှာတင် သူတို့စကားက

ရပ်တန့်လို့သွားပါတော့တယ်။ ရုတ်တရက်ဆိုသလို ပတ်ဝန်းကျင်ကတော့

ပူပြင်းလောင်မြိုက်လာခဲ့ပါတယ်။

မီးလျှံတွေအပြည့်နဲ့ ခြသေ့်တစ်ကောင်က

လျှောင်အိမ်အပြင်ဘက်ကို

ပြေးထွက်လာပါတော့တယ်။

အဆင့်မြင့်ပြိုင်ဘက်တွေအဖြစ် သတ်မှတ်ထားတာ

အံ့သြစရာမရှိတော့ပါဘူး။ ဝမ်သုန့် ထိုက်ဟွပင်းနဲ့

ဟိုယွိဟောင်တို့ရင်ဆိုင်ရတဲ့ဝိညာဉ်သားရဲကောင်

တွေအားလုံးက ကြောက်စရာကောင်းလွန်လှတဲ့

သတ္တဝါတွေကြီးဖြစ်နေခဲ့တယ်။ ခြသေ့် ကျားသစ်နဲ့

ဝက်ဝံတို့တွေပါ။

ဟိုယ်ဝှိပေဟာင်အနေနဲ့လဲ ဒီမီးလျှံခြသေ့်ကို မြင်ချိန်မှာ
တစ်စုံတစ်ရာထူးဆန်းနေခဲ့မိပါတယ်။ ဝူဖုန်းနဲ့
ပြိုင်ပွဲကိုတောင် ပြန်တွေးလိုက်မိတယ်။
အဲ့ဒီပြိုင်ပွဲကြောင့် သူ့အနေနဲ့ ဝူဖုန်းကို
အတန်းနံပါတ်နှစ်ဆီ ပို့လိုက်ပြီ
အတန်းခေါင်းဆောင်ဖြစ်လာစေခဲ့တာပါ။

အပိုင်း ၅၂၁ ပြီး၏။

အပိုင်း ၅၂•၂

" ရေခဲကေရီရဲ့သံချပ်ကာ "

ဝဝဝ

ထိုက်ဟွပင်းအနီးမှာရပ်နေခဲ့တဲ့ ဝူဖုန်းကတော့ ဟိုယွိဟောင်ကို စိုက်ကြည့်နေခဲ့ပါတယ်။ သူမရဲ့ မျက်လုံးထဲမှာတော့ ဒေါသတွေအပြည့်ပါပဲ။ သူတို့ရဲ့ပြိုင်ပွဲပြီးတဲ့နောက် ဘာကြောင့်များသူမရဲ့နှလုံးသားထဲမှာ ဟိုယွိဟောင်ကို ကြောက်လန့်နေရလဲဆိုတာ နားမလည်နိုင်ခဲ့ပါဘူး။ သူက သူမထက်အများကြီး

ပိုပြီးအားနည်းတာ အရမ်းကိုသိသာလှပါတယ်။
ဒါပေမယ့် မျက်နှာချင်မဆိုင်ရင်တောင်
တွေ့လိုက်ရင်ကြောက်နေဆဲပါပဲ။
အဲ့ဒီခံစားချက်ကြီးကြောင့်သာ သူမအနေနဲ့
ဟိုယွိဟောင်ကို မျက်နှာချင်မဆိုင်နိုင်သလို
နောက်ထပ်လဲ စိန်မခေါ်ဝံ့ခဲ့တာပါပဲ။

ဝူဖုန်းအနေနဲ့ ဘာကြောင့်ဒီလိုဖြစ်မှန်း မသိပေမဲ့
ဟိုယွိဟောင်ရဲ့မျက်လုံးတွေကို
မြင်လိုက်တိုင်းအဲ့ဒီအကြောက်တရားက
စိတ်ထဲကိုဆက်တိုက်ဝင်ရောက်လာခဲ့ပါတယ်။
ဟိုယွိဟောင်ကတော့ မီးလျှံခြသေ့်ဘုရင်နဲ့

တိုက်ခိုက်ပါတော့မယ်။
ကြည့်ဖို့ကောင်းမဲ့ပွဲတစ်ပွဲပါပဲ။ ဝူဖုန်းရဲ့စိတ်ထဲမှာလဲ
ကြောက်စရာအတွေးတွေက
ထွက်ပေါ်လို့လာခဲ့ပါပြီ။ ဒီကောင်သာ
ပြာဖြစ်သွားရင် ကောင်းမှာပဲ။

မီးလျှံခြင်္သေ့ဘုရင်ကတော့ သူ့ရဲ့လှောင်ချိုင့်ကနေ
အပြင်ကို ပြေးထွက်လာရင်း ကောင်းကင်ပေါ်ကို
ခုန်တက်လာခဲ့ပါတယ်။ ဒီခြင်္သေ့ရဲ့
လက်တွေအောက်မှာတော့
မီးလျှံလိုအမွေးတွေကအပြည့် ရှိနေခဲ့ပြီ
မီးပွားတွေကလဲ ဆက်တိုက်ထွက်နေခဲ့တယ်။

ထိုက်ယွပင်း ရင်ဆိုင်ခဲ့တဲ့ လေကျားထက်တောင်

ပိုကြမ်းခိုင်သန်မာနေရုံတင်မက ခန္ဓာကိုယ်ကလဲ

သုံးမီတာအပြည့်ရှည်လျားနေခဲ့ပြီ ပုခုံးတွေကတော့

တစ်မီတာခွဲကျယ်ပြန့်ပါတယ်။

ကြွက်သားတွေကလဲ သိသိသာသာကို ထွက်နေခဲ့ပြီ

အညိုဖျော့ရောင်မျက်လုံးတွေကတော့

ကြောက်စရာကောင်းနေခဲ့တယ်။

တစ်ခေါက်ဟိန်းဟောက်ပြီတဲ့နောက်

ဟိုယွိဟောင်ဆီကို တန်းတန်းမတ်မတ်

ပြေးဝင်လာခဲ့ပါပြီ။

သူ့ခန္ဓာကိုယ်တစ်ခုလုံးမီးလျှံတွေအပြည့်နဲ့

ဟိုဃ္ဃိဟောင်အပေါ်ကို ခုန်ချလာပါတော့တယ်။
ဒီမီးတွေက အရမ်းကို ပူပြင်းလွန်လှပြီ
လေဟာနယ်တွေကိုတောင်
တစ်ဆစ်ဆစ်မြည်စေခဲ့ပါတယ်။

ဟိုဃ္ဃိဟောင်က
နှစ်တစ်ထောင်မီးလျှံခြင်္သေ့ဘုရင်ကို
တိုက်ခိုက်နိုင်မှာလား။ ဒါကအစောပိုင်း ဝမ်သုန့်
ထိုက်ဟွပင်းတို့ရင်ဆိုင်ခဲ့ရတဲ့
သတ္တဝါတွေထက်တောင် ပိုသန်မာနေတာပါ။

ထိုက်ဟွပင်းအနေနဲ့လဲ ဒုတိယမြောက်
အိမ်ဖွယ်ရာဖြစ်လာမယ်လို့ မယုံကြည်ခဲ့ပါဘူး။
သူ့အမြင်မှာ ဟိုယွိပေါင်အနေနဲ့
တစ်ခေါက်တောင်မတိုက်ခိုက်နိုင်ဘူးလို့
ထင်နေခဲ့တယ်။

ဟိုယွိပေါင်ကတော့ မျက်နှာချင်ဆိုင်လျက်သား
ရှိနေဆဲပါ။ သူ့ရဲ့ စိတ်ဝိညာဉ်ထောက်လှမ်းမှုကို
ခြသေ့်ခန္ဓာကိုယ်ပေါ်
အပြည့်အဝအသုံးချထားခဲ့ပါတယ်။
နှစ်တစ်ထောင်သားရဲကောင်တွေနဲ့
အရင်မှာရင်ဆိုင်ခဲ့ရပေမဲ့ ဒီနေ့စိတ်ပူတာမရှိဘူးလို့

ပြောမယ်ဆိုရင် အလိမ်အညာပဲ ဖြစ်နေမှာပါ။ တစ်ယောက်ထဲဒီလိုသတ္တဝါကို ရင်ဆိုင်ရတာ ပထမဆုံးအကြိမ်ပါပဲ။ ဒါပေမယ့် စိတ်ထဲမှာသာ သက်ပြင်းချနေခဲ့မိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ပြိုင်ဘက်ရဲ့အစွမ်းက မီးဖြစ်နေတာကို သတိထားမိသွားလို့ပါ။

ဒီတစ်ကြိမ်မှာ အဲ့ဒီသတ္တဝါက ဟို့ယွိဟောင်ရဲ့မီးတာငါးဆယ့်အထိ နီးကပ်လို့လာခဲ့ပါပြီ။ ဒါ့အပြင် ကြည့်နေသူတွေအနေနဲ့လဲ အဲ့ဒီသတ္တဝါရဲ့ခန္ဓာကိုယ်ကိုသာ

အာရုံစိုက်နေခဲ့ကြပါတော့တယ်။ သူတို့အနေနဲ့

ဟိုယ္ပိဟောင်ရဲ့ဝိညာဉ်စက်ကွင်းတွေ

အပြောင်းအလဲဖြစ်သွားတာကို

သတိမထားမိပါဘူး။ အဲ့ဒီအချိန်မှာ

အပြောင်းအလဲက ဝိညာဉ်စက်ကွင်းတွေရဲ့

အရောင်မဟုတ်ပဲ အရေအတွက်ပါ။

ဝိညာဉ်စက်ကွင်းနှစ်ခုက ရုတ်တရက်ဆိုသလို

တစ်ခုထဲဖြစ်သွားခဲ့ပါတယ်။

အဖြူရောင်ဖြစ်နေဆဲဖြစ်ပြီ

မှိန်ဖျော့ဖျော့အားနည်းတဲ့အလင်းတန်းက

ကြည်လင်တောက်ပတဲ့ကျောက်မျက်ရတနာလိုမျိုး

သူ့ခန္ဓာကိုယ်တစ်ခုလုံးကို

ဖုံးလွှမ်းသွားပါတော့တယ်။ ဒါ့အပြင်
လက်ချောင်းအရွယ်အစားရှိတဲ့
ကျောက်မျက်ရတနာလေးတွေက
စတင်ဖြစ်ပေါ်လို့လာခဲ့ပြီ
သူ့ရဲ့လှုပ်ရှားမှုတစ်ခုချင်းဆီတိုင်းနဲ့
ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုချင်းဆီတိုင်းကို
ဖုံးလွှမ်းလို့သွားပါတော့တယ်။
တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင်
သူ့ခန္ဓာကိုယ်တစ်ခုလုံးအပေါ်မှာ
ရေခဲသံချပ်ကာဖုံးအုပ်လိုက်တာပါပဲ။
ရေခဲသံချပ်ကာတွေက
ရစ်ထောင့်စတုရန်းပုံသဏ္ဍာန်ရှိနေခဲ့ပြီ

များပြားတဲ့မျက်နှာပြင်တွေလဲ ပါဝင်နေခဲ့ပါတယ်။

ဒါကြောင့်

တလက်လက်တောက်ပတဲ့အလင်းတန်းတွေကလဲ

အထင်သားပေါ်နေခဲ့တယ်။

ဒီရေခဲသံချပ်ကာဖုံးလွှမ်းသွားပြီတဲ့နောက်

မီးခြသေ့ကြီးက

ရုတ်တရက်ရပ်တန့်သွားပါတော့တယ်။

ခန္ဓာကိုယ်ပေါ်က မီးလျှံတွေအားလုံးကလဲ

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲရင်း

ဟိုယွိဟောင်ဆီကို တန်းတန်းမတ်မတ်

ပြေးဝင်သွားခဲ့ပါပြီ။

ဒါကတော့သူ့ရဲ့မူလမွေးရာပါစွမ်းရည်ဖြစ်တဲ့

မီးလျှံလုံးတံတိုက်ခိုက်မှုပါပဲ။

မီးလျှံတွေက

ခန္ဓာကိုယ်ပေါ်မှာပျောက်ကွယ်လို့သွားပြီတဲ့နောက်

ပြိုင်ဘက်ဆီကို

တိုက်ရိုက်ရောက်ရှိရင်းတိုက်ခိုက်ပါတယ်။

ဒါပေမယ့် အရှိန်အဟုန်ကတော့

တစ်စက်လေးတောင်မပြောင်းလဲခဲ့ပါဘူး။

ဒိုင်တွေအနေနဲ့လဲ ပြိုင်ပွဲတစ်ခုလုံးကို
နီးနီးကပ်ကပ်ကြည့်နေခဲ့တာပါ။
ဟိုယ်ဝိုဟောင်ရဲ့ခန္ဓာကိုယ်ပေါ်မှာ
ရေခဲအလွှာရုတ်တရက်ပေါ်လာတာကို
သူတို့ခံစားမိချိန်မှာတော့
အံ့အားသင့်သွားခဲ့ရပါတော့တယ်။ ဒါက
သူ့ရဲ့သိုင်းပညာဝိညာဉ်လား ဒါ့အပြင်
ကြည့်နေသူတွေအနေနဲ့လဲ
သူ့ရဲ့ဝိညာဉ်စက်ကွင်းတစ်ခုထဲကျန်တော့တာကို
အခုမှသတိထားမိကြပါတယ်။

ထူးဆန်းတဲ့မြင်ကွင်းကြောင့်

ဒိုင်နိုစ်ယောက်တွေဝေနေခဲ့ပါတယ်။ သူတို့တွေက

အချိန်တချို့ကို ကုန်ဆုံးသွားခဲ့ပါပြီ။

သတိပြန်ဝင်လာချိန်မှာတော့ ဟို့ယွိဟောင်အနေနဲ့

ခြသေ့်ဘုရင်တိုက်ခိုက်မှုကို ခုခံနိုင်မှာမဟုတ်မှန်း

သူတို့သတိထားမိသွားပါတယ်။ မီးတွေက

သူ့ဆီကိုရောက်နေခဲ့ပါပြီ။ သုဝေ့လွမ်ကလဲ

ခြေတကြွကြွနဲ့ ညာဘက်လက်ကိုအသုံးပြုရင်း

အောက်ဆင်းဖို့လုပ်နေခဲ့တာပါ။

ဒိုင်နိုစ်ယောက်အနေနဲ့ ဟို့ယွိဟောင်ကို

ကူညီဖို့အချိန်မီသတိမဝင်နိုင်မှန်း သူသိနေခဲ့တယ်။

ရန်ရှောင်ကျဲ့ကတော့ ဟို့ယွိဟောင်ကိုကြည့်ရင်း
သုဝေ့လွှမ်ကို တားထားခဲ့ပါတယ်။

" မလိုဘူး "

မီးလျှံတွေက ဟို့ယွိဟောင်ဆီကို
တန်းတန်းမတ်မတ်ရောက်ရှိသွားပါတော့တယ်။
အထိတ်တလန့်အော်သံတွေက
ထွက်ပေါ်လာခဲ့ပါပြီ။ ကျိုးယ်နီ့ ဝမ်ယန်တို့တောင်မှ
နယ်မြေထဲကို
တစ်ပြိုင်နက်ထဲပြေးဝင်လာခဲ့ပါတယ်။ ဒါပေမယ့်

ခြေလှမ်းသုံးလှမ်းသာ လှမ်းပြီတဲ့နောက်

အံ့သြစရာမြင်ကွင်းကို မြင်တွေ့လိုက်ရတဲ့အတွက်

ရုတ်တရက်ရပ်တန့်လို့သွားခဲ့ပါတယ်။ အမှန်ပါပဲ

ဟိုယွိဟောင်ခန္ဓာကိုယ်ကို

မီးလျှံတွေထိတွေ့ချိန်မှာတော့

သူ့ခန္ဓာကိုယ်အပေါ်မှာ အဖြူရောင်မြူခိုးတွေက

ရုတ်တရက်ပေါ်ထွက်လို့လာပါတော့တယ်။

အဲ့ဒီနောက် ဝေဝါးလွန်းလှတဲ့ အရိပ်တစ်ခုက

သူ့ခန္ဓာကိုယ်အနောက်ဖက်မှာ

ရုတ်တရက်ပေါ်ထွက်လာတယ်။

ဒီလိုအဖြစ်အပျက်ပြီးချိန်မှာပဲ ခြသေ့်ရဲ့မီးလျှံတွေက

အမှုန်အဝါးလေးတွေတောင်မကျန်ရအောင်

ပျောက်ကွယ်လို့သွားခဲ့ပါပြီ။
ဘယ်တုန်းမှမရှိခဲ့တဲ့အတိုင်းပါပဲ။

အဖြူရောင်မြူခိုးတွေ
ပျောက်ကွယ်သွားပြီချိန်မှာတော့
ဟိုဲ့ယွိဟောင်ရဲ့ခန္ဓာကိုယ်က
မူလအခြေအနေအတိုင်း
ပြန်ဖြစ်သွားပါတော့တယ်။ လက်နှစ်ဖက်ကို
နောက်ပြစ်ထားရင်း ခြသေ့်ကို
အေးစက်တဲ့အကြည့်နဲ့ စိုက်ကြည့်လို့နေခဲ့ပြီ
တစ်ခွန်းသာအော်လိုက်တယ်။

" ထွက်သွားစမ်း "

ကြီးမားတဲ့ခြင်္သေ့ကြီးကတော့
တစ်ကိုယ်လုံးတုန်ရီသွားခဲ့ပြီးအမြီးကိုခြေထောက်နှ
စ်ချောင်းကြားညှပ်ကာ အမြီးလေးကုပ်ရင်း
ထွက်ပြေးသွားပါတော့တယ်။

သူ့ရဲ့အရမ်းကို ကြောက်လန့်နေလွန်တဲ့ပုံစံက
သရဲကြီးတစ်ကောင်ကို တွေ့လိုက်ရသလိုပါပဲ။
ဟိုဟိုယ်ပြို့ဟောင်ကတော့ အဲ့ဒီနေရာမှာ
အေးအေးဆေးဆေးရပ်နေဆဲပါ။

ဒိုင်နှစ်ယောက်ကလဲ ကြောင်အနေခဲ့ပါတယ်။
အရင်တစ်ခေါက်မှာဒီကျောင်းသားက
နှစ်တစ်ရာဝိညာဉ်သားရဲကောင်ကို ပါးစပ်ကနေ
အမြုပ်တစီးစီးထွက်ပြီ သတိလစ်သွားတဲ့အထိ
ကြောက်လန့်စေခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့
နှစ်တစ်ထောင်ဝိညာဉ်သားရဲကောင်ကို
အမြီးကုပ်ပြီထွက်ပြေးသွားရအောင်
လုပ်ဆောင်ခဲ့ပြန်တယ်။ ဒါ့အပြင်
နှစ်တစ်သိန်းဝိညာဉ်စက်ကွင်းကိုတောင်
မထုတ်လွှတ်ပဲနဲ့ တိုက်ခိုက်မှုကို ခုခံထားခဲ့တာပါ။
ဒါတွေဘာကြောင့်များ ဖြစ်ရတာလဲ

ရှိနေတဲ့ဆရာတွေအားလုံး
တအံ့တသြဖြစ်ကုန်ပါတော့တယ်။
ရန်ရှောင်ကျဲ့ကလဲ အခုအချိန်မှာ ခြေကြွရင်း
သုဝေ့လွှမ်ကို ကြည့်နေခဲ့ပါပြီ။ အဲ့ဒီနောက်
အနားကပ်ရင်း သူပြောလိုက်တယ်။

" ငါပြန်တော့မယ် ဟို့ယွိဟောင်
ဒီတစ်ခေါက်စာမေးပွဲမှာ
အမှတ်အပြည့်ရတယ်..ငါအဲ့ဒီကလေးကို
လိုချင်တယ် "

သူပြောပြီတာနဲ့ စင်ပေါ်ကနေ
ထွက်ခွာသွားပါတော့တယ်။ ကောင်းကင်ပေါ်ကို
ပျံတက်သွားခဲ့ရင်း ပျောက်ကွယ်သွားခဲ့ပါပြီ။

ကြည့်နေသူတွေအားလုံးထက် သူက
ရှင်းရှင်းလင်းလင်း မြင်ခဲ့ရပါတယ်။
ခြသေ့်မီးလျှံတွေ ထွက်ပေါ်လာချိန်မှာ
ဟိုယွှိဟောင်တစ်ကိုယ်လုံးကို
အဖြူရောင်မြူခိုးတွေက ဖုံးလွှမ်းသွားခဲ့တယ်။
တစ်ချိန်ထဲမှာပဲ သူဝတ်ဆင်ထားတဲ့
ရေခဲသံချပ်ကာက ကျောက်စိမ်းရောင်အဖြစ်ကို
ပြောင်းလဲသွားပါတယ်။ ဒါ့အပြင်

သူ့အနောက်ဖက်မှာ
မြူနှင်းတွေကြားထဲအရိပ်တစ်ခုက
ထိုးတက်လို့လာပြီ
ချက်ချင်းပျောက်ကွယ်လို့သွားပါတယ်။

အဲ့ဒီထွက်ပေါ်လာတဲ့အရိပ်ကတော့
၁•၅မီတာရှည်လျားတဲ့
ကင်းမြီးကောက်တစ်ကောင်ပါ။
ရန်ရှောင်ကျဲ့အနေနဲ့လဲ အဲ့ဒီကင်းမြီးကောက်ရဲ့
အေးစက်တဲ့မျက်ဝန်းတွေက ခြသေ့ဘုရင်ကို
ကြည်လင်တောက်ပတဲ့အဝါရောင်မျက်လုံးတွေနဲ့
စိုက်ကြည့်နေမှန်း သတိထားမိခဲ့ပါတယ်။

တစ်ချိန်ထဲမှာပဲ ခြသေ့်က ကြောက်လွန်လို့
အမြီးကုပ်သွားခဲ့ရတယ်။

ဒါက တုပတဲ့စွမ်းရည်ရဲ့
ဖန်တီးတဲ့အကြောက်တရားမဟုတ်ပါဘူး။
စစ်မှန်လွန်းလှတဲ့
သိုင်းပညာဝိညာဉ်ရဲ့ခြိမ်းခြောက်မှုတစ်ခုပါ
ထိုက်ဟွပင်းရဲ့ကျားဖြူပုံစံနဲ့အတူတူပါပဲ။

ရန်ရှောင်ကျဲ့ရဲ့စိတ်ခံစားချက်တွေကတော့
အရမ်းကို အပြောင်းအလဲများနေခဲ့ပါပြီ။ သူ့အနေနဲ့

ကျောင်းတော်ထဲဝင်ရောက်ခဲ့တာ

နှစ်ပေါင်းခုနှစ်ဆယ့်ခြောက်နှစ်ရှိပြီ

ပထမဆုံးအကြိမ်အနေနဲ့ အစွန်းရောက်နေတဲ့

အစွမ်းသတ္တိနဲ့သိုင်းပညာဝိညာဉ်ကို မြင်ဖူးခဲ့တာပါ။

အဆုံးစွန်း အန္တိမရေခဲဒါကလုံးဝကို

အန္တိမအစွမ်းရှိတဲ့ ရေခဲစွမ်းအင်ပါ။

မီးအမျိုးအစားခြသေ့ဘုရင်ဒီလောက်အထိ

ကြောက်လန့်ပြီ အံ့သြသွားခဲ့တဲ့ကိစ္စကတော့

ဟိုယွိပေါင်ရဲ့သိုင်းပညာဝိညာဉ်ကြောင့်ပါပဲ။

ပြိုင်ဘက်ကိုသူ့ရဲ့အစွမ်းအစနဲ့

အပြည့်အဝဖိနှိမ့်နိုင်လိုက်တယ်။

ရန်ရှောင်ကျဲ့က အရမ်းကို
ရှင်းရှင်းလင်းလင်းတွေ့မြင်ပြီတာကြောင့်
သူဆုံးဖြတ်ချက်ချလိုက်ပါတော့တယ်။
ဟို့ယွိဟောင် ထုတ်လွှတ်လိုက်တဲ့အစွမ်းက
ရေခဲကေရီရဲ့သံချပ်ကာပါ။ နောက်တစ်ခုကတော့
ရေခဲကေရီရဲ့
နှစ်လေးသိန်းဝိညာဉ်စက်ကွင်းပေးခဲ့တဲ့
အစွမ်းသတ္တိပါပဲ။ ရေခဲကေရီအဆိပ်ဆူးနဲ့
သံချပ်ကာနှစ်ခုစလုံးက တကယ်ကို
အားကောင်းတဲ့စွမ်းရည်တွေဖြစ်နေခဲ့တယ်။
လက်ရှိအချိန်မှာ ဟို့ယွိဟောင်အနေနဲ့ သူတို့ရဲ့
စွမ်းအားအပြည့်အဝကို မထုတ်ဖော်နိုင်သေးပါဘူး။

ဒါပေမယ့် ဒီအင်အားတွေနဲ့တင်
မီးအမျိုးအစားရန်သူကို ထွက်ပြေးသွားစေဖို့
လုံလောက်နေခဲ့ပါပြီ။

ရန်ရှောင်ကျဲ့က စောစောစီးစီးထွက်ခွာလာခဲ့တာ
သူမြင်ချင်တဲ့အရာကို မြင်ပြီခဲ့လို့ပါ။
လက်ရှိအချိန်မှာ သူ့အနေနဲ့ ဟိုယွိဟောင်က
သူတို့ဌာနမှာ
နေအောင်လို့နည်းလမ်းသွားရှာရပါတော့မယ်။

ရန်ရှောင်ကျဲ့ရဲ့မျက်နှာပေါ်မှာ
ကောက်ကျစ်တဲ့အပြုံးတစ်ခုက
ဖြစ်ပေါ်လာခဲ့တော့တယ်။

" ချင်းသောသော ချင်းသောသော
ဒီတစ်ခေါက်ငါမင်းရဲ့အကြံအစည်တွေအောက်မှာ
ကျရောက်သွားခဲ့တယ်...ဒါပေမယ့်
နောက်ဆုံးဘယ်သူရယ်နိုင်မလဲဆိုတာ
ကြည့်ကြသေးတာပေါ့
ငါတို့သိုင်းပညာဝိညာဉ်အသက်မွေးဝမ်းကြောင်း
ကျောင်းတော်က တိုင်ကြီးတစ်ခုမှာ
တကယ်နံ့ပါတ်တစ်ကျောင်းတော်ပဲ

မင်းတို့ဝိညာဉ်လက်နက်တည်ဆောက်ရေးကျောင်း

တော်မရှိတဲ့အရာတွေ

အများကြီးရှိတယ်..အကယ်၍

ဒီကျောင်းအုပ်ကသာ လုံးဝဝင်ကြေးကို

ဂရုစိုက်စရာမလိုဘူးဆိုရင်

အဆုံးစွန်းအန္တိမပစ္စည်းတစ်ခုအတွက်နဲ့

အကုန်လုံးသုံးဖြုန်းပြစ်ဖို့ လုံလောက်တာပေါ့။

ရန်ရှောက်ကျဲ့ထွက်ခွာသွားပြီတဲ့နောက်

ကြည့်နေသူတွေလဲ

သတိပြန်ဝင်လာကြပါတော့တယ်။

ဒီလောကကြီးမှာဘာတွေဖြစ်ကုန်တာလဲ။

အစောပိုင်းတုန်းက ထိုက်ဟွပင်းအနေနဲ့
နှစ်တစ်ထောင်သားရဲကောင်ကို
သတ်လိုက်နိုင်တာကတင် သူတို့အတွက်
ထိတ်လန့်စရာကောင်းနေခဲ့ပါပြီ။
ဟိုယွိဟောင်ကတော့
လှုပ်တောင်မလှုပ်ရှားခဲ့ပါဘူး။ ဒါပေမယ့်
ပြိုင်ဘက်ကို တစ်ချက်ထဲနဲ့တင်
ထွက်ပြေးသွားအောင်လို့ လုပ်နိုင်ခဲ့ပါတယ်။
ဒါကတစ်ပြိုင်နက်ထဲ သတ်လိုက်တာထက်တောင်
အံ့သြစရာကောင်းတဲ့အရာပါ။ သူဘယ်လိုများ
အောင်မြင်ခဲ့တာလဲ သူ့ကို တုပတာမျိုး
ခွင့်ပြုထားဖို့မဟုတ်လား။

ထိုက်ဟွပင်းရဲ့ယုံကြည်ချက်ရှိတဲ့မျက်ဝန်းတွေက
ဝေဝါးလို့သွားခဲ့ပါတယ်။
သူဘာသာသူပြောနေခဲ့တယ်။

" ဒါဘယ်လိုလုပ်ဖြစ်နိုင်ရမှာလဲ
ဘယ်လိုလုပ်ဖြစ်လာရတာလဲ "

ဒီတစ်ကြိမ်မှာပဲ သုဝေ့လွမ်ရဲ့အသံက
နယ်မြေတစ်ခုလုံးကို ဖြတ်ကျော်ရင်း
ထွက်ပေါ်လာပါတော့တယ်။

" ဟိုယ္ဍိဟောင်ရဲ့ စမ်းသပ်ချက်ပြီးဆုံးသွားပြီ
ကျောင်းအုပ်ရဲ့တွက်ချက်မှုအရ ဟိုယ္ဍိဟောင်
အမှတ်တစ်ရာငါးဆယ်ကို
ရရှိတယ်...သူ့အမှတ်ပြည့်ရတယ် "

တအံ့တသြအော်သံတွေက
ထွက်ပေါ်လာပါတော့တယ်။ ကျောင်းအုပ်အနေနဲ့
ဒီပြိုင်ပွဲကို ကြည့်ရှုနေမှန်း သတိတောင်မရ
တော့ပါဘူး။ သူ့ငွေ့လွှမ်က
ဒီလိုကြော်ငြာလိုက်တယ်ဆိုတာ

ကျောင်းအုပ်ရဲ့နာမည်ကိုပါ အသုံးပြုပြီး
ကြော်ငြာသွားတာပါ။

ဟိုယွိဟောင်ကလဲ ဖြည်းဖြည်းချင်းလျှောက်ပြီ
သူ့အတန်းကိုပြန်ဝင်သွားခဲ့ပါပြီ။
အမှန်တကယ်မှာတော့
ဒီလိုအခြေအနေမျိုးတွေ့ရမယ်လို့
မထင်ထားခဲ့မိပါဘူး။ ဘာကြောင့်လဲဆိုတော့
ထွက်သွားဆိုတဲ့စကားအော်ပုံက
သူ့ရဲ့ကိုယ်ပိုင်အကြံအစည်မဟုတ်ခဲ့လို့ပါ။
ရေခဲကေရီက အဲ့ဒီအချိန်မှာ နိုးထလာလို့ပါပဲ။
ဒါ့အပြင် သူ့ကို အဲ့ဒီလိုအော်ဟစ်စေဖို့အတွက်

အတင်းတွန်းအားပေးခဲ့ပါတယ်။ ဒါကြောင့်လဲ
ရေခဲကေရီရဲ့အစွမ်းကိုမြင်ပြီတဲ့နောက်
ခြသေ့်ဘုရင်က ထွက်ပြေးသွားရတာပါ။

ဟို့ယွိပေါင် ပြန်လာတာကိုမစောင့်ပဲ ဝမ်ယန်က
သူ့ဆီပြေးဝင်လာခဲ့ပါတယ်။
သူ့ရဲ့မျက်လုံးအမြင်အာရုံက
ရန်ရှောင်ကျဲ့လောက်မကောင်းပေမဲ့
သိုင်းပညာဝိညာဉ်တွေအပေါ်လေ့လာဆန်းစစ်မှုက
အများကြီးပိုပြီး ခိုင်မာလွန်ခဲ့တယ်။
ဟို့ယွိပေါင်ရဲ့စွမ်းရည်တွေကို မြင်မြင်ချင်
ချက်ချင်းဆိုသလိုဖြစ်သွားတဲ့ကိစ္စတွေအတွက်

သူစိတ်ထဲ အကြံအသစ်တွေ
ဝင်ရောက်လာပါတော့တယ်။

" ယွိပေါင် မင်းအခုသုံးသွားခဲ့တဲ့
ဝိညာဉ်စွမ်းရည်က ဘာကြီးလဲ
ဘာတွေဖြစ်သွားတာလဲ
မင်းရဲ့ဝိညာဉ်စက်ကွင်းနှစ်ခုကလဲ
တစ်ခုထဲဖြစ်သွားတယ်...မင်းမှာသိုင်းပညာဝိညာဉ်နှ
စ်ခု ရှိနေတာလား ဒုတိယသိုင်းပညာဝိညာဉ်က
ရေခဲအမျိုးအစားလား "

ဝမ်ယန်ရဲ့စကားတွေက အမြောက်ဆံတွေလိုပါပဲ။

ဟိုယွိဟောင်အနေနဲ့ လူတွေရဲ့အမြင်ကနေ
ဖုံးကွယ်နိုင်သလို အမှန်တရားကို
ဖုံးကွယ်ကောင်းဖုံးကွယ်နိုင်ပေမဲ့ ဝမ်ယန်ကတော့
သူ့ကိုအမြဲတမ်းကောင်းကောင်းမွန်မွန်ဆက်ဆံတ
တ်တဲ့ သူပါ။ ဒါ့အပြင် ဟိုယွိဟောင်ရဲ့
တိုးတက်မှုကိုလဲ
အလွန်အမင်းဂရုစိုက်တတ်သူဖြစ်ပါတယ်။
ဟိုယွိဟောင်အနေနဲ့ ဆရာဝမ်ယန်ကို လေးစားမှုက
ဆရာဖန်းယွီနဲ့ ကျိုးယိတို့ထက်
လုံးဝကိုမနည်းပါဘူး။ ဒါကြောင့်

ဝမ်ယန်ရဲ့ခန့်မှန်းမှုတွေကို အတည်ပြုတဲ့အနေနဲ့ ခေါင်းညိတ်ပြလိုက်ပါတော့တယ်။

အပိုင်း ၅၂၂ ပြီး၏။